
လုံးချင်းဝတ္ထုသစ်
သိန်းမင်းစာပေ
မသိကိန်း
ပန်းချီ သိန်းရွှေကြည်

“မဝတီခရီး”

မြသန္တာ


စာမူခွင့်ပြုချက်အမှတ် ၇၀၈/၉၉/၈

အဖုံးခွင့်ပြုချက်အမှတ် ၇၄၈/၉၉/၁၁

၁၉၉၉၊ ဒီဇင်ဘာလ၊ ပထမအကြိမ်

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၂၀၀ ကျပ်

**ထုတ်ဝေသူ**

ဒေါ်ရွှေအိမ် (တိုင်းလင်းစာပေ)

အမှတ် ၈/၆၅၊ အုပ်စု (၃)၊ အောင်သိဒ္ဓိလမ်း၊

တောင်ဥက္ကလာပ၊ ရန်ကုန်မြို့၊

စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်။

**အတွင်းပုံနှိပ်သူ**

ဦးအောင်ခိုင် (၀၄၆၈၅) အောင်သစ္စာပုံနှိပ်တိုက်၊

အမှတ် ၅၇၆/ပတ္တမြားလမ်း၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။

**အဖုံးပုံနှိပ်သူ**

ဦးကျော်စိန် (၀၂၉၀၉) ကျောက်စိမ်းအော့ဖ်စက်

၁၇၁၊ ၃၃ လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## “ဒို့တာဝန်အရေးသုံးပါး”

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**နိုင်ငံတော်မွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော**
**တာဝန်ဖြစ်သည်။**

## “ပြည်သူ့သဘောထား”

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အခန်း (၁)

အကယ်၍သာ ဤခရီးလမ်းသည် ထူးခြားမှုရှိ၍ မနေပါလျှင် သူရောက်လာလိမ့်မည်မဟုတ်ပေ။ သူနှင့်သူ့မိသားစု တစ်စုအတွက် အရေးကြီးသော ခရီးမဟုတ်လျှင် သူထွက်လာဖြစ်လိမ့်မည် မထင်ပေ။

နွေရာသီ အပန်းဖြေခရီးလမ်းမို့ လေယာဉ်လက်မှတ်ခက်ခဲမှုကြောင့် ကားလမ်းနှင့်လာရန် ကြံစည်သော်လည်း သဘော်ပတ်ကြုံနေသဖြင့် အလွယ်တကူလိုက်လာလိုက်သည်။

သဘော်က မရိုးဆေးဆိပ် – သပြုချိုင်တွင်ရပ်နားသဖြင့်

သူက အေးဆေးစွာ ဆင်းလာသော်လည်း ဘယ်သွားရမှန်းမသိဘဲ ယောင်နနဖြစ်နေစဉ်

"ဟေ့ ချစ်ပန်းဖြူ"

"အင်း "

သူ့ကိုခေါ်သလိုပင် လှည့်ကြည့်မိ၏။ နာမည်လေးလှနေသဖြင့် လှည့်ကြည့်ခြင်းပင်ဖြစ်သည်။ သူ့နောက်မှ လိုက်လာသော မိန်းကလေးကို နှုတ်ဆက်လိုက်ခြင်း ဖြစ်၏။

"ချစ်ပန်းဖြူ" ဟူသော နာမည်နှင့်လိုက်အောင်ပင် ပန်းကလေး ကဲ့သို့ဖြူစင်ချစ်စဖွယ်ကောင်းလှ၏။

"ရော် ... နင်က ကားခေါင်းကိုနေရာယူခိုင်းထားပြီး ခုထက်ထိ နင့်အာဂန္တု မရောက်သေးဘူးလား"

"အေး မပါထင်ရဲ့။ ငါပြန်ဖို့ပဲလေ"

"နင် သံတွဲဝင်ဦးမလား"

"ဟေ့အေး မဝင်တော့ဘူး။ ဒီကားက ငပလီကကားလေ။ ကားအသိမ်းပဲ၊ ငါလိုက်ပြန်သွားဖို့ပဲ ဝါနုရေ"

"အေး အေး နောက်မှငါလာမယ်ဝေ့။ တက်တော့"

သူတို့ပြောသောစကားထဲတွင် ငပလီဟူသောစကားကြောင့်





သူတို့နောက်သို့လိုက်သွားပြီး

"ဒီမှာ ဒီမှာ ငပလီကားဂိတ်ဘယ်မှာလဲ"

မိန်းကလေး နှစ်ယောက်စလုံး သူ့ကိုလှည့်ကြည့်ကြသည်။ ဝါနုဆိုသော မိန်းကလေးပြုံးလျက်

"ငပလီကားက ဒီကားပဲလေ။ အာဂန္တုထင်ရဲ့။ ဒီကားနဲ့ပဲ လိုက်သွားလေ"

သူတို့အရပ်က ဧည့်သည်အား အာဂန္တုဟု ခေါ်ကြောင်း နောက်မှသိလိုက်သည်။

"ဟုတ်လား ကျေးဇူးတင်လိုက်တာဗျာ။ ကျွန်တော်ကွာ မသွားဖူးလို့ပါ"

"နောက်ခန်းမှာ ခုံလွတ်မရှိတော့ဘူး။ ဒီက မလေးနဲ့ပဲ ရှေ့ခန်းကလိုက်သွားပေါ့။ နင် ကံကောင်းသွားတယ်။ သူ့ အာဂန္တုက ပါမလာလေ"

မိန်းကလေးနှစ်ယောက်က ပြုံးလိုက်သည်။ သူက ချစ်ပန်းဖြူဘေးမှာ ထိုင်ရမှာမို့ အားနာသလို ရင်ခုန်သွားမိ၏။ ချစ်ပန်းဖြူက အလျင်ဝင်ထိုင်ကာ ဝါနုကိုနှုတ်ဆက်လိုက်သည်။ သူတက်ပြီးသည်နှင့် ကားလေးထွက်လာခဲ့၏။ ချစ်ပန်းဖြူက

ကားဆရာကို လှည့်ကာ နှုတ်ဆက်စကားပြောနေသည်။

"ဒီနေ့ညနေ ခေါက်ပြန်နောက်ကျနေပါလား ဦးရိုးရေ"

"အေး နေ့လယ်က နန်ကျွန်းနားမှာ လေးကျိုးသွားလို့လေ။ ခေါက်ရေမပြည့်လို့ အစားထိုးဝင်ရသေးတယ်"

"ဦးရိုးက တအားတင်တာကိုး၊ ကြည့်လဲ လုပ်ဦး"

"ဘာမှမပါပါဘူးဟာ။ ငါးတွေတင်တာများနေလို့ ထင်တယ်။ ရွာထဲက ငါးတွေကျလာလို့တင်တာ။ ငါ့ကား ညှိသွားတာပဲ အဖတ်တင်တယ်"

ချစ်ပန်းဖြူက ပြုံးလိုက်သည်။ သူမ မျက်နှာသည် အေးချမ်းတည်ငြိမ်လျက်ရှိနေသည်။ မျက်ဝန်းအစုံက အသက်အရွယ်နှင့် မလိုက်အောင်ပင် ရင့်ကျတက်တည်ငြိမ်လျက်။ သပြုချိုင်ဆိပ်တွင် ကျန်ရစ်ခဲ့သော ဝါနုထက်စာလျှင် သူမ၏အမူအရာက ပို၍ လူကြီးဆန်နေသလို။

"မလေးရဲ့ အာဂန္တုက မရောက်သေးဘူးလား"

"ဟင့်အင်း မလာတော့ဘူးထင်ပါတယ်။ ကားနဲ့ပဲ လာမလား မသိဘူး"

"မလေး"





"မလေး" ဟူသော နာမည်ဆန်းကြောင့် သူ့ရင်ထဲမှာ ဆတ်ခနဲ တုန်ခါသွားသည်။ သူ့နာမည်က ချစ်ပန်းဖြူပဲ မလေးမှ မဟုတ်တာ။ ဒါပေမယ့် ကားဆရာကတော့ မလေးလို့ ခေါ်နေပါလား။

"ဦးရိုးရေ သန်းဦးကားနဲ့ ဂိတ်သိမ်းမှာတွေ့ရင် ဝင်ပြောလိုက်ဦးနော်၊ အဘောင်ရှည်က မျှော်နေတယ်လို့"

"အေး သူဖျားနေတာတောင် ကားထွက်တယ်။ ဒီနေ့တော့ မတွေ့၊ ဖျားနေလို့ပဲလား"

"ဟုတ်လား လာလဲမပြော"

"ညဘက်ကားသိမ်းတာ မိုးချုပ်လို့နေမှာပေါ့"

သူတို့အချင်းချင်း ကားအကြောင်းပြောနေကြသည်၊ သူ့ရင်ထဲမှာ မရိုးမရွနှင့် ချစ်ပန်းဖြူမှာ စကားပြောချင်နေသည်။

သို့ရာတွင် ချစ်ပန်းဖြူကမူ သူ့ကိုအရေးတယူလုပ်ပြီး လှည့်မကြည့်ပေ။

"မလေး ဒေါ်လေးတောင် ဒီတစ်ခေါက်ရန်ကုန်ကို သွားတာ ကြာပြီရှိဖို့ပဲ"

"ဟုတ်တယ်ပ တစ်လကျော်လို့ အဘောင်ရှည်တောင် ကောင်းကောင်း စိတ်ပူနေတယ်"

"သူက မြို့မှာပဲ အနေပျော်သည် ရှိဖို့ပဲ"

"အင်း"

ချစ်ပန်းဖြူ သက်ပင့်လေးချလိုက်မိသည်။ သူ ဆက်နား မထောင်ချင်တော့။ သူမသိသော သူများအကြောင်းကို မကြားလို တော့ပေ။ ပတ်ဝန်းကျင်ရေမြေတောတောင်၏ ညို့မှိုင်းမှိုင်းနှင့် လွမ်းဆွတ်ကြည်နူးဖွယ်ရာ မြင်ကွင်းကြောင့် ဘယ်ဆီကို လွမ်း ရမည်မသိဖြစ်နေသည်။ လွမ်းဆွတ်ခြင်း ဝေဒနာကို ယခုမှ ခံစားဖူး သည်မို့ အသက်ပင်မမီလိုက်သော မိခင်ကြီးအား လွမ်းရမလို၊ ရပ်ဝေး ရောက်နေသော ဖခင်ကို လွမ်းရမလိုနှင့် ရင်မှာလွတ်ဟာလျက်။

"ဒီက မောင်မောင်က ငပလီကိုပဲလား"

"ဗျာ"

မိမိဘက်လှည့်မေးလိုက်ခြင်း ခံရသောကြောင့် ရုတ်တရက် လန့်သွားသည်။

"ဪ ... မောင်မောင်က ငပလီကို သွားမှာလားလို့"

"ဪ ... ဟုတ် ဟုတ်ကဲ့။ ကျွန်တော့်နာမည် အောင်နေဦး ပါ"

သူမ မျက်နှာတွင် လှောင်သလို အပြုံးလေးတစ်ခု ဖြတ်စီး သွား၏။





"သူ ဒီကို မရောက်ဖူးဘူးလား"

သူ့ရွေ့ဝေသွားသည်။ မိသားစုသုံးယောက် စုံစုံညီညီ ငပ ကမ်းခြေတွင် ပြေးလွှားဆော့ကစားသည့် ဆယ်ကျော်သက်ဘ ဝယ် နွေရာသီကျောင်းပိတ်ရက်ကလေးများကို ပြန်လည်မြင်ယော လာမိသည်။

ခုတော့ သူတစ်ယောက်တည်း။

"လေယာဉ်နဲ့တော့ ရောက်ဖူးတယ်။ သင်္ဘောလမ်းက မလာ ဖူးပါဘူး"

"ဪ ... တည်း စရာဘန်ဂလိုရော "

"အရင်တုန်းက၊ ရွှေဝါဖူး ဘန်ဂလိုလား မသိဘူး"

"မောင်မောင် ရောက်ခဲ့တာကြာပြီ ရှိဖို့ပဲ "

သူ့နာမည် အောင်နေဦး ဟုမိတ်ဆက်ပေး ထားပါလျက်နှင့် "မောင်မောင်" ဟုခေါ် ဝေါ်နေဆဲမို့ သူ မနေတတ် မထိုင်တတ် ဖြစ်မိသွားသည်

"အင်း ... ဆယ်နှစ် နီး ပါး လောက်ရှိပြီထင်တယ် "

"အခု အရင်ကနဲ့မတူ ကောင်းကောင်း ပြောင်းလဲနေပြီ။ ဦးရီးရေ ဒီရာသီမှာ ဘန်ဂလို အလွတ် ရှိခဲ့တယ်နော် နည်းနည်း လူရှင်းမယ့်နေရာဘက်ပို့ပေး လိုက်ပါ "

ဒရိုင်ဘာဦးကြီးဘက်ကို လှည့်ပြောလိုက်ရာ ဆေးပြင်းလိပ်ခဲထားသော ဒရိုင်ဘာက သူ့အားစွေကြည့်ရင်း

" နင့်မိုလ်တဲက လူပြည့်နေပြီလား "

"နောက်သုံး ရက်ကြာမှ ပြန်ကြမယ်လေ"

" အင်း ... အခန်းလွတ်တော့ရှိဖို့ပဲ "

"ရှိအောင်လို့ ဦးရီး ကရှာဖွေ ပေးလိုက်ပါ"

"မရှိလဲ သံတွဲက နင့် အဒေါ် အခန်းဖွင့်ပေးလိုက်ပေါ့ဟာ"

"အို အပန်း ဖြေဖို့လာကြတဲ့သူတွေက ကမ်းစပ်နားမှာပဲ နေချင်ကြတာ "

"အေး သို့လဲဟုတ်တာပဲ ။ အင်းလေ တစ်ဦးစာတော့ရနိုင်ပါတယ် ။ ဒီရာသီကအာဂန္တုမျှားတော့နေရာမရှိဘဲလေ ။ ဒါပေမယ့် နောက်လမိုး ကျသွား ရင်တော့အာဂန္တုတွေမရှိတော့ဘူးဝေ့ "

သူ့အရပ်ဒေသနှင့်သူ့အခေါ်အဝေါ်လေးကိုသတိထားလိုက်မိသည်။ညေ့သည်ကိုအာဂန္တုဟုခေါ်ကြောင်း သိလိုက်ရ၏။

သူငယ်စဉ်ကလည်ပတ်စဉ်တွင်မိဘနှစ်ပါး၏အလယ်မှာ ချွဲနွဲ့နေရသဖြင့်ပတ်ဝန်းကျင်ကိုဂရုမထားမိခဲ့ဖူးပေ။မှတ်မှတ်ရရ သူနှစ်တန်းကတစ်ခါ၊ရှစ်တန်းကတစ်ခါသာရောက်ဖူးခဲ့သည်။





နွေရာသီတိုင်း အပန်းဖြေခရီးတစ်ခုခုတွင်မသွားဖူးသောဒေသ၊မရောက်ဖူးသောဒေသမရှိရလေအောင် မိဘနှစ်ပါးကပို့ပေးခဲ့သည်။

တစ်ဦးတည်းသောသားမို့လိုတာရဘဝနှင့်ပင်အေးချမ်းပျော်ရွှင်ခဲ့ရာ ယခုကဲ့သို့အထီးကျန်လေလွင့်ရလိမ့်မည်ဟုမထင်မှတ်ခဲ့ပေ။

ဤကဲ့သို့ မှိုင်းမှိုင်းညို့ညို့နှင့်တောလမ်းတောင်လမ်းကိုမြင်ရသောအခါရင်မှာပို၍ပင်လွမ်းဆွတ်တမ်းတမိသည်။

ပြည်ပမှာသင်္ဘောနှင့်ရွက်လွင့်သွားစဉ်ကအိမ်ပြန်လျှင်မိဘနှစ်ပါးကိုတွေ့ရပြီးပျော်ရွှင်စွာဖြင့်မိဘအရိပ်မှာခိုဝင်ခဲ့ရသည်။ တစ်နှစ်သင်္ဘောထွက်ပြီး ခြောက်လနားနှင့်သင်္ဘောသုံးခေါက်ထွက်ပြီးသည်အထိမိဘနှစ်ပါး၏ရင်မှာအပန်းဖြေခွင့်ရခဲ့သည်။ယခုနှစ်သူပြန်မရောက်မီ မိခင်ဆုံးသည့်သတင်းဆိုးကြောင့်ဆယ်လနှင့်ပြန်ရောက်လာခဲ့ရသည်။

မိခင်အသက်ခြောက်ဆယ်ပြည့်ရုံသာရှိသေးသည်။

"မေမေ့မှာနှလုံးရောဂါရှိတာယ်။ ဒါပေမယ့်စိတ်ချမ်းချမ်းသာသာနဲ့ ပျော်ပျော်ရွှင်ရွှင်နေရတော့ဒီနှလုံးရောဂါဟာပျောက်သလောက်

တောင်ဖြစ်နေပါပြီ။ အခုလိုရှုတ်တရက်ကြီးမဖြစ်သင့်ဘူး လုံးဝမဖြစ်ရဘူး ”

“ဝေ့ မောင်မောင်ရေ နင်ဦးရီးနဲ့လိုက်သွား၊ ငါတော့သွားဖို့ပဲ”

ရှုတ်တရက်အသံကြားရသဖြင့်အတွေးတို့လွင့်စဉ်သွားလျက် ချစ်ပန်းဖြူဆင်းနိုင်စေရန် နေရာဖယ်ပေးလိုက်သည်။

“ ကျေးဇူးတင်ပါတယ်ဗျာ ”

“ ရော် ဘာအတွက်လဲ ”

“ဩော် ကျွန်တော်နေရာရပြီး လိုရာခရီးကို ရောက်လို့ပါဗျာ”

“ ဒါဟာ တိုက်ဆိုင်မှုတစ်ခုပါ ”

ချစ်ပန်းဖြူကပြုံးပြုံးလေးပြောကာလှည့်ထွက်သွားလေသည်။ ကားပေါ်မှခရီးသည်များကအားလုံးနီးပါးဆင်းကုန်ကြသည်။ သူကလိုက်သွားရမလို ဆင်း နေရမလိုဖြစ်နေသည်။

“မောင်မောင့်ကိုဘန်ဂလိုတွေအထိ ရောက်အောင်ပို့ပေးဖို့ ချစ်ပန်းဖြူကမှာထားတယ် ”

ကားဆရာသတိပေးလိုက်သဖြင့်သူ၏အူကြောင်ကြောင် အမူအရာတို့ကိုအလျင်အမြန်ထိန်းချုပ်လိုက်ရ၏။





“ ကျေးဇူးတင်ပါတယ်ဗျာ ”

လိုရာခရီးမရောက်သေးမီကြိုတင်၍ကျေးဇူးတင်လိုက်မိသည်။

မိသားစုနှင့်အတူ ပျော်ပျော်ရွှင်ရွှင်လာနေရသော နေရာလေးကို သူတစ်ယောက်တည်း ပထမဦးဆုံး အကြိမ်ရောက်လာခြင်းပင်ဖြစ်သည်။

ယောင်လည်လည်နဲ့ပါလား မေမေရယ်။

သူသည် မိခင်သေဆုံးသွားရခြင်းအတွက် ကမူးရှူးထိုးနှင့် သံတွဲသို့ထွက်လာသည်။ ဘယ်လိုစုံစမ်းရမှန်းမသိဖြစ်နေသည်။

“နင့်အဖေက လေလံပုစွန်သဘော်တစ်စီးလား၊ နှစ်စီးလား ဝယ်တယ်။ ပြီးတော့ သံတွဲကို ကူးချည်သန်းချည်နဲ့ ဘာကြာလိုက်လဲ လေးငါးလပဲရှိသေးတယ်။ သံတွဲကမိန်းမနဲ့တွဲနေသလိုလို ယူလိုက်သလိုလိုကြားလို့ နင့်အမေလိုက်သွားသေးတယ်”

မိခင်အစ်မ အဒေါ်ကြီးက ရှုံ့မဲ့လျက် မကျေမနပ်နှင့် တိုင်ပြောနေသည်။ အဒေါ်ငယ်ကတော့ ဆိတ်ငြိမ်လျက် ငေးနေသည်။

အစ်မအပျိုကြီးနှစ်ယောက်အဖို့မူ ညီမငယ်ဆုံးသွားသဖြင့် ယူကျုံးမရဖြစ်ကာ မတ်တော်မောင်ကို မကျေမနပ်ဖြစ်နေကြ၏။

"ဘာပြောကောင်းမလဲ။ လင်မယားနှစ်ယောက်က အမြဲတမ်း တပူပူနဲ့ ရန်ဖြစ်နေကြတာ။ သံတွဲကလဲ ပြန်လာပြီး တစ်ပတ်လောက်မှာ ရုတ်တရက်မေ့လဲသွားကတည်းက အသက်ပါ ပါသွားလေရဲ့"

"ဟုတ်ပါ့မလားကြီးမေကြီးရာ၊ ဖေဖေက မေမေ့ကို သိပ်ချစ်တာ။ နောက်ပြီး ဒီလောက်စီးပွားရေးလုပ်လာကြတာ ဘာမှအရှုပ်အရှင်းတွေမှ မကြားဖူးပါဘူး"

"အေး ... နင်တို့သားအမိနှစ်ယောက်ဟာလေ နင်တို့အဖေကို သိပ်ချစ်သိပ်ယုံ။ မအေကလဲလင်ကိုချစ်လိုက်တာ လွန်ရော။ ဘာမှအပြစ်မမြင်ဘူး။ ဒီမှာ ငါ့သားရဲ့။ ယောကျ်ားတွေဟာ လေးဆယ်ကျော်ရင် ဖောက်ပြန်တဲ့စိတ်ကများကြတယ်လေ"

"ဟာ ကြီးမေက သိလို့လား၊ အပျိုကြီး လုပ်ပြီး"

"ကြည့်စမ်း။ အပျိုကြီးကိုဆွဲထည့်နေပြန်ပြီ။ ဒီမှာ အပျိုကြီးဆိုတာသူများထက် တစ်လံလောက်ကျော်မြင်လို့ အပျိုကြီးလုပ်နေတာ သိလား။ ဘယ့်နဲ့တော် ... ယောကျ်ားယူရတာ ကလေးလဲ





မွေးရ၊ ယောကျ်ားကိုလဲ ပြုစုရနဲ့။ ပြီးတော့ ဖောက်ပြန်တတ်တဲ့ယောကျ်ားဆိုရင် ငယ်ငယ်နဲ့စိတ်ဆင်းရဲပြီး အသက်တိုရရော မဟုတ်လား။ ခုကြည့်လေ ခုနစ်ဆယ်နားနီးနေတဲ့ အစ်မနှစ်ယောက်က ဘာမှမဖြစ်ရဘူး။ ခြောက်ဆယ်ကျော်ညီမက ဟင့် ... ဟီး၊ ငါ့ ညီမလေးကံမကောင်းရှာဘူး။ ဟင့် ... ဟင့်"

"ခြော်ံ မမရယ်၊ ကလေးစိတ်ရှုပ်အောင်လုပ်ပြန်ပြီ"

အဒေါ်များ ငိုပြန်တော့လည်း သူစိတ်မကောင်းဖြစ်ကာ လှည့်ထွက်လာလိုက်သည်။

သူပြန်ရောက်သောအချိန်တွင် ဖခင်က စည်သွတ်ဘူးကိစ္စနှင့် စင်္ကာပူသို့ ထွက်သွားသဖြင့် မတွေ့ရသေးပေ။ ထို့ကြောင့် မြန်မာပြည်သို့ပြန်ရောက်ပြီး အိမ်ထဲမှာ ယောင်လည်လည်ဖြစ်နေ၏။

မိခင်မရှိသော အိမ်ကြီးကား ပျင်းရိငြီးငွေ့ဖွယ်ရာကောင်းလှသည်။ ကြီးဒေါ်များအိမ်ရောက်သော်လည်း တငိုငိုနှင့်မို့ သူစိတ်မချမ်းသာခဲ့ပေ။

ထို့ကြောင့် ကြီးဒေါ်များထံခွင့်ပန်၍ ငပလီသို့ အပန်းဖြေခရီးထွက်လာလိုက်သည်။

အပန်းဖြေခရီးထွက်လာသည်ဆိုသော်လည်း ရင်ထဲမှာ

အကျိုတ်အခဲလေးတစ်ခုဖြစ်နေသည်။

"သံတွဲကလား၊ ပေလီကလား မသိဘူး။ မိန်းမတစ်ယောက်နဲ့ ရှုပ်နေတယ်။ သားအမေပြောတော့ မိန်းမနာမည်က မလေးတဲ့"

"မလေး .... မလေး"

ရင်မှာတီးတိုးရေရွတ်လိုက်မိသည်။ မိမိနှင့်အတူ ကားရှေ့ခန်းတွင် စီးလာသော မိန်းကလေးကို မလေးလည်းခေါ်ကြသည်။ ချစ်ပန်းဖြူလည်း ခေါ်ကြသည်။

"မလေးဆိုတာ နောက်ထပ်အများကြီးရှိချင်ရှိမှာပဲ။ ပြီးတော့ ဖေဖေဟာ ဒီလောက်အရွယ်ချင်းကွာနေတဲ့ မိန်းမတစ်ယောက်နဲ့တော့ ရှုပ်လိမ့်မယ်မထင်ဘူး"

သူ့နှုတ်ဖျားမှ တီးတိုးရေရွတ်လိုက်မိသည်။ ခေါင်းကိုဖြည်းညင်း စွာခါယမ်းလိုက်ရင်းက ကမ်းခြေမှာ ခြေပစ်လက်ပစ်ထိုင်စဉ်းစား နေရာက လေးတွဲ့စွာ ထရပ်လိုက်သည်။

"အင်"

သူ့ဘေးမှ ဖြတ်သွားဖြတ်လာနေကြသော အပန်းဖြေသည့်လူတချို့ကို သတိထား၍ မကြည့်မိပေ။ ထိုင်ရာမှထပြီး ဘန်ဂလိုသို့ပြန်လှည့်မည်အပြု ခမောက်ကလေးဆောင်းကာ ဆွဲခြင်းလေး





ကိုကိုင်လျှောက်လာသည့် အမျိုးသမီးတစ်ဦးကို တွေ့လိုက် ရသဖြင့် သတိထားကြည့်နေလိုက်သည်။

"ချစ်ပန်းဖြူ"

သူက သူမဘေးနားရပ်ကာ ဘိုးဖွဖွလေး ခေါ်လိုက်သောအခါ ရုတ်တရက်ခြေလှမ်းတုံ့သွား၏။

"ရော် ... မောင်မောင်ပါလား"

သူ့ကိုတွေ့လိုက်ရသော မျက်နှာလေးမှာ ဝင်းလက်သွားလေ၏။

"ချစ်ပန်းဖြူက ဘာတွေစဉ်းစားလာတာလဲ"

"ဩော် ... ရွာထဲက မောင်မောင်တို့လေ၊ လှေဆိုက်လာပြီလားလို့ ထွက်ကြည့်ရင်း ဟင်းစားလာဝယ်တာပါ။ မောင်မောင်ရော ဘယ်မှာတည်းလဲ။ နေရတာအဆင်ပြေရဲ့လား"

"ပြေပါတယ် ချစ်ပန်းဖြူရယ်။ တစ်ယောက်တည်းဆိုတော့ တစ်နေ့တစ်နေ့ ကမ်းစပ်မှာပဲ အချိန်ကုန်နေတာပဲ။ ဘာလိုလိုနဲ့ နှစ်ရက်တောင်ရှိပြီပဲ"

"အင်းနော်၊ မလေးတောင်စဉ်းစားမိသေးတယ်။ မောင်မောင် လျှောက်လည်နေမှာပဲလို့ ထင်နေတာ။ ဘယ်မှမရောက်လား"

"မရောက်သေးပါဘူး ချစ်ပန်းဖြူရယ်။ ဘယ်မှလဲ မသွား တတ်လို့ ရေပဲကူးနေတာ"

"မောင်မောင် ဘယ်တော့ပြန်မှာလဲ"

ချစ်ပန်းဖြူက တွေတွေလေးစဉ်းစားပြီး မေးလိုက်၏။

"မပြန်သေးပါဘူး၊ အေးအေးဆေးဆေးနေမှာပါ"

"ဒါဖြင့် မလေးတို့အိမ်ကို လိုက်လည်လေ။ ရွာထဲမှာ ရှောက်သီးလေးဘာလေး စားရအောင်။ အိမ်မှာသီးနေတာတွေ အများကြီးပဲ"

"အိမ်ကိုလိုက်လည်ဖို့တော့ ဟုတ်ပါပြီ။ ရှောက်သီးတော့ မစားပါရစေနဲ့။ ချဉ်လို့ပါ"

"အိုး ... ရှောက်သီးဆိုတာ ကျွဲကောသီးလို့ မြန်မာလိုခေါ် လားမသိ၊ မလေးတို့အိမ်က အသီးကမချဉ်ပါဘူး။ ကဲ ... လိုက်ခဲ့လေ။ အိမ်လဲသိရတာပေါ့။ မောင်မောင်က ကြာကြာနေမှာဖြင့် အပျင်း ဖြေလိုက်လည်လေ၊ နောက်နေ့တွေ သံတွဲကဘုရားတွေကို မလေး လိုက်ပို့ပေးပါ့မယ်"

ချစ်ပန်းဖြူ၏ စကားကြောင့် သူအံ့သြသွားသည်။ ဖော်ရွေ သောမိန်းကလေးတစ်ဦးမို့ သူ့ရင်ထဲ ရှက်အမ်းအမ်းဖြစ်သွား၏။





သူသည် မိန်းကလေးများနှင့် ရင်းရင်းနှီးနှီးမနေဖူးပေ။ သူ ဆယ်တန်း အောင်ကတည်းက သင်္ဘောလိုင်းလိုက်နေရသဖြင့် မည်သည့် မိန်းကလေးနှင့်မှ ရင်းရင်းနှီးနှီးမနေခဲ့ဖူးပေ။ ယခု သူအသက် နှစ်ဆယ့်လေးနှစ်ရှိပြီဖြစ်သော်လည်း မိဘအလယ်မှာ ကလေး လိုနေလာပြီး ကြီးဒေါ်များ၊ အဘိုးအဘွားများ၏ အလယ်မှာ ချွဲနွဲ့ နေဆဲပင် ဖြစ်သည်။

ထို့ကြောင့် ချစ်ပန်းဖြူက ခေါ်သောအခါ သူ ရှက်အမ်းအမ်း နှင့် ခေါင်းလေးငုံ့ကာ လိုက်ပါလာလေသည်။

"ရွာထဲမှာ မလေးတို့မောင်မောင်တွေလည်း ရှိတယ်။ ဒါပေမယ့် သူတို့က မအား။ မနက်တည်းက လှေထွက်တာ၊ ညနေ မှ ပြန်ရောက်ကြတယ်လေ"

"ဒါဖြင့် မလေးတို့ မိန်းခလေးတွေပဲ အားကြတာပေါ့"

"မအားပါဘူး။ မလေးတို့လည်း မောင်းထောင်းကြတယ်လေ၊ ပြီးတော့ ခရုကောက်၊ ခရုသိကြတယ်။ ကောက်ညှင်းထုပ် ထုပ်ကြ တယ်လေ။ ဧည့်ရာသီပဲလေ။ မလေးတို့တွေ စီးပွားဖြစ်ကြတာပေါ့။ အခု မလေး ဟင်းစားဝယ်ရင်း ဟိုဘက်မှာ ခရုတွေရှိလားလို့ လိုက်ကြည့်သေးတယ်။ ဧည့်ရာသီမှာ ခရုမရပါဘူး မောင်မောင်ရယ်။

ညှော်မလာမှ ခရုရတာ"

ချစ်ပန်းဖြူက ရင်းရင်းနှီးနှီးနှင့် ပွင့်ပွင့်လင်းလင်းလေး ပြောလိုက်သောကြောင့် သူသည် စောစောကလို ရှက်ကိုးရှက်ကန်း ဖြစ်မနေတော့ပဲ တရင်းတနှီး စိတ်ဝင်လာလေသည်။

"ချစ်ပန်းဖြူ အပန်းမကြီးရင်တော့ ကျွန်တော့်ကို ခရုလုပ်တဲ့ နေရာကို လိုက်ပြပေးပါလား"

"မလေးတို့အိမ်မှာပဲ အဘောင်ဖက ခရုလုပ်တယ်လေ။ မောင်မောင် တွေ့ဖို့ပဲပေါ့"

လေသံဝဲဝဲနှင့် အသံပြတ်နှင့်မို့ ကြားကာစ နားထဲမှာ ထောက်နေသော်လည်း ချစ်ပန်းဖြူ၏ ချိုသာသောအသံကြောင့် ကြားရဖန်များသောအခါ နားထောင်၍ကောင်းလာသလိုပင် ။

ကမ်းခြေနံဘေးရှိ ငပလီရွာလေးမှာနေသောကြောင့် ရွာထဲ သို့ဝင်လိုက်သည်နှင့် လူနေအိမ်ခြေများပြီး အချို့ကမ်းစပ်ရှိ အိမ်များ မှာ ဘန်ဂလိုအဖြစ်သို့ ပြောင်းလဲသွားလေသည်။

"ကျွန်တော်ငယ်ငယ်က ဒီမှာ ဘန်ဂလိုသိပ်မများသလိုပဲ"

"ဟုတ်တယ်။ လမ်းပန်းဆက်သွယ်ရေးကကောင်းလာတော့ ညှော်လာပိုများလာပြီလေ။ ကမ်းစပ်က အိမ်တွေလည်း ဘန်ဂလို





ဖြစ်သွားတာပေါ့။ မလေးတို့က အတွင်းပိုင်းမှာမို့ ဘန်ဂလိုမဖြစ် တာ။ နို့မဟုတ်ရင် ဖြစ်ဖို့ပဲ"

ချစ်ပန်းဖြူ၏ အပြုံးလေးက ရိုးသားပွင့်လင်းမှုကို လှစ်ဟ ပြနေသောကြောင့် သူသည် ချစ်ပန်းဖြူအပေါ် စောစောကတွေး ထင်မိသော သံသယစိတ်များအတွက် နောင်တရသွားမိသည်။

"ဒီ ငပလီမှာ မလေးဆိုတဲ့ နာမည်တွေ ဘယ်နှစ်ယောက်ရှိ သလဲဟင်"

သူ့အပြောကြောင့် ချစ်ပန်းဖြူက သဘောကျစွာဖြင့် ပြုံး လိုက်သည်။

"မလေးဆိုတာ နာမည်မဟုတ်ပါ၊ ငယ်ရွယ်တဲ့ မိန်းကလေး တိုင်းကို မလေးဖြစ်ဖြစ်၊ မငယ်ဖြစ်ဖြစ် ခေါ်ကြတယ်လေ။ တချို့ဆိုရင် လူကြီးတွေက လူငယ်တွေကို ချစ်စနိုး အပုလေး၊ အပုရှည်လို့ ခေါ်ကြတယ်။ ပြီးတော့ ယောကျ်ားလေးတွေကို မောင်မောင်တို့၊ အမောင်တို့လို့ခေါ်ကြတယ်လေ"

"ဪ"

ထိုအခါ တွေ့တွေ့ချင်း သူ့အား မောင်မောင်ဟုခေါ်သော ကြောင့် အထူးအဆန်းမဟုတ်တော့ဘဲ ခေါ်ရိုးခေါ်စဉ် ခေါ်ကြောင်း

သိလိုက်ရသည်။

သူ သက်ပြင်းလေး ခိုးချလိုက်မိသည်။

ဖခင်နှင့်ပတ်သက်သော "မလေး"ဟူသော အမျိုးသမီးမှာ ကောက်ရိုးပုံထဲမှ အပ်တစ်ချောင်းနှယ် ရောနှော၍ ပျောက်ကွယ်သွားလေပြီ။

ရွာ၏ဓလေ့များကို ရုပ်ရှင်ကား၊ ဗွီဒီယိုကားများ၌သာ မြင်ဖူးခဲ့သည်။ ယခုကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ မြင်ဖူးတွေ့ဖူးလိမ့်မည်ဟု ဘယ်တုံးကမျှ မထင်ခဲ့ပေ။

ယခု ချစ်ပန်းဖြူကို ခင်မင်မိရာမှ ချစ်ပန်းဖြူ၏ ငပလီရွာလေးထဲသို့ လိုက်လည်ရင်း မောင်းထောင်းခြင်းအလုပ်ကို တွေ့ရလေသည်။

"မလေးတို့ရွာက ကိုယ်တိုင်လက်စုံနဲ့ ထောင်းတဲ့ဆန်ကို စားရမှ အရသာရှိတယ်လို့ထင်တာ မောင်မောင်ရဲ့"

ချစ်ပန်းဖြူက လက်တန်းကိုအားပြု၍ ခြေလေးတစ်ဖက်





မြှောက်ပြီး မောင်းဆုံပေါ်သို့ ခုန်ခုန်၍နင်းသည်မှာ ချစ်ဖွယ်ကောင်းလှ၏။

ထို့ကြောင့်ပင် ရွာသူများ၏ ကိုယ်ခန္ဓာမှာ အချိုးအဆစ်ပြေပြစ်၍ အဆီမရှိဘဲ ကြော့ရှင်းနေခြင်းပင်ဖြစ်သည်။ သူတို့ မြို့ကြီးများမှာကဲ့သို့ အချိန်ယူ၍ လေ့ကျင့်ခန်းမယူရဘဲနှင့် ခန္ဓာကိုယ်လှပနေခြင်းပင် ဖြစ်သည်။

ချစ်ပန်းဖြူက ဘယ်ခြေရော၊ ညာခြေပါ ပြောင်းလွဲ၍ အသုံးပြုတတ်သည်။

"ဒါဆို မလေးတို့ ဘယ်နစ်ရက်အတွက် ထောင်းသလဲ"

"အရင်ကတော့ မနက်ဖြန်စားမှာကိုညနေဖြစ်ဖြစ်၊ ည ဖြစ်ဖြစ် ထောင်းတယ်လေ။ အခုတော့ အခြားအပိုအလုပ်တွေရှိဟာနဲ့ တစ်ပတ် ငါးရက်စာလောက်ကို စားတာနဲ့ ထောင်းထားရတယ်"

ချစ်ပန်းဖြူ၏ အဘွား (သူတို့က အဘွားကို "အဘောင်မ" "အဘောင်ရှည်" ဟုသာ ခေါ်ကြသည်။) က ဆေးပြင်းလိပ်ကို ပါးဆောင်မှာခဲ၍ ဆုံထဲမှဆန်များကို လက်ကလေးနှင့် မွှေမွှေပေးသည်။

ကြည့်ခါစက ရင်တထိတ်ထိတ်နှင့် အဘောင်မ၏ လက်ကို

ထောင်းမိမှာစိုးမိသည်။ သို့ရာတွင် အဘောင်မ၏ လက်ချောင်းများက အရှောင်အတိမ်းတော်လှသည်။ မောင်းအကျနှင့် လက်အနုတ်၊ မောင်းအတက်နှင့် လက်အမွှေတို့က စည်းဝါးညီလှသည်။

“ကိုယ်ပါ ဝိုင်းလုပ်ပေးပါ့မယ်။ မလေး ညောင်းနေမှာပေါ့”

“အမလေး မလုပ်ပါနဲ့ မောင်မောင်ရယ်။ မလုပ်တတ်ရင် ကောင်းကောင်း ပင်ပန်းတယ်ဝေ့။ ပြီးတော့ ဆုံချော်သွားပါ့မယ်”

ချစ်ပန်းဖြူက ပြုံး၍ပြောလိုက်ပြီး နဖူးမှ ချွေးဥလေးများကို အင်္ကျီလက်နှင့်သုတ်လိုက်သည်။

အဘောင်မက ဆေးပြင်းလိပ်ခဲနေရာမှ တပြုံးပြုံးနှင့် ကြည့်နေသည်။ စကားနည်းပြီး အေးအေးဆေးဆေးနှင့် တပြုံးပြုံး၊ ကွမ်းမြုံ၊ ဆေးပြင်းလိပ်တိုနှင့် လောကကြီးအား ရောင့်ရဲအေးချမ်းစွာဖြင့် နေတတ်သော အဘောင်မကိုကြည့်၍ ရန်ကုန်မြို့တွင် ကျန်ရစ်ခဲ့သောဖခင်၏ အဖေအမေ၊ မိမိ၏အဘိုးအဘွားနှင့် မိခင်၏ အစ်မ အပျိုကြီးနှစ်ယောက်အကြောင်းကို တွေးမိသည်။

သူတို့သည် နောင်ရေးအတွက် အိုနာစအတွက် စုဆောင်းကြ၏။ အသက်ကြီးသော်လည်း စီးပွားရေးကို စိုးရိမ်ပူပန်စွာ လောဘကြီးစွာဖြင့် ရှာဖွေလုပ်ကိုင်ကြသည်။





အဘောင်မတို့ကမူ ရောင့်ရဲတင်းတိမ်စွာဖြင့် စုဆောင်းရှာဖွေခြင်း မရှိကြပေ။ အသက်ခုနစ်ဆယ်ကျော်သော်လည်း ထဘီရင်လျားနှင့် ထင်းခွဲမောင်းထောင်းနေဆဲပင် ဖြစ်၏။

“ကိုယ်ကြည့်နေတာတော့ သိပ်မခက်ပါဘူး ချစ်ပန်းဖြူရယ်။ ကိုယ်နင်းကြည့်မယ်လေ”

“ရော် ... အပုလေးရေ။ နင်းချင်နင်းပါ့။ မလေး ဖယ်ပေးဝေ့။ နင်း နင်းကြည့်၊ ငါတော့ ရှောင်နေမယ် ဝေ့”

အဘောင်မက ပြုံးလျက် ဘေးဖယ်ပေးလိုက်သည်။ ချစ်ပန်းဖြူက ပြုံးလျက် ရှောင်ပေးလိုက်၏။ သူက အားကျမခံ မောင်းပေါ်ကိုအားနှင့် ဖိနင်းလိုက်၏။

“ဂလုံ”

မောင်းက တော်တော်လေးမြောက်သွားပြီး ပြန်ကျသောအခါ ဆောင့်အောင့်၍ကျပြီး တွင်းနှုတ်ခမ်းကိုကပ်၍ ချော်ကျသဖြင့် ဆန်စေ့များ ခုန်လှဲ့စဉ် ထွက်သွားလေသည်။ နောက်တစ်ချက် ထပ်နင်းရာ အရှိန်နှင့် ဆန်များဖိတ်စဉ်ကုန်ပြန်သည်။

သူ အားနာသွား၏။ သူကြောင့် ဆန်များ ဖိတ်စင်ကုန်သည်ကို သူ စိတ်မကောင်းဖြစ်သွား၍ အနင်းရပ်လိုက်၏။

အဘောင်မကမူ ကွမ်းချေး၊ ဆေးချေးများတက်နေသော သွားကြီးကိုဖြီး၍ တဟီးဟီးနှင့် ရယ်မောလျက်ရှိသည်။

"လူမြင်လွယ်ပေမယ့် တကယ်တမ်းလုပ်ကြည့်တော့ မလွယ်ပါလားနော်"

သူက ရှက်ရယ်ရယ်ကာ ပြောလိုက်၏။

ချစ်ပန်းဖြူတို့အိမ်လေးသည် ဓနိမိုးလျက် ပျဉ်ကာအိမ်လေးမို့ အေးမြလှသည်။ ကြမ်းပြောင်ပြောင်လေးပေါ်တွင် ချစ်ပန်းဖြူက ဒူးလေးခေါက်ထိုင်ပြီး ခရုပန်းများလုပ်နေသည်ကို မြင်ရလျှင် သူ့ရင်ထဲမှာ အလိုလိုအေးမြသွား၏။

အိမ်ရှေ့သဲမြေမာမာပေါ်တွင် အဘောင်ရှည်က ဒူးနှစ်လုံးကြား ခေါင်းထည့်ကာ အုန်းလက်များသပ်၍ဖြစ်စေ၊ ဆန်ပြာ၍ဖြစ်စေ၊ ကိုယ့်အလုပ်ကို ကိုယ့်ဘာသာကိုယ်လုပ်နေကြသည်။ နံဘေးတွင် ကျွဲကောပင် (ထိုအရပ်က ရှောက်ပင်ဟုခေါ်သည်။) အုန်းပင်၊ သံပရာပင်များဖြင့် အုံ့အုံ့ဆိုင်းဆိုင်းလေးဖြစ်ကာ လွန်စွာအေးချမ်း လှသည်။

သူက ချစ်ပန်းဖြူကို ကူညီချင်သောကြောင့် အလုပ်တစ်ခုခုကို ကူလုပ်ပေးချင်နေသည်။





ထို့ကြောင့် စူးချွန်နှင့် ခရုဖေါက်သည့်အလုပ်ကို ဝိုင်းကူပေးရာ ဖေါက်ပေးခါစက ခရုများ မကြာခဏကွဲသွား၏။ နောက်မှ အလေ့အကျင့်ဖြစ်သွားသည်။

ပေလီရွာထဲတွင် နှစ်ရက်ခန့်လိုက်လည်ရင်းဖြင့် ချစ်ပန်းဖြူ၏ အဘွားနှင့်ရင်းနှီးမှုရကာ အဘွား၏ ဦးစားပေးခြင်းကို ခံရသည်။

"ဟဲ့ မောင်မောင့်ကို ရေချူသုပ်ပေးရအောင်လုပ်လေ မလေးရဲ့၊ အကြမ်းပါထည့်"

"နေပါစေ အဘောင်ရယ်၊ ကျွန်တော်ထမင်းစားခဲ့ပြီးပါပြီ"

"ရော် အနည်းငယ်စားရတာပဲ။ လာ ဒီမှာထိုင်။ ခရုတွေက မလေးလုပ်လိမ့်မယ်။ အပုရေ လာကွယ့်"

အဘောင်ရှည်ကမူ သားယောက်ျားလေးမရှိ၊ မြေး ယောက်ျားလေးမရှိသောကြောင့် သူ့အား အလွန်ချစ်လျက်ရှိနေသည်။

သူ့အဖို့လည်း အတွေ့အကြုံသစ်များ၊ အဖော်သစ်များကြောင့် ရင်တွင်းမှ သောကများ၊ မကျေနပ်မှုများ၊ မပြေလည်သေးသော အမေးပုစ္ဆာများ ၊ ခေတ္တမျှပျောက်ကွယ်သွားလေသည်။

အထူ.သဖြင့် ချစ်ပန်းဖြူ၏အနားတွင် နေနေရခြင်းကို ပို၍ကျေနပ်နေမိသည်။

ချစ်ပန်းဖြူ၏ သံတွဲလေသံဝဲလေး၊ အသံပြတ်နှင့် မြန်မြန်လေးပြောတတ်သော လေသံလေးကို နားထောင်နေရလျှင် တလောကလုံးကိုပင် မေ့ပျောက်၍သွားနိုင်လေသည်။

“မောင်မောင် အုန်းရေသောက်ရအောင် မနေ့က ဦးရီးတို့ အပင်ကချထားတယ်။ နေဦး မလေးခွဲလိုက်ဦးမယ်နော်”

ဓားမနှင့်အုန်းသီးကိုယူကာ ခွဲဟန်ပြင်နေသော ချစ်ပန်းဖြူကို သူကူညီချင်သည်။ သို့ရာတွင် သူမခွဲတတ်၍ ဒီအတိုင်းကြည့်နေလိုက်၏။

“အုန်းရည်နဲ့ဘီယာနဲ့ရောသောက်ကြတယ်လေ။ မောင်မောင်ရော သောက်ဖူးလား”

“မလေးကို ဘယ်သူပြောလဲ”

“ဒီလိုပဲ မြင်နေရတာပဲ မောင်မောင်ရဲ့။ မြို့ကလူတွေလေ ကမ်းခြေမှာ အုန်းသီးချခိုင်းပြီး ဘီယာနဲ့ရောသောက်ကြတာ။ အိုညှော်လာချိန်ဆိုရင် ရွာထဲက အုန်းပင်တွေမလောက်။ မြို့သားတွေ ကောင်းကောင်းသောက်နိုင်တယ်နော့”

“တော်ပြီလေ နှစ်လုံးပဲခွဲပါ။ မလေးတစ်လုံး။ ကျွန်တော် တစ်ယောက်တည်း သောက်ရမှာ ကျွန်တော်တစ်လုံးပေါ့”





“ဟင့်အင်း။ မဲလေးမသောက်။ မောင်မောင်သောက်ဖို့”

“ကဲ တော်ပြီ။ နောက်မှဖြည်းဖြည်းခွဲတာပေါ့။ ကျွန်တော် တစ်ယောက်တည်း သောက်ရမှာလား။ အဘောင်ရော”

“အဘောင်လဲမသောက်။ မောင်မောင့်ဖို့”

အုန်းသီး ခုနစ်လုံးခန့်ကို တစ်ပြိုင်တည်းခွဲရန်ပြင်နေသော ချစ်ပန်းဖြူအား ဟန့်တားလိုက်ရ၏။ ချစ်ပန်းဖြူက အုန်းသီးထိပ်ကလေးများကိုသာ ဖေါက်ပေးသည်။ ထို့နောက် ပိုက်ကလေးတပ်ပေးလိုက်၏။

“ရွာထဲကလူတွေက အုန်းရေဆိုရင်မသောက်ချင်တော့ဘူးလေ။ မြို့သားတွေကသာ သိပ်ကြိုက်တာ”

“အခုဗိုက်ပြည့်နေသေးတယ်။ ရေကူးပြီးသောက်လိုက်ရင် ပိုကောင်းမယ်”

“ဒါဖြင့် ယူသွားပေါ့။ အခုတော့သောက်လိုက်ဦး။ အဘောင် သောက်တဲ့ကျွဲရိုင်းဘူးတွေရှိတယ်”

“အဘောင်က ကျွဲရိုင်းသောက်တယ်”

“အေး ... မြို့ကဦးလေးလာတော့ အားရှိတယ်ဆိုပြီး သေတ္တာလိုက်ပေးသွားတယ်။ အဘောင်က ဥပုသ်စောင့်မှသောက်တော့”

"ပြော်"

ချစ်ပန်းဖြူတို့၏ တဲဝိုင်းလေးမှာ မြေပြောင်ပြောင်နှင့် ရှင်းသန့်နေ၏။ ကြမ်းပြင်မည်းမည်းမှာလည်း တဖိတ်ဖိတ်တောက်ပြောင်နေသည်။ အဘောင်နှင့် ချစ်ပန်းဖြူတို့က အလကားထိုင်မနေဘဲ အုန်းသီးထက်ပိုင်းပြတ်နှင့် ပွတ်တိုက်နေ၏။

သူက ထိုအုန်းသီးကိုယူကြည့်လိုက်ရာ အုန်းခွံသက်သက်သာရှိပြီး အတွင်းမှ အုန်းသားမရှိပေ။

"အဲဒါ အဖျဉ်းအုန်းတွေ မောင်မောင်ရဲ့။ မလေးတို့ဆီမှာ အုန်းသီးအကောင်းကပေါတယ်။ အဖျဉ်းကရှားတယ်။ ဒါက ကြာပြီရှိဖို့ပဲ"

"ကျွန်တော်ဘိုအိမ်မှာတော့ ကြမ်းပြင်ကိုပေါ်လစ်တင်ထားလိုက်တာပဲ။ တံမြည်စည်းပဲဂျည်းကြတယ်။ ကြမ်းတိုက်ဖို့မလိုဘူးလေ"

"ကောင်းတာပေါ့။ ဒါပေမယ့် မလေးတို့က ငယ်ငယ်ကတည်းကကြမ်းကိုတိုက်နေရမှနေတတ်တာ။ အဲဒီလိုသာဆို နေတတ်မှာမဟုတ်"

မလေးက အပြင်တွင်ခွဲထားသော အုန်းခွံများကို ကောက်၍ သစ်ပင်ခြေရင်းမှာ စနစ်တကျပုံထားလိုက်သည်။





အဘောင်မကာမှဲ့ အမှိုက်များရှင်းသန့်နေသည့် မြေပြောင်ပြောင်တွင် ဖင်ထိုင်ခုံလေးချကာ ခြေခိုင်းထိုင်ရင်း ကွမ်းတမြုံ့မြုံ့နှင့် အုန်းလက်ဖျားကို ဓါးမသေးနှင့်သပ်ကာ တံမြက်စည်းအတွက်ကို စိတ်ရှည်ရှည်ပြုလုပ်နေ၏။

အဝေးမှ မောင်းထောင်းသံ၊ ထင်းခွဲသံများနှင့် ရွာထဲတွင်ဆူညံနေသော်လည်း ကားသံကိုမူ သိပ်မကြားရပေ။ ကိုယ့်အလုပ်ကို ကိုယ့်ဘာသာတိတ်ဆိတ်စွာလုပ်နေကြသည်။ ညနေ ယောကျ်ားသားများ ငါးဖမ်းပြီး လှေသိမ်းသည့်အချိန်မှ စကားပြောသံ၊ ငါးအရောင်းအဝယ်လုပ်သံ၊ ပိုက်သိမ်းသံများဖြင့် ဆူညံနေကြသည်။

"အင်း၊ ဒီမှာသာ အားလုံးအလုပ်နဲ့လက်မပြတ်ကြဘူးနော်"

"ဟုတ်ပါ့မောင်မောင်ရယ်၊ ကလေးကအစ ခရုကောက်၊ ခရုရှာနဲ့ မအားပါ"

"ကိုယ့်ဘာသာကိုယ်တောင်အလကားနေနေရတာ မလုံချင်တော့ဘူး မလေးရေ"

"မောင်မောင်တို့မြို့ကြီးသားတွေက အလုပ်လုပ်ပြီး အပန်းဖြေကြတာပဲ။ နိုင်ငံခြားကားထဲမှာလိုပေါ့။ အပန်းဖြေတဲ့အချိန်ကိုသီးသန့်ဦးစားပေးကြတယ်လေ"

"မလေးက နိုင်ငံခြားကားတွေ ကြည့်လား"

"ဒီလောက်တော့မြင်ဖူးပါတယ် မောင်မောင်ရဲ့။ မလေးတို့ဆီမှာ အလုပ်သိမ်းရင် ညတိုင်း ဗွီဒီယိုကြည့်ကြပြီး အပန်းဖြေကြတာပဲ"

"မလေးရော ညတိုင်းကြည့်လား"

"ဟင့်အင်း၊ မကြည့်ဖြစ်ပါမောင်မောင်။ မလေးက အဲဒီလောက်ဝါသနာမပါဘူး"

သူ့ရင်ထဲအေးသွားသည်။ အပျော်အပါးနှင့်နေ့စဉ် ရုပ်ရှင်ဗွီဒီယိုကြည့်သော မိန်းကလေးများသည် ပေါ့သွမ်းသော အတန်းစားထဲတွင်ပါဝင်သည်ဟူ၍ ကြီးဒေါ်များက သတ်မှတ်ကြသည်။

"မိန်းကလေးဆိုတာ အမြဲအပျော်အပါးကို ဝါသနာပါပြီး နေ့တိုင်းကြည့်ချင်နေရင် ပေါ့သွမ်းတဲ့စိတ်နဲ့ ပေါ့ပေါ့နေပေါ့ပေါ့စား အတန်းစားထဲပါသွားပြီသား။ အဲဒါမျိုးက ငွေကုန်ကြေးကျလဲများတယ်။ စိတ်လည်းလေတယ်။ ဒါကြောင့် သားဖူးစာရှင်ကိုရှာရင် ရုပ်ရှင်ရုံတို့၊ ကပွဲတို့မှာ မရှာရဘူး"

"ဟာ ကြီးငယ်ကလဲ ဗွီဒီယိုက အိမ်မှာကြည့်ရင်လဲရတာပဲ၊ အဲဒီလိုဆိုရင် သားကဘယ်သိမလဲ"

"အခွေငှားဆိုင်တွေမှာ ကြည့်ရင်သိတာပေါ့"





"စကားကိုကပ်မပြောနဲ့ကောင်လေး။ မင်း မိန်းမယူရင် ချမြင်ချကြိုက်ကိုမယူနဲ့။ သေသေချာချာလေ့လာပြီးမှယူ သိလား။ တို့က ဆွေမျိုးရှားတယ်။ မင်းတစ်ယောက်တည်းပဲ မျိုးဆက်ရှိတာဆိုတော့ လိမ္မာပြီး မျိုးရိုးကောင်းမယ့် မိန်းမကိုအချိန်ယူလေ့လာပြီးမှယူရမယ်။ ဆင်းရဲချင် ဆင်းရဲပါစေ။ အကျင့်စာရိတ္တကောင်းပြီး မိန်းမပီသမယ်။ မိခင်ပီသမယ်။ သားသမီးများများ မွေးနိုင်မယ့် မိန်းမကိုယူ ကြားလား"

ကြီးတော်နှစ်ယောက်က ညှပ်ပူးညှပ်ပိတ်သွန်သင်ဆုံးမနေသည်ကို သူက ပြောင်ချော်ချော်နှင့် ခေါင်းညိတ်ခဲ့သည်။

ထိုအခါတွင် မဆီမဆိုင် မလေးကိုငေးကြည့်ကာ စိတ်ကူးယဉ်ကြည့်မိသည်။

အကယ်၍ ငပလီရွာက ချစ်ပန်းဖြူကို အိမ်ထောင်ဖက်အဖြစ်ရွေးချယ်လိုက်လျှင် ဇီဇာကြောင်လွန်းသော ဒေါ်ကြီးက ကျောင်းဆရာမပီပီ ဘွဲ့မရလို့၊ ပညာမတတ်လို့ဟူ၍ နှိမ်ချင်နှိမ်နေဦးမည်။ သဘောမတူ၍ အကြောင်းအမျိုးမျိုးပြဦးမည်။ ဒေါ်ငယ်ကတော့ မျိုးရိုးဗီဇကို စေ့စေ့ပေါက်ပေါက်မေးဦးမည်။

"ဟင်း"

ကြီးဒေါ်ကြီးများနှင့်တည့်နိုင်မည့် အိမ်ထောင်ရှင်မ၊ သူတို့စိတ်တိုင်းကျနိုင်မည့် အိမ်ထောင်ရှင်မကို ရှာရသည်မှာ မလွယ်ကူလှပေ။

"ရှုပ်ပါတယ်။ ကိုယ်ကြိုက်ရာကိုယ်ယူလို့ ဖေဖေရော၊ မေမေရော ပြောထားပြီပဲ"

သူက ချစ်ပန်းဖြူကိုကြည့်ကာ စိတ်ကူးယဉ်ချင်တိုင်း ယဉ်နေသည်မို့ ချစ်ပန်းဖြူက မလုံမလဲနှင့်မျက်နှာလွှဲလိုက်ပြီး အဝတ်နှင့်ဖုန်မှုန့်များကို သုတ်လိုက်သည်။

ထိုအခါမှ သူ့အဖြစ်ကိုသတိရမိကာ အားနာစွာဖြင့် ပြုံးလိုက်သည်။

"မလေးက ဒီငပလီရွာသူပဲလား"

"အေး ... အဖကတော့ သရော်တောဘက်ကပါ"

"ဪ ... ဒီမှာ ကျောင်းရှိလား"

"မူလတန်းကျောင်းတော့ရှိတာပေါ့ မောင်မောင်ရယ်၊ အထက်တန်းကျောင်းတို့၊ အလယ်တန်းကျောင်းတို့ဆိုတာ သံတွဲမြို့ပေါ်မှာပဲ သွားတက်ရတာပေါ့။ အခုတော့ တွဲဖက်ရှိပြီ"

"မလေးတို့ ဘာနဲ့သွားလဲ"





"ဒီအတိုင်းခြေလျင်သွားတယ်လေ။ တစ်ခါတလေ လိုင်းကားကြုံမှ ကားတားပြီးစီးရတာ"

"မလေးကျောင်းပြီးသွားပြီလား"

"ဘယ်ကလာ ပြီးမှာလဲ။ ရွာသူပဲလေ စာတတ်ရုံပေါ့"

ရင်ထဲမှာ သက်ပြင်းရှည်ကြီးချလိုက်မိသည်။

မိမိတို့အသိုင်းအဝိုင်းတွင် တိုးဝင်နိုင်လိမ့်မည်မထင်ခဲ့။ ထို့ကြောင့်ဆုံးဖြတ်ချက်လေး ချလိုက်မိသည်။

"သံယောဇဉ်မတွယ်ခင် ဝေးဝေးရှောင်နေမှပဲ"

"အပန်းဖြေခရီးဆိုတာ တစ်ရက်မှနှစ်ရက်ပဲသွားရတာ၊ ခုငါးရက်ရှိပြီ ပြန်လာခဲ့တော့။ မင်းအဖေလဲ ရောက်တော့မယ်"

"ဟုတ်ကဲ့၊ ပြန်လာခဲ့ပါ့မယ်"

ကြီးဒေါ်များထံ လှမ်းဖုန်းဆက်၍ အခြေအနေကို မေးလိုက်သောအခါ ပြန်ခေါ်သည်နှင့်ကြုံ၍ အလွယ်တကူပင် ခေါင်းညိတ်ပြီး ကတိပေးလိုက်မိသည်။

သို့ရာတွင် ရင်ထဲမှာမူ စိတ်မပါဘဲ အိမ်ပြန်ရမှာကို ဝန်လေးနေမိ၏။

မဇင်လေဆိပ်သို့သွားကာ အပြန်ခရီးအတွက် လေယာဉ်လက်မှတ်ဝယ်သော်လည်း နောက်နေ့အတွက်မရဘဲ နောက်ငါးရက်နောက်ကျ၍သာ ရခဲ့သည်။

"ကောင်းတယ်။ ငါးရက်နောက်ကျပြီးမှ ရောက်တာ သိပ်ကောင်းတယ်"

ကားလမ်းနှင့်မရလျှင် ကုန်းလမ်းနှင့်ပြန်နိုင်လျက်နှင့် မပြန်ချင်ဘဲ နောက်ကျမှပြန်ချင်နေသည့် ကိုယ့်စိတ်ကို ကိုယ်အံ့ဩသွားမိသည်။

ပေလီရွာမှ မခွာချင်ဘဲ အချိန်ကြာကြာနေချင်နေမိသည်။

သို့ရာတွင် ချစ်ပန်းဖြူအပေါ် သံယောဇဉ် ကွယ်ငြိသွားမှာလည်း စိုးမိသည်။

"အို ... သံယောဇဉ်ဆိုတာ ဖြတ်တောက်ပစ်လို့ရတာပဲလေ။ အနေဝေးတော့လဲ အလိုလိုဖြတ်တောက်သွားမှာပေါ့"

သူသည် မဇင်လေဆိပ်မှ ပေလီရွာသို့ ကမ်းခြေအတိုင်းလမ်းလျှောက်လာခဲ့သည်။ ဇီးဖြူကုန်းရွာကိုဖြတ်၍ မောင်တော်ကျောက်နားရောက်သောအခါ နေပူပူမှာတစ်ထောက်နားလျက် ဆောင်ရိပ်ခိုရင်း သောင်ပြင်မှာ လှဲအိပ်လျက်အပန်းဖြေနေလိုက်သည်။





အေးမြသောသဲပြင်ကြောင့် ရင်မှာအေးချမ်းသွားမိသည်။

လှိုင်းပုတ်သံကိုနားထောင်ရင်းက မိခင်ကို သတိရလွမ်းဆွတ်မိသည်။

မိခင်သည် တစ်ဦးတည်းသော သားအား အရိပ်တကြည့်ကြည့်နှင့် အလွန်ချစ်၏။ သားအား ပြည်ပခရီးထွက်သည်ကို သဘောမတူသော်လည်း ငယ်ရွယ်စဉ်အခါ၌ ဥစ္စာရှာဖွေရမည်ကိုနားလည်ထားသဖြင့် သူကိုယ်တိုင်ကလည်း မိဘအရိပ်မှ ခွဲခွါ၍ စွန့်စွန့်စားစားသားကို စိတ်ရှိသောကြောင့်သာ ခွင့်ပြုရခြင်းဖြစ်သည်။

ယခု သူအား ချစ်လွန်းသောမိခင်အား မတွေ့လိုက်ရပေ။ အိမ်ပြန်လာ၍ မိခင်နားကပ်ကာ ချွဲနွဲ့၍ နေနိုင်ခွင့် ဆုံးရှုံးခဲ့၏။

မိခင်မရှိသော အိမ်၌လည်း ကြာရှည်စွာ မနေလိုပေ။

အသက်ခြောက်ဆယ်ပင်မပြည့်သေးသော မိခင်သည် အဘယ်ကြောင့်များ လူ့လောကမှာ ကြာကြာမနေရဘဲ ထွက်ခွာသွားရပါလိမ့်။

နှလုံးရောဂါရပြီး စိတ်ဆင်းရဲသွားရသည်မှာ အဘယ့်ကြောင့်နည်း ...။

"မေမေ့မှာ နှလုံးရောဂါရှိတယ်။ ဒါပေမယ့် စိတ်ချမ်းချမ်း

သာသာနေနေရရင် ပျောက်သွားမှာပါ။ စိတ်ဆင်းရဲရင်တော့ နှလုံးရောဂါစွဲသွားနိုင်တယ်။ အင်း ... သားက လိမ္မာနေတော့ စိတ်ဆင်းရဲစရာဆိုလို့ ဘာမှရှိမှာ မဟုတ်ပါဘူးကွယ်"

မိခင်က သူ့အပေါ် ယုံကြည်စိတ်ချစွာဖြင့် ဖွင့်ဟပြောခဲ့ဖူးသည်။

သစ္စာရှိသော လင်ယောကျ်ားနှင့်လိမ္မာသော သားကြောင့် သောကဟူ၍ မြူမှုန်ပင်မရှိဘဲ ရောဂါကင်းစင်စွာ စိတ်ချမ်းသာခဲ့သော မိခင်သည် အဘယ့်ကြောင့် နှလုံးရောဂါနှင့် ရုတ်တရက်ဆုံးရသနည်း။

"မလေး ... မလေး ဆိုတဲ့ မိန်းကလေး"

"ဝေ့ မောင်မောင် ဘာတွေရေရွတ်နေရတာလဲ"

ရုတ်တရက်လန့်သွားသည်။ သူ့နှုတ်ဖျားမှ တီးတိုးရွတ်နေသော နာမည်ပိုင်ရှင်မိန်းကလေးသည် သူ့ရှေ့မှာ မားမားမတ်မတ်ရပ်လျက် သူ့အား ပြုံးကြည့်နေသည်။

"မလေး"

"အဘောင်က မောင်မောင့်ကို ကင်းမွန်သုပ်ကျွေးချင်လို့ဆိုပြီး ခေါ်ခိုင်းတာ။ မောင်မောင်က မဇင်ဘက်သွားတယ်ဆိုလို့





မလေး ရမ်းလိုက်လာတာ။ အမောင်က ဒီမှာ လာအိပ်နေတာကိုး"

"ကိုယ်အိပ်နေတာကို မလေးမြင်လား"

"မမြင်။ မလေးလဲ မဇင်ကိုသွားရင် ဒီကျောက်ဆောင် နားရောက်ရင် ခဏတော့နားလိုက်တယ်လေ။ အခု နားမလို့ ဝင်လာတာ မောင်မောင်က အရင်ဦးနေပါလား။ ကဲ ... မဇင်ရောက် ပြီးပြီလား။ ရခဲ့လား"

"နောက်ငါးရက်ကြာမှ သွားရမှာ"

"မလေးကိုပြောရောပေါ့။ မလေး ဝယ်ပေးမှာပေါ့"

ချစ်ပန်းဖြူမျက်နှာလေး ညှိုးသွားပြီး အဝေးသို့ လှမ်းကြည့်နေလိုက်သည်။

မွန်းတည့်နေမို့ ပူလောင်လှသည်။ ချစ်ပန်းဖြူက ခမောက်ကလေးဆောင်းထားရာမှ အသာဖြုတ်ကာ ကျောက်ဆောင်နံဘေးမှာ ထောင်လိုက်ပြီး သူ့နား၌ အသာတကူဝင်ထိုင်လိုက်၏။

"မောင်မောင် ဒီမှာနေရတာ မပျော်လား"

"ပျော်ပါတယ် မလေးရယ်"

"မပြန်နဲ့ဦးလေ"

"မပြန်ချင်ပါဘူး မလေးရယ်။ ဒါပေမယ့် ဟိုမှာ ကိစ္စတွေ

ရှိနေသေးလို့”

သူက ဖြည်းဖြည်းချင်းပြန်ပြောလိုက်၏။ နားထဲမှာ ကြီးငယ် ပြောသည့်စကားကို အမှတ်ရလာမိသည်။

“အေး ... နင်ပါ ငပလီမှာသွားနေ။ နင့်ကို နင့်အဖေလိုပဲ ဖမ်းစားထားပြီး မပြန်နိုင်ဖြစ်နေလိမ့်မယ်။ ငါတို့မှာ ဒီတူတစ်ယောက် တည်း ကျန်တော့တာ”

ချစ်ပန်းဖြူ၏ မျက်လုံးရွဲကြီးများက သူ့အား မပြန်ချင်အောင် စွဲဆောင်နေသည်။

သူ သက်ပြင်းရှည်ကြီးကိုချလိုက်မိသည်။ ချစ်ပန်းဖြူကမူ သူတို့နှစ်ဦးအရိပ်ခိုနေသည့် ကျောက်ဆောင်ကို ကြည့်ကာ

“မောင်မောင်ရေ ဒီကျောက်ဆောင်ထိပ်ကလေးကို ကြည့်စမ်း ပါဦး။ ဘာနဲ့တူလဲလို့။ ဟိုဘက်ကကျောက်တုံးကြီးနဲ့ ဒီဘက်က ကျောက်တုံးကြီးထိနေတာကိုလေ”

သူက ချစ်ပန်းဖြူစကားကြောင့် အပေါ်ကြည့်လိုက်သည်။ ကြီးမားသော ကျောက်တုံးနှစ်ခုမှာ ထိပ်ဖျားခြင်းထိလုနီးနီးရှိနေ၏။

“အဲဒါ ကြက်ကလေးနှစ်ကောင်နှုတ်သီးခြင်းထိနေတာလေ၊ လပြည့်နေ့တွေမှာ အဲဒီလိုပဲ နှုတ်သီးခြင်းထိပြီး လဆုတ်သွားလေ





ဝေးလေဖြစ်သွားရော။ နောက်လဆန်းကျတော့ ပြန်နီးလာပြီး တဖြည်းဖြည်းချင်းထိသွားတယ်လေ”

“ဘယ်သူတွေက လာတိုင်းကြည့်ကြလဲ ... မလေးတို့ရော လာတိုင်းကြည့်သေးလား”

“ဟင့်အင်း ။ ဒီလိုပဲ လူပြောသူပြောများတာပဲလေ။ မလေး တို့ကလဲ တကူးတကဘယ်လာကြည့်မလဲ။ လှေသမားတွေက ပြောကြတာပါ။ သူတို့ကတော့ အတက်အဆင်းသိတာပေါ့။ ပြီးတော့ ဒီကျောက်တုံးက ကိုယ်ပိုင်းလေ။ မောင်တော်နဲ့နှမတော်တို့ ဝက်လုရင်း မောင်ကစိတ်တိုပြီး ဝက်ကိုပိုင်းပြီး ကန်လိုက်လို့ ဝက်ကိုယ်ပိုင်းမှာ ခြေရာဖြစ်နေတယ်တဲ့။ အခု ရေတိုက်စားဖန်များလို့ မမြင်ရတော့ ဘူး”

ချစ်ပန်းဖြူက သဲပြင်မှာပေါ်နေသော တစ်ဝက်တစ်ပိုင်း ကျောက်တုံးကို လှမ်းပြလိုက်သည်။

သူက ကလေးပုံပြင်နားထောင်သလို နားထောင်ရင်းက

“အင်း။ ဒါက မောင်တော်ဆို နှမတော်က ဘယ်မှာလဲ”

“အရင်က အတူတူနေတယ်။ အခု စိတ်ဆိုးပြီး အတွင်းကို ရောက်သွားတာ။ ဇီးဖြူကုန်းဘက်ရောက်သွားပြီ”

"သူတို့ကလဲ စိတ်ကောက်တာတို့ စိတ်ဆိုးတာတို့ ရှိသေးတာပဲလား"

ချစ်ပန်းဖြူကို ပြုံးစိစိနှင့်မေးလိုက်သောအခါ မျက်စောင်းလေးထိုးလိုက်သည်။

"မလေးလဲ မသိ၊ လူကြီးတွေပြောကြတာကိုး"

"တစ်ခါတလေ လူကြီးတွေက လူငယ်တွေကို လှည့်စားတတ်တယ်"

"မလေးတို့ မောင်မောင်တို့လဲ လူကြီးဖြစ်လာရင် ဒီလိုပဲ လှည့်စားရတော့မှာပဲပေါ့။ လောကကြီးက လှည့်စားတတ်အောင် သင်ပေးလိုက်တဲ့ နှစ်ကာလတွေက အများကြီးကြာခဲ့ပြီပဲ။ အခုလဲ မောင်မောင့်အသက်အပိုင်းအခြားနဲ့လိုက်ပြီး လှည့်စားမှုလေးတွေ တတ်လာခဲ့ပြီနော်"

မလေးစကားကိုနားထောင်ရင်းက သူစဉ်းစားကြည့်မိလိုက်သည်။ သူ့အသက်အပိုင်းအခြားနှင့်ပတ်သက်၍ သိတတ်စအရွယ်ကတည်းက သူ ဘယ်သူ့ကိုမှ မလှည့်စားခဲ့ဖူးခဲ့ပေ။

မိဘနှစ်ပါးနှင့် ကြီးတော်ကြီးများ၏ အုပ်ထိန်းမှုအောက်တွင် အေးချမ်းစွာနေလာခဲ့သဖြင့် လှည့်စားမှုဆိုတာကိုလည်း နားမလည်





ခဲ့ပေ။ သူ့ကိုလည်း ဘယ်သူကမှ မလှည့်စားခဲ့။

အပေါင်းအသင်းနည်းသော သူ့အဖို့ စာတော်သော ကျောင်းသားစာရင်းဝင်သဖြင့် ဆရာမများ၏ချစ်ခင်ခြင်း၊ အားကိုးခြင်းကိုခံရပြီး ရွယ်တူသူငယ်ချင်းများနှင့်ဆော့ကစားမှုနည်းပါးခဲ့သည်။ ထို့အပြင် သူကိုယ်တိုင်ကလည်း အပေါင်းအသင်းကို ရွေးခြယ်၍ ပေါင်းတတ်သည်။

"မောင်မောင် ဘာတွေစဉ်းစားနေတာလဲ"

"ဩော် လှည့်စားမှုဆိုတာကို တွေးနေတာပါ။ ကိုယ့်ကို ဘယ်သူမှ မလှည့်စားသေးပါဘူး။ ကိုယ်ကလဲ ဘယ်သူ့ကိုမှ မလှည့်စားခဲ့ပါဘူး။ မလေးကလည်း ဘယ်သူ့ကိုမှ မလှည့်စားခဲ့ပါဘူး။ မလေးပြောမှ စမ်းစစ်ကြည့်နေတာပါ။ ကဲ ... မလေးလဲ ဘယ်သူ့ကိုလှည့်စားခဲ့သလဲ"

ချစ်ပန်းဖြူမျက်နှာလေးတည်သွားပြီး တွေတွေလေး ဖြစ်သွား၏။

ထို့နောက် ခေါင်းကိုလေးတွဲ့စွာ ခါယမ်းလိုက်ရင်းက

"မလေးတစ်ယောက်ယောက်ကို လှည့်စားချင်တယ်။ ဘာလို့လဲဆိုတော့ လူတွေဟာ တခါတလေ လှည့်စားတတ်တဲ့လူကို

ပိုပြီး ချစ်ကြလို့လေ”

“အဲဒီထဲမှာ ကိုယ်မပါတာတော့ အမှန်ပဲ။ ကိုယ်က လှည့်စားတတ်သူ၊ ညာတတ်သူကို မုန်းတယ်”

မျက်နှာတည်တည်၊ လေသံမာမာနှင့်ပြောလိုက်သော သူ့ကို ချစ်ပန်းဖြူက မျက်လွှာလေးပင့်ကြည့်လျှက်

“သိပ်လဲ ကြွေးကြော်မနေပါနဲ့ဦး မောင်မောင်ရေ၊ တစ်ခါတလေ သိပ်မုန်းရင် သိပ်ချစ်တတ်တယ်နော်”

သူ ခေါင်းကိုလေးတွဲ့စွာ ခါယမ်းလိုက်သည်။

“ကျွန်တော်က အချစ်ကိုတန်ဖိုးထားတယ်။ ဘယ်သူ ဘယ်သူ့မှ မချစ်သေးဘူး။ ကျွန်တော့်မိဘတွေကလည်း စာရိတ္တကောင်းတဲ့၊ ထူးချွန်ထက်မြက်တဲ့ မျိုးဆက်သစ်ကိုလိုလားကြတယ်။ ဒါကြောင့် လိမ့်ညာလှည့်စားတတ်တဲ့မိခင်လောင်း၊ ဇနီးလောင်းကို အလိုမရှိဘူး။ ဘဝတစ်သက်တာအတွက်လေ”

သူက ချစ်ပန်းဖြူ၏ အယူအဆကို မလိုလားစွာဖြင့် ပြတ်သားစွာကြွေးကြော်လိုက်သည်။

ချစ်ပန်းဖြူက ထိုစကားအတွက် ဘာမျှ ပြန်မပြောတော့ဘဲ

“ကဲ ... မောင်မောင်၊ နေမြင့်လှပြီ အမောင့်ကို ထမင်းစားဖို့





အဘောင်က စောင့်နေမှာ။ လာပြန်စို့”

ထိုအခါမှ လမ်းလျှောက်ရသည်မှာ ဝေးလွန်း၍ ဆာလောင်ရမှန်းသိတော့သည်။

သူသည် ချစ်ပန်းဖြူအား မည်သို့မျှ ပြန်မပြောနိုင်မီ ချစ်ပန်းဖြူ၏ နောက်သို့အလိုလိုလိုက်ပါလာလေသည်။

သူ့ရင်ထဲတွင် ချစ်ပန်းဖြူနှင့်ဝေးကွာသွားသလိုနှင့် ဝေးကွာသွားချင်သော်လည်း ရှောင်လွှဲ၍မရနိုင်အောင် ဖြစ်နေ၏။

စေတနာဖြူစင်သော အဘောင်မကို သူငြင်းပယ်ရမှာ အားနာမိသည်။ တကူးတကလာခေါ်သော ချစ်ပန်းဖြူအား တစ်ယောက်တည်းပြန်လွှတ်လိုက်ရမှာလည်း မလိုလားပေ။

“ကိုယ်လဲ မလေးတို့ဆီမှာပဲ ထမင်းစားနေရတာ အားနာလှပြီ”

“မောင်မောင်နှစ်သက်တယ်ဆိုလို့ ကျွေးတာပါ။ ဆိုင်ထမင်းဟင်းက ကြာရင်ငြီးငွေ့သွားတတ်တာပဲလေ။ မောင်မောင်ဒီမှာ လေယာဉ်လှည့်စောင့်တဲ့ လေးငါးရက်အတွင်းမှာ မလေးတို့ဆီမှာ ပဲစားပါ။ မလေးတို့အဖို့ အပန်းမကြီးပါဘူး။ ပြီးတော့ မောင်မောင်က ထမင်းစားနည်းတာပဲ။ မလေးတို့ရွာက မောင်မောင်တို့ဆိုရင်

လှေသိမ်းပိုက်သိမ်းပြီးတာနဲ့ ထမင်းစားကြတာ ဇလုံနဲ့အမောက်ကြီးကို ခဏလေးပဲ။ မောင်မောင်ကတော့ မင်းသားစား စားတာပါ”

“မင်းသားစား။ မင်းသားလဲ ပါးစပ်နဲ့လက်နဲ့စားတာပဲ မဟုတ်လား”

“ရော် ... အစားနည်းတာကိုပြောတာ”

မလေးက ရယ်ရင်းပြောလိုက်သောခါ မွန်းတည့်နေရောင်နှင့် သဲပူပေါ်ဖြတ်ရသည့်ခဏ အေးမြသွားသလိုခံစားလိုက်ရ၏။

“ဒီဘက်က ဧည့်သည့်ရောက်နေတာကို အကြောင်းမကြားပါလား”

မြဇဝါဟူသော ချစ်ပန်းဖြူ၏ အဒေါ်တော်သူကိုကြည့်ကာ သူ့ရင်မှာ သက်ပြင်းတိုးတိုးချလိုက်မိ၏။ အလှချင်းတူသော်လည်း အပူဘက်သို့လုနေသော သွက်လက်ဖျတ်လတ်၍ လှပသောအပြုံးလေးနှင့်စကားပြောတတ်သူပင်ဖြစ်သည်။

အသက်လေးဆယ်ကျော်နေသော်လည်း ချစ်ပန်းဖြူကဲ့သို့





နုပျိုဆဲပင်ဖြစ်သည်။

ချစ်ပန်းဖြူက မလိုလားဟန်ဖြင့်

“လေးလေးဝါ ရန်ကုန်ကိုပဲသွားနေတာ။ မလေးက ဘယ်သိမှာလဲ။ အခါတိုင်း ပြန်လာမလာဆိုတာ ပြောမှမပြော”

ချစ်ပန်းဖြူ၏အပြစ်တင်သောလေသံကို မြဇဝါက ခွင့်လွှတ်စွာပြုံးရယ်လျက် တူမအား ချစ်စနိုးခေါင်းလေးကို ဖွဖွလေးပွတ်သပ်ရင်းက

“မဟုတ်ပါဘူး မငယ်ရယ်။ လေးလေးဝါက ဧည့်သည်ကို ဘုရားလေးဘာလေး ပို့ပေးမလို့ပါ”

ချစ်ပန်းဖြူက သံတွဲမြို့ထဲမှ အံတော်၊ နံတော်၊ဆံတော် ဘုရားများကို ပို့ပေးမည်ဟုပြောပြီး မနက်စောစောကတည်းက ခေါ်လာခြင်းဖြစ်သည်။ သူသည် ချစ်ပန်းဖြူ၏ စိုးမိုးမှုအရိပ်မှ အလွတ်ရုန်းနေသဖြင့် မြဇဝါကိုတွေ့ရသောအခါ ဝမ်းသာအားရ ဖြစ်သွားသည်။

“ကျွန်တော့်ကို ချစ်ပန်းဖြူကပဲ တာဝန်ယူပို့ပေးနေရလို့ အားနာနေတာ။ အတော်ပဲ လေးလေးဝါရှိနေတော့ မလေးအတွက် တာဝန်ပေါ့သွားတာပေါ့”

ထိုအခါ ချစ်ပန်းဖြူ မျက်နှာလေးမှာ သနားစရာ ဖြူရော်သွားလေသည်။

"မလေး မပန်းပါ မောင်မောင်။ မလေးတို့ဆီမှာ အယူရှိတယ်။ ဆံတော်ရယ်၊ အံတော်ရယ်၊ နံတော်ရယ်ကို တစ်ရက်တည်းနဲ့ တပြိုင်တည်းတက်နိုင်ရင် စီးပွားတက်တယ်။ ထီပေါက်တယ်ပေါ့။ ပြီးတော့ ဆုတောင်းတိုင်းလဲ ပြည့်တယ်တဲ့"

"ဒါဖြင့် မလေးက တစ်နေ့တည်းနဲ့ အားလုံးဘုရားသုံးဆူစလုံးဖူးမလို့လား။ သူဌေးဖြစ်ချင်လို့ပေါ့"

"အင်း ... တစ်ရက်တည်းနဲ့လဲ အပြီးနဲ့သွားတာပေါ့ မောင်မောင်ရယ်။ နောက်နေ့တွေမှာ လုံးသာဆိပ်တို့၊ ကင်းမော်ဆိပ်တို့ကို လိုက်ပို့ပေးမယ်လေ"

"ဒါဆို ကောင်းတာပေါ့။ ဒို့နှစ်ယောက်တည်းဆို ပျင်းနေလိမ့်မယ်။ လေးလေးဝါကို ခေါ်တာပေါ့။ ဘယ့်နဲ့လဲ လေးလေးဝါ လိုက်မယ်မဟုတ်လား"

"အပုရှည်ပျင်းရင် လိုက်ဖို့ပဲပေါ့"

မြဇဝါ၏အပြောစကားကြောင့် ချစ်ပန်းဖြူ၏ မျက်နှာလေး ပျက်သွား၏။ သို့ရာတွင် အဖေါ်တစ်ယောက်အား ငြင်းပယ်ရန်





က်ခဲနေသဖြင့် ဘာမျှပြန်မပြောဘဲ ဟိုလိုလိုဒီလိုလိုနှင့်

"လေးလေးဝါ ဘယ်နေ့ကပြန်လာတာလဲ"

"မနေ့ကပါ"

"ဒါဖြင့် လေးလေးဝါ ပင်ပန်းနေမှာပေါ့"

"အမလေး မလေးရယ်။ နင့်လေးလေးက ဘယ်တုန်းကများ ပင်ပန်းတယ်ဆိုလို့လဲ။ မလေးနဲ့တောင်ပြိုင်ပြီး တောင်ပေါ်တက်လို့ရသေးတယ်။ ကဲ ပြော အခုဘယ်တောင်ကိုတက်ခဲ့လဲ"

"နံတော်",

"အင်း ... ဆံတော်နဲ့အံတော်ကျန်သေးတယ်။ ပြိုင်တက်လို့ရသေးတယ်"

မြဇဝါက စိန်ခေါ်လိုက်သောအခါ ချစ်ပန်းဖြူက ပြုံးမဲ့မဲ့လေးလုပ်ရင်း

"လေးလေးဝါကို မလေးမပြိုင်ဝံ့ပါ"

"ကဲ အပိုတွေပြောမနေနဲ့တော့၊ လေးလေးဝါက အပုရှည်တို့နောက်ကို ဒီနေ့မလိုက်နိုင်သေးဘူး။ကိစ္စရှိသေးတယ် သွားနှင့်ကြ။ မနက်ဖြန်မနက်စောစောကျမှ လာမယ်"

ချစ်ပန်းဖြူက သက်ပြင်းသဲ့သဲ့ချလိုက်သည်။ အဒေါ်နေသော

အိမ်သို့လာပြီး အဒေါ်ကို ရောက်မရောက်စုံစမ်းပြီး တွေ့ပြန်တော လည်း မကျေမနပ်ဖြစ်နေသော ချစ်ပန်းဖြူကို သူနားမလည်ပေ

မြဇဝါနေသောအိမ်သည် အဘောင်မနှင့်ချစ်ပန်းဖြူနေသော အိမ်ကဲ့သို့ မှုန်ကုပ်ကုပ်ဖြစ်မနေပေ။ ရှေးကျသော အိမ်မျိုးလည် မဟုတ်ပေ။ ခေတ်မီသော အလှအပအသုံးအဆောင်များဖြင့် တစ်အိ လုံးကို ပေါ်လစ်တင်ထားသဖြင့် ဖိတ်ဖိတ်တောက်နေ၏။

သူမတစ်ယောက်တည်းနေပြီး ရန်ကုန်နှင့်သံတွဲကို အရော အဝယ်ဖြင့် ကူးသန်းသွားလာနေကြောင်းကို ချစ်ပန်းဖြူက ပြော ထားသည်။

သို့ရာတွင် ချစ်ပန်းဖြူအဒေါ်သည် ချစ်ပန်းဖြူကဲ့သို့ သိမ်မွေ ခြင်း၊ ရိုးသားခြင်းနှင့် ပြည့်စုံသောမိန်းကလေးတစ်ဦးသာ ဖြစ်လိ မည်ဟု မျှော်လင့်ထားခဲ့သည်။ အဘောင်၏သမီးသည် မိခင်နှင့် အတူမနေဘဲ တစ်ဦးတည်းလွတ်လပ်စွာနေထိုင်ခြင်းအတွက် သူ့ရင် မှာ ဇဝေဇဝါဖြစ်နေမိသည်။

"ဟေ့ မြို့သား။ အပုလေးကို တစ်ခုခုတော့တိုက်မှပဲ အိုဗာတင်းလား၊ မိုင်လိုလား"

မြဇဝါက သွက်လက်စွာပြောပြီး တွတ်ဘူးကိုယူက





တစ်ခုခုဖျော်ဟန်ပြင်လိုက်၏။

"နေပါစေ လေးလေးဝါ၊ ကျွန်တော်ဒီရောက်မှ အသောက်ကို ပြောင်းလွှဲထားပါတယ်"

"အလဲ့။ ဒေသအလိုက်သောက်တာကို ပြောင်းလွှဲသွားလို့ ရလားကွယ့်"

"ဟုတ်ကဲ့၊ ဒီဒေသရောက်တော့ အုန်းရေကောင်းကောင်း ရှိတာနဲ့ အုန်းရေပဲ သောက်ပါတယ်"

"ဓနိရည်ရော မပါဘူးလား"

"ဓနိရည် ၊ ဓနိရည်ဆိုတာ ရှိလား"

"ရှိတာပေါ့၊ ထန်းရည်လိုပဲ နည်းနည်းမူးတယ်"

"ဒါဆို ငပလီရောက်မှ ရှာဝယ်ဦးမှ"

သူ့စကားကြောင့် မြဇဝါက သဘောကျစွာရယ်မောလိုက် သည်။ ချစ်ပန်းဖြူက နှုတ်ခမ်းချွန်လျက်

"လေးလေးဝါက အလကားမြှောက်ပေးနေတာ။ တော်ကြာ လိုက်ရှာဦးမယ်။ သူက ရေစပ်နားနေတာ မူးပြီး ပြုတ်ကျနေဦးမယ်"

"ဟာ ... အပုရှည် အသက်ကနှစ်ဆယ့်လေးနှစ်ရှိပြီပဲ။ ကိုယ့်ကိုယ်ကိုထိန်းတတ်ပြီပဲကွယ်"

"ဟင်၊ ကျွန်တော့်အသက်နှစ်ဆယ့်လေးနှစ်ရှိတာကို ဘယ်လို လုပ်သိလဲ"

သူက အံ့အားသင့်စွာမေးလိုက်သောအခါ မြဇဝါက သဘော ကျစွာ ရယ်မော၍ သူ့ပခုံးကို ပုတ်ကာ

"မင်းရဲ့ ရုပ်ရည်ကိုကြည့်ရင် အသက်မှန်းလို့ရပါတယ်"

"ဒါပေမယ့် အတိအကျမို့ပါ"

"တိုက်ဆိုင်သွားတာလေ"

မြဇဝါက ပေါ့ပေါ့လေးပြောလိုက်သော်လည်း သူ့ရင်ထဲမှာ မတင်မကျလေးဖြစ်သွားသည်။

"အဘောင်နဲ့မလေးက အာဂန္တုကိုဘာတွေချက်ကျွေး နေတာလဲ။ ပင်လယ်အစားအစာလား။ အဘောင်တို့ချက်ရင် တောချက်ပဲဖြစ်မှာပေါ့။ လေးလေးဝါက ဟိုတယ်ချက် ချက် ပေးမယ်လေ"

"ရပါတယ် လေးလေး။ ကျွန်တော်က ပြည်ပမှာရော မြို့ပေါ် မှာပါ ဟိုတယ်အစားအစာတွေစားဖူးပါတယ်။ အဘောင်နဲ့ မလေး ချက်ကျွေးတာကို ကြိုက်ပါတယ်"

"အလဲ့ ဘယ်ဆိုးလို့လဲ။ ဒါဖြင့် ငပလီမှာ ကြာကြာနေလို့





ရပြီပေါ့"

မြဇဝါ၏ ပေါ့ပေါ့ပါးပါးစကားကို သူ မနှစ်သက်ပေ။ ထို့ကြောင့် မြဇဝါအိမ်တွင် ကြာကြာနေစကားပြောရန် စိတ်မကူး တော့ပေ။

"ကဲ ... မလေးသွားကြမလား"

"ဟော ... အစောကြီးရှိသေးတာပဲ"

"ရပါတယ် လေးလေးဝါ၊ ကျွန်တော်တို့က ဖြည်းဖြည်းသွား မှာပါ။ သွားစို့ မလေး"

သူက မလေးအား ဦးဆောင်၍ ခေါ် လာခဲ့သည်။ ဒီနေ့တစ်နေ့ လုံး ဘုရားသုံးဆူလုံးကို ပြီးအောင်ဖူးမည်ဟု ရည်ရွယ်ထားခဲ့သည်။

"သိလား မောင်မောင်။ မလေးတို့လေ တစ်ခါတစ်ခါ ငပလီ ကနေ သံတွဲအထိ လမ်းလျှောက်ခဲ့ရဖူးတယ်။ ကားက သိပ်ရှားတာ ကိုး။ သံတွဲမြို့ပေါ် မှာပဲ အထက်တန်းကျောင်းရှိတာ။ စာသင်ချင်လွန်း လို့ လမ်းလျှောက်ရတာ။ ခုလို ငပလီမှာ တွဲဖက်ကျောင်းမရှိ သေးဘူးလေ။ ခုခေတ်ကလေးတွေက သိပ်ကုသိုလ်ကံကောင်းတာ ပဲနော်"

"အဝေးကြီးပဲ၊ မလေးလျှောက်နိုင်လား"

"လေးမိုင်ခရီးဟာ သူငယ်ချင်းတွေ အချင်းချင်းစနောက်ရင်း စကားပြောရင်းသွားကြတာ။ နှစ်နာရီကျော်ကျော်ပဲ ကြာတယ်။ ခြေမညောင်းသလိုပါဘဲ။ နောက်တော့ ညအိပ်တော့မှ သိပ်ညောင်းသွားတာ"

သူက ကားကိုဖြည်းညင်းစွာမောင်းနေစဉ် ချစ်ပန်းဖြူက အနားမှ တွတ်တီးတွတ်တာလေးများပြောကာ လိုက်ပါလာသဖြင့် ရင်ထဲမှာအလိုလိုကြည်နူးမိသည်။ စမ်းချောင်းလေးထဲတွင် ဖြတ်စီးနေသော ပန်းပွင့်မျောကလေးများ၏ ဘဝကဲ့သို့ အေးမြ၍လွတ်လပ်ပျော်ရွှင်ဖွယ်ရာကောင်းလှပေသည်။

"မလေး ... ဟိုတစ်နေ့က ပြောတော့ စာတတ်ရုံပဲ ရှာသူပဲဆို"

"ဪ ... အလယ်တန်းလောက်က စာတတ်တယ်မှ မခေါ်တာ"

"မောင်မောင်ကလဲ၊ ကဲ ဆံတော်ရှင်ကိုရောက်ပြီ မောင်မောင်ရေ၊ အဲဒီမှာမြင်နေရပြီ"

ချစ်ပန်းဖြူနှင့်ထပ်မံ၍ အငြင်းမပွားလိုသောကြောင့် သူဘာမှမပြောသာတော့ပေ။

"မြင့်သားပဲနော်"





"မောင်မောင်က မောနေပြီလား"

"မမောပါဘူး။ မလေးတောင်မှ မမောတာ"

အောင်နေဦး၏ ရင်ထဲတွင် မလေးနှင့်ယခုလိုလည်ပတ်နေရခြင်းအတွက် ကြည်နူးပီတိဖြစ်နေမိသည်မို့ သူ့မျက်နှာက ပြုံး၍နေနေသည်။

တောင်ခြေတွင်ကားအပ်၍ မလေးနှင့်ယှဉ်၍ တက်လာရင်း အမှတ်မထင် ကျောက်လှေကားလေးရှိသော အတက်နေရာများ၌ လမ်းကျဉ်းသွား၍ ချစ်ပန်းဖြူ၏ လက်ကလေးကို ဖွဖွလေးဆွဲကိုင်၍ ခေါ်လာခဲ့သည်။

ချစ်ပန်းဖြူက အပြုံးမပျက် လိုက်ပါလာလျက်ရှိသည်။

"မလေး၊ ဒီနေ့တစ်နေ့လုံး တောင်သုံးလုံးကိုပြည့်စုံအောင် တက်ပြီး ဘာတွေဆုတောင်းမလဲ။ ထီပေါက်ပါစေလို့ ဆုတောင်းမှာလား"

"မောင်မောင့်ကို မလေးပြောမိလို့လား"

"မလေးလေ သူဌေးဖြစ်ချင်တာထက် တောင်းတဲ့ဆုနဲ့သာ ပြည့်ချင်ပါတယ် မောင်မောင်။ စိတ်လဲချမ်းမြေ့ချင်တယ်"

"မလေးက ဉာဏ်များတယ်"

"ဟင် ... ဘာလို့လဲ"

"သားရွှေအိုးထမ်းတဲ့ကိန်း မြင်ချင်တယ်ဆိုတဲ့ ဆုတောင်းမျိုးကို တောင်းတာပေါ့"

"ဟင် ... ဟုတ်တယ်"

ချစ်ပန်းဖြူက သဘောကျစွာပြုံးလိုက်သည်။ ထို့နောက် မောဟိုက်သွားဟန်ဖြင့် ခေတ္တရပ်လိုက်ရင်းက

"မောင်မောင်စဉ်းစားကြည့်လေ၊ ချမ်းသာကြွယ်ဝပြီး စိတ်ဆင်းရဲနေရမှာက ဘာလုပ်ဖို့လဲ။ မလေးလေ ဆင်းရဲမှာကို မကြောက်ဘူး။ ဒါပေမယ့် စိတ်ဆင်းရဲမှာကို ကြောက်တယ် မောင်မောင်ရယ်"

"အခုရော စိတ်ဆင်းရဲရလို့လား"

"ဟင့်အင်း၊ ကလေးလိုနေနေတော့ ဘာမှပူပင်သောက မရှိသေးဘူးပေါ့ မောင်မောင်ရယ်"

ချစ်ပန်းဖြူစကားကြောင့် သူမေမေ့ကို သတိရသွားမိသည်။ သူ့အား ဘယ်သောအခါမှ သောကဝေပေးရန်စိတ်မကူးခဲ့ဖူးပေ။ မေမေတစ်ယောက်တည်း ကျိတ်မှိတ်ခံစားခဲ့ရရှာသည်။

မေမေ့အားခွဲခွာ၍ထားခဲ့မိသော မိမိအပြစ်သာဖြစ်သည်။





မေမေသည် သူနှင့်မခွဲမခွာဘဲနေနေချင်သူပင်ဖြစ်သည်။ သို့ရာတွင် ယောကျ်ားပီပီ စွန့်စားစေချင်သော ဖခင်၏ရည်ရွယ်ချက်ကို ဖြန့်ပေးနိုင်ရန်အတွက် မိခင်အား ခွဲခွာခဲ့ရခြင်းပင်ဖြစ်သည်။

"မေမေရယ်"

ရင်မှာ ဖွဖွလေးညည်းညူလိုက်မိသည်။

"မောင်မောင် မောနေလား"

"ဟင့်အင်း မမောပါဘူး"

"ဒါဖြင့် လာလေ"

မိခင်အား သတိရသွားသဖြင့် ခြေလှမ်းများအလိုလို နှေးကွေးသွားခဲ့သည်။ ချစ်ပန်းဖြူက သူ့အား စိတ်ရှည်ရှည်စောင့်ခေါ်လျက်

ဘုရားရင်ပြင်ပေါ် သို့ရောက်သောအခါ အေးမြသော လေ၏ဝေ့ယမ်းတိုက်ခတ်မှုကြောင့် သူ့ရင်ထဲမှာ အလိုလိုအေးမြ၍ သွားလေသည်။

မလေးက သူ့ဆံပင်များလွင့်မျောနေသည်ကို အသာသပ်သိမ်းလိုက်ရင်းက

"အဲဒါ သရော်တောချောင်းလေးပေါ့"

ဆံတော်ရှင်တောင်ခြေကို ကွေ့ဝိုက်စွာဖြင့် ဣန္ဒြေရရစီးဆင်း

နေသော ချောင်းလေးကို ညွှန်ပြလိုက်သည်။ ချောင်း၏နံဘေးတွင် အုန်းပင်၊ ငှက်ပျောပင်၊ သရက်ပင်များဖြင့် စိမ်းလန်းစိုပြည်လျက်ရှိသည်။

“အဲဒီ့တစ်ဖက်ကမ်းက ရွာလေးက သရော်တောရွာလေး ပဲ မောင်မောင်။ မလေးရဲ့အမျိုးတွေရှိတယ်လို့ အဘောင်မက ပြောဖူးတယ်”

“မလေးက ပေလီရွာက မဟုတ်ဘူးလား”

“မဟုတ်၊ သရော်တောကလို့ပြောတာပဲ။ ပါးပါးအမျိုးတွေက အဲဒီမှာနေနေတာ၊ မလေးဆီလဲ မလာ၊ အဘောင်ကလဲ အလာ မခံလေ၊ လေးလေးဝါနဲ့ပဲ တွေ့တယ်တဲ့၊ တွေ့လားမောင်မောင်၊ ငှက်ပျောပင်တွေပေါလို့ ငှက်ပျောခြောက်လဲလုပ်တယ်။ အခု အုန်းဆံကြိုးလဲကျစ်တယ်လေ”

ချစ်ပန်းဖြူက စကားလွှဲလိုက်ပြီး ချောင်းတစ်ဖက်မှာရှိသော သရော်တောလေးကို ညွှန်ပြလိုက်၏။ မှိုင်းညို့ညို့ရွာလေးက လွမ်းချင်စရာပင်။

“မလေးရဲ့အဒေါ်က အဘောင်ရဲ့သမီးလား”

“အင်းလေ၊ အဘောင်ရဲ့သမီးပေါ့”

“အတူမနေဘူး”





“လေးလေးဝါက အလုပ်လုပ်တယ်လေ။ ငါးသဘော်တွေရှိ တယ်။ သူ့အဘသာသူ လွတ်လွတ်လပ်လပ်ပဲနေတယ်။ မလေးပဲ အဘောင့်နားမှာရှိတာ။ ကဲ အမောပြေသွားရင် ဘုရားဝတ်ပြုကြစို့ နော်”

ချစ်ပန်းဖြူမျက်နှာလေးသည် မှိုင်းအုံသွားလျက်ရှိသည်။

သူသက်ပြင်းတိုးတိုးလေးချလိုက်မိ၏။ မိသားစုတစ်စုတွင် ပြဿနာကိုယ်စီရှိကြသည်မို့ ချစ်ပန်းဖြူရင်တွင်းမှ ခံစားချက်များ ကို သူနားလည်လာမိသည်။

“အပုလေး စားလို့ကောင်းလားဟင်”

မြဇဝါက အနားတွင်ထိုင်ကာ သူနှင့်ချစ်ပန်းဖြူစားနေသည် ကို တစိမ့်စိမ့်ကြည့်ကာ ပြုံးနေသည်။

“လေးလေးဝါက ဘယ်ဆိုးလို့လဲ။ ငမန်းတောင်ဟင်းချိုဆိုတာ ဟိုတယ်တွေမှာတောင်ရှားတယ်”

“မောင်မောင်ကြိုက်ရင် မလေးလဲ ချက်တတ်ပါတယ်၊

မကြိုက်မှာစိုးလို့"

ချစ်ပန်းဖြူက အားကျမခံပြောလိုက်သောအခါ မြဇဝါက သဘောကျစွာပြုံးလျက်

"သိပ်လုပ်မနေနဲ့မလေးရေ၊ တော်ကြာ အပုလေးက ဒီမှာက မပြန်နိုင်လို့ သူ့မိဘတွေလိုက်လာဦးမယ်"

"ကျွန်တော့်မှာ အမေမရှိတော့ပါဘူး"

"ဩော် အမေ မရှိတော့ရင် အဖေတော့ရှိသေးတာပေါ့နော်၊ လောကကြီးမှာ မိစုံဖစုံနဲ့အတူတူနေရတာ ကံကောင်းတာပေါ့။ ကိုယ်တို့တွေက ကံဆိုးလို့ မိစုံဖစုံမရှိတာပေါ့၊ အမေက ငယ်ငယ်တည်းက မုဆိုးမဘဝနဲ့နေလာရတာ အကြာကြီးပဲ"

"မလေးအဖေနဲ့အမေရော"

"သူက အဘောင့်ရဲ့ ဝမ်းမနာလေးပေါ့"

"လေးလေးဝါ"

မြဇဝါက ရယ်ရယ်မောမောနှင့်ပြောင်သလိုပြောလိုက်သည်ကို ချစ်ပန်းဖြူက မခံနိုင်စွာဖြင့် အော်လိုက်သောကြောင့် မြဇဝါက သဘောကျစွာရယ်ရင်း

"ဘွာ ... ဘွာ၊ မေ့လို့ .... မေ့လို့ အပုလေးရယ်။ အဘောင်မ





သမီး၊ လေးလေးဝါ သမီး"

"လေးလေးဝါသမီးမဟုတ်၊ လေးလေးဝါနဲ့ ဆွေမျိုးမတော်"

ချစ်ပန်းဖြူက နှုတ်ခမ်းလေးချွန်ပြီး ရခိုင်လေသံဝဲဝဲနှင့် မြဇဝါအား ရန်တွေ့လိုက်၏။

"ဩော် ဟုတ်သားပဲ။ အဘောင့်သမီး၊ အဘောင့်ရဲ့ချစ်မငြိုးတဲ့သမီးချောလေး"

"လေးလေးဝါနော်။ အဘောင်နဲ့တိုင်ပြောမှာ"

မျက်ရည်များ ဝေ့ဝဲလာပြီး နှုတ်ခမ်းစူလျက်ရှိသော ချစ်ပန်းဖြူကိုကြည့်၍ သူရောမြဇဝါပါ ပြုံးမိလိုက်ကြသည်။

ထိုအခါ ချစ်ပန်းဖြူက စိတ်ဆိုးသွားပြီး ရုတ်တရက်ထကာ ခြေဆောင့်၍ ထွက်သွားလေသည်။

အောင်နေဦးလှမ်းပြောလိုက်သော်လည်း ချစ်ပန်းဖြူလှည့်ကြည့်တော့ပေ။ စိတ်ကောက်သွားသောအမူအရာကို ယခုမှ တွေ့ရ၍ အနည်းငယ်အံ့အားသင့်သွား၏။

"မလေး ကောက်သွားပြီပဲ။ အပုလေးစား။ စားပြီးမှ လိုက်ချော့တော့"

"နေပါစေ ... လိုက်ချော့နေရင် အကျင့်ပါတယ်" ဟူ၍

ရင်ထဲမှာ တီးတိုးပြောလိုက်မိ၏။

သူလိုက်မချော့ချင်တော့ပေ။ ချစ်ပန်းဖြူအားလိုက်ချေ
နေခြင်းဖြင့် သံယောဇဉ်ကြိုးကို ထပ်မံ၍တင်းအောင်တုပ်နှော
ထားရာရောက်ပေလိမ့်မည်။

မချော့ဘဲနေခြင်းဖြင့် သူနှင့်သံယောဇဉ်ကင်းပြတ်၍ ဝေးကွ
၍သွားပေလိမ့်မည်ဖြစ်သည်။

"သူ့ကိုအဘောင်က သိပ်အလိုလိုက်ထားတော့ ဆိုးနွဲ့နေတ
ပေါ့ မောင်မောင်ရယ်"

မြဇဝါက အောင်နေဦးအား မောင်မောင်ခေါ်လိုက်၊ အပုလေ
ခေါ်လိုက်နှင့်အမျိုးမျိုး ချစ်စနိုးခေါ်ဝေါ်နေသည်။ သို့ရာတွ
မြဇဝါအပြုအမူမှာ အမိကသားအားပြုစုသကဲ့သို့၊ ကြီးဒေါ်များက
သူ့အားယုယသကဲ့သို့ ယုယကြင်နာလှသည်။

"အပုရေ ငမန်းတောင်ဟင်းချိုက အရိုးတော့မပါဘူး
ဒါပေမယ့် ဒီငကြီးကန်းဆီပြန်ကတော့ အရိုးနည်းနည်းပဲပါတယ်
ဒါစားပြီးရင် အပုလေးအိပ်ချင်လိမ့်မယ်၊ နည်းနည်းတက်တယ်ကွယ့်

မြဇဝါက ငါးဆီပြန်တစ်မျိုးကို သူ့ပန်းကန်ထဲ ထည့်ပေ
လိုက်၏။ မကျည်းနှစ်နှင့်အချဉ်ချက်ထားခြင်းဖြစ်သည်။





"ကျွန်တော်က မလေးနဲ့အဘောင်မ ချက်ပေးတဲ့ ဆီမပါတဲ့ အိုးကပ်ဟင်းကို သဘောကျတယ်။ ဘီယာနဲ့မြည်းလို့ကောင်းတယ်"

"အပုက ရခိုင်ဟင်းကိုစားတတ်နေပြီပဲ။ လေးလေးဝါက တော့ ဆီမပါတဲ့ဟင်းကိုမစားတတ်တော့ဘူး။ လေးလေးဝါက ရန်ကုန်မှာ အနေများတာကိုး"

"ဟုတ်တယ်။ လေးလေးဝါက ရန်ကုန်သူနဲ့တူတယ်"

သူ့အပြောကြောင့် မြဇဝါကျေနပ်သွား၏။ သူကလေး မြဇဝါထည့်ပေးသော ဟင်းကိုဖဲ့စားလိုက်၊ ဟင်းချိုသောက်လိုက်နှင့် ထမင်းကိုနည်းနည်းသာစားသည်။ ပင်လယ်ငါးများကို အသုပ်တစ်မျိုး၊ အကြော်တစ်မျိုး၊ ဟင်းချက်၍တစ်မျိုး ဖွယ်ဖွယ်ရာရာချက်ပြုတ်ထား၏။ သို့ရာတွင် ချစ်ပန်းဖြူနှင့် အဘောင်မချက်သကဲ့သို့ ရခိုင်ချက်မဟုတ်ဘဲ ဟိုတယ်ချက်သာဖြစ်သည်။

"လေးလေးဝါက ဒီဟင်းတွေကို ချက်တတ်နေတာ သင်ထားလို့လား"

"မသင်ပါဘူး အပုရယ်။ ပင်လယ်အစားအစာရတဲ့ဆိုင်မှာ ခဏခဏစားရင်းနဲ့ ချက်တတ်အောင်ကြိုးစားကြည့်တာပေါ့။ ကိုယ့်ဆီက ဒီအစားအစာတွေ အကုန်ရနေတာပဲ"

“တခြား ဧည့်သည်တွေကိုလဲလေးလေးဝါတို့ အဘောင်တို့က ဒီလိုပဲ ချက်ကျွေးလား”

“ရော်”

မြဇဝါက ရခိုင်လေသံဝဲဝဲနှင့် တစ်ချက်အော်လိုက်ပြီး သဘောကျစွာ ရယ်မောလိုက်သည်။

“ကြုံကြုံဖန်ဖန် အပုရယ်၊ ပေလီရွာက အာဂန္တုတွေ သိပ်များတဲ့အရပ်လေ၊ ဒီလိုနေရာမှာ ဧည့်သည်ကို ဒီလိုဖိတ်ကျွေးပြီး ချက်ပြုတ်ကျွေးနေရရင် မွဲသွားမှာပေါ့ကွယ်၊ လေးလေးဝါက မလေး သူငယ်ချင်းတွေကိုပဲ ဧည့်ခံတာ။ မလေးနဲ့အဘောင်ဆီကို မလေး သူငယ်ချင်းတွေခဏခဏလာတယ်လေ။ အဲဒီအခါ လေးလေးဝါက ကြုံရင်ကြုံသလို ဧည့်ခံပေးတာပေါ့”

မြဇဝါစကားကြောင့် သူအံ့အားသင့်သွားသည်။ သူသည် ချစ်ပန်းဖြူ၏ သူငယ်ချင်းမဟုတ်ပေ။ ခရီးသွားရင်းတွေ့သော ရိုးရိုးဧည့်သည်သာ ဖြစ်သည်။

“ကျွန်တော်က မလေးရဲ့သူငယ်ချင်း မဟုတ်ဘူး။ သပြုချိုင်မှာ တွေ့ပြီး မသွားတတ်မလာတတ်နဲ့မို့ မလေးက ကားနဲ့ခေါ်လာပြီး ကူညီပေးတာ။ အဲဒီကစခင်သွားတာ”

“ဟုတ်လား။ အံ့သြစရာပဲ။ မလေးက သူ့သူငယ်ချင်းတွေပဲ ခေါ်တာ။ ဧည့်သည်တွေလာရင် ကမ်းခြေကိုတောင်မဆင်းဘူး။ အပုလေးကို သူကဘယ်လိုဘယ်လိုခင်သွားလဲမှ မသိတာ။ အပု ရောက်တာကြာပြီလား”

“တပတ်လောက်တော့ရှိပြီ”

အောင်နေဦးနှင့် မြဇဝါတို့က ချစ်ပန်းဖြူအပြုအမူကြောင့် အံ့အားသင့်ကာ ခေတ္တမျှ ငြိမ်သက်သွား၏။

မလေး ဘာကြောင့် သူ့အားလိုက်လျောနေသနည်း။ သပြုချိုင်ထိပ်မှာတွေ့စဉ်က မလေးသည် သူ့အား သာမန်ဧည့်သည် တစ်ယောက်လိုသာဆက်ဆံခဲ့သည်။ နောက်မှ ကမ်းခြေမှာ အမှတ်မထင်တွေ့ပြီး ခင်မင်သွားခြင်းဖြစ်သည

“ရှေးရှေးကရေစက်ကြောင့်ထင်ပါတယ် မောင်မောင်ရယ်။ မလေးက မာနကြီးတယ်၊ တော်ရုံဧည့်သည်ဆိုရင် ဝေးဝေးရှောင်တယ်လေ၊ အခု မောင်မောင့်ကိုမှ ဘာလို့ရွေးခင်သလဲ မသိဘူး။ မောင်မောင်ကလဲ ဆုတောင်းကောင်းတယ်ထင်ပါတယ်”

“ဘာဆုတောင်းလဲ လေးလေးဝါ”

“မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေဆိုတဲ့ ဆုတောင်းမျိုးပေါ့”

"ဩော်"

"ဟုတ်တယ်၊ လေးလေးဝါကလဲ မောင်မောင့်ကိုမြင်မြ
ချင်း ခင်သွားပြီ။ အဘောင်ကတော့ မလေးကိုသိပ်ချစ်တေ
မလေးသူငယ်ချင်းဆိုရင် အကုန်ချစ်တာပဲ၊ ဒီလိုပဲ မညည်းမည
ချက်ပြုတ်ကျွေးနေတာပဲကွယ့်"

အောင်နေဦးသည် မြဇဝါ၏စကားကိုနားထောင်ရင်းဂ
ရှက်အမ်းအမ်းဖြစ်သွားသည်။

ရင်းနှီးခင်မင်မှုမရှိဘဲ ချက်ပြုတ်ကျွေးမွေးနေသောကြော
သူပြန်လျှင် အဘောင်မအား တုံ့ပြန်၍ ကျေးဇူးပြုရန် ဆုံးဖြတ်ချက်
ချလိုက်သည်။

"အပုလေးရေ၊ မင်းရင်ထဲမှာ အဘောင့်ကို တစ်ခုခုတုံ့ပြန်
ဖို့ စဉ်းစားနေလား"

"ဟင်"

သူ့ရင်ထဲမှ အတွေးကိုမြင်သော မြဇဝါ၏အမေးကြောင့်
လွန်စွာအံ့အားသင့်သွား၏။

"ဘာမှ မတုံ့ပြန်ပါနဲ့ကွယ်။ အဘောင်ကစေတနာ၊ မေတ္တာ
ထားရင် မောင်မောင်ကပြန်ပြီး စေတနာမေတ္တာထားဖို့ပဲ အရေး





ကြီးတာကွယ့်။ တကယ်လို့ မောင်မောင်က ငွေနဲ့တန်ဖိုးဖြတ်လိုက်ရင်
အဘောင်က သိပ်စိတ်မကောင်းဖြစ်သွားလိမ့်မယ်။ အဘောင့်စိတ်ကို
သိလို့ လေးလေးဝါက ပြောတာနော်"

"ဩော် လေးလေးဝါရင်ထဲမှာ ပုဏ္ဏားလေးရှိတယ် ထင်တယ်"

မြဇဝါဘာမှထပ်မပြောတော့ဘဲ သူ့အား ပြုံး၍သာကြည့်
နေလိုက်သည်။

သူ့မျက်ဝန်းထဲမှာတော့ ကွမ်းငုံလျက် ဆေးပြင်းလိပ်ကို
ခဲလျက် တကုပ်ကုပ်နှင့်အလုပ်လုပ်လျက်ရှိသော အဘောင်မ၏
လှုပ်ရှားဟန်ကို မြင်ယောင်လာမိသည်။

စကားများများမပြောဘဲ ပြုံးတုံ့တုံ့အမူအရာနှင့် အေးချမ်းစွာ
နေတတ်သော အဘောင်မကို သူသံယောဇဉ်တွယ်လာမိသည်။

သူကလည်း ဘာလို့များ ဒီမိသားစုနှင့် တွေ့ဆုံဆက်သွယ်
ပါလိမ့် ...။

ပုန်းညက်ပန်းများကို ယခုမှ အောင်နေဦး မြင်ဖူးသည်။

ပ-ခုမှပင် ပန်းများကို သတိထားဂရုစိုက်မိခြင်း ပင်ဖြစ်သည်။

ခါတိုင်း မိခင်နှင့်အတူ ခြံထဲတွင် ပွင့်လျက်ရှိသော ပိန်းပန်းများနှင့် သစ်ခွပန်း၊ နှင်းဆီပန်းများကိုသာ ဘုရားပန်းတင်ရန် ဝိုင်းဖြတ်ပေးခဲ့ဖူးသည်။ သို့ရာတွင် ဤမျှအထိ စိတ်ဝင်စားခြင်း မရှိခဲ့ပေ။

ယခုမှပင် ချစ်ပန်းဖြူ ခူးခိုင်းသော ပုန်းညက်ပန်းများကို ခူးပေးရင်းက ဂရုတစိုက်နှင့် ပန်းလေးကို ကြည့်မိသည်။

ဆင်စွယ်ရောင်ဖျော့ဖျော့ ပွင့်ဖတ်သေးသေး လေးငါးဖတ်ကြားတွင် ဝတ်ဆံဝါဝါညိုညိုလေးများရှိပြီး ရိုးရိုးလေးနှင့် ချစ်စရာကောင်းလှသော ပုန်းညက်ပန်းလေးသည် ချစ်ပန်းဖြူနှင့် တူလွန်းလှသည်။

"မလေး ပန်လိုက်ပါလား"

"မပန်၊ ဘုရားတင်ရမယ်လေ"

သူဘာမျှမပြောတော့ဘဲ ပုန်းညက်ပင်ကို မော့ကြည့်လိုက်၏။ လက်လှမ်းမီသလောက်သာ ခူးနေသဖြင့် အပွင့်လှလှမပါပေ။

ထို့ကြောင့် ရှူးဖိနပ်ကိုချွတ်ကာ သစ်ပင်ပေါ်သို့တက်ဟန်ပြင်လိုက်၏။





"ဟော့ ... မောင်မောင်က တက်တတ်လို့လား"

"ဘာလို့မတက်တတ်ရမှာလဲ"

"မသိဘူးလေ။ မြို့သားတွေက သစ်ပင်ပေါ်တက်တတ်ရဲ့လားလို့"

"ဟာ ယောက်ျားလေးပဲ။ ကိုယ်တို့အိမ်မှာ ပိတောက်ပန်းပင်ရှိတယ်။ ပွင့်ရင်မေမေ့အတွက် ခူးပေးရတယ်။ မေမေက ပိတောက်ပန်းကို သိပ်ကြိုက်တာပဲ"

သူက ပြောရင်းဆိုရင်း သစ်ပင်ပေါ်သို့ရောက်သွား၏။ အုပ်အုပ်ဆိုင်းဆိုင်းနှင့်အရွက်ဖားဖားကြားတွင် အဖူးငုံများ၊ အပွင့်များနှင့် ဝေဆာလျက်ရှိသော ပန်းခိုင်လှလှများကို ခူး၍ သဲပြင်ပေါ်သို့ ပစ်ချပေးလိုက်၏။

ချစ်ပန်းဖြူက ဝမ်းသာအားရ ကောက်ယူကာ

"တော်ရောပေါ့ မောင်မောင်ရယ်။ အများကြီး ရနေပြီပဲ"

သူက အပွင့်များများနှင့် အလှဆုံးပန်းခက်ကလေးကို တယုတယ ခူးကာ ပါးစပ်မှာကိုက်၍ သစ်ပင်ပေါ်မှ ပြန်ဆင်းလာလေသည်။

"အများကြီးရပြီပဲ မောင်မောင်ရယ်။ ရွာထဲက ဒေါ်စိန်လေးတို့၊ ဒေါ်အိလေးတို့အိမ်ကိုလည်း ပေးဖို့ပဲနော်"

မလေးက အရွက်ကလေးများကိုသင်ရင်းက ပန်းများအလယ်မှာ ကြည်နူးနေ၏။

"ချစ်ပန်းဖြူ"

"ဟင်"

"မလေး"ဟုခေါ်နေရာမှ နာမည်ခေါ်လိုက်သဖြင့် အထူးအဆန်းဖြစ်ပြီး တအံ့တသြနှင့်မော့ကြည့်လိုက်သည်။

ထိုအခါ ရွှန်းလက်သော မျက်လုံးအစုံနှင့်တွေ့လိုက်ရသောကြောင့် ချစ်ပန်းဖြူမျက်နှာမှာ ပန်းသွေးရောင်ပြေးသွားပြီး ကယောင်ကတမ်းနှင့်ပန်းလေးများဆီသို့ အကြည့်လွှဲလိုက်သည်။

"ဒီပန်းလေးကို အခုပန်လိုက်ပါလားဟင်။ ကိုယ်အမြတ်တနိုးနဲ့ခူးလာတာကို ပန်စေချင်လို့ပါ။ ကိုယ်ပန်ပေးချင်တယ်။ ဒါပေမယ့် မပန်တတ်လို့ပါ"

ရှက်ပြုံးလေးပြုံးရင်းက တုန်ရီနေသောလက်အစုံဖြင့် ပန်းလေးကို လှမ်းယူလိုက်သည်။

ထို့နောက် ခါးလယ်ခန့်ရှိသော ဆံပင်ကို သိုးမွှေးကွင်းနှင့် စုစည်းထားသဖြင့် ထိုသိုးမွှေးကွင်းထဲသို့ ပုန်းညက်ပန်းခိုင်လေးကို ထိုးစိုက်လိုက်သည်။





ပန်းပန်ပြီးနောက်တွင် ရှက်သွေးဖြာနေသော ချစ်ပန်းဖြူက သူ့ကို မကြည့်ရဲတော့ဘဲ ခေါင်းလေးငုံ့ကာ ဟိုလိုလိုဒီလိုလိုနှင့် အရွက်များကိုခြွေပြီး ပန်းခိုင်လေးများကို စုကိုင်ထားလိုက်၏။

သူက ရှက်နေသော ချစ်ပန်းဖြူ၏ မျက်နှာအမူအရာလေးကို တစိမ့်စိမ့်ကြည့်ရင်း ရင်ထဲမှလှိုင်းတံပိုး၏ ပြင်းထန်စွာလှုပ်ရှားနှ်းကန်မှုများကို ငြိမ်သက်သွားအောင် စောင့်စားရင်းက သက်ပြင်းမောလေးချလိုက်မိသည်။

သူနှင့်လက်ထပ်ရမည့် မိန်းကလေးသည် ချမ်းသာခြင်းထက် မျိုးရိုးဗီဇမြင့်သော ခေတ်ပညာတတ်သော မိန်းကလေးသာ ဖြစ်ရမည်ဟူသောဆုံးဖြတ်ချက်တို့ မှုန်ဝါးဝါးနှင့် ရင်ထဲမှာ ပျောက်ကွယ်သွားအောင်အထိ ရင်ခုန်သံက ကြီးစိုးလျက်ရှိသည်။

သူ ချစ်ပန်းဖြူကို ချစ်မိသွားပြီလား။

"ချစ်ပန်းဖြူ"

"ဗျာ့ … အို လန့်လိုက်တာ။ ဘာလို့အဲဒီလောက်အော်ရတာလဲ"

"သိဘူးလေ။ ခေါ်ချင်လို့"

နှစ်ဦးသား ရှယ်ရယ်ရယ်မိလိုက်သည်။ အမှတ်မထင် လန့်ထူး

ထူးလိုက်သော "ဗျာ့"ဟူသောအသံလေးကို သူအလွန်ချစ်မြတ်နိုး သွားမိသည်။

"ခုနက ဘယ်လိုထူးလိုက်တာလဲ"

"လန့်သွားလို့ပါ"

"ဗျာလို့ ထူးတာလား"

"ဟင့်အင်း မလေးတို့ဓလေ့ပဲ၊ ဘုရာ့လို့ထူးတာ။ ဒါပေမယ့် လန့်သွားလို့ ဗျာ့လို့ထူးမိတာ"

"အဲဒါ ဘုန်းကြီးမှ ထူးတာ"

"သိဘူးလေ။ ငယ်ငယ်ကတည်းက အဘောင်သင်ပေးတာပါ"

ရှက်ပြုံးလေးနှင့်ပြောလိုက်သော ချစ်ပန်းဖြူ၏ အမူအရာ ကိုကြည့်ကာ သူ့ရင်ထဲမှာ ထွေးပွေ့၍ထားချင်စိတ်ဖြစ်ပေါ်သွား မိသည်။

သူသည် မိန်းကလေးများအပေါ်၌ ဤကဲ့သို့စိတ်မျိုး မဖြစ် ပေါ်ခဲ့ဖူးပေ။ ကတုန်ကယင်နှင့်သူ့ကိုယ်သူ မထိန်းချုပ်နိုင်မိ ပန်းကိုင် ထားသော မလေး၏ လက်အစုံကို ဖမ်းချုပ်၍ ဆုပ်ကိုင်ထားမိသည်။

"ချစ်ပန်းဖြူ"

မထူးတော့ဘဲ မျက်လွှာလေးချထားလိုက်၏။ သူ ဆုပ်ကိုင်





ထားသော မလေး၏လက်များမှာ တဖြည်းဖြည်းအေးစက်ကာ ချွေးများစို့လာလေသည်။

"ကိုယ် မနက်ဖြန်ပြန်ရတော့မယ်၊ မလေးလိုက်ခဲ့ပါလား ဟင်"

ထိုအခါ သတိဝင်လာဟန်ဖြင့် သူ့မလက်ကို အတင်းရုန်း၍ ခေါင်းလေးယမ်းရင်း

"မောင်မောင်က အာဂန္တုပဲလေ၊ အချိန်တန်ရင် ပြန်ရမယ်ဆို တာ မလေးသိတာပဲ။ ဒီလိုပဲ မလေးတို့အိမ်ရှင်တွေက လွမ်းကျန်ခဲ့ကြ တာပဲပေါ့"

"မလေးရယ်။ ငပလီကမ်းခြေဘေးမှာနေပြီး ခရုကောက်၊ ခရုသီ ဘဝကနေဆွဲထုတ်ချင်လို့ပါ"

သူ့စကားကြောင့် ချစ်ပန်းဖြူမှာ ပြုံးတုံ့တုံ့လေးဖြစ် သွား၏။

ချစ်ပန်းဖြူ၏ အပြုံးမှာ လှောင်ရိပ်သန်းလျက်ရှိနေသည်ဟု သူ့စိတ်ထဲမှာ မှတ်ကာ မလုံမလဲဖြစ်သွားမိသည်။

"မဆန်းပါမောင်မောင်၊ မလေးအပါးက ဒီငပလီကမ်းခြေ မှာပဲ၊ ခေါင်းချခဲ့တာလေ၊ မလေးအမိကလဲ ဒီကမ်းခြေမှာပဲ ခေါင်းချခဲ့တာ၊ သူတို့သမီး မလေးလဲ ဒီကမ်းခြေမှာပဲ ရာသက်ပန် မခွဲဘဲနဲ့နေတော့ မယ်လို့ ဆုံးဖြတ်ထားပါတယ်"

ချစ်ပန်းဖြူက လွမ်းလွမ်းဆွေးဆွေးပြောလိုက်ပြီး သူ့အား ကျောခိုင်းလိုက်သည်။

"မလေး ပြန်တော့မလို့လား"

"ပန်းတွေညှိုးကုန်မစိုးလို့၊ ဘုရားသွားကပ်ဦးမယ်။ ပြီးတော့ မလေးသောက်ရေခပ်ရဦးမယ်၊ မောင်မောင်နေရစ်တော့လေ"

ပြောပြောဆိုဆိုနှင့် ချစ်ပန်းဖြူက ပန်းလေးများကို ကိုင်ကာ လှည့်ထွက်သွားသောအခါ သူ့ရင်ထဲလွတ်ဟာ၍ ကျန်ရစ်ခဲ့လေတော့သည်။

ထိုအခါ သူကနွမ်းလျစွာဖြင့် ပုန်းညက်ပင်စည်ကိုမှီချလိုက်ရင်းက ကမ်းခြေဘက်ကို မျက်နှာမူကာ ခြေပစ်လက်ပစ်ထိုင်ချလိုက်မိသည်။

"ဟော့ကောင်လေး၊ အဆင့်အတန်းခွဲတတ်တဲ့ကောင်လေး၊ မင်းနဲ့ချစ်ပန်းဖြူက ပညာအဆင့်အတန်းရော၊ လူနေမှုအဆင့်အတန်းပါ မတူပါဘူး မဟုတ်လား၊ လွမ်းမနေပါနဲ့ကွာ၊ မင်းမှ သူ့ကိုလက်မထပ်ရဲတာ၊ တကယ်လို့ သူ့ကိုရွေးချယ်လိုက်ရင် မင်းဆွေမျိုးအသိုင်းအဝိုင်းက ကဲ့ရဲ့ကြမှာကို မင်းစိုးရိမ်နေတယ်မဟုတ်လား"

ပုန်းညက်ပင်ကြီးက သူ့အားငုံ့ကြည့်၍ ပြောလိုက်သဖြင့် သူက သက်ပြင်းရှည်ကြီးချကာ ချစ်ပန်းဖြူနောက်လိုက်သွား





မည့်စိတ်များကို ချုပ်နှိမ်လိုက်ရတော့သည်။

သူ့မျက်ဝန်းထဲတွင် ရေကျူတော်စုံနှင့် ကမ်းခြေတွင်ပျော်မြူးနေကြသော မြို့သူအလှမယ်များကိုကြည့်ကာ ရင်ခုန်ကြည့်မိသည်။

ချမ်းသာသော မိသားစုများသာ ဒီလိုနေရာမျိုးတွင် ငွေကုန်ကြေးကျခံ၍ အပန်းဖြေလာကြသည်။ သူတို့အသိုင်းအဝိုင်းမိသားစုများသည်လည်း နွေရာသီရောက်သည်နှင့် အေးမြသောမြို့များသို့ သွားကာ အပန်းဖြေတတ်ကြသည်။

ထိုအသိုင်းအဝိုင်းများကို သူ၏ကြီးဒေါ်များက လိုလားကြသည်။ သူနှင့်လက်ဆက်ပေးချင်လာကြပြီး မြင့်မြတ်၍ ချမ်းသာကြွယ်ဝသော၊ ပညာတတ်သော မိသားစုအဖြစ်ဖြင့် ဖန်တီးလိုချင်ကြသည်။

သူလည်းပဲ ကြီးဒေါ်များ၏ အလိုကိုဖြည့်ကာ မိသားစုအသိုင်းအဝိုင်းဖန်တီးရပေဦးမည်။

သံယောဇဉ်မတွယ်တာတာပဲ ကောင်းပါတယ်လေ။

"မနက်ကတည်းကထွက်သွားတာပဲ အပုရေ။ မရိုးဘေးဘက်သွား မလိုလို၊ ကင်းမော်ဘက်သွားသလိုလိုနဲ့ မရေမရာပြောသွားတယ်။

ညကတည်းကတော့ အဘောင်နဲ့အတူတူ ကောက်ညှင်းထုပ်ဝိုင်းထုပ်ပေးနေတာပဲ၊ အဘောင်အိပ်ရာဝင်တောင် မအိပ်သေးဘဲ တချွတ်ချွတ်နဲ့ အရုပ်ထိုင်လုပ်နေတာ”

“အေး ... လုံမက မအိပ်လားမသိ၊ အိပ်ရာတောင် မခင်း၊ ငါ့အရက်ထချက်တော့ ခရုသီနေလေရဲ့၊ ငါလဲဆွမ်းကပ်ပြီး သူကမရှိ၊ အပုကိုပေးဖို့ အထုပ်တွေသာပြင်ထားတယ်ဝေ့”

မနက်ရှစ်နာရီကျော်ကျော်တွင် သူလေဆိပ်မသွားမီ အဘောင်နှင့် ချစ်ပန်းဖြူအား လာနှုတ်ဆက်သောအခါ ချစ်ပန်းဖြူမရှိတော့ပေ။

မြဇဝါကသာ သံတွဲမှ စောစောရောက်လာသည်။ အဘောင်မက သူ့အား ကောင်ညှင်းထုပ်များနှင့် ခရုပန်းခိုင်၊ ခရုမီးအုပ်ဆောင်း၊ ခရုခန်းဆီးများကို ချစ်ပန်းဖြူက သပ်ရပ်စွာ ထုပ်ပိုးထားသည့် အထုပ်အပိုးများကိုသာ ဆီး၍ပေးလိုက်သည်။ ချစ်ပန်းဖြူကို မတွေ့ရပေ။

“မောင်မောင့်လေယာဉ်ချိန်ကို သူသိတာပဲ၊ အမီလာချင်လာမှာပေါ့”

ချစ်ပန်းဖြူ၏ သူငယ်ချင်း သန်းဦးက ဝင်ပြောလိုက်သဖြင့်





အဘောင်ယောင်ယမ်း၍ ... ဝေးသို့မျှော်ကြည့်လိုက်သည်။ သူလည်း မျှော်ကြည့်မိ၏။ ရင်မှာလွတ်ဟာပြီး မကျေမနပ်ဖြစ်သွားမိသည်။

မသွားခင်တော့ ချစ်ပန်းဖြူကို တွေ့သွားချင်သည်။

“မလာ မလာ ... မလေးက ဝမ်းနည်းတယ်ရှိဖို့ပဲ၊ သူက မောင့်မောင့်ကို ကောင်းခင်သွားပြီပဲ၊ မောင်မောင်နေတာလဲ ကိုးရက်တောင်ကြာသွားပြီရှိဖို့ပဲ၊ ကဲ .. မျှော်မနေပါနဲ့ကွယ်၊ မလေး မလာတော့ပါဘူး”

အဘောင်မစကားကြောင့် သူ့ရင်ထဲမှာ အလိုလိုအားငယ်သွားမိသည်။ ဝမ်းနည်းသလိုလိုမို့ ဘာစကားမှပြန်မပြောနိုင်ဘဲ တွေတွေလေး ငေးငိုင်သွားသည်။

သူ၏ အရိပ်အကဲကိုသိသော မြဇဝါက

“အပုလေး၊ မလေးမရှိပေမယ့် လေးလေးဝါက လိုက်ပို့ပေးမှာပါ၊ ကဲ အပုလေးပစ္စည်းတွေရော သိမ်းပြီးပြီးလား။ လေးလေးဝါ လိုက်သိမ်းပေးမယ်လေ”

“ရပါတယ် လေးလေးဝါ။ အိတ်တစ်လုံးပါပဲ။ ဘာမှ များများ စားစား မပါပါဘူး”

“အေး ... အေး ဒါဖြင့်လဲ ဒီကပစ္စည်းတွေပဲ တစ်စုတည်း ယယ်ရအောင် တောင်းလေးနဲ့ထည့်ပေးမယ်”

"အာ ... လေးလေးဝါ တောင်းကြီးကို ကျွန်တော်မကိုင်တတ်ပါဘူး။ ကျွန်တော့်ဘာသာ ကျွတ်ကျွတ်အိတ်နဲ့ ထည့်သွားရင် ရပါတယ်"

သူ့စကားကြောင့် မြဇဝါက သဘောကျစွာ ရယ်မောလိုက်ရင်းက သူ့လက်မောင်းကို ချစ်စနိုးဆုပ်ညှစ်လိုက်ကာ

"အပုလေး အလှမပျက်စေရပါဘူး။ တောင်းက နှီးနဲ့ယက်ထားတာပါ။ ကောက်ညှင်းထုပ်ထည့်တဲ့တောင်းပါ။ ရှည်ရှည်လုံးလုံးလေးနဲ့ ကိုင်လို့ကောင်းပါတယ်"

မြဇဝါက ကလေးတစ်ယောက်အား ချော့သလိုပင် သူ့အား ချော့လျက်ရှိသည်။

သူက ကြီးဒေါ်များ၏ အလယ်တွင်နေနေရသော သားပီပီ လူကြီးများ၏ အလိုကို လိုက်လျောတတ်သဖြင့် ဘာမျှမပြောခဲ့တော့ပေ။

"အပုလေးက အိတ်တစ်လုံးထဲ ပါတာဘဲ၊ ဒါလေးကို လက်ကကိုင်ရင်ရပါတယ်။ လေယာဉ်ပေါ်မှာရောက်တော့ ကိုယ့်ခြေရင်းမှာ ထားထားလို့ ရပါတယ်"

မြဇဝါသည် ပါးစပ်ကပြောရင်း လက်ကလိုက်လုပ်ပေး နေ၏။





သူက ရွာလမ်းမဘက်သို့ မကြာမကြာ ကြည့်နေမိသည်။

ချစ်ပန်းဖြူများရောက်လာမလားဟု မျှော်လင့်နေမိ၏။ ချစ်ပန်းဖြူကိုတွေ့ချင်နေသည့် စိတ်တို့ကား ရင်ထဲတွင် တင်းကျပ်ရှန်းကန်လျက် လေယာဉ်ချိန်နီးနေသည်အထိ ရွာထဲမှ မထွက်ချင်သေးပေ။

မြဇဝါက အတင်းလောဆော်တော့မှ လေးတွဲစွာဖြင့် ထိုင်ရာမှ ထလိုက်သည်။

"ရန်ကုန်နဲ့သံတွဲဟာ လေးဆယ့်ငါးမိနစ် ခရီးပဲ၊ ချက်ချင်းဆိုသလိုပဲ ရောက်သွားတာပဲနော်"

သူက တီးတိုးညည်းညူလိုက်သည်။ ပင်လယ်ခြားသောခရီးမို့ တော်ရုံရောက်လာလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် ချစ်ပန်းဖြူကိုတွေ့ချင်မြင်ချင်မိသည့် ဆန္ဒနှင့် ရင်မှာ နွမ်းလျစွာဖြင့် လေယာဉ်အလာကို စောင့်နေသည်။

"အပုလေးအဖေကို ဖုန်းဆက်ပြီးပြီလား"

"မဆက်ရသေးပါဘူး။ ဖေဖေက ခရီးထွက်နေတာ ပြန်ရောက်မရောက်မသိသေးဘူး"

"ဒါဖြင့် ကြီးဒေါ်တွေဆီ ဆက်လိုက်လေ"

"ရပါတယ်။ ကျွန်တော့်ဘာသာ ကျွန်တော် ပြန်လို့ဖြစ်ပါတယ်"

ကလေးသဖွယ်ပူပန်နေသော မြဇဝါကြောင့် သူပြုံးလိုက်သည်။

သူအား နိုင်ငံခြားသင်္ဘောသားဟု မမြင်ဘဲ အရွယ်ရောက်စ ကလေးငယ်တစ်ဦးကဲ့သို့ မြင်ပြီး အစစအရာရာလိုက်၍ ပူပန်နေသူများမှ ယခုအခါ နှစ်ဦးတိုးလာလေသည်။

အဘောင်နှင့် မြဇဝါ။

စောစောက သူ အဘောင့်အားကန်တော့စဉ်က အဘောင်က မျက်ရည်ကျကာ တရှုပ်ရှုပ်ငိုနေသည်ကို တွေ့လိုက်ရ၍ အံ့အားသင့်သွားမိသည်။

သူနိုင်ငံခြားသင်္ဘောမထွက်မီ ကြီးဒေါ်များနှင့် မိခင်အားကန်တော့စဉ်ကလည်း ဤကဲ့သို့ ငိုရှိုက်ခဲ့ဖူးသည်။

"အဘောင်က ဘာလို့ငိုရတာလဲ။ အပုလေး စိတ်မကောင်းအောင်"

"မသိပါဘူး ။ အပုလေးက သွားပြီးရင်တော်ရုံပြန်လာတော့မှာ မဟုတ်ဘူး။ ငါလဲ ဘာဖြစ်လဲမသိ။ မငယ်ရယ် ဒီကလေးကိုမှ





သိပ်သံယောဇဉ်တွယ်နေပြီကွယ့်။ ကောင်းခက်ဖို့ပဲ"

အဘောင်မအား နို့ဆီသကြား၊ အိုဗာတင်းနှင့် မုန့်ပုံးတို့ကို သံတွဲဈေးမှ ဝယ်ကန်တော့ခဲ့သည်။

သူကားနားအထိ အဘောင်မက လိုက်ပို့ပြီး

"အပုရှည်ရယ် ... နင် နွေတိုင်းလာခဲ့နော်။ နောက်တစ်ခါလာရင် ငါ့အိမ်မှာပဲ နေနော်"

"ဟုတ်ကဲ့ လာပါ့မယ်ခင်ဗျာ။ တော်ကြာ ခဏခဏလာလို့ အဘောင်က မျက်စိနောက်နေမှာ"

"မနောက် ... မနောက်"

"တော်ကြာ မလေးက နင်ချနေမယ်"

"သူနှင်ရင် သူ့ကိုငါက နှင်ချဖို့ပဲပေါ့"

"ဟာ သိပ်ဟုတ်ပါလား။ အဘောင့်နှလုံးသားကို ဆွဲထုတ်ဖို့တောင် စဉ်းစားနေပြီပဲ"

"မလေးက နင့်လိုပဲ ခေါင်းမာနေပြီရှိဖို့ပဲ။ ခုကြည့်လေ အပုလေးပြန်မှာကို လိုက်မပို့ဘဲ ဘယ်ထွက်သွားလဲမသိ။ ငါ့ကိုလဲ ဘာမှမပြော"

"လုပ်ပြီ အဘောင်က ကိုယ့်မြေး မနိုင်ဘဲ"

မြဇဝါနှင့်အဘောင်တို့အချီအချစကားပြောနေစဉ် သူကတော့ ချစ်ပန်းဖြူကိုသာ မျှော်လင့်နေ၏။

ကားထွက်သွားသောအခါ အဘောင်မျက်ရည်သုတ်လျက် ကျန်ခဲ့သည်။

ထိုမြင်ကွင်းကိုကြည့်၍ ရုတ်တရက်တော့ ချစ်ပန်းဖြူကို မေ့ပျောက်သွားကာ ဝမ်းနည်း၍အဘောင်မကဲ့သို့ ငိုချင်သွားမိသည်။

အဘယ်ကြောင့်များ ဒီလောကသံယောဇဉ်တွယ်ငြိသွားမိပါလိမ့်ဟု တွေးမရဖြစ်သွား၏။

"အပုလေး ... ပေါင်ချိန်တော့မယ်လေ .. လာ"

မြဇဝါက အစစအရာရာဦးဆောင်လျက် လိုက်လုပ်ပေးနေသဖြင့် သူလည်း ဖေဖေမေမေနှင့်အတူ အပျော်ခရီးထွက်စဉ်က အရွယ်ကဲ့သို့ပြန်၍ ငယ်သွားသည်။

"ခုထိမလာသေးဘူးကွယ့်"

မြဇဝါလည်း ချစ်ပန်းဖြူကို မျှော်နေသည်။

"သူလာတော့မှာ မဟုတ်တော့ပါဘူး လေးလေးဝါရယ်။ သူ့ကိုတွေ့ရင်တော့ ပြောပြလိုက်ပါ။ ကျွန်တော် စာထည့်လိုက်မယ်လို့"

"အေး ... အေး ... ပြောပြလိုက်ပါ့မယ်"



သူသည် အဘယ်ကြောင့်များ ချစ်ပန်းဖြူတို့၏ မိသားစုနှင့် သံယောဇဉ်တွယ်နေမိသနည်းဟု ကိုယ့်ကိုယ်ကို စဉ်းစားမရနိုင်အောင် ဖြစ်နေမိသည်။

လေယာဉ်ဆိုက်လာပြီး လေယာဉ်ပေါ်တက်သည်အထိ ချစ်ပန်းဖြူလာလေမလားဟု ရှာဖွေနေမိသေးသည်။

လေယာဉ်က ကောင်းကင်ပေါ်တဖြည်းဖြည်းမြင့်တက်လာသောအခါ မောင်တော်ကျောက်ဆောင်နားသို့ အမှတ်မထင် ငုံ့ကြည့်လိုက်ရာ

"ဟင်"

ချစ်ပန်းဖြူသည် ကျောက်တောင်စွန်းပေါ် ရပ်လျက် လက်ကိုင်ပဝါအဖြူလေးဝှေ့ယမ်း၍ လက်ပြနေသည်ကို တွေ့လိုက်ရသည်။

"ချစ်ပန်းဖြူရယ်"

ရင်မှာ တိုးဖွဖွလေး ညည်းညူလိုက်၏။

ပို၍သေချာသွားသည်က ချစ်ပန်းဖြူကလေးအား ချစ်မိသွားခြင်းပင်ဖြစ်သည်။

"မင်းပြန်ရောက်လာတာနဲ့အတော်ပဲ အောင်နေဦး။ မင်
အဖေက မနက်ဖြန်ရောက်တော့မှာ။ မင်းဘာသာမင်း လေဆိပ်မှာ
သွားကြိုတော့"

ကြီးမကြီးက လှမ်းပြောလိုက်သည်။ ကြီးငယ်ကမူ ငပလီ
ကောက်ညှင်းထုပ်ကို ဖြည်စားရင်းက

"သိပ်ကောင်းတာပဲ။ စည်းနေတာပဲ။ မမ စားကြည့်ပါဦး"

"ကောင်းနေ။ ညည်းတူပြန်လာတာပဲ ကံကောင်းလှပြီမှတ်
တကတည်း မနည်းကိုပြန်ခေါ်ရတာ။ ဟိုမှာက အပန်းဖြေတဲ့သူတွေ
စုံနေတော့ တော်ရုံနဲ့ဘယ်ပြန်ချင်မလဲ။ ဒါပဲနော် အောင်အောင်
တွေ့တဲ့မိန်းကလေးကို ကြိုက်မလာနဲ့နော်။ မိဘဆွေမျိုးအသိုင်း
အဝိုင်းနဲ့ ပညာအဆင့်ကိုကြည့်ပြီးမှ သဘောတူမှာ။ တွေ့ကရာတော့
အမျိုးမတော်နိုင်ပါဘူးနော်"

ကြီးမကြီးက သူ့အား ကြိမ်းဝါးနေသည်ကို သူက စိတ်ပျက်
လက်ပျက်နှင့် ခေါင်းခါလိုက်ပြီး

"ဘာတွေ စဉ်းစားပြီး ပူပင်သောကရောက်နေရတာလဲ
ကြီးမရယ်။ သားက အပန်းဖြေရုံသက်သက်ပါ။ လေယာဉ်လက်မှတ်
ကလဲ ကိုယ်ပြန်ချင်တဲ့အချိန် ထပြန်လို့မှမရတာ။ ဒါကြော





ကြာသွားရတာပါ"

"ပြောရင်တော့ ဆင်ခြေချည်ပဲ"

"ကဲပါ၊ ပြောရတာကြိမ်းရတာမောနေပါပြီ။ ကောက်ညှင်း
ထုပ်လေးစားကြည့်ပါဦး။ ဒါကတော့ သားဘာသာဝယ်လာတာပါ"

ချစ်ပန်းဖြူပြုလုပ်ပေးသော ခရုလက်ဆောင်ထုပ်ကို
ဖြကြည့်လိုက်၏။

"ဟဲ့ မီးအိမ်လေးပါလား၊ မင်းအဖေတို့များ အလုပ်ကိစ္စနဲ့
တွဲကို ခဏခဏသွားနေတယ်၊ ဒါမျိုးတစ်ခါမှ မပါလာဘူး။
ပ်တီးရှပ်ထုပ် ပြဿနာတွေပဲ ပါလာတယ်လေ"

ကြီးမကြီးက မဲ့ရွဲ့ကာ ပြောလိုက်သည်။

"ဒါမျိုးကို အောင်လေးက ဝယ်လာတာ ထူးဆန်းတယ်။
င်ခြားပစ္စည်းတွေ၊ မီးအုပ်ဆောင်းတွေ အများကြီးရှိရက်နဲ့"

ကြီးငယ်က ကျောင်းအုပ်ဆရာမကြီးပီပီ စူးစမ်းလိုက်သည်။
က ပစ္စည်းအားလုံးကို သိမ်း၍

"ကျွန်တော်ကြိုက်လို့ ဝယ်လာတာပါ။ ကြီးငယ်တို့ လိုချင်
င်နောက်မှ ဝယ်လာမယ်ဗျာ"

သူ့အခန်းထဲသွင်းထားလိုက်သည်။

ထိုပစ္စည်းများကိုကြည့်၍ ချစ်ပန်းဖြူကိုလွမ်းလျက် သတိရလျက် ရှိနေသည်ကို ကြီးဒေါ်များသိလျှင် ....

ဖခင်ဦးစိုးအောင်ထံမှ အာမေဍိတ်သံနှင့် အံ့ဩဟန်ကိုမြင် လိုက်ရသဖြင့် သူကိုယ်တိုင် အံ့အားသင့်မိသည်။

"ငပလီရွာထဲက ချစ်ပန်းဖြူ ကျောင်းဆရာမလား"

"မဟုတ်ပါဘူး။ သူ့အဘွားနဲ့ နှစ်ယောက်တည်းနေနေတာပါ"

"ဟုတ်တယ်၊ အဘောင်နဲ့ နှစ်ယောက်တည်း နေနေတာ ဒီကလေးမလေးနဲ့ တော်တော်ခင်ခဲ့လား သား"

"ဟုတ်ကဲ့ ခင်ခဲ့ပါတယ်။ ဒါပေမယ့် ချစ်ပန်းဖြူက ကျောင်းဆရာမဆိုတာတော့ မပြောပြဘူး။ သူ ပညာတတ်ဆိုတာ သေချာလား ဖေဖေ"

သူက ဝမ်းသာအားရမေးလိုက်၏။ ဦးစိုးအောင်က ခေါင်းကို အသာအယာယမ်းလိုက်ရင်းက

"ဒီခေတ်ကလေးတွေ နာမည်ကများသားပဲ။ ချစ်သိန်းဖြူတို့





ချစ်ပန်းဖြူတို့၊ ချစ်မြဖြူတို့နဲ့ အများကြီးပါပဲ၊ ဖေဖေတို့ ငါးလုပ်ငန်းမှာလဲ အလုပ်သမားတွေအများကြီးပါပဲ သားရယ်၊ သူတို့နာမည်တွေကရောရောထွေးထွေးနဲ့၊ လူနဲ့နာမည်နဲ့တွဲမိမှပဲ မှတ်မိမှာ"

"သူ့အဒေါ်က မြဇဝါလေ"

သူက အားတက်သရောမေးလိုက်ပြန်သည်။ ဦးစိုးအောင်က မရီးနှစ်ယောက်၏ မျက်စောင်းဒဏ်ကိုရိပ်မိသောကြောင့် ဟိုလိုလို ဒီလိုလိုနှင့် စကားလွှဲပြီးထွက်သွားမည်အပြု အောင်နေဦးက ဖခင်နောက်ကိုလိုက်၍

"မြဇဝါက ရန်ကုန်မှာလဲ လာအလုပ်လုပ်နေတာ တော်တော်ချောတာပဲ၊အသက်ကလေး လေးဆယ်လောက်ပဲရှိဦး မယ်ထင်တယ်၊ သူက သံတွဲမြို့ထဲမှာ သီးသန့်နေတာ"

"ဘာလဲ အောင်နေဦး၊ ဒီလောက်အသေးစိတ်လိုက်စုံစမ်းပြီးပြောနေတာဟာ နင့်အဖေမုဆိုးဖိုအသစ်စက်စက်ကို မကြည့်ရက်လို့ အဖော်ရှာပေးချင်လို့လား"

ဒိုးခနဲဒေါက်ခနဲ ပြောချလိုက်သော ကြီးမကြီးကြောင့် အောင်နေဦး မျက်နှာရဲခနဲဖြစ်သွားသည်။ ဦးစိုးအောင်ကမူ မရီးများ၏ အကြောင်းကိုသိသောကြောင့် ဘာစကားမျှမပြောဘဲ လှည့်ထွက်

သွားလေ၏။

“ဖေဖေက သံတွဲမှာအလုပ်လုပ်တယ်ဆိုလို့ မေးကြည့်တာပါ ကြီးမ ကလဲ”

“အေး... အဲဒီလိုလုပ်ရင်းကိုင်ရင်းကနေ ချိတ်မိသွားကြတာပဲ ငအောင်၊ မင်းအမေသေရတဲ့အကြောင်းကို ပြောပြပြီးပြီပဲ၊ ဒါကို မင်းက အစသွားလုပ်နေသေးသလား”

ကြီးမကြီးက တမင်မေ့ပျောက်ထားသောအကြောင်းအရာကို အစဖော်ပေးလိုက်သဖြင့် သူတွေဝေသွားသည်။ ကြီးငယ်က တက်တင်းထိုးရင်း မသိမသာစွေကြည့်ကာ ဘာမျှဝင်မပြောဘဲ နှုတ်ဆိတ်နေ၏။

ပြောစရာစကား၊ ဆူစရာအပြစ်တွေ့လျှင် ပြော၍မပြီး၊ ဆူ၍ မဆုံးနိုင်လောက်အောင် ဖြစ်တတ်သည်မို့ အောင်နေဦးက ပြေးစရာ ထွက်ပေါက်ကိုသာ မကြာခဏကြည့်နေသည်။

“မင်းအမေဆုံးတာ အခုမှ လေးငါးလပဲရှိသေးတာ၊ မင်းတို့ သားအဖက ခြေမငြိမ်ချင်တော့ဘူး၊ ဘယ်အချိန်ထဲက ခြံခုန်ချင်နေ တာလဲမသိဘူး အံ့ရောပဲ၊ အထိန်းအချုပ်အောက်မှာ အောင့်အည်း သည်းခံပြီး နေနေရတာကြာပြီမဟုတ်လား၊ ဟင်း ... ငါမပြော





လိုက်ချင်ဘူး။ အဖေတူသား”

ကားသောက်ကို စားပွဲပေါ်မှမသိမသာကောက်ယူလိုက်သည်။ ကြီးငယ်က သူ့ထံသို့ မျက်လုံးပြူးကြီးနှင့်လှမ်းကြည့်နေ၏။

ဆူစရာရှိလျှင် အဆက်မပြတ်ဆူပြီး တူမျက်နှာကိုမကြည့်ဘဲ ဆူတတ်သည်။

အဘယ်ကြောင့်ဆိုသော် ကြီးမကြီး၏အသည်းနှလုံးသည် ဤတူအပေါ်၌အပ်နှံထားရသောကြောင့် မဆူရက်ဆူရက်နှင့် မျက်နှာလွှဲ၍ ဆူနေခြင်းသာဖြစ်သည်။

“မင်းကိုပြောထားမယ်နော် အောင်အောင်။ မင်းအမေဆုံး ပြီးလို့ တစ်နှစ်ပြည့်ပြီးရင် မင်းအတွက် မင်္ဂလာပွဲတစ်ခုကို စီစဉ်ရ မယ်။ အခု ငါတို့စိတ်ကြိုက်ရွေးချယ်ထားတဲ့ မိန်းကလေးသုံးဦးကို ရွေးထားပေါ့။ စောစောကတည်းက ကြိုတင်အကဲခတ်ထားလိုက်။ အဲဒီ မိန်းကလေးသုံးဦးထဲက မင်းလေ့လာရအောင် ငါလိပ်စာပေးထား မယ်”

“ကြီးမကလဲ သားက ကေရာဇ်မင်းကြီးလို တောင်နန်းစံ၊ မြောက်နန်းစံထားရမှာပေါ့။ အို .... သိပ်ကောင်းတဲ့အစီအစဉ်ပါလား။ ပျော်စရာကြီးနော် ကြီးငယ်။ အခုလားဟင် ဒါဆိုသွားကြည့်မယ်”

"ဟဲ့ ... ဟဲ့"

ရှူသလိုလို ပေါသလိုလိုနှင့် ရှုတ်နောက်ပြီး အိမ်ထဲမှ ပြေးထွက်သွားသည်။

ဖေဖေ့ကားမရှိတော့ပေ။ စောစောကတတည်းက လမ်းထွက်သွားဟန်တူသည်။ သူ့ဆိုင်ကယ်သာရှိတော့သည်။

အခုလောက်ဆိုလျှင် ကြီးမကြီးသည် ကြီးငယ်အား "ညည်းတူက ညည်းဘက်က" ဟု နားညည်းအောင်ဆက်ပြောပေလိမ့်မည်။

ကြီးမကြီးက မကောင်းလျှင် ညည်းတူ ညည်းဘက်။ ကောင်းလျှင်တော့ ငါတူ ငါ့ဘက်ဟု အသွင်ပြောင်း၍ ပြောပေလိမ့်မည်။

တစ်ပတ်ခန့်တော့ ကြီးမကြီးထံ မသွားဘဲ အမေ့ခံလိုက်တော့မည်။

သို့ရာတွင် ကြီးမကြီးသည် သူ၏အိမ်ထောင်ရေးအတွက်ကိုတော့ မေ့ပျောက်လိမ့်မည်မဟုတ်ပေ။

ထိုအခါ ကြီးမကြီး ပေသီးခေါက်ကာ တွက်ကိန်းများချကာ အတွက်တွက်လိမ့်မည်။

မိန်းကလေး၏အရွယ်၊ ပညာနှင့်ပစ္စည်းဥစ္စာ၊ မျိုးရိုးမိဘ အသိုင်းအဝိုင်းနှင့် ထိုအသိုင်းအဝိုင်း၏ ဂုဏ်ပစ္စည်း။





"ဟူး အဲဒါတွေက ပူလောင်လှပါလား"

ညည်းညူလိုက်ရင်းက အေးမြသောမျက်နှာလေးကို မြင်ယောင်လာမိသည်။

ချစ်ပန်းဖြူ ... လွမ်းလိုက်တာ မလေးရယ်။

"ကိုယ့်ပြည်မှာလဲ စီးပွားဖြစ်ပါတယ် သားရယ်။ ဖေဖေတို့မှာ ဒီသားတစ်ယောက်တည်းရှိတာ၊ အကြာကြီးမခွဲနိုင်ဘူး။ ဒီမှာပဲ အလုပ်လုပ်တော့၊ သားအတွက်ကို စီမံကိန်းချထားပါတယ်"

ဖခင်က သူ့စီးပွားရေးလုပ်ငန်းများကို ပြောပြလိုက်သည်။

"သံတွဲမှာ ဖက်စပ်သင်္ဘောသုံးစီးကို ဖေဖေဝယ်ထားတယ်။ ဒါပေမယ့် တစ်ဝက်တော့ အကြွေးကျန်သေးတယ်"

"ဟင်"

သူ အံ့သြသွားသည်။ လုပ်ငန်းကြီးကြီးလုပ်နေသော ဖခင်တွင် ကြွေးမြီနှင့်မကင်းဟုသိလိုက်ရသောကြောင့် ဖြစ်သည်။

"အံ့သြသွားသလား သား၊ မင်းအမေက မြှုတ်ထားဝယ်ဘက်

က သဘော်တွေနဲ့ မိဘအစဉ်အဆက်က ချမ်းသာခဲ့တယ်၊ ဒါပေမယ့် သဘော်တွေက ဘိုးတော်ဘုရားလက်ထက်က တန်ကေးတွေဆိုတော့ ဆွေးမြည့်ဟောင်းနွမ်းနေတယ်။ နှစ်စီးလောက်နဲ့အလုပ်လုပ်နေရတာ။ အခုတစ်စီးက နစ်သွားပြီးတစ်စီးက သုံးမရတော့ဘူး"

ဦးစိုးအောင်က စီးကရက်ကိုဖွာရှိုက်ကာ သားအားတစ်ခါမျှ မပြောဖူးသော စီးပွားရေးလုပ်ငန်းအကြောင်းကို ပြောပြနေသည်။

"ဒါကို သားအမေရဲ့အစ်မတွေက တစ်သက်လုံး သုံးမကုန်တဲ့ စီးပွားရေးအကွက်အကွင်းကြီးလို့ထင်တယ်၊ သူတို့မိဘတွေလက်ထက်တုန်းက ဒီသဘော်တွေက စီးပွားအရှာကောင်းပြီး ဖေဖေ့လက်ထက်ကျမှ သဘော်မကောင်းတော့တာကို ထည့်မတွက်ဘဲ ဖေဖေ့ကို သုံးနေဖြုန်းနေသလို ထင်ကြတယ်။ ဒါကြောင့် မနှစ်ကပဲ သူတို့ သဘော်တွေကို ဖေဖေကခေါ်ပြပြီး ရောင်းခိုင်းတာ မရောင်းဘူးလေ၊ ဘိုးဘွားအမွေအနှစ်မို့တဲ့"

ကြီးဒေါ်များ၏ အစွဲအလမ်းကြီးပုံကို သူလည်း ယုံကြည်သည်။ ဘိုးဘွားအမွေဆိုလျှင် ထဘီစုတ်၊ အကျီစုတ်၊ ပုဆိုးစုတ်ပါမကျန် အောင် သိမ်းထား၍ မှတ်တမ်းတင်ထားလေသည်။

"ဒါကြောင့် ဖေဖေလဲ အားလုံးစာရင်းဇယားတွေ အပ်ပြီး





ရခိုင်ဘက်ကို ထွက်လာတာပေါ့"

"ရခိုင်မှာ အရင်းအနှီးရှိလို့လား"

"ဖေဖေ့ကို မိတ်ဆွေတစ်ယောက်က ကူညီလိုက်တာပါ၊ နောက်တော့ တဖြည်းဖြည်းသိလာလိမ့်မယ်"

"မေမေကရော သဘောတူလို့လား"

"သားမေမေက ဖေဖေ့ကိုယုံတယ်၊ ဒါပေမယ့် အစ်မတွေကို မလွန်ဆန်ရဲဘူးလေ၊ ထုံးစံအတိုင်းပေါ့ သားရယ်။ အစ်မတွေကို ချစ်ကြောက်ရိုသေတဲ့အကျင့်က ငယ်ငယ်တည်းကလိုပဲပေါ့၊ ပျောက်မှမပျောက်တာ၊ အဲဒီမှာ မေမေနဲ့ဖေဖေစိတ်ဝမ်းကွဲခဲ့ရတယ်"

မနှစ်က သူအိမ်ပြန်ရောက်စဉ်က မိခင်နှင့်ဖခင်မှာ အနည်းငယ်တန်းနေသလိုခံစားရသည်။ ဖခင်က သံတွဲမှာ အနေများပြီး မိခင်က ထူးခြားစွာစကားနည်းကာ တွေဝေစဉ်းစားလျက်ရှိသည်။ ထို့အပြင် ခါတိုင်းကဲ့သို့ ကြီးဒေါ်များထံ ငွေအပ်နှံခြင်း၊ စာရင်းရှင်းခြင်းများကို မပြုတော့သည်ကို တွေ့ရသည်။

ထိုစဉ်က သူသည်အိမ်၌ သုံးလခန့်သာ နေနေရသောကြောင့် အိမ်တွင်းရေး၏ ပဋိပက္ခအခြေအနေကို အကဲမခတ်နိုင်ခဲ့ပေ။

"ကြီးမတို့က ထားဝယ်သင်္ဘောတွေကို ဘာလုပ်လိုက်သလဲ"

"ဘာလုပ်ရမှာလဲ၊ ဒီအတိုင်းပဲ ဘိုးဘွားပြတိုက်အနေနဲ့ပဲ ထားထားမှာပေါ့၊ အဲဒီထဲက ဖေဖေ့ကိုလဲ စကားကောင်းကောင်း မပြောတော့ဘူး။ သူတို့ညီအစ်မသုံးယောက်လုံးရဲ့အမြင်မှာ ဖေဖေက သူတို့သင်္ဘောတွေကို မပြုပြင်ဘူး၊ မထိန်းသိမ်းဘူးပေါ့"

"ဪ ... ဖေဖေက ဒါနဲ့ပဲ သံတွဲမှာပဲ အနေများပြီး တစ်အိုးတစ်အိမ်နဲ့ နေတာလား"

"သံတွဲမဟုတ်ဘူး။ သပြုချိုင်နဲ့ကင်းမှော်ဆိပ်တွေမှာပဲ ဖေဖေသွားလာနေတာပါ။ သူတို့ဘာသာ သင်္ဘောမကောင်းတာကို ဖေဖေ ဘယ်လိုမှ မဖြေရှင်းချင်ဘူး။ ဖေဖေက အိမ်ရဲ့စီးပွားရေးကို နာလန်ထူအောင်လို့ ကြိုးစားနေတာပဲ"

"သားပို့တဲ့ ငွေတွေကို ဘာလို့အသုံးမပြုတာလဲ"

သူက မကျေမနပ်နှင့်ဖခင်အား ပြောလိုက်သောအခါ ဦးစိုးအောင်က ခေါင်းကိုလေးတွဲစွာခါယမ်းလျက်

"မိဘဆိုတာ သားသမီးငွေနဲ့ ကိုယ့်စီးပွားရေးကို ပြန်မထူထောင်ချင်ဘူး သား။ ဖေဖေရော မေမေကပါ သားရဲ့ဝင်ငွေကို သိမ်းထားတယ်။ သား ဘဝအတွက်ကို စိုးရိမ်လို့ပေါ့။ သားက





တစ်ဦးတည်းသောသားမို့ ဖေဖေတို့မေမေတို့ မရှိရင် သားမှာ ငွေရှိမှ အသိုင်းအဝိုင်းရှိမှာမို့ သားငွေတွေကို မထိရက်ဘူး။ ပြီးတော့ သားငွေနဲ့လဲ မလုံလောက်ပါဘူး"

သူရင်ထဲ စူးနစ်သွားသည်။ သူသည် မိဘကပြည့်စုံချမ်းသာသည်ဟု ယူဆပြီး နိုင်ငံခြားတွင် အစားအသောက်အသုံးအစွဲကအစ မချွေတာခဲ့ပေ။ မိဘထံပို့ပေးသည့်ငွေမှာ သူဝင်ငွေ၏ သုံးပုံတစ်ပုံခန့်သာရှိသည်။

သူသုံးချင်သည့် တီဗွီ၊ ကက်ဆက်ကအစ နိုင်ငံခြားမှ အကောင်းစားကို ဝယ်ပို့ခဲ့သည်။ နောက်ဆုံးပေါ် ကားနှင့် ဆိုင်ကယ်ကိုလည်း ဝယ်ပို့ခဲ့သည်။ ပြန်လာလျှင် သူစီးပြီးဇိမ်ရှိရှိနေခဲ့၏။ အလွန်ချမ်းသားကြွယ်ဝသော သူဌေးတစ်ဦးကဲ့သို့ အသုံးအစွဲမချွေတာဘဲ ဖေါဖေါသီသီသုံးစွဲခဲ့သည်။

မိဘများကမူ သူတို့၏ စီးပွားရေး ပျက်စီးသွားမှုအတွက် သူ့အားအပူမကပ်ခဲ့။

"အခု ဖေဖေ့အကြွေးက ဘယ်လောက်ရှိလဲ"

"သိပ်မကျန်တော့ပါဘူး။ ဒါကလဲ တစ်နှစ်၊ နှစ်နှစ်ဆိုရင် ကျသွားမှာပါ"

"ဒါဆို သားသဘော်ပြန်ထွက်ပြီး ဝိုင်းဆပ်ပါမယ့်"

"အဲဒီလောက်အထိ မလိုအပ်ပါဘူးသားရယ်၊ ဖေဖေက လုပ်အားစိုက်ပြီး ဖက်စပ်လုပ်ထားတာလေ။ အခု ဖေဖေကအသက်ကြ လာတော့ သိပ်မလုပ်နိုင်တော့ဘူး။ အဲဒါ သားက ဖေဖေ့နေရာက ဝင်ပြီး လုပ်ပေးဖို့ပါပဲ"

သူက တွေတွေလေးစဉ်းစားလိုက်သည်။

သူ၏ ယောကျာ်းမာန်က ဖခင်၏စကားကို လက်မခံချင်

"ဖေဖေ ဒီတစ်နှစ်တော့ လုပ်နိုင်ပါတယ်။ ဖေဖေ့အသက် သိပ်မကြီးသေးပါဘူး။ ဖေဖေ့လုပ်အားရယ်၊ သားလုပ်အားရယ် ပေါင်းပြီး ဒီတစ်နှစ်မှာ အကြွေးကိုကျေအောင်လို့ ဆပ်လိုက်မယ်လေ နောင်အကြွေးကျေသွားရင် ဖေဖေ့နေရာမှာ သားဝင်လုပ်ပါ့မယ် အဲဒီတော့ ဖေဖေအေးအေးဆေးဆေးနေတာပေါ့"

ဦးစိုးအောင်သည် သား၏မာနကို နားလည်စွာဖြင့် သူလွှဲအပ် မည့်စာရင်းများကို ပြန်သိမ်းလိုက်ရင်း

"သား သဘောပဲလေ၊ တကယ်လို့ သားစိတ်ဝင်စားရင် ယူကြည့်နိုင်အောင် ဒီဗီရိုထဲမှာ စာရင်းဇယားစာရွက်တွေအားလုံး ရှိတယ်သား၊ ငွေအပေးအယူစာချုပ်ရော၊ အစုစပ်စာချုပ်ပါပေါ့"





"ဘယ်နှစ်ယောက်တောင်လဲ ဖေဖေ"

"နှစ်ယောက်တည်းပါ"

"အင်း ဟုတ်တယ်၊ သူက ငွေထုတ်ပေးတယ်လေ၊ ဖေဖေက ိုက်တယ်"

"ဟုတ်လား၊ သိပ်ချမ်းသာတယ်ထင်တယ်။ ဖေဖေ့အကြွေးက ယ်လောက်ရှိသေးလဲ"

"ဖေဖေ နှစ်နှစ်အလုပ်လုပ်လာတာ သဘော်တစ်စီးစာတော့ သွားပြီ၊ ဖေဖေ့ကိုယ်ပိုင်ဖြစ်သွားပြီလေ။ သဘော်နှစ်စီးစာပဲ တော့တယ်။ ဖေဖေက သူ့အတွက်အလုပ်လုပ်ပေးရတာများ . သူက ဖေဖေ့ကို သဘော်နှစ်စီးအတွက်ကို ဝယ်ဖို့ ထက် ယာသဘောပဲထားပေးချင်တယ်။ ဒါကြောင့် ဖေဖေ့ရှယ်ယာ ဝင်အကြွေးယူထားတာ သိန်းတစ်ရာ့ငါးဆယ်ကျန်တယ်။ ယ်လို့ သိန်းတစ်ရာ့ငါးဆယ် သားသဘော်နှပ်ခေါက်လိုက်လိုက် ကျေပါတယ်"

"သူကတော့ အကြွေးကျေမှာထက် ဖေဖေကခွဲထွက်သွား ကို စိုးရိမ်နေတယ်"

"ဟုတ်လား၊ ဖေဖေ့လုပ်အားက အဲဒီအထိအသုံးဝင်နေတာ

လား"

"ဖေဖေက မင်းတို့ဘိုးဘွားသဘော်တွေကို ကိုင်ထားမေ

လုပ်ငန်းကျွမ်းကျင်တယ်လေ"

"နှစ်နှစ်လောက် တွဲလုပ်လာတာ၊ အဲဒီလူကရော ဘ

မလုပ်တတ်ဘူးလား"

"သူက စာရင်းဇယားပဲလုပ်တာ။ ပြီးတော့ သူက အမျိုးသ

မဟုတ်ဘူး၊ အမျိုးသမီးတစ်ဦးပဲ"

"အမျိုးသမီး"

ကြီးဒေါ်ကြီးများ၏ စကာ ကိုရုတ်တရက်ကြားယောင်သ

မိသည်။

"သူမှာ အားကိုးစရာယောကျ်ားသားမရှိဘူးလား ဖေဖေ

"မရှိဘူး။ တစ်ကိုယ်တည်းသမားပဲ"

"ဪ"

သူ၏ပျက်ယွင်းသွားသော အမူအရာကို ဖခင်ကအကဲခ

သောကြောင့် နှုတ်ခမ်းလေးတွန့်ကွေးကာ ပြုံးလိုက်ရင်းက

"သားကို သားကြီးဒေါ်တွေက ပြောထားပြီးပြီလား"

"ဘာကိုလဲ ဖေဖေ"





"မိန်းမတွေရဲ့ ဦးနှောက်စားတတ်တဲ့ ဝန်တိုတဲ့အတွေးလေ

ဖေဖေက သံတွဲမှာ နောက်အိမ်ထောင်ပြုထားတယ်လို့"

"ထင်ချင်စရာပဲ ၊ ဖေဖေကအပျိုကြီးနဲ့တွဲ အလုပ်လုပ်တာကို"

"သူအပျိုကြီးလား၊ အအိုကြီးလားဆိုတာ ဖေဖေမသိဘူး

သား၊ ဖေဖေသိတာ အလုပ်တာဝန်၊ သစ္စာတရားပဲ၊ ဒါကို မင်းမေမေ

က သဘောမပေါက်ဘူး၊ အမြဲ သက်ာမကင်းဖြစ်ပြီး ရောဂါမွေး

ထူတာပဲ၊ သားနဲ့လာတုန်း ဖေဖေမိတ်ဆက်ပေးပါမယ်"

သူ့ရင်ထဲမှာ စူးနစ်သွားသည်။

မိန်းမသားမျှားဘက်မှဝင်၍ မခံစားဖူးသောကြောင့်

လင်ယောကျ်ား၏ ဖေါက်ပြန်ခြင်းကြောင့် ခံစားရသော ခံစားချက်

ကို နားမလည်ပေ။

သို့ရာတွင် ဆံတစ်ပင်တင်းခြင်း၏ ခံစားမှုကိုတော့ ခံစားမိ

သည်။

မေမေဘယ်လာက် ပူလောင်ရှာလိမ့်မလဲ။

"တွေ့တာပေါ့ ဖေဖေရယ်။ ဖြည်းဖြည်းပေါ့။ လောလောဆယ်

တော့ သားသဘော်ပြန်ထွက်ဖို့ ကြိုးစားလိုက်ဦးမယ်"

"နေပါဦးသားရဲ့။ တစ်လတောင်မရှိသေးဘူး"

"ဖေဖေ့အကြွေးတွေဟာ သားအကြွေးလိုခံစားရတယ် ဖေဖေ။ သားဆိုင်ကယ်နဲ့ကားကိုလည်း ရောင်းပေးခဲ့မယ်။ ဖေဖေထည့်ဆပ်ပေးပါ။ မြန်နိုင်လေကောင်းလေပဲပေါ့နော်၊ သားသင်္ဘောပြန်လိုက်မယ်။ သုံးနှစ်ကြာမှပြန်လာမယ်။ ဖေဖေဖြစ်တယ် မဟုတ်လား"

"အဲဒီလောက်ကြီးမနေပါနဲ့ ။ တစ်နှစ်ပဲနေပါ။ ဖေဖေ့မှာ ဒီသားတစ်ယောက်တည်းရှိတာ"

"ဖေဖေ နောက်အိမ်ထောင်ပြုချင်ပြုပါ"

"မလုပ်ပါနဲ့၊ ဖေဖေအသက်ကြီးပြီ၊ ပြီးတော့ သားနဲ့ပဲ အေးအေးဆေးဆေးနေတာပေါ့"

"ဖေဖေ့သဘောပါ။ သား နှစ်နှစ်တော့နေမယ်နော် ဖေဖေ ဖေဖေ့အကြွေးကျေမှာပေါ့"

"ဖေဖေအကြွေးက အလုပ်လုပ်ရင်းထဲည့်သွားရင် ရပါတယ် သားတစ်နှစ်လောက်ပဲနေပါ"

သူဘာမှုပြန် မပြောတော့ပေ၊ လောလောဆယ်တော့ ကြီးဒေါ် များ၏ အိမ်ထောင်ပြုရေး၊ စီမံကိန်းကြီးကို ရပ်တန့်သွားစေရ နှစ်နှစ်ခန့်ရှောင်ရှားရဦးမည် ဖြစ်သည်။

"တစ်နှစ်လောက်ထက် နှစ်နှစ်ရှောင်နေတာ ပိုကောင်းလိ မယ် ဖေဖေ"





"ဘာလို့လဲ"

"ကြီးကြီးတို့ သဘောတူတဲ့မိန်းကလေးသုံးယောက်လဲ မစောင့်နိုင်ဘဲ ယောကျ်ားယူကုန်ရောပေါ့"

"ဩော် ... သုံးယောက်တောင်လား"

သားအဖနှစ်ယောက် ရယ်မောရ၍ နောက်ပြောင်ရင်း ယခင်က အတိုင်းပင် ပြန်လည်ရင်းနှီးချစ်ခင်မှု ရသွားလေသည်။

သူ၏ ရင်ထဲမှ သံသယများလည်း အလိုလိုလွင့်ပျောက် သွားပြီး ဖခင်အပေါ် နားလည်သွားလေတော့သည်။

အချစ်ဟူသည်မှာ ဤမျှကြီးစိုးနိုင်လိမ့်မည်ဟု အောင်နေဦး ထင်မိခဲ့။

ရန်ကုန်ပြန်ရောက်ပြီး တစ်လနီးပါး ကြာခဲ့ပြီး ချစ်ပန်းဖြူအား မ့ပျောက်လိမ့်မည်ဟု ထင်မှတ်ခဲ့သော်လည်း အလုပ်လုပ်နေရင်း ပင် မေ့မရနိုင်အောင်ဖြစ်နေမိသည်။

ပြန်ထွက်နိုင်ရန် ကြိုးစားရင်းက ကားပွဲစားတန်းတွင်ထိုင် ာ မိမိ၏ ကားကိုပြန်ရောင်းရန် စနည်းနာနေရင်းက လက်ဖက်ရည်

ဆိုင်တွင်ထိုင်ရင်း မဆီမဆိုင် ချစ်ပန်းဖြူအား သတိရမိသည်

"မနက်ဖြန်ကြရင် မြနှင်းဆီကို သွားကြည့်လိုက်ပါဦးသာ

မြနှင်းဆီဆိုတာ ကြီးငယ်ရဲ့တပည့်ဟောင်းပဲ။ ခုဆို ကြီးငယ်ကိုသိပ်

ရှိသေလေးစားတာ။ သူက ဆရာဝန်တစ်ယောက်ပီပီ သိမ်မွေ့နူး

တယ်။ သူ့ဇာတိက ကျောက်ဖြူဘက်ကပဲ"

ကြီးဒေါ်များထံ မရောက်ဘဲ လှည့်ပတ်၍ရှောင်နေသည်

တကူးတက ဖုန်းဆက်ခေါ်ကာ သူတို့လိုချင်သည့်ကိစ္စကို အတ

စေခိုင်းလိုက်ခြင်း ဖြစ်သည်။

"ဟုတ်ကဲ့။ သားအားတော့ သွားကြည့်လိုက်ပါမယ်"

"အားတယ်ဆိုတဲ့စကားကို မပြောပါနဲ့အောင်အောင်၊ မင်း

သားအဖဟာ ဒို့ပြောတဲ့စကားကို ဘာမှလေးလေးစားစားမလု

တတ်ဘူး။ တကူးတကကို သွားကြည့်ရမယ်၊ ဒီနေ့ညနေသွား

"ဟာ ကြီးမကြီးရယ်။ အဲဒီလိုပုံသေမပြောပါနဲ့၊ မြို့ထဲနီး

နားနားပဲ မဟုတ်လား။ သားဘာသာ သား သူ့ဆေးခန်းကိုဝင်ကြ

လိုက်ပါ့မယ်"

လိပ်စာကိုသာယူလာခဲ့ပြီး တကယ်တမ်းသွားကြည့်ရန်

ဖင့်လေးနေကာ ချစ်ပန်းဖြူကိုသာ သတိရနေမိသည်။

ချစ်ပန်းဖြူသည် ကြီးဒေါ်များ နှစ်သက်သောဂုဏ်ရ







ရှိ၊ ပညာလည်းမရှိ၊ အကယ်၍ ဖခင်နှင့်ရင်းနှီးသော ကျောင်းဆရာမ

လေး ချစ်ပန်းဖြူသာဆိုလျှင် ကြီးငယ်က သဘောတူကောင်းတူပေ

လိမ့်မည်။

ချစ်ပန်းဖြူနှင့်ထပ်မံ၍ တွေ့နိုင်စရာအကြောင်းမရှိတော့

ပေ။ ပေလီသို့ တကူးတကသွားလည်မှပင် တွေ့နိုင်မည်ဖြစ်သည်။

"ဒီလောက်ပဲ ရေစက်ပါမယ်ထင်တာပဲ ချစ်ပန်းဖြူရယ်"

"ဟေ့ကောင် ... မင်းပြန်ထွက်တော့မယ်ဆို။ မြန်လိုက်

တာကွာ"

သူငယ်ချင်း ခင်မောင်သန်းက သူ့အနားဖြန့်ခနဲ ရောက်လာ

က ဝင်ထိုင်လိုက်ရင်းက ကမူးရှူးထိုးမေးလိုက်သည်။ သဘော်တစ်စီး

တည်း စားအတူသွားအတူ ပြန်လာတော့လည်း အတူတူပင် ဖြစ်သည်။

"ဒီလိုပဲပေါ့ကွာ ... အခြေအနေအရပဲ"

"ငါ့ကိုပြောတော့ ဒီတစ်ခါ ခြောက်လလောက်နေလိုက်

မယ်ဆို"

"အင်း ... အခြေအနေအရပါဆို၊ တကယ့်ကို ငါဆက်နေရင်

အချိန်ကုန်ရုံသက်သက်ပါပဲ"

"မင်းက လိုင်းသစ်ပဲလျှောက်ရတော့မှာပဲပေါ့နော်။ တို့လိုင်းကို

ပြန်မလိုက်တော့ဘူးပေါ့"

"ပို့စ်ပေါ် ရင်တော့ လိုက်မှာပါ။ အခု မြန်မြန်ထွက်ရအောင်လ
လိုင်းသစ်ပဲလျှောက်လိုက်ရတာပေါ့"

သူ့ရင်ထဲမှာ အလိုလိုလေးလံနေမိသည်။ မိခင်မရှိသောအိ
မှာ နေရသည်မှာ အလိုလိုအထီးကျန်၍ ခြောက်သွေ့နေသလိုခံစ
နေရ၏။

"မင်းကွာ ... ငါ့လက်ထပ်ပွဲကိုတော့ စောင့်သင့်ပါတယ်"

သူ ငိုင်သွားသည်။ ခင်မောင်သန်းက လက်ထပ်ရန်ပြန်လာ
ခြင်းဖြစ်သည်။ သူကိုယ်တိုင်ကလည်း သူငယ်ချင်း၏ လက်ထပ်ပွဲ
ကို ဝိုင်းကူညီရန် ရည်ရွယ်ထားခဲ့သည်။

"ဟုတ်သားပဲ။ ဘယ်တော့လောက်လဲ"

"ဒီမေလကုန်ပဲလေ။ မင်းက သံတွဲကပြန်လာကတည်းက
ငါ့ကိုမဆက်သွယ်ဘဲ ပျောက်ချက်သားကောင်းနေတာကိုး"

ခင်မောင်သန်းက အပြစ်တင်သကဲ့သို့ပင် သူကိုယ်တိုင်
ကလည်း သင်္ဘောပြန်ထွက်ရန်ကိစ္စတွက် အလုပ်ရှုပ်နေသော်လည်
သူ့စိတ်က ဘာကိုမျှတက်တက်ကြွကြွမရှိဘဲ တွေဝေငေးငိုင်လျက်
ရှိသည်။

"မီမှာပါ ... ဘယ်မှာလုပ်မလဲ"





"သူတို့စီစဉ်ကြတာပဲ။ မင်္ဂလာဆွမ်းပဲကျွေးမယ်လို့ပြောတယ်။
ဝါဝင်ခါနီးတော့ ဘာမှ ကြီးကြီးကျယ်ကျယ်မလုပ်တော့ဘူးလေ။
ပေလီကိုတောင် ဟန်းနီးမွန်းမသွားနိုင်တော့ဘူး"

ပေလီဆို၍ သူ့ရင်ထဲလှိုက်ဖိုသွားလေသည်။

"သွားလိုက်ပါကွာ။ ညီမများတော့ပိုပြီးတော့ အေးအေး
ဆေးဆေးနေရတာပေါ့ကွာ"

"မင်းဆီကို ဖုန်းဆက်တုန်းက ပေလီသွားတယ်ဆို။ ဘာ
သွားလုပ်တာလဲ။ မပြောမဆိုဘဲ ဖြုန်းခနဲသွားတာလား"

"ဘာရယ်မဟုတ်ပါဘူး။ ဖေဖေမရှိတော့ အိမ်မှာပျင်းခြောက်
ခြောက်ကြီးနဲ့ မနေချင်လို့ ထသွားတာပဲ"

"ငါ့အမျိုးသမီးက သူ့သူငယ်ချင်းရှိလို့ ပေလီကိုသွားချင်
တယ်တဲ့"

"ကောင်းတာပေါ့။ သွားလိုက်ပါ။ ပေလီက ဟန်းနီးမွန်းခရီး
အတွက် သိပ်ပျော်စရာကောင်းပါတယ်။ ငါကတော့ ပေလီမှာ
တစ်ယောက်တည်း ပျင်းပျင်းနဲ့ ငေါင်လာရတယ်"

"မင်းက အဖော်မှရှာမလာတာကွာ"

ခင်မောင်သန်းစကားကြောင့် ချစ်ပန်းဖြူကို မြင်ယောင်လာ
မိသည်။

သက်ပြင်းသဲ့သဲ့ချလိုက်ရင်းက ခေါင်းကိုလေးတွဲ့စွာ ခါယမ်းလိုက်၏။

"ဖေဖေက သူ့အလုပ်တွေကို ဝိုင်းလုပ်စေချင်နေတယ်။ သင်္ဘောတောင်မလိုက်စေချင်တော့ဘူး"

"မင်းကားကို ဘာလို့ရောင်းမှာလဲကွာ၊ ကားက အဝယ်ခက်နေတာ။ မင်းအဖေကိုပဲ ပေးစီးထားပေါ့။ ပြန်လာတော့ ထပ်ရှာနေရမယ်"

"ဖေဖေ့မှာ အကြွေးတွေရှိနေတယ်။ ငါ့ဆိုင်ကယ်ကို ရောင်းပြီးပြီ။ ဖေဖေ့အကြွေးကို ဝိုင်းပြီးဆပ်ပေးချင်လို့ပါ၊ ပြီးတော့ ဖေဖေက သူနဲ့မေမေနဲ့ စိတ်တိုင်းကျဝယ်ထားတဲ့ကားကို ပြန်မရောင်းဘူး"

ဖခင်၏စွဲလမ်းမှုအတွက် ရင်မှာ တိတ်တခိုးပီတိဖြစ်ရသည်။ မိမိလည်း ဖခင်ကဲ့သို့ အစွဲအလမ်းကြီးသူပင် ဖြစ်သည်။

"မင်းအလုပ်အားနေရင် ငါနဲ့လိုက်ပေးဦးကွာ"

"ဘယ်သွားမလို့လဲ"

"ဖိတ်စာဝေဖို့ပေါ့ကွ။ ကိုယ့်သူငယ်ချင်းတွေဆီ လိုက်ဝေရမှာ။ ဒီတစ်ပတ်လုံးလုံးနော်"

"ဖြစ်ပါတယ်။ ကိုယ့်ကားမရောင်းသေးဘဲ မင်းကိစ္စကို လိုက်ကူညီပေးမယ်လေ၊ သွားခါနီးမှ ရောင်းသွားမယ်။ ဈေးကောင်း





သိပ်မရလဲထားခဲ့မယ်။ မင်းရောင်းပေးပေါ့။ ဖေဖေ့ကို ပေးခဲ့ရင် ရောင်းပေးမှာ မဟုတ်ဘူး"

သူသည် တွေဝေငေးနေမည့်အစား ခင်မောင်သန်း၏ ကိစ္စကို စိတ်ရောကိုယ်ပါလိုက်၍ အကူအညီပေးခြင်းအားဖြင့် သူ၏ ပျံ့လွင့်နေသော စိတ်တို့တည်ငြိမ်ရာရောက်သွားမည်ဖြစ်သည်။

ထိုသို့အကူအညီပေးခြင်းအားဖြင့် သူ့ရင်ထဲမှ နှလုံးသားတို့ ဟင်းလင်းပွင့်ကာ အချစ်ငှက်ကလေးတို့ လွတ်လပ်စွာပျံသန်းသွားလေတော့သည်။

"သူက မှာ့သူငယ်ချင်း ချစ်ပန်းဖြူနဲ့ ဝါနုဖြူတဲ့။ နှစ်ယောက်စလုံး သံတွဲကပဲ"

တိုက်ဆိုင်မှုဟူသည်မှာ အံ့ဩဖွယ်ရာကောင်းလျက်။ ခင်မောင်သန်း၏ မင်္ဂလာကိစ္စကို လိုက်ကူညီရင်းက ခင်မောင်သန်းမအား၍ သူ့ဇနီးလောင်းကိုကားနှင့်လိုက်ပို့ပေးရင်းက လေဆိပ်တွင် ဧည့်ကြိုရန်ပို့ပေးပါဦးဆို၍ လက်ထပ်ရက်မတိုင်မီ တစ်ပတ်အလိုတွင် လိုက်ပို့ပေးရသည်။

သူက ခင်မောင်သန်း၏ ဇနီးလောင်း မြင့်မာလွင်ကို လေဆိပ် ပေါက်မှာချပေးပြီး သူကတော့ ကားထားရာနေရာမှာ စောင့်နေသည်။ စာအုပ်တစ်အုပ်နှင့်အေးဆေးစွာဖတ်နေစဉ် လေယာဉ်ဆိုက်တာ မသိလိုက်ပေ။ မိန်းကလေးများစကားပြောသံကြားမှ လှည့်ကြည့် လိုက်ရာ ရုတ်တရက်မှင်တက်အံ့သြသွား၏။

ချစ်ပန်းဖြူကလည်း တအံ့တသြနှင့် သူ့ကို ငေးကြည့်နေသည်။

"ဒါ ကိုယ့်အမျိုးသားရဲ့သူငယ်ချင်း ကိုအောင်နေဦးတဲ့။ အမျိုးသားက မအားလို့ကိုအောင်နေဦးကို အကူအညီတောင်းရတာ ပါ။ အကိုအောင်ရေ... ဒီသူငယ်ချင်းတွေက မာနဲ့ပထမနှစ်ကတည်း ကနေ နောက်ဆုံးနှစ်အထိ မခွဲမခွာဘဲ လက်တွဲခဲ့တဲ့ သူငယ်ချင်းတွေ ပါ။ မာ့ လက်ထပ်ပွဲမှာ သူတို့ကို ကြိုခေါ်ထားရတာ"

မြင့်မာလွင်က ရွှန်းရွှန်းဝေအောင် မိတ်ဆက်ပေးနေသည်ကို ကြည့်၍ သူက ကြည်ကြည်နူးနူးလေး ပြုံးလိုက်မိသည်။

"မလေးနဲ့ ကိုယ်နဲ့က ရင်းနှီးခဲ့ပြီးပါပြီ မာ။ မလေးဟာ မာ့သူငယ်ချင်းမှန်း ကိုယ်မသိခဲ့ရိုးအမှန်ပါ"

"အလိုတော် သိပ်ခြေလှမ်းသွက်ခဲ့ပါလား။ အောင်သွယ်ဖို့ တောင်မလိုတော့ဘူး။ အဲလေ ... ယောင်လို့"





မြင့်မာလွင်က ကြည်ကြည်နူးနူးလေးနောက်ပြောင်ကျီစယ် လိုက်သည်။

ညွှန့်ညွှန့်ဝေဆိုသော မိန်းကလေးက အထုပ်အပိုးအဆင် သင့်နှင့် မြင့်မာလွင်တို့အိမ်ကိုလိုက်လာသည်။

အချစ်ဆုံးသူငယ်ချင်းလေးဦး၏ အပျိုစင်ဘဝ၏ လွတ်လပ် စွာပျော်ရွှင်မှုများထဲတွင် သူက အလိုလိုအဖြည့်ခံဖြစ်သွားရလေ သည်။

"မာက လက်မထပ်ခင်လေးငါးရက်အလိုမှာ လွတ်လွတ် လပ်လပ်နဲ့ သူငယ်ချင်းတွေနဲ့ လျှောက်လည်ချင်တယ်တဲ့။ သူတို့ မိန်းကလေးတွေချည်းပဲဆိုတော့ ငါလဲ စိတ်မချဘူးလေ။ သူ့မိဘ တွေကလဲ သိပ်မလွှတ်ချင်ဘူး၊ ငါကလဲမအားဘူး။ ဒီတော့ မင်းပဲ တာဝန်ယူပြီး မာ့အလိုကျ လိုက်ပို့ပေးလိုက်ပါကွာ"

ခင်မောင်သန်း၏ တောင်းဆိုမှုကို လက်ခံကာ မအီမသာ နှင့်မလွှဲသာလို့သာ လက်ခံရသည်။ ခုတော့ ချစ်ပန်းဖြူပါလာ ကတည်းက ကျေနပ်ပျော်ရွှင်သွားပြီး ခင်မောင်သန်းကိုပင် ကျေးဇူး တင်သွားမိသည်။

"ကိုယ်ဘယ်လိုမှ မမျှော်လင့်ဘူး မလေး။ မလေး ကိုယ့်ကို

နှုတ်မဆက်တာကို ကိုယ့်ရင်ထဲမှာ မအီမလည်ကြီး ဖြစ်နေတယ်၊ မလေးဘာလို့ ကိုယ့်ကိုနှုတ်မဆက်တာလဲဟင်”

“မလေးက သူငယ်ချင်းတွေပြန်ရင် ဘယ်တော့မှ နှုတ်မဆက်ချင်ဘူး။ ဝမ်းနည်းလို့လေ။ ခယုံရင် မာတို့ကို မေးကြည့်”

မြင့်မာလွင်တို့က ချစ်ပန်းဖြူကို ရှေ့ခန်းပို့ကာ ထိုင်ခိုင်းရင်း နောက်ခန်းမှနေ တိတ်တခိုး ရယ်မောစနောက်နေ၏။

“မာရေ မင်းရဲ့မင်္ဂလာပွဲပြီးရင် နောက်တစ်ဦးဆက်မယ် ထင်တယ်”

ခါတိုင်း မိန်းကလေးများ နောက်ပြောင်လျှင် အလွန်ရှက်ပြီး စိတ်တိုလေ့ရှိသော သူသည် ဒီတစ်ခါတော့ ကြည်ကြည်နူးနူးလေး ပြုံးမိလိုက်သည်။

“ဖြစ်ပါစေ”ဟူ၍ ရင်ထဲမှာ တိတ်တခိုးဆုတောင်းမိသည်။ သူ ချစ်ပန်းဖြူကို အမှန်တကယ်ပဲ ချစ်မိသွားပြီ ထင်သည်။

“ဟုတ်တယ်ဝေ့။ ငါမျက်စိထဲမှာ သပြေချိုင်ဆိပ်မှာတည်းက အတူတူတွဲပြီး ရှေ့ခန်းကပါသွားတာကိုမြင်နေတယ်။ မနေ့တစ်နေ့ကလိုပဲ။ အခုလိုသူရို့နှစ်ယောက်ရှေ့ခန်းမှာ အတူတူထိုင်နေတာ တကယ့်တိုက်တိုက်ဆိုင်ဆိုင်တွေ့ရတာပဲနော်။ ငါအထင်တော့





သူရို့နှစ်ယောက် ရေစက်လို့ပဲထင်ပါတယ်”

ဝါနုဖြူက ကြည်ကြည်နူးနူးရယ်မောကာ ပြောလိုက်သော အခါ ချစ်ပန်းဖြူနှင့်သူတို့ တစ်ယောက်မျက်နှာတစ်ယောက် မကြည့်ရဲအောင် ရှက်အမ်းအမ်းဖြစ်သွားမိကြသည်။

“မာမာတို့ ဘာနဲ့ကျောင်းပြီးကြတာလဲ”

“ကျွန်မတို့က အားလုံးအတွက်သမားတွေလေ။ အီကိုသမားတွေပေါ့၊ ဒါကို ချစ်ပန်းဖြူက အူကြောင်ကြောင်နဲ့ ကျောင်းဆရာမ ဝင်လုပ်သေးတယ်”

“မဟုတ်ဘူး မာရဲ့။ သူက ကျောင်းဆရာမကို သူတို့တွဲဖက် အထကမှာ ဝင်လုပ်ပြီး ကုမ္ပဏီတွေမှာ စာရင်းကိုင်လုပ်တာ၊ ဝင်ငွေကို ဖြောင့်နေတာပဲ”

“အမယ် ဝါနုလဲ ပါတယ်နော်။ သူကမှ နှစ်ခုတောင်ဝင်လုပ်နေတာ”

“ငါရို့က မမှန်ပါဘူး။ မင်းလို ကိုယ်ပိုင်ကုမ္ပဏီမှ မရှိတာ။ ဒါပေမယ့် ငါထင်တယ်။ မင်းသာ အိမ်ထောင်ပြုသွားရင် မင်းအဲဒီ အလုပ်ကထွက်ရမှာ ကျိန်းသေတယ်။ ယောကျ်ားတွေက အူတိုတတ်တယ်နော် ကိုအောင်ရေနေဦး”

"မင်းကွာ"

သူတို့ပြောသည့်စကားအဓိပ္ပာယ်ကို မသိသော အောင်နေဦး အဖို့ ရယ်မောရုံသာရှိသည်။

"ကဲ မောင်မောင်ရေ။ သူတို့ကပျော်လို့စကြတာနော်။ ဘာရယ် မဟုတ်။ မောင်မောင့်စိတ်ထဲတစ်မျိုးမထင်နဲ့နော်"

ချစ်ပန်းဖြူမျက်နှာရဲရဲနီနေလေပြီ။ ရှက်ကိုးရှက်ကန်းနှင့် အရှက်ပြေပြောလိုက်ခါမှ ပိုဆိုးသွားသည်။

"ဘာတဲ့ ... မောင်မောင်လို့တောင်ခေါ်နေပြီလား"

"ဟုတ်ပါ ... ဟုတ်ပါ"

"ဟာ ... တို့အရပ်ဓလေ့အတိုင်းခေါ်တာပဲ။ ဝါနုနော် နင်ကောင်းချောက်ချဖို့ပဲ"

ရယ်မောသံလေးများဖြင့် ဆူညံသွားတော့သည်။ သူက ရှက်လည်းရှက် ပျော်လည်းပျော်မို့ ပြုံးဖြီးဖြီးနှင့်ပင် မိန်းကလေး များ၏ လိုရာသို့လိုက်ပို့ပေးရသည်။

"သစ်ခွခြံကို အရင်သွားမယ်"

"ဗိုလ်ချုပ်ဈေးက အင်္ကျီအပ်တဲ့ဆိုင်သွားလေဟာ"

"မသွားနဲ့၊ နောက်မှ အေးအေးဆေးဆေးမွှေရတာပေါ့။ သစ်ခွ





ခြံက မြို့ပြင်မှာဆိုတော့ အေးအေးဆေးဆေးပန်းသွား ဝယ်ရင်း အနားယူရတာပေါ့"

"အေး ... ကောင်းတယ်"

ငြင်းခုန်ရင်းနှင့် မိန်းကလေးများသွားချင်သည့် မင်္ဂလာဒုံဘက် ရှိ သစ်ခွခြံဆီသို့ ဦးတည်လာလေသည်။

သူ၏ရင်ထဲမှာ လွတ်ဟာနေမှုက အလိုလိုပြည့်ဝသွားသည်ဟု ထင်လိုက်မိသည်။

"ငပလီကိုလာလည်တုန်းက မလေးတို့က ဧည့်ဝတ်ကျေပွန် တယ်။ ကိုယ့်အိမ်ရောက်တော့ ကိုယ့်အမေ မရှိတော့ ဧည့်ဝတ် ကျေဘူး မလေးရယ်။ ဒီ့အတွက် ကိုယ်တောင်းပန်ပါတယ်"

"ရပါတယ် မောင်မောင်။ အခုလဲ မောင်မောင့်ကားနဲ့ပဲ အကုန်အကျခံပြီး လိုက်ပို့ပေးရတာပဲ။ မလေးတို့သွားချင်တဲ့ဆီ သွားရတယ်။ စားချင်တာစားရတယ်။ ဒါဟာ ဧည့်ဝတ်ကျေတာပေါ့ မောင်မောင်ရယ်။ မောင်မောင့်အဖေရော ဘယ်သွားလဲ"

"ခရီးထွက်နေတယ်"

အောင်နေဦးက ချစ်ပန်းဖြူတို့ သူငယ်ချင်းသုံးယောက်အား သူ့အိမ်သို့အလည်အပတ်ခေါ်လာသည်။ ဝါနုဖြူနှင့် ညွှန့်ညွှန့်ဝေ တို့နှစ်ဦးက အောင်နေဦး၏ ကြီးမားသော အိမ်ကြီးကိုကြည့်ကြ အံ့အားသင့်နေကြ၏။

"အကိုအောင်တို့မိသားစုက သုံးယောက်တည်းရှိပြီး အိမ်က အကြီးကြီးဆောက်ထားတာ မကြီးလွန်းဘူးလား"

"ပြောရရင်တော့ ရယ်စရာများဖြစ်နေမလား"

အောင်နေဦးက ရှက်ရှက်နှင့်ပြုံးလိုက်သည်။ ချစ်ပန်းဖြူက အောင်နေဦး၏ မိဘနှစ်ပါးပုံကို ကြည့်ကာ

"မောင်မောင့်အမေက သိပ်ချောတာပဲနော်"

"မေမေက ရုပ်ချောသလို၊ သဘောလဲကောင်းပါတယ်၊ ကိုယ့်မိတ်ဆွေသူငယ်ချင်းတွေလာရင် ချက်ပြုတ်ကျွေးရင်း ကျေနပ် နေတာပဲလေ၊ အခု ဒီအိမ်ကို မေမေ့စိတ်တိုင်းကျဆောက်တာလေ ကိုယ်က တစ်ဦးတည်းသောသားဖြစ်နေလို့ မြေးတွေအများကြီး မျှော်လင့်ပြီး အိမ်ကို ကြီးကြီးဆောက်တာပေါ့"

သူ့ဘာသာသူပြောပြီး ရှက်ရှက်နှင့် မိန်းကလေးများကို





ကျောခိုင်းထားသည်။ သူ့ကျောနောက်မှာ ချစ်ပန်းဖြူကို ဝိုင်း၍ မျက်စပစ်နေမှာကို ကြိုသိထားနှင့်သည်။

"ကဲ သွားလေ၊ သူမိခင်ကြီးရဲ့တာဝန်ကို ကျေပွန်အောင် လို့ ထမ်းဆောင်ရတော့မှာပေါ့လေ"

ညွှန့်ညွှန့်ဝေ၏လေသံကြောင့် သူ့မျက်နှာရဲရဲနီသွားသလို ချစ်ပန်းဖြူထံမှ စကားသံလေး တိတ်နေ၏။

"ကိုအောင့်အဖေကို ငါဘယ်မှာမြင်ဖူးတာလဲ မသိဘူး၊ ကိုအောင့်အဖေက ဘယ်မှာလုပ်တာလဲ"

"ဟ နင်ကလေ ဆွေမျိုးစပ်တာ သိပ်ဝါသနာပါတာပဲ။ အမြဲ ဟိုမြင်ဖူးသလို၊ ဒီမြင်ဖူးသလိုနဲ့၊ ကဲ တို့တစ်တွေကတစ်တိုင်းပြည် ထဲ အတူတူနေကြတာ တစ်မြေတည်းနေ၊ တစ်ရေတည်း သောက်တွေ လေ။ အားလုံးဟာ ဆွေမျိုးတော်စပ်ကြတာပေါ့ မဟုတ်လား။ ကြည့်စမ်း မောင်မောင့်အမေက သိပ်အလှအပကြိုက်တာပဲနော်။ အိမ်ခန်းထောင့်တွေမှာ ပန်းအိုးစင်လေးတွေ ထားထားတယ်။ ဒီနေရာမှာ ပန်းအခြောက်အစား အစိုလေးတွေထားထားရင် သိပ်ကောင်းမှာပဲနော်"

ချစ်ပန်းဖြူက စကားများလွန်းသော ဝါနုကိုလှည့်ပတ်၍

စကားလွှဲလိုက်သည်။ ဝါနု၏ အာရုံကို တခြားတစ်ဖက်သို့ ဆွဲယူလိုက်၏။

"ဟို ပန်းချီကားက ငှက်ကလေးတွေပျံနေတာ သိပ်အသက်ပါတာပဲနော်။ ငါလဲတစ်ခါတလေ ပန်းချီသိပ်ဆွဲတတ်ချင်တာပဲ။ ဒို့ငပလီက ပန်းချီဆွဲလို့ သိပ်ကောင်းတာ့ပဲနော်"

"လွမ်းလို့ဆွေးလို့လဲ ကောင်းတယ်ဝေ့။ အမောင်ပြန်သွားတော့အဖော်မဲ့လွမ်းချင်းကို ညည်းရင်း ကမ်းခြေမှာ ငိုင်နေသူလေး ရှိတယ်လေ"

"ဩော် ချန်ထားတဲ့သူက လွမ်းရအောင်ချန်ထားခဲ့တာပဲ။ လွမ်းခြေရာလေးတွေကြည့်ပြီး လွမ်းရတုလေးတွေဆိုပြီး လွမ်းလို့ကောင်းနေမှာပေါ့ ဝါနုရယ်"

ညွန့်ညွန့်ဝေနှင့် ဝါနုတို့သည် အတိုင်အဖောက်ညီစွာဖြင့် ချစ်ပန်းဖြူအား စနောက်နေပြန်သည်။

"ကိစ္စမရှိပါဘူး ဝါနုရယ်။ ငါရို့က လွမ်းစရာရှိလို့ လွမ်းရသေးတယ်။ သူများတွေက လွမ်းစရာမရှိဘဲ ဘယ်ကိုလွမ်းရမှန်းမသိပဲ ငေးနေရတဲ့သူက ရှိသေးတယ်နော်"

ချစ်ပန်းဖြူကလည်း အားကျမခံပြန်နောက်နေစဉ် သူက





မိန်းကလေးများ လွတ်လွတ်လပ်လပ်နေရန်အတွက်

"အအေးဖျော်လိုက်ဦးမယ်" ဟု ပြောပြီး ထမင်းစားခန်းထဲသို့ ဝင်လာလေသည်။

ရေခဲသေတ္တာထဲမှ အအေးပုလင်းကိုဖွင့်ပြီး ကိတ်မုန့်ကိုယူ၍ လှီးနေစဉ် သူ၏ပါးလျသော နားစည်က ချစ်ပန်းဖြူ၏ တီးတိုးပြောသံကိုကြားလိုက်ရသည်။

"ဟေ့ ... ရှင်တို့ကိုပြောထားမယ်နော်။ သူကို မောင်မောင်လို့ မခေါ်ရဘူး။ တို့တစ်ယောက်တည်းခေါ်မယ်"

"အိုး မောင်မောင်ဆိုတာ နင့်အစ်ကိုတွေ၊ မောင်တွေကိုလဲ ခေါ်ခဲ့တာပဲ ဘာဖြစ်လဲ"

"မရဘူးဟေ့။ ဒို့လဲ ခေါ်ချင်တယ်"

"မခေါ်စေချင်ရင် နှုတ်ပိတ်ခပေး"

တခစ်ခစ်ရယ်သံတိုးလေးများ ပြန့်လွင့်သွားသောအခါ သူ့ရင်ထဲမှာလည်း တသိမ့်သိမ့်ကြည်နူးသွားလေသည်။

မိန်းကလေးများနှင့်ပတ်သက်၍ ရင်ခုန်ခြင်းကို ချစ်ပန်းဖြူနှင့်တွေ့မှသာသိလာခြင်းဖြစ်သည်။

"ဟယ် ...မောင်မောင်ရေ။ မလေးတို့ ဘာကူလုပ်ပေးရဦးမှာ

လဲဟင်"

"ရပါတယ်။ ပြီးပါပြီ"

သူက လင်ပန်းတစ်ခုပေါ်တွင် လှီးပြီးသား ကိတ်မုန့်နှင့် လက်သုတ်ပဝါကို ခေါက်တင်ပြီး အအေးပုလင်းလေး လှမ်းဆွဲ ထွက်လာခဲ့သည်။

"ဟာ ... စားပွဲထိုးကျွမ်းကျင်အဆင့်ပဲ"

"ဒီလိုပဲ သဘောင်္ပေါ်မှာ စားပွဲထိုးလာတယ် ထင်ရဲ့"

ညွှန့်ညွှန့်ဝေနှင့် ဝါနုက သူ့အားလှမ်း၍ နောက်ပြောင်သော အခါ ချစ်ပန်းဖြူက မခံချင်စွာဖြင့်

"အမယ် အဲဒီလောက်မဟုတ်ပါဘူး"

"အဲဒါထက်တောင်ဆိုးသေးတယ်ဗျာ။ စားပွဲထိုးဆိုရင် သက်တောင့်သက်သာနေရမှာ။ သံချေးခေါက်တာက ပိုဆိုးတယ်"

"ဒါဖြင့်လဲ ဘာလို့သဘောင်္လိုက်ရတာလဲ မောင်မောင်ရယ်။ မောင်မောင့်အဖေနဲ့ပဲ အတူတူအလုပ်လုပ်ပေါ့"

"အရာရှိစာမေးပွဲဖြေလိုက်ရင်တော့ တစ်မျိုးပေါ့။ အခု အောက်ခြေက လိုက်နေရတာ ပင်ပန်းတာပေါ့။ ဒါပေမယ့် ဒီတစ်ခေါက် ပဲ လိုက်တော့မှာ"





"ဘာလဲ မိန်းမယူတော့မလို့လား"

ဝါနုက ဒိုးခနဲဒေါက်ခနဲ မေးလိုက်သဖြင့် ချစ်ပန်းဖြူ၏ မျက်နှာရဲသွားသည်။ ဝါနုကို မျက်စောင်းလေးဝေ့လိုက်၏။

"ကျွန်တော့်အဖေအတွက် အကြွေးတွေဆပ်မလို့ပါဗျာ။ မိန်းမယူဖို့က ဝေးပါသေးတယ်။ ရည်းစားတောင်မထားသေးဘဲနဲ့"

"ဟယ် ... တော်လိုက်တာဟယ်"

"မောင်မောင့်အဖေက အကြွေးတွေနဲ့"

ချစ်ပန်းဖြူ တအံ့တဩရေရွတ်လိုက်သည်။ ပြီးမှ သူ့ကိုယ်သူ ထိန်းလိုက်ရင်း

"ဆောရီးမောင်မောင်။ မလေးစပ်စုရာရောက်သွားတယ်နော်။ မိသားစုတိုင်းဟာ သူ့ပြဿနာနဲ့သူရှိကြတာချည်းပါပဲလေ"

"ကဲ ကဲ ဒါနလေးအတွက် ပါရမီဝိုင်းဖြည့်ကြရအောင်။ မောင်မောင် ရေမုန့်ကျန်သေးလား"

ညွှန့်ညွှန့်ဝေက တမင်ပင် "မောင်မောင်"ဟု ခေါ်လိုက်သောကြောင့် ချစ်ပန်းဖြူက မျက်စောင်းလေးဝေ့လိုက်သည်။

"ကဲ ... မောင်မောင်လို့မခေါ်စေချင်ရင် ဒီညနေစာကို ဘယ်မှာလိုက်ကျွေးမလဲ"

"တော် ... တော် ... နောက်မှ ဆွေးနွေးမယ်"

"အခု ဆွေးနွေးလဲ ရပါတယ်။ ဒို့က မရှက်တတ်ပါဘူးနော် ဝါနု"

"ရော် ... ဒီပါးစပ်ကိုတော့ ပိတ်ထားရမှာပဲနဲ့တူတယ်။ ရော့ .. ရော့ စား"

ချစ်ပန်းဖြူက ညွန့်ညွန့်ဝေပါးစပ်ထဲသို့ မုန့်များအတင်း ထိုးထည့်လိုက်သောအခါ ညွန့်ညွန့်ဝေက ရုန်းကန်လိုက်၍ မုန့်များ ပဲ့ကျသွား၏။

"မောင်မောင် ဒီလိုပဲ ကြည့်နေမှာလား"

ပလုတ်ပလောင်းစကားသံနှင့် ပြောလိုက်သောကြောင့် သူရော ဝါနုရော သဘောကျစွာ ရယ်မောကြ၏။

"ကောင်းတယ်။ ကိတ်မုန့်များများပိုစားရတာပေါ့"

"ခင်ဗျားတို့လာမယ်မှန်းသိရင် သုံးလုံးလောက် ဝယ်ထားပါတယ်။ အခု တစ်လုံးတည်းဆိုတော့ နည်းတာပေါ့'

"ဟော ... နင်တို့အစားပုပ်တာ သိနေပြီလေ"

"နှမြောစရာကြီး။ ချစ်ပန်းဖြူက အတင်းခွံ့တာပဲ။ ဖြည်းဖြည်း ခွံ့လည်းကုန်ပါတယ်"





ညွန့်ညွန့်ဝေက ဆိုဖာပေါ်တင်နေသော ကိတ်မုန့်ကို ကောက်စားလိုက်၏။

"မညွန့်ဝေ ... မစားနဲ့လေ။ ဘယ်ကောင်းမလဲ"

"ကြမ်းပေါ်ကျတာမှ မဟုတ်တာ"

"သူက ဒီလိုပဲ။ လူလစ်ရင် စွန့်ပစ်ပစ္စည်းကိုစားနေကျပဲ"

"ဟယ် အယုတ်တမာ ဝါနုနော်။ နင်စားနေကျမို့ ပြောနေတာပေါ့"

"အတူတူချင်းတွေပဲ မထူးပါဘူး"

"အေး ဟုတ်ဘယ်။ ချစ်ပန်းဖြူ နင်လဲပါတယ်လေ၊ ဒို့သူငယ်ချင်းတွေပဲ။ ခုမှတော့ ရှက်မနေနဲ့။ ကဲ သောက်ကြ ... သောက်ကြ၊ တော်ကြာ ပူကုန်ဦးမယ်။ စားကြပါ။ ကိုယ့်အိမ်လို သဘောထားစားပါ။ မောင်မောင်လဲ စားလေ၊ ရှိပါသေးတယ်"

ညွန့်ညွန့်ဝေက ပိုင်ပိုင်နိုင်နိုင်လေးပြောလိုက်သဖြင့် ချစ်ပန်းဖြူ မျက်နှာပုပ်သွားသည်။ ဝါနုက တခစ်ခစ်ရယ်လိုက်၏။

သူကလည်း ညွန့်ညွန့်ဝေလှမ်းပေးသော ဖရုံယိုပုလင်းကို ကယောင်ကတမ်းနှင့် လှမ်းယူလိုက်သည်။

"ဩော် ... အေး ... တော်တော်လဲ ပျော်နေကြပါလား"

ရုတ်တရက်အစမ်းတံခါးဝမှ အသံထွက်လာသဖြင့် အားလုံး လန့်သွားပြီး လှမ်းကြည့်လိုက်သည်။

"ကြီးမကြီး"

ကြီးမကြီးသည် စားပွဲပေါ်မှ ခေါက်ဆွဲကြော်ထုပ်များ၊ ကိတ်မုန့် ကြေများ၊ အအေးပုလင်းများကိုကြည့်ကာ မျက်နှာတစ်ချက် တင်းသွားပြီး နှုတ်ခမ်းကိုမဲ့ကာ

"အောင်အောင် ဘာလုပ်နေတာလဲ။ ကစားနေကြတာလား ကွယ်"

"သား သူငယ်ချင်းတွေပါ ကြီးမ။ ဒေါ်တင်ကြီးမရှိလို့ သား ဘာသာ ဧည့်ခန်းမှာပဲ ကျွေးတာပါ"

"ဒါဆိုလဲ အပြင်စားသောက်ဆိုင်မှာ သွားစားကြပေါ့။ ဘယ့်နှယ်လဲ့ကွယ်။ ဧည့်ကောင်းဆောင်ကောင်းတွေကိုဖြစ်သလို ကျွေးရတယ်လို့"

ရုတ်တရက်မို့ သူအားနာသွားသည်။ ကြီးမကြီးက မျက်ခုံးကို ပင့်ကာ ရွဲ့ပြောလိုက်၏။ သူက လွန်စွာအားနာဟန်ဖြင့်

"နယ်က သူငယ်ချင်းတွေပါ ကြီးမကြီး"

"ဩော် ... ဒါကြောင့် ဒီလိုမြင်ရတာကိုး။ ခါတိုင်း ရန်ကုန်မြို့





က သူငယ်ချင်းတွေဆိုရင် ထမင်းစားခန်းမှာပဲ ဣန္ဒြေရရ စားနေတာ ကြီးမတွေ့ဖူးတာကိုး။ ကဲ ... ကဲ နယ်ကဆိုတော့ မင်းတို့နေတတ် သလို၊ စားတတ်သလို လွတ်လွတ်လပ်လပ်နေကြပါ။ သား မရောက် တာကြာလို့ ကြီးမ လာတာပါ"

ကြီးမကြီးက ပြောပြောဆိုဆိုနှင့် အိမ်အပေါ်ထပ်သို့ တက်သွားလေသည်။ ညွန့်ညွန့်ဝေနှင့် ဝါနုက မျက်နှာပျက်သွား ပြီး ထိုင်ရမလို၊ ထရမလိုဖြစ်နေ၏။

သူကလည်း ဘာကစပြော၍ တောင်းပန်ရမှန်းမသိ ဖြစ်နေစဉ် ချစ်ပန်းဖြူက ပြုံးလျက် မုန့်ဖဲ့များကို ကောက်လိုက်ရင်း

"ဟုတ်သားပဲ မောင်မောင်ရယ်။ မလေးတို့က တစ်နှစ် နှစ်နှစ် ကွဲကွာနေတဲ့သူငယ်ချင်းတွေ တွေ့ရတော့ တအားလွတ်ပြီး ပျော်မိ တာကိုး။ စည်းကမ်းသိပ်ကြီးတဲ့ အပျိုကြီးတွေအတွက် မျက်စိ နောက်စရာဖြစ်သွားတာပေါ့။ ကဲ ... ကဲ မလေး တံမြက်စည်း လှည်းပေးပါမယ်။ မလေးကို တံမြက်စည်းပေး မောင်မောင်"

"ဟာ ... မဟုတ်တာ"

"ဟုတ်တယ် မောင်မောင်ရဲ့။ အဘောင်လဲ ဒီအတိုင်းပဲ စည်းကမ်းကြီးတယ်လေ။ ဝါတို့ ကြီးဒေါ်အိုမလေးလဲ မလေးတို့

ဖွထားရှုပ်ထားတာ မြင်ရင် ဆူနေတာပဲ။ ကဲ .. ကဲ မလေးသိမ်းပြီး အားလုံးဆေးပေးပါ့မယ်။ အစောတည်းက မလေးစဉ်းစားထား ပါတယ်။ ဒါပေမယ့် မောင်မောင်က ယောက်ျားလေးမို့ တစ်ယောက်တည်းနေတဲ့ အိမ်ကို မလေးတောင်းဆိုဖို့ မရဲလေ"

လွန်စွာချစ်ဖွယ်ကောင်းလှသော ချစ်ပန်းဖြူ၏စကားကြောင့် သူတို့သုံးဦးအနေချောင်သွားကာ လူကြီးအကြိုက်လိုက်လုပ်ပေးရသော အဆူခံကလေးများကဲ့သို့ ရှုပ်ပွနေသည်များကို လိုက်သိမ်းပေးရင်းက

"အေးလေ၊ ဒို့ကလဲ ဟုတ်ပါရဲ့"

"မောင်မောင့်မှာ ဇီဇာကြောင်တတ်တဲ့ ကြီးဒေါ်အပျိုကြီး ရှိနေတာကို ဘာလို့စောစောကမပြောတာလဲ"

"မဟုတ်ပါဘူး။ အဲဒီကြီးဒေါ်က ဟိုဘက်လမ်းမှာနေတာ။ ဒီလိုပဲ ခဏခဏဂျိုကျောင်လာလုပ်တယ်။ ကြီးငယ်က ဒီလိုမဟုတ်ဘူး"

အားနာဟန်ဖြင့် ဖာဖာထေးထေးလေးပြောလိုက်၏။ သို့ရာတွင် သုံးနာရီခွဲပြီးလျှင် ကြီးငယ်ရောက်လာပြီး ဒီနေ့ညနေအဖို့ သူ့အိမ်မှာညီအစ်မနှစ်ယောက်လုံး ချက်ပြုတ်စားသောက်ပြီး သူ့လက်ထပ်ဖို့ သတို့သမီးလောင်းရွေးချယ်ရေး ကိစ္စကို ပြောကြ





ဦးမည်ဖြစ်သည်။

မနက်ဖြန်တွင်ခင်မောင်သန်း၏ လက်ထပ်ပွဲမို့ ဒီနေ့ညတွင် ခင်မောင်သန်းအိမ်မှာ အပေါင်းအသင်းများ တွေ့ဆုံကြမည်။ မနက်ဖြန် ခင်မောင်သန်းအိမ်မှာ ဧည့်ခံပွဲလုပ်ပြီး နောက်တစ်နေ့မှာ မင်္ဂလာဆွမ်းကျွေးမည်။

ထို့ကြောင့် သူသည် နှစ်ညဆက်တိုက် အိမ်မှခွာကာ ဝေးဝေးရှောင်ရန် စိတ်ကူးလိုက်၏။

"သား ဧည့်သည့်တွေပြန်သွားရင် ကြီးမဆီကိုလာဦး"

ကြီးမက သူတို့ပြန်မပြန်လှေကားဝမှရပ်ကြည့်လိုက်၏။ မိန်းကလေး သုံးဦးက ဧည့်ခန်းကိုရှင်းလင်းပေးနေသည်ကို တွေ့ရ၍ ဆိုးဆိုးဝါးဝါးမပြောတော့ဘဲ လေသံမာနှင့် ဧည့်သည်များကို ပြန်စေချင်သည့်အမူအရာပြနေတတ်၏။

"ဟော့ ... မောင်မောင်ရေ။ ဒို့ကိုနှင်နေပြီဟေ့"

ဝါနုက လေသံတိုးနှင့်ပြောလိုက်သည်။

"မောင်မောင်က မလေးတို့ကိုပြန်ပို့ရမှာပဲ။ သွားခွင့်တောင်းလိုက်လေ"

"ဟင့်အင်း ... အဲဒါဆိုရင် ပြန်ရတော့မှာမဟုတ်ဘူး။

နောက်မှဖုန်းဆက်မယ်။ ကဲ လစ်ကြစို့"

သူက ဦးဆောင်၍ ထွက်လာလိုက်သည်။ ထုံးစံအတိုင်း ချစ်ပန်းဖြူက သူ့နံဘေးမှာနေရာယူလိုက်၏။

ချစ်ပန်းဖြူသည် ရောက်ကတည်းက ဘယ်သွားသွား သူ့နံ မှာနေရာယူလျက်ရှိသည်။

"ဟိ ... မောင်မောင့် ကြီးဒေါ်ကြီး ဘာအော်နေမှန်းမသိ တော့ဘူး။ အဲ ... ဒေါ်တွေပွလို့ဟေ့"

"ဟုတ်ပါရဲ့။ မောင်မောင်တော့ အိမ်ပြန်ရင် တုတ်နဲ့အရိုက်ခံရ တော့မယ်ထင်တယ်"

"ကြိုသိနေလို့ မပြန်တော့ဘူး ဝါနရေ"

"ဒါဖြင့် ဘယ်သွားတော့မှာလဲ"

"ချစ်ပန်းဖြူနောက်ပဲ လိုက်တော့မယ်"

"ဘုရားရေ"

ကြီးမကြီးသည် သူ့အားမကြည်ဖြူနိုင်သော မိန်းကလေး များနှင့် တွဲရမည်လားဆိုပြီး ဆူဦးမည်။ အထူးသဖြင့် ထိုမိန်းကလေး များတွင် ပြုံးပြက်လင်းလက်သော စိန်ရွှေရတနာ မဆင်မြန်းထား သောကြောင့် ပို၍မကြည်ဖြူနိုင်ဖြစ်နေတော့မည်။ ထို့ကြောင့်





သူသဘောပေါက်ပတ်စ်ပို့မရသေးမီ ချစ်ပန်းဖြူနောက်သို့ လိုက်နေရန် သို့မဟုတ် ဖခင်ရှိရာ သံတွဲသို့သွားရန် ဆုံးဖြတ်လိုက်သည်။

"ဒါဟာ မဖြစ်နိုင်ဘူး"

နှုတ်ဖျားမှ အလန့်တကြားရေရွတ်လိုက်သည်။ ခင်မောင်သန်း ၏ လူပျိုညအဖြစ် ဟိုတယ်တွင် စားသောက်ပျော်ပါးကြပြီး သူငယ်ချင်းအိမ်၌ အိပ်ရန်တာဆူနေစဉ် ညဆယ်နာရီကျော်ကျော် တွင် ဖုန်းရောက်လာ၏။

"မင်း အဖေပြန်ရောက်နေပြီ။ ပြန်လာခဲ့ဦး"

"ဟာ ... ကြီးငယ်ကလဲ ဖေဖေပြန်ရောက်လာတာနဲ့ ကျွန်တော်နဲ့ဘာဆိုင်လို့လဲ၊ သန်ဘက်ခါမှ ပြန်လာမယ်"

ဘီယာမူးမူးနှင့် အာလေးလျှာလေးပြောလိုက်စဉ် ကြီးငယ်၏ ပေါက်ကွဲလွင့်စဉ်သောအသံကြောင့် သူလန့်သွား၏။

"အောင်နေဦး မင်းသိပ်မူးနေရင် မမူးသေးတဲ့ တစ်ယောက် ကို နားထောင်ခိုင်း။ မင်းအနားမှာ မနက်ကပါလာတဲ့ စည်းကမ်း

ပျက်တဲ့မိန်းကလေးတွေရှိရင် နားထောင်ခိုင်းလိုက်”

“အာ ... ကြီးငယ်ကလဲ။ သား မမူးပါဘူး ပြောပါ”

“ဒီမှာ ... မင်းအဖေ မင်းတို့ပြန်သွားပြီး နှစ်နာရီမှာ ရောက်လာတယ်။ ပြီးတော့ ရေချိုးပြီး အိပ်ဦးမယ်။ ညက ကားစီးလာရတာ ပင်ပန်းတယ်ဆိုပြီး ဝင်သွားတာ ညနေခြောက်နာရီမှာ ထမင်းစားဖို့နှိုးလိုက်တော့ သေနေပြီ။ အခု အလောင်းကို ရေချဲတိုက်ပို့မလို့ မင်းကိုရှာနေရတာ။ နောက်နာရီဝက်ပဲ စောင့်မယ်”

ကြီးငယ်သည် ပျော်ပျော်နေတတ်သော်လည်း ဤကိစ္စသည် နောက်ပြောင်ပြောရမည့် ကိစ္စမဟုတ်သဖြင့် သူကြက်သေသေ၍ နားထောင်နေသည်။

ထို့နောက် စိတ်ကိုထိန်းလိုက်ရင်းက ပျော်ပါးနေကြသော မင်္ဂလာမောင်နှံတို့အား ဟန်မပျက်နှုတ်ဆက်ပြီး သူငယ်ချင်းတစ်ယောက်အား တီးတိုးအကြောင်းကြားကာ မယုံကြည်စွာ ထွက်လာခဲ့သည်။

အကယ်၍သာ သူ့အနားတွင် သူငယ်ချင်းတစ်ဦးဦးသာ မပါလျှင် မြင်ရသောအခြေအနေကို ယုံနိုင်လိမ့်မည်မထင်ပေ။ အိမ်ရှေ့တွင်ရပ်ထားသော အအေးတိုက်မှကားဖြူဖြူလုံးလုံးကြီး





က သူ့နှလုံးသွေးကို ရပ်တန့်သွားစေသည်။

မေမေက နှလုံးရောဂါ။

ဖေဖေက ဦးနှောက်သွေးကြောပြတ်သည့် သွေးတိုး။ မိဘ နှစ်ပါး၏နောက်ဆုံးမျက်စိပိတ်သည့်အချိန်တွင် တစ်ဦးတည်းသော သားဖြစ်သည့် မိမိ မရှိခဲ့ပေ။

အဝတ်ဖြူဖုံးထားသည့် ဖခင်ကို အအေးတိုက်သို့ပို့ရန် တစ်ဦး တည်းသော သားကို စောင့်ဆိုင်းနေကြသည်။

အေးစက်မာကျောသော အခေါင်နှစ်ဦးနှင့် ဆွေမျိုးများ၏ ကြည့်က မိမိအား ဆီးကြိုနေ၏။

ဖခင် ရုတ်တရက်သေဆုံးနေသည့်အချိန်တွင် သားက သူငယ်ချင်းများနှင့် မူးယစ်သောက်စားပျော်ပါးနေသည်ဟု အများ ကဲ့ရဲ့အပြစ်တင်လောက်အောင် သူတစ်ကိုယ်လုံးက သေရည် တသင်းသင်းဖြင့်။

“ဖေဖေ ... ဒါဟာ တကယ်ပဲလား။ ဖေဖေနောက်နေတာ လား။ အမြဲ ပျော်ပျော်ပါးပါးနေတတ်တဲ့ ဖေဖေဟာ သားကို ကျိစယ်နေတာလား”

မျက်လွှာချလျက် ငြိမ်းချမ်းနေသော ဖခင်ကိုကြည့်ကာ သူ

သိန်းမင်း စာပေ

ယူကျုံးမရဖြစ်လျက် ဘာလုပ်ရမှန်းမသိ။ အူကြောင်ကြောင်ဖြစ်နေ၏။

"ကဲ ကြည့်ပြီးရင် ကန်တော့လိုက်တော့၊ သန်းခေါင်ဆိုရင် အပြင်မထုတ်ရတော့ဘူး"

တစ်ဦးတစ်ယောက်က အမိန့်ပေးလိုက်သဖြင့် ရုပ်ခန္ဓာသာ ရှိသော ဖခင်ကို ကန်တော့လိုက်ရတော့သည်။

မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားလျက်ရှိသော သူ့မိသားစု သွေးသားအရင်းအချာထဲတွင် သူတစ်ယောက်တည်းသာ ကျန်တော့သည်။

ပို၍မယုံကြည်ဖွယ်ရာကောင်းသည်က ဖခင်၏ ရှုပ်ထွေးလျက်ရှိသော စာရင်းဇယားများနှင့် ကြီးဒေါ်များ၏ တောင်းဆိုမှုပင် ဖြစ်သည်။

"မင်း အိမ်ထောင်မပြုသေးဘူးလား"

"စိတ်မကူးသေးဘူး ကြီးငယ်"





"ဒါဆို မင်းအိမ်ကိုရောင်းချင်ရောင်း။ မရောင်းချင်ရင် အိမ်ငှား
တင်။ မင်းတစ်ယောက်တည်း လုပ်ချင်ရာမလုပ်ရဘူး။ ငါတို့နဲ့
လာနေရမယ်"

"ဟာ ... ဘာလို့လဲ"

"ဘာလို့ရမှာလဲကွ။ တောင်းမှာလဲအကွပ်နဲ့၊ လူမှာလဲ
အထိန်းအကွပ်နဲ့နေရမှာပဲ။ မင်းဘာသာမင်း ပရမ်းပတာနေချင်တိုင်း
နေလို့မရဘူး အောင်နေဦး၊ မင်းကို ငါတို့ငယ်ငယ်လေးကတည်းက
ထိန်းလာရတာ"

သူဘာမျှမပြောနိုင်တော့ဘဲ တိတ်ဆိတ်စွာနေလိုက်သည်။
ရင်ထဲမှာ ရုန်းကန်လှုပ်ရှားလျက် တင်းကျပ်စွာပိတ်လှောင်နေသလို
ခံစားရသည်။ ကြီးဒေါ်များနှင့်နေလျှင် ထမင်းအခွံ့ခံရမည်။ အချိန်
နှင့်အိပ်၊ အချိန်နှင့်စားရမည်။ အပြင်ထွက်တာကအစ ပိတ်ပင်
တားမြစ်ခြင်းခံရပေမည်။

"ကျွန်တော်ကလေးလေး မဟုတ်တော့ဘူး ကြီးမ။ ကျွန်တော်
အဖေ့အလုပ်တွေကို ဆက်လုပ်ရမယ်"

"မလုပ်နဲ့။ အဲဒီ့သံတွဲဘက်မှာ မင်းအဖေရဲ့စီးပွားရေးတွေ
ဘာမှမအောင်မြင်ခဲ့ဘူး။ အဲဒါတွေကို ဖျက်ဆီးလိုက်တော့။ ရှယ်ယာ

ဝင်ထားရင် ပြန်အမ်းလိုက်။ သားလုပ်ချင်ရင် ကြီးမတို့ရဲ့ ဘိုးဘွား အမွေဖြစ်တဲ့ ထားဝယ်က သင်္ဘောတွေကို ပြန်ပြုပြင်ပြီး လုပ်တော့ ကွယ်။ ကြီးမတို့လဲ ဝိုင်းလုပ်ရတာပေါ့”

သူ ခေါင်းတစ်ခုလုံး ကြီးသွားကာ ဆံပင်များ ထောင်သွား သည်ဟု ထင်လိုက်မိတော့သည်။

“ဘိုးဘွားအမွေဆိုတာ မပျောက်ပျက်အောင် ထိန်းသိမ်း ရတယ် သားရဲ့။ သား တစ်ယောက်တည်းဆိုတာ လုပ်ငန်း မကျွမ်း ကျင်ဘဲ အသက်ငယ်ငယ်နဲ့ သူများလှည့်စားတာခံနေရလိမ့်မယ်။ ခု ကြီးမကြီးရှိနေတာပဲ။ ကြီးမတို့ အလုပ်ကို ကြီးမက နားလည်ပြီး သားပါ။ သားက လူငယ်ပီပီ လှုပ်ရှားဖို့ပဲလိုတာပါ။ ကျန်တာကြီးမ တို့က ကိုင်တွယ်ပေးမှာပါ”

ကြီးမသည် သူ့အား အထက်တန်းကျောင်းသားတစ်ဦးကဲ့ သို့ပင် စိုးရိမ်စိတ်မချဖြစ်နေဆဲ ဖြစ်သည်။

သူ့အား သုံးလေးနှစ် ကမ္ဘာပတ်ကာ နိုင်ငံအနှံ့သွားခဲ့သူ အနေနှင့် မမြင်တော့ပေ။

သူဘာမျှ မပြောသာတော့ပေ။

သို့သော် သူ့ရင်ထဲမှာ ဆုံးဖြတ်ချက်ချလိုက်တော့သည်။





ဖေဖေ့အလုပ်ကိုဆက်လုပ်မည်။

ကြီးမကြီးတို့၏ ပျက်ယွင်းနေသော သင်္ဘောကို ပြုပြင်၍ က်မလုပ်နိုင်တော့ပေ။

ကြီးမကြီးတို့သည် ရက်လည်ဆွမ်းကျွေးပြီးသည်နှင့် သူ့အား လေးသဖွယ်ခေါ် သွားရန် ဆုံးဖြတ်ကြတော့သည်။ သူသည် မိဘမဲ့ လေးပီပီ အားငယ်စွာလိုက်သွားရမှာလား။

သူ ... ဘာမျှမပြောလိုတော့ဘဲ ခင်မောင်သန်းတို့ ဇနီးမောင်နှံ ၏ ဟန်းနီးမွန်းခရီးနှင့်လိုက်သွားရန်အတွက် ကျိတ်၍စီစဉ်ထား ိုက်သည်။

“ကြီးမကြီးတို့ သွားနှင့်ပါ၊ ကျွန်တော်သိမ်းစရာရှိတာ ိမ်းလိုက်ဦးမယ်။ ဖေဖေ့စာရင်းဇယားတွေကို ယူရဦးမယ်။ ညနေ ပြီရင် သားထမင်းစားမယ်နော်။ ခြောက်နာရီအရောက်လာမယ် ြီးမကြီးစောင့်နေ”

အယုံသွင်းလျက် ဖခင်၏စာရင်းဇယားများကို ယူကာ ကြီးဒေါ် ်ယောက်ထွက်သွားသည်နှင့် သူ့အိမ်ကိုသော့ခတ်ကာ သူကား ိမောင်း၍ ထွက်လာလိုက်၏။ မနက်ဖြန်မနက်တွင် ခင်မောင်သန်း ၏ ဟန်းနီးမွန်းခရီးတွင် သူကားပါလိုက်ပါသွားပြီး ချစ်ပန်းဖြူနှင့်

ဝါနီတို့ပါ ပါကြမည်ဖြစ်သည်။

ကြီးမကြီးတို့သည် သူအား ညအထိထမင်းစားစောင့်ပြ
တယ်လီဖုန်းဆက်၍မရသောအခါ လူလွှတ်ကာလာကြည့်ခိုင်းတေ
မည်။ ထိုအခါတွင် ခြံတံခါးဝက အာမခံသော့နှင့်သာ ဆီးကြို
လိမ့်မည်။

ကြီးမကြီးတို့အိမ်လိပ်စာနှင့် ထည့်ထားသောစာကို ရလျှ
ကြီးမကြီးနှင့် ကြီးငယ်တို့က အဖေတူသာ ဟူ၍ သူအား အပြစ်တ
ကြလိမ့်မည်ဖြစ်ပေသည်။

"ကြီးမကြီးတို့ ထားဝယ်က အလုပ်တွေကိုသားမလုပ်နိုင
တော့ဘူး။ သဘော်အပျက်တွေကို လေလံတင်ပြီးသာ အပျက်အစီ
စျေးနဲ့ရောင်းလိုက်ပါ။ သား ဖေဖေ့အလုပ်ကိုပဲ ဆက်လုပ်ပါမယ်။
ဖေဖေက သူ့အလုပ်တွေကိုအကုန်ပြောပြထားပြီးပါပြီ။ သား သံတွဲကို
သွားပါပြီ။ သားကို ခွင့်လွှတ်ပေးပါ"

သူသည် ဖခင်၏ စာရင်းဇယားများကို ယူကာ စမ်းတဝါးဝါး
နှင့် ခြေရာကောက်ရမည်ဖြစ်သည်။

ဖခင်အား ငွေထုတ်ချေးသည့် သူ၊ ရှယ်ယာရှင်ကို ဘယ်သူမှန်း





မသိပေ။

"မောင်မောင်က တကယ်ပဲ သံတွဲမှာ ဖောက်ချပြီး လုပ်မလို့
လား"

"အခြေအနေအရပဲ မလေးရယ်။ ဖေဖေ့မှာ အကြွေးတွေ
ရှိနေတယ်။ အဲဒါတွေက မရှင်းလင်းသေးဘူး။ ဖေဖေ့အကြွေးရှင်
ဆိုတာ ဘယ်သူမှန်းမသိသေးဘူး။ ဖြစ်နိုင်ရင်တော့လေ အကြွေး
တွေအားလုံးကိုဆပ်လိုက်ချင်တယ်။ ကျွန်တော်သူများအကြွေးကို
ကြာကြာမထားချင်ဘူး"

"အမောင့်အဖေက ကိုယ်တိုင်ဝင်လုပ်နေတာ မဟုတ်လား။
အမောင်လဲ ဝင်လုပ်ပေါ့။ လုပ်ရင်းနဲ့ ဆပ်သွားရင် ကြေသွားတာ
ပဲ"

"ကျွန်တော်က အဲဒီလိုကို လက်မခံချင်တာ။ သူများက
ကြိုး တွေနဲ့ တုပ်နှောင်ထားတာကို မလိုချင်ဘူး။ အိမ်ဖြစ်ဖြစ်ရောင်း
ပြီး ကြွေးဆပ်သွားချင်တယ်။ ပြီးရင် သဘော်ပြန်ထွက်ပြီး
ကျွန်တော့်ဘာသာ ကျွန်တော်တစ်ကိုယ်တည်း ရွက်လွှင့်သွား
ချင်တယ်ဗျာ"

"မောင်မောင့်အဖေက ကြွေးရှင်ဘယ်သူလဲဆိုတာ ပြောသွား

သေးလား”

“ဟင့်အင်း မပြောဘူး။ ပြောပြဖို့စာရင်းဇယားတွေ စာရွက်စာတမ်းတွေပြတယ်။ ကျွန်တော်က လုံးဝမကြည့်ဘူး။ ကြွေးရှိတယ်ဆိုတာနဲ့ ဆပ်ဖို့ပဲကြိုးစားမယ်လို့ဆုံးဖြတ်လိုက်တယ်။ ဖေဖေသေတဲ့အထိ ကြွေးပါသွားတာကို ကျွန်တော့်ရင်ထဲမှာ မကောင်းဘူး။ အဲဒီ့ အကြွေးကို ကျွန်တော်ဆပ်ပေးရမယ် မလေး”

ချစ်ပန်းဖြူက သူ့စကားကို တွေတွေလေး ငေးကြည့်ရင်းစဉ်းစားနေသည်။

သူတို့နှစ်ဦးသည် မနက်စောစောခရီးသွားရမည်ဖြစ်ပြီး စောစောအိပ်ရာဝင်ရမည်ဖြစ်သော်လည်း အိမ်မရသေးဘဲ စကားပြောရင်းက တဖြည်းဖြည်းညဥ့်နက်သွား၏။

“မလေးကို ရှင်းရှင်းပဲ ဖွင့်ပြောထားမယ် မလေး။ ဖေဖေ့အကြွေးရှင်က အမျိုးသမီးပဲ”

“အမျိုးသမီး”

“ဟုတ်တယ်။ ဘယ်ကလဲမသိဘူး။ သိရင်တော့ မြန်မြန်ဆပ်ပြီး နိုင်ငံခြားပြန်ထွက်မယ်။ ကြီးမကြီးတို့ကတော့ မေမေသေရတာအဲဒီ အမျိုးသမီးကြောင့်တဲ့။ ဖေဖေနဲ့အဲဒီ့အမျိုးသမီးက မကင်းဘူး





တဲ့လေ”

“ဟယ် ... မဟုတ်တာ”

ချစ်ပန်းဖြူက အံ့အားသင့်သွားဟန်ဖြင့် အလန့်တကြားအော်လိုက်၏။

“မသိဘူး။ ကိုယ်ကအဝေးမှာနေတာဆိုတော့ လူကြီးတွေကိစ္စကိုမသိဘူး။ ဒါပေမယ့် ဟိုတစ်ခေါက် ကိုယ်ပြန်လာတုန်းကတော့ မေမေ့မျက်နှာလန်းဆန်းမနေတာရယ်၊ ဖေဖေအိမ်ပြန်မလာတာရယ်ကိုတော့ သတိထားမိတယ်။ မေမေ့မှာ နှလုံးရောဂါရှိလို့စိတ်ချမ်းသာအောင်ထားနေရတာ။ မေမေ့မှာ စိတ်ထိခိုက်စရာရှိလို့ ရုတ်တရက်ဆုံးသွားရတာပဲ”

ချစ်ပန်းဖြူက ခေါင်းကိုလေးတွဲ့စွာ ခါယမ်းလိုက်ရင်းက

“မောင်မောင်ရယ် ... မောင်မောင့်ဖေဖေဟာ ဆုံးသွားတာမကြာသေးဘူး။ ဘာကိုမှ ကျိုးကြောင်းမသိသေးဘဲနဲ့ ကိုယ့်အဖေပေါ်မှာ သံသယဝင်သွားတာ ငရဲကြီးပါတယ်။ နောက် ဒီအကြောင်းတွေကို မတွေးဘဲနဲ့ထားထားလိုက်ပါတော့နော်။ ပေလီမှာ စိတ်အေးလက်အေးနေပြီး လေးငါးဆယ်ရက်လောက် နားပြီးမှ အလုပ်ကိစ္စကို

စဉ်းစားပါနော်။ မောင့်မောင့်ကို မလေးက ဝိုင်းကူမှာပေါ့။ မောင်မော
စိတ်တွေကြည်လင်ပြီး အေးချမ်းသွားဖို့အရေးကြီးပါတယ်။ စိတ်ရှု
နေတုန်းသာ မဆုံးဖြတ်ပါနဲ့ဦး။ အမှားတွေ့လိမ့်မယ်။ ကဲ မောင်မော
အိပ်လိုက်တော့နော်။ ဆယ့်တစ်နာရီတောင်ထိုးခါနီးပြီ။ မနက်
လေးနာရီ ထသွားရမှာပဲ”

ချစ်ပန်းဖြူ၏ အားပေးသံကြောင့် သူ့ရင်ထဲမှာ အလိုလို
အေးမြသွား၏။ ချစ်ပန်းဖြူသည် ထိုင်ရာမှ ထပြီး

“ကဲ ... ထလေ မောင်မောင်။ အိပ်တော့နော်။ အိပ်ပျော်အောင
အိပ်၊ စိတ်ထဲမှာ ဘာမှမတွေးဘဲ တစ်နှစ်သုံး လေးငါးခြောက်က
စပြီး ရေတွက်ပြီးအိပ်လိုက်နော်”

သူ ချစ်ပန်းဖြူကို မော့ကြည့်လိုက်မိသည်။ မိခင်ကို သတိရ
တုမ်းတကာ ချစ်ပန်းဖြူအပေါ် ယုံကြည်အားကိုးစိတ်ဝင်သွားပြီး
မြတ်မြတ်နိုးနိုးလေးကြည့်လိုက်သည်။

ဘဝမှာ မိခင်နှင့်တူသော မိန်းမတစ်ယောက်ကိုရလိုက်လျှင်
အေးချမ်းသာယာစွာဖြင့် နေနိုင်လိမ့်မည်ဟု ယုံကြည်မိသည်။

“ထလေ မောင်မောင်”





ချစ်ပန်းဖြူက သူ၏ အားငယ်သောမျက်လုံးအရိပ်ကို
ကြည့်ကာ လက်ကမ်းပေးလိုက်သည်။

သူ ကျေနပ်စွာဖြင့် လက်ကိုလှမ်းယူလိုက်သည်။

* * *

ချစ်ပန်းဖြူနှင့်အတူ ငပလီကိုလိုက်လာပြီး ဘန်ဂလိုတွင်
ကည်း၏။ ချစ်ပန်းဖြူက ခင်မောင်သန်းတို့စုံတွဲအား ထမင်းလာ
၍ သူတို့နှင့်အတူ စားကြသည်။

သူ၏စိတ်ထဲတွင် တစ်ခါတစ်ရံ၌ မိဘနှစ်ပါးလုံး ရုတ်တရက်
ွယ်လွန်သွားသည့်အတွက် မယုံကြည်နိုင်အောင်ဖြစ်နေမိသည်
တစ်ခါတစ်ရံတွင် မိဘမဲ့၍ တစ်ဦးတည်းနေရခြင်းအတွက်ကို အားငယ်
သလိုခံစားမိ၏။

ထိုသို့ခံစားမိသည့်အခါတိုင်းတွင် မလေးကို အနားတွင်
ားကာ အားကိုးတကြီးနှင့်တွယ်တာနေမိသည်။

“မင်းနဲ့ ချစ်ပန်းဖြူက ဘယ်လိုလဲ အောင်နေဦး”

“ဘာကိုလဲ”

ခင်မောင်သန်းက ပြုံးစိစိနှင့် ဘန်ဂလိုနောက်ဘက်တွင် ထမင်းပွဲပြင်နေသော မိန်းကလေးနှစ်ယောက်အား မေးငေါ့ပြပြီး

"မင်း မသိချင်ယောင်ဆောင်နေတာပဲ။ မင်းနဲ့ ချစ်ပန်းဖြူဟာ အစကတည်းက ရင်းနှီးပြီးသားဆို"

"အင်း ဆယ်ရက်နီးပါးလောက် ငပလီမှာ လာနေရင်းက ခင်သွားတာပါ"

"ကိုယ်နဲ့မာနဲ့တွေ့စကတည်းက သူတို့အုပ်စုနဲ့ခင်နေတာပဲ။ ဒီထဲမှာချစ်ပန်းဖြူက လူကြီးဆန်တယ်။ သိမ်မွေ့တယ်။ အေးချမ်းတယ်လေ။ သူ့ဘဝမှာအဘွားပဲရှိတာမို့ သူ့ကိုယ်သူ သိပ်ထိန်းသိမ်းတာပဲ"

"သူ့အဒေါ် မြဇဝါရော မလာဘူးလား"

"သူနဲ့ မြဇဝါနဲ့က သိပ်အစေးမကပ်သလိုပဲ။ မြဇဝါက သူ နောက်ဆုံးနှစ်ရောက်မှ နိုင်ငံခြားကနေ ပြန်လာတာ။ ပေါ့ပေါ့နေတတ်လို့ သူနဲ့က သိပ်မတွဲဖြစ်ဘူးလေ။ ဒါပေမယ့် ချစ်ပန်းဖြူက သူတို့လေးယောက်ထဲမှာ စံပြပဲ။ ငါကိုယ်တိုင်ကလည်း တိုင်ပင်စရာရှိရင် မာ့ကိုတိုင်ပင်တာထက် ချစ်ပန်းဖြူကို တိုင်ပင်တာက များတယ်။ အားကိုးအားထားပြုမိတာပေါ့လေ"





"ဟုတ်တယ်။ ချစ်ပန်းဖြူက လူတစ်ဖက်သားရဲ့ စိတ်ညစ်ညျုးမှုကို ပျောက်သွားအောင်ပြောတတ်တယ်။ ကြီးမကြီးကိုတောင် သူအောင်နိုင်သွားသေးတာပဲ"

ဖခင်ဆုံးသည့်နေ့ကို အမှတ်ရကာ ကြေကွဲစွာ ညည်းညူလိုက်မိသည်။ ထိုထဲက ကြီးမကြီး၏ မကျေနပ်မှုကို သူခံခဲ့ရသည်။ အကယ်၍များ ကြီးမကြီးမကျေနပ်သောအုပ်စုနှင့် လိုက်ပါသွားသည်ဟု သိလျှင် ဘယ်လောက်များ ဒေါသဖြစ်လိုက်မည်နည်း။

"ဒါကြောင့် မင်းရဲ့အထီးကျန်ဘဝအတွက် မလေးကို အားကိုးသင့်တယ်လို့ ငါပြောချင်တယ် ငအောင်။ မင်းမလေးကို သဘောကျတယ် မဟုတ်လား"

သူရှက်ပြုံးနှင့် ဝန်ခံလိုက်သည်။

"မလေးကို ချစ်ပါတယ်။ ဒါပေမယ့် လက်ထပ်ဖို့က နှစ်နှစ်လောက်ဆိုင်းထားရဦးမယ်"

"ဘာ့လို့လဲကွ"

"ဖေဖေက ဒီသံတွဲမှာ စီးပွားရေးလုပ်ထားတာ အကြွေးတွေနဲ့လေ။ အဲဒီအကြွေးတွေအတွက်ကို ငါဆပ်ပေးရဦးမယ်။ ဒါကြောင့် ငါ့ဘာသာငါ တိုက်ရောင်းချင်ရောင်းမယ်။ ကားရောင်းချင်ရောင်းမယ်။ ဒီအကြွေးတွေကျေအောင်ဆပ်ဖို့ ငါ့ဘာသာငါဖြစ်သလို

နေထိုင်စားသောက်ရမယ်လေကွာ။ ဒီအတွက်ကို ဘယ်သူမှ ငါ့နားမှာ အဆင်းရဲမခံစေချင်ဘူး”

သူ့စကားကြောင့် ခင်မောင်သန်းက ပြုံးလိုက်သည်။ ပင်လယ်ပြင်ကြီးကို လှမ်းကြည့်ရင်းက

“မင်းက သိပ်စိတ်ကူးယဉ်ဆန်တာပဲ။ ဘာဖြစ်လဲကွာ အေးအတူ ပူအမျှပေါ့။ ဘဝကိုတစ်ယောက်တည်းဒိုင်ခံ ဖြေရှင်းတာထက် တိုးတိုးဖော်လေးနဲ့ ဖြေရှင်းတာက ပိုကောင်းတာပေါ့။ အထူးသဖြင့် ချစ်ပန်းဖြူက လက်တွဲလို့သိပ်ကောင်းတဲ့ အဖော်ကောင်းကွာ”

“ဟော ... ကြည့်စမ်း။ အတင်းတွေပြောနေကြတယ်”

မြင့်မာလွင်က ငါးခြောက်ဆီဆမ်းကို သူတို့ထံယူလာရင်းက နားစွန်နားဖျားကြားကာ ပြောလိုက်သဖြင့် အောင်နေဦးမျက်နှာ ရဲသွားသည်။

“ဒီကောင်ကြီးကို မလေးနဲ့ အောင်သွယ်နေတာ”

“လိုသေးလို့လား။ မကြာခင်မှာ သူတို့နှစ်ယောက်ဟာ မင်္ဂလာစုံတွဲလေးဖြစ်ကြမှာပဲ။ မာ့အထင်တော့ ဒီသတင်းကျွတ်လို့တောင် ထင်နေတာ”





“ဟာ သေချာလှချည်လား မာရဲ့။ ဒါမျိုး ဒီကောင်ကြီးက ဒိုလိုလို၊ ဒီလိုလိုနဲ့”

“မေးကြည့်ပါလား။ ဟော ချစ်ပန်းဖြူလာပြီ။ ချစ်ပန်းဖြူရေ ဟုတ်တယ်မဟုတ်လား”

ချစ်ပန်းဖြူက ရေခူသုပ်ပန်းကန်ကို ယူလာကာ မြင့်မာလွင် အမေးကြောင့် ကြောင်အမ်းအမ်းလေးဖြစ်သွား၏။

“ဘာကိုလဲ”

“ဟုတ်တယ်လို့ပြောလိုက် မလေး”

သူက ပြုံးစိစိနှင့် ချစ်ပန်းဖြူအား လှမ်းပြောလိုက်သော အခါ ချစ်ပန်းဖြူကလည်း စာမှန်းမသိဘဲ နောက်ပြောင်ဟန်ဖြင့်

“ကဲ ... ဟုတ်တယ်”

“ဟာ ... ဒါဆို သီတင်းကျွတ်ပေါ့။ အတော်ပဲ တို့ကလဲ သီတင်းကျွတ်ပြီးမှ နိုင်ငံခြားပြန်ထွက်မှာဆိုတော့ မင်းတို့မင်္ဂလာ ပွဲပြီးမှ သွားတာပိုကောင်းတယ်ပေါ့”

“အို ... ဘာတွေပြောနေတာလဲ”

ထိုအခါမှ ချစ်ပန်းဖြူက နားလည်သွားဟန်ဖြင့် မြင့်မာလွင် အား မျက်စောင်းလေးဝေ့ကာ ရှက်စနိုးပြောလိုက်သောအခါ သူ့ရော

ခင်မောင်သန်းပါ ပြုံးလျက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိသည်။

"ကဲ သိပ်ပြီးတော့ မျှိုသိပ်ထားမနေနဲ့တော့။ ပွင့်ပွင့်လင်းလင်း ရှိတာက ပိုကောင်းပါတယ်ကွာ"

"အချိန်တန်တော့ပွင့်တာပေါ့ကွာ။ ဒါပေမယ့် ဆယ်ကျော် သက်လို စိတ်ကူးယဉ်ရမယ့်အရွယ်တွေမဟုတ်သေးတော့ ဘဝတစ်ခု တည်ဆောက်ဖို့ကို စီမံကိန်းနဲ့ချမှတ်ရေးဆွဲရမယ် မဟုတ်လား"

သူ့စကားကြောင့် ချစ်ပန်းဖြူက မျက်လွှာလေးပင့်ကြည့် ကာ နာနာကြည်းကြည်းလေး ပြောလိုက်၏။

"မောင်မောင့်စီမံကိန်းမှာ ပညာတတ်မိန်းမတစ်ယောက် ဖြစ်ဖို့ထက် ဂုဏ်ရှိတဲ့အသိုင်းအဝိုင်းကဖြစ်ဖို့၊ ငွေကြေးချမ်းသာ ဖို့ပါတယ် မဟုတ်လား"

"အဲဒါက ကြီးမတို့ စီမံကိန်းပါ"

သူက အလန့်တကြားငြင်းလိုက်သည်။ သို့ရာတွင် သူ့ရင်ထဲ ၌ ချစ်ပန်းဖြူအား ပညာတတ်ဘွဲ့ရဟု မသိခင်က သူ၏ဘဝခရီး ဖော်အဖြစ်လက်တွဲရန် ဝန်လေးသည့်စိတ်ရှိခဲ့သည်ကို မလုံမလဲ ဖြစ်မိသည်။





ဤသည်ကို အရာရာ၌ကြိုတင်ရိပ်မိနိုင်စွမ်းရှိသော ချစ်ပန်းဖြူ ာ ရိပ်မိထားခြင်းဖြစ်သည်။

"ဒါပေမယ့် တကယ်တမ်း ချစ်လာမိပြီဆိုရင် ပညာတွေ၊ ဏ်တွေ၊ ငွေတွေက အလကားပါပဲကွာ။ ဒီကောင်ကြီးအကြောင်း ိပါတယ်။ တော်ရုံမိန်းကလေးတွေကို စိတ်ဝင်စားခဲ့တယ်။ ့ဘာသာသူ မိသားစုအသိုင်းအဝိုင်းနဲ့ အေးအေးချမ်းချမ်းလေး နေခဲ့တာပဲ။ သူက ကြီးဒေါ်ကြီးတွေ သဲသဲလှုပ်နေတဲ့ကြားထဲမှာ ကလေးလိုနေနေတာ။ အမြဲတမ်း အဒေါ်တွေစကားကို မပယ်ရှား ဘူး။ အခုမှ ဆန့်ကျင်ပြီး ထွက်လာခဲ့တာဟာ သိပ်ထူးဆန်းတယ်။ အဲဒီတော့ သူ့ကို ကြီးဒေါ်တွေရဲ့ ရင်ခွင်ထဲက ခွဲထုတ်နိုင်တဲ့စွမ်းအား ှင်ဟာ တော်ရုံတန်ရုံဆွဲငင်အား ကောင်းတာမဟုတ်ဘူးနော် မာ"

"ဟုတ်တာပေါ့။ သိပ်မေတ္တာတရားကြီးမားတဲ့ စွမ်းအား ှင်ပဲ နေမှာပဲ"

မြင့်မာလွင်နှင့် ခင်မောင်သန်းက အတိုင်အဖောက်ညီညီ ပြောနေစဉ် သူက အုန်းရည်နှင့် ဘီယာရောနှောထားသော အရည်ကို ကျက်ရှက်နှင့်မော့သောက်ပြီး ငါးခြောက်ကို ကောက်ဝါးလိုက်၏။

"ကဲ ... မာရေ၊ ကိုယ်သောက်တာ သိပ်များသွားတယ်။ ထမင်းမစားနိုင်ပဲ နေဦးမယ်။ လမ်းနည်းနည်းလျှောက်ရအောင် ကဲ ... ကိုအောင်တို့ စကားပြောကြဦးနော်"

ခင်မောင်သန်းက မြင့်မာလွင်လက်ကိုဆွဲကာ ဘန်ဂလိုပေါ်မှ ဆင်းသွားသောအခါ သူနှင့်ချစ်ပန်းဖြူနှစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

သူ ချစ်ပန်းဖြူမျက်နှာကို မကြည့်ရဲပေ။ စောစောက ချစ်ပန်းဖြူ ပြောလိုက်သောစကားကြောင့် သူဘာသာသူ မလုံမလဲ ဖြစ်သွားမိ၏။

"မောင်မောင်စားလေ၊ ဒီငါးခြောက်က ငနီတူခေါ်တယ်။ လှော်ပြီးသုပ်ထားတာလေ။ ရန်ကုန်မှာတောင် အရောင်းရ သွက်နေတာ၊ နည်းနည်းတော့တက်တယ်။ နေ့လယ်ကျရင် မောင်မောင် တစ်ရေးတည်းအိပ်ကောင်းပေါ့"

ပင်လယ်ပြင်ထဲသို့ မကြာမီငုပ်လျှိုးဝင်ရောက်သွားတော့မည့် နေလုံးနီကြီးကို ကြည့်ကာ လွမ်းသလိုလိုခံစားမိသည်။

ချစ်ပန်းဖြူက စောစောက သူတို့ပြောထားသော စကားကို မေ့ပျောက်ကာ တခြားဘက်သို့လှည့်ပြောလိုက်၏။





"ဟိုမှာကြည့်စမ်း မောင်မောင်။ လှေလေးတွေ သိမ်းလာတာလေ၊ မလေးငယ်ငယ်တုန်းကဆိုရင် အဖေလှေသိမ်းလာရင် သိပ်ပျော်တာပဲ။ အဖေက မလေးကိုထမ်းပြီး ခေါ်လာတာလေ။ ညနေတိုင်း အဖေ့ကိုမျှော်နေရတာ၊ အဖေမလာမချင်း မလေးမပြန်ဘူး"

"မလေးက အမေနဲ့အတူတူ ဘယ်အရွယ်လောက်အထိ နေခဲ့တုန်းလဲ"

"ကိုးနှစ် ... ဟုတ်တယ်။ မလေးကိုးနှစ်အထိ နေခဲ့တယ်။ အဖေ လှေပျောက်ပြီးပြန်မလာတဲ့အထိ မလေးလေ ဒီကမ်းခြေမှာ တစ်လတိတိအိမ်မပြန်ဘဲ စောင့်နေခဲ့တာ"

"ဒီကမ်းခြေမှာ"

"ဟုတ်တယ်၊ အဲ့ဒီတုန်းက ဒီလိုပဲ ဘန်ဂလိုတွေမများ သေးဘူး။ ပုန်းညက်ပင်အောက်မှာ ငါးတဲလေးတွေပဲရှိတာ။ အဲ့ဒီ့ထဲမှာ မလေးထိုင်စောင့်နေတာ။ အမေရောပဲ၊ အဘောင်ကအတင်းချော့ခေါ်တာလေ။ တစ်လပြည့်လို့ အဖေမလာတော့ဘူးဆိုတာသိမှ မလေးတို့ အဘောင်နောက်ကို လိုက်ခဲ့တာ။ အဘောင်က အဖေ့ရဲ့လှေရှင်လေ"

သူသည် တအံ့တသြနှင့် ချစ်ပန်းဖြူအား ငေးကြည့်နေမိသည်။ ချစ်ပန်းဖြူ ဤမျှအထိဘဝတွင်ကြမ်းတမ်းစွာ ဖြတ်ကျော်ခဲ့

လိမ့်မည်ဟု မထင်မှတ်ခဲ့ပေ။

“မလေးကို သရော်တောက အဖေ့အမျိုးတွေကလာခေါ်ကြပေမယ့် မလေးမလိုက်တော့ဘူး။ အဖေနဲ့အမေခေါင်းချသွားတဲ့နေရာမှာပဲမလေးနေခဲ့တယ်။ အဖေဆုံးပြီး ဘာကြာလို့လဲ။ မေမေလဲဆုံးသွားတာ မောင်မောင့်လိုပဲပေါ့။ လူကြီးတွေပြော တော့ အဖေနဲ့အမေက သိပ်ချစ်တာတဲ့။ အမေက သံတွဲမြို့ပေါ်က။ အဖေက သရော်တောကတဲ့။ မိဘချင်းသဘောမတူလို့ ပေလီကို ခိုးလာပြီး လုပ်ကိုင်စားနေကြတာပေါ့။ မလေး ဘယ်အမျိုးတွေဆီကိုမှ မသွားဘဲ အဘောင်နဲ့ပဲနေခဲ့တာပေါ့”

“ဒါဖြင့် မလေးနဲ့အဘောင်နဲ့က ဘာမှ မတော်ဘူးပေါ့”

“ဟင့်အင်း ... မတော်ဘူး။ အဲဒီအချိန်တုန်းက အဘောင်နဲ့ လေးလေးဝါးနဲ့မတည့်ဘူး။ လေးလေးဝါး အဘောင့်ဆီက ထွက်သွားတော့ အဘောင်ကစိတ်နာပြီး မလေးကိုခေါ်မွေးစားလိုက်တာပေါ့”

“ဪ”

ထိုအခါမှ မြဇဝါနှင့်ချစ်ပန်းဖြူတို့၏ အေးစက်သော ဆက်ဆံရေးအခြေအနေကို နားလည်သွားမိသည်။ ချစ်ပန်းဖြူ၏ ဘဝကို သိသောအခါ မိမိထက်ဆိုးဝါးသောကြောင့် မလေးအပေါ်မှာ သနား





ကြင်နာစိတ်ဖြစ်မိပြီး။

“မလေး”

တိုးဖွဖွလေးခေါ်ကာ စားပွဲပေါ်မှာ ထောက်တင်ထားသော ချစ်ပန်းဖြူ၏ လက်ဖဝါးနုနုလေးကို ဆုပ်ကိုင်ထားလိုက်မိသည်။

“မောင်မောင်က စိတ်အားငယ်နေသလားလို့ မလေးဘဝကို ပြောပြပြီး အားပေးမိတာပါ မောင်မောင်။ မလေးကို သနားအောင်လို့ပြောတာမဟုတ်ဘူးနော်။ မောင်မောင့်ထက်ဆိုးဝါးတဲ့လူတွေ အများကြီးရှိသေးတယ်ဆိုတာကို မောင်မောင်သိထားရင် ဖြေသာအောင်လို့ပါ”

ချစ်ပန်းဖြူက သူ့လက်လေးကို ပြန်ရုန်းလိုက်ရင်း မဲ့ပြုံးပြုံးလေးနှင့်ပြောလိုက်၏။

“ဘာတတ်နိုင်မလဲ မောင်မောင်ရယ်။ ကံတရားဆိုတာကို ဘယ်လိုမှ လူတွေကပြောင်းလွဲပစ်လို့မရဘူးလေ။ ဆင်းရဲချမ်းသာ လူတန်းစားမရွေးဟာ သေခြင်းတရားကိုမလွှဲမရှောင်သာဘဲ ရင်ဆိုင်နေရမှာပဲနော်။ ကဲ ... မောင်မောင်၊ စကားပြောနေရင်းက နေတောင်ဝင်သွားပြီ။ ကြည့်စမ်းပါဦး ရေပြာပြာနဲ့ နေလုံးနီရောသွားတော့ ပင်လယ်ကြီးက ခရမ်းရောင်ဖြစ်သွားတယ်နော်”

ချစ်ပန်းဖြူက သိသိသာသာစကားလွှဲရင်းက လှမ်းပြလိုက်
သည်။

နေဝင်သွားသော်လည်း လင်းလက်ဆဲရှိသော ဆည်းဆာရိပ်
အောက်တွင် ငှက်လေးများ အိပ်တန်းပျံလျက်ရှိကြသေးသည်။

သူတို့စကားပြောနေကြသော ဘန်ဂလို၏နံဘေး ပုန်းညက်
ပင်ပေါ်မှ အိပ်ရာဝင်တွတ်တီးတွတ်တာနှင့် စကားများလျက်ရှိ
သော ငှက်လေးများအသံကို နားစွင့်ရင်းက

ဖခင်လှေအပြန်တွင် ပခုံးထက်မှလိုက်ပါလျက်ရှိသော
ချစ်ပန်းဖြူ၏ ကလေးဘဝကို သူတွေးကြည့်မိသည်။

ဖခင်ပြန်မလာသည့် ညနေချိန်မှာ စကားမဆိုနိုင်ဘဲ နေဝင်
သည်ကိုငေးမျှော်ပြီး ဖခင်အားစောင့်ဆိုင်းနေရှာသည့် ကလေး
တစ်ယောက်အား မြင်ကြည့်မိသည်။

“ဖြစ်ရလေ မလေးရယ်”

"ဒါကြောင့် လေးလေးဝါက ပြောတာပေါ့ကွယ်။ ဒီနေ့





သတင်းစာကို နောက်နေ့မှဖတ်ရတယ်လေ။ အရာရာကို နောက်ကျ
သိရလို့ ရန်ကုန်ကိုပြောင်းပါ။ လေးလေးဝါ တာဝန်ယူပါ့မယ်
ဆိုတာ မပြောင်းချင်ကြဘူးလေ။ ဒီဇာတိပင်လယ်ကမ်းခြေကိုပဲ
ကက်တွယ်နေကြတာ”

မြဇဝါက မကျေမနပ်နှင့်ရေရွတ်ပြောနေသည်ကို ချစ်ပန်းဖြူ
က မကြားဟန်ဆောင်ကာ တစ်ဘက်သို့ လှည့်ငေးနေ၏။

“အပုလေး အဖေဆုံးတာကို သတင်းစာထဲတွေ့လိုက်ရတာ
နောက်နေ့လေယာဉ်ပတ်က မရှိတော့ ဘယ်လိုမှမတတ်နိုင်တော့
ဘူးလေ။ တကယ်လို့ သတင်းစာက တစ်ရက်နောက်မကျရင်
လေးလေးဝါ လာနိုင်တာပေါ့”

“ရပါတယ် လေးလေးဝါ။ ပြီးသွားခဲ့ပြီပဲ။ မလေးတို့လဲ
ရန်ကုန်မှာရှိနေတော့ အဆင်ပြေပါတယ်။ ခင်မောင်သန်းတို့ ဇနီး
မောင်နှံတောင်မှ လက်ထပ်ပြီး လွတ်လွတ်လပ်လပ်မပျော်နိုင်ရှာ
ဘူး။ ကျွန်တော့်ကံကိုက ပျော်ပျော်ရွှင်ရွှင်နေရမယ့် ကံမပါဘူး
ထင်ပါတယ်”

“ဒီလိုပဲပေါ့ အပုလေးရယ်။ မိစုံဘစုံနဲ့နေရတဲ့သူတွေက
ကုသိုလ်ကံထူးတာပေါ့နော်။ မလေးနဲ့ အပုလေးနဲ့က ကံတူအကျိုးပေး

ဖြစ်နေတယ်ထင်ပါရဲ့။ မလေးလဲ ဒီလိုပဲအဖေနဲ့အမေနဲ့ ရှေ့ဆ
နောက်ဆင့်ဆုံးသွားတာပဲလေ။ ဒါပေမယ့် မောင်မောင်က မိစုံဘ
အနှစ်အစိတ်လောက်နေသွားရတယ်။ သိပ်ကုသိုလ်ကံကော
တာပေါ့ကွယ်"

မြဇဝါသည် လူကြီးတစ်ယောက်ပီပီ အားပေးဖြေသိမ့်လျ
ရှိသည်ကို ချစ်ပန်းဖြူမျက်နှာလွှဲထားလိုက်သည်။ အောင်နေ
နှင့် မြဇဝါတို့စကားလက်စုံကျနေစဉ် ချစ်ပန်းဖြူက အဝေး
လှိုင်းခေါင်းလေးများ၏ ပြေးလာနေသောဟန်ကို ငေးကြည့်နေသည်

"အဘောင်တို့လို အဘွားကြီးတွေက ဓာတိကိုခင်တွ
နေတယ်ပဲထားတော့။ မလေးတို့လို လူငယ်တွေက ဓာတိကိုမ
နိုင်တာကို လေးလေးဝါ သိပ်အံ့ဩတာပဲ။ လေးလေးဝါ အဖေ
ဒီပင်လယ်မှာသေဆုံးခဲ့တာပဲလေ။ ဒီသေခြင်းတရားကို နားလည
ထားရင် ဘာတစ်ခုမှတွယ်တာစရာ မရှိပါဘူးကွယ်။ လူဆိုတ
မွေးပြီးရင်သေရမှာပဲ"

"လေးလေးဝါက တရားတွေသိပ်ရနေပါလား။ တော်ကြ
ကတုံးတုံးပြီး သာသနာ့ဘောင်ထဲကို ဝင်တော့မယ်ထင်တယ်နော်

ချစ်ပန်းဖြူက သူတို့နားမှ မယောင်မလည်ထထွက်သွ





လေသည်။ သူက ချစ်ပန်းဖြူကိုလှမ်းခေါ်မည်ပြုသော်လည်း
နောက်ကျသွားလေပြီ။ ချစ်ပန်းဖြူက ဘန်ဂလိုပေါ်မှဆင်းကာ
ဘေးသို့ချိုးကွေ့သွားလေ၏။

"မောင်မောင့်အဖေက ဘာပြောလိုက်လဲ"

"ဟုတ်တယ်။ ဖေဖေက ဒီသံတွဲမှာ လာလုပ်နေတာပါ။
ကျွန်တော်က ဖေဖေ့အလုပ်တွေကို ဘာမှမသိဘူး လေးလေးဝါ။
ရှုပ်ထွေးနေတဲ့စာရင်းဇယားတွေပဲ ရှိတော့တာ။ ဒါကို ကျွန်တော်
နားလည်အောင်လို့ မနည်းကြိုးစားရဦးမယ်"

"အပုလေးက စာရင်းဇယားတွေနားမလည်ရင် လေးလေးဝါ
ပြပါ့မယ်။ လေးလေးဝါက ကော်မာရှယ်ကျောင်းဆင်းလေ။ အခု
အဲဒီလက်မှတ်နဲ့ပဲ လုပ်စားနေရတာ။ ကုမ္ပဏီစာရင်းတွေကို ရှင်းနေ
ရတာပေါ့"

"ဟုတ်လား။ ဒါဖြင့် ဟန်ကျတာပဲ။ မနက်ဖြန်ကျရင်
ကျွန်တော့်ကိုရှင်းပေးပါလား။ လေးလေးဆီကို ကျွန်တော်လာမယ်
လေ"

"လေးလေး ဒီကိုလာပါ့မယ်"

"မလာပါနဲ့လေးလေးရယ်။ ကျွန်တော်ကလိုချင်တဲ့သူဆိုတေ
လေးလေးဆီလာပါ့မယ်"

မြဇဝါက ဘာမျှမပြောတော့ဘဲ သူ့အား ပြုံးကြည့်နေသေ
အခါ သူ့ရင်ထဲမှာ အလိုလိုအေးစိမ့်သွား၏။

မြဇဝါ၏အကြည့်သည် သာမန်အကြည့်များနှင့်မတူဘဲ
သူ့ရင်ထဲအသည်းထဲသို့ စီးဝင်သွားအောင် ခံစားလိုက်ရ၏။ ဤကဲ့သို့
မဖြစ်ပေါ်ခဲ့ဖူးသော ခံစားချက်အတွက်ကို အမျိုးအမည်မဖော်ပြ
နိုင်ပေ။

"ကိုအောင်ရေ ... ချစ်ပန်းဖြူရော"

"ဟောဝါန ... လာလေ၊ အခုပဲထွက်သွားတယ်။ ဘယ်သွား
လဲတော့မသိဘူး"

"လေးလေးဝါပါလား။ ဘယ်တုန်းကရောက်လဲ"

"ကြာပြီ။ လာလေ ဝါန"

ဝါနက မြဇဝါအား နှုတ်ဆက်ပြီး ဟိုဟိုဒီဒီကြည့်ကာ

"နေပါစေ။ မလေးနောက်ပဲလိုက်သွားတော့မယ်"

"အေး ... အေး ဝါနရေ၊ အိမ်မှာတွေ့ရင် ဘယ်မှမသွားစေ
နဲ့ဦး။ လေးလေးလာမယ်လို့ ပြောလိုက်နော်"





"ဟုတ်ကဲ့"

ဝါနအသံသာကြားပြီး လူကပျောက်ကွယ်သွား၏။ ခန္ဓာ
ကိုယ်သေးသေးသွယ်သွယ်နှင့် အလွန်စိတ်မြန်သော အမျိုးသမီး
ဖြစ်သည်ဟု မှတ်ချက်ချလိုက်မိသည်။

"အပုလေးနဲ့ ချစ်ပန်းဖြူက ဘယ်လိုလဲ"

"ဗျာ"

ရုတ်တရက်မေးလိုက်သဖြင့် အံ့အားသင့်သွားသည်။

မြဇဝါက သဘောကျစွာ ရယ်မောလိုက်ရင်းက

"မဟုတ်ပါဘူး၊ ရိုးရိုးမေးတာပါကွယ်။ သိပ်ခင်နေကြလား
လို့လေ"

"ခင်ပါတယ်။ ကျွန်တော့်နားမှာ သူကအရင်းနှီးဆုံးဖြစ်
နေတာပေါ့။ ခင်မောင်သန်းကတော့ အိမ်ထောင်ကျသွားတော့
ဝေးသလိုဖြစ်သွားပြီလေ"

"ဒါဆိုရင် အပုလေးတို့ရန်ကုန်မှာ အလုပ်လုပ်ဖို့ဆွယ်ပါ
လားကွယ်။ မလေးက စာရင်းကိုနိုင်တာပဲ။ ဒါပေမယ့် အဲဒီအလုပ်
ကို ခေါင်းစားလို့ဆိုပြီး မလုပ်ဘဲ ကျောင်းဆရာမဝင်လုပ်နေတယ်
လေ။ သူက အဘောင်အချစ်တော်ဆိုတော့ သိပ်ပြောလို့မရဘူး။

တစ်စိတ်ရှိအဘောင်နဲ့ပဲ ကိုင်ပေါက်နေတာဆိုတော့ အဘောင်က
လေးလေးကိုပဲဆူနေတာပဲ။ ဒါကြောင့် လေးလေးက အဘောင်နဲ့
မနေတော့တာပေါ့"

"အဘောင်က သားသမီးအရင်းထက်တောင် မလေးကို
ပိုချစ်တယ်နော်"

"ဟာ မလေးကို မွေးစားတာလို့ ဘယ်သူပြောလဲ"

မြဇဝါက အံ့အားသင့်သွားဟန်ဖြင့် ပြောလိုက်၏။

"သူကိုယ်တိုင်ပဲ မနေ့ကပြောသွားတာလေ"

"အဲဒါ လေးလေးစကားမဟုတ်ဘူးနော်။ အဘောင်က မလေး
ကို မွေးစားတာလို့ပြောရင် ကောင်းစိတ်ဆိုးတယ်ဝေ့။ တော်ကြာ
လေးလေးတို့ကို စိတ်ဆိုးနေမယ်။ အဘောင့်ရှေ့မှာ မပြောနဲ့နော်"

"မလေးက ကံကောင်းပါတယ်။ အမေ မရှိတော့ပေမယ့်
အမေအစားထိုးရတာပေါ့"

"အပုလေးလဲ ကံကောင်းပါတယ်။ ကြီးဒေါ်တွေက အမေ
အစားထိုးပေါ့ကွယ်"

"ကျွန်တော့် အကြီးတွေက အခုလောက်ဆိုရင် ကျွန်တော်
ကို သိပ်စိတ်ဆိုးနေကြပြီပေါ့"





သူက ကြီးမကြီး၏ဒေါသကိုမြင်ယောင်ကာ သက်ပြင်း
သဲ့သဲ့ချရင်း ပြောလိုက်သည်။

"ကြီးဒေါ်တွေက စိတ်ဆိုးခဏပါကွယ်။ ခုလောက်ဆိုရင်
သူတို့မင်းကိုသိပ်တွေ့ချင်နေမှာ။ တယ်လီဖုန်းဖြစ်ဖြစ် ဆက်လိုက်
ပေါ့ကွယ်"

"ဒါဆို ကျွန်တော့်ကိုပြန်လာခဲ့ဖို့ ခေါ်မှာပဲ။ ကျွန်တော်
မပြန်နိုင်သေးရင် ဖုန်းမဆက်ဘူး လေးလေးဝါ"

"သူတို့က ဒီကိုလာမယ်ဆိုတာ သိလို့လား"

"သိပါတယ်။ ကျွန်တော်စာရေးထားခဲ့ပါတယ်"

"ဒါဆိုတော်သေးတာပေါ့ကွယ်။ လူကြီးဆိုတာ စိတ်ပူတယ်
လေ"

အသက်လေးဆယ်ရှိပြီဖြစ်သော လေးလေးဝါက လူကြီး
စာရင်းဝင်လာပြီဖြစ်သောကြောင့် လူကြီးတစ်ဦးကဲ့သို့ ပူပန်တတ်
သည်ကို တွေးမိပြီး သူပြုံးလိုက်၏။

"ဟော ... အပုလေးက ဘာလို့ပြုံးတာလဲ"

"ဩော် ... မဟုတ်သေးပါဘူး။ လေးလေးဝါက အလှအပတွေ
နဲ့ နုပျိုနေပေမယ့် အသက်ကလေးထောက်လာတော့ လူကြီးတွေ
လို ပူပန်တတ်ပြီပဲလို့"

"ကောင်လေး။ မင်းက လေးလေးဝါကို အသက်ကြီးပြီလို့ ထင်နေလား။ မကြီးပါဘူးကွယ်။ အခုမှ နှစ်ဆယ်ကျော်ပဲ ရှိပါသေးတယ်။ တကယ်ပဲ လေးလေးဝါအသက်ကို ခေါက်ချိုးတွက်ပြီး အလုပ်လုပ်နိုင်တယ်လို့ထင်ရင် သိပ်စိတ်ချမ်းသာတာပဲ"

ရိုးတံဖြူ၊ ပွင့်ဖတ်အဖြူနှင့် ဝတ်ဆံအဝါလေးများရှိပြီး အပွင့်သေးသေးလေးများအခိုင်လိုက်ပွင့်တတ်သော ပုန်းညက်ပွင့်လေးများကို သူက တယုတယခူးလိုက်ပြီး ချစ်ပန်းဖြူကို လှမ်းပေးလိုက်သည်။

"ဒီပန်းလေးတွေက နူးညံ့ညင်သာသလိုပဲနော်"

"ခူးလို့လဲလွယ်တယ်နော်"

ချစ်ပန်းဖြူ၏စကားကို လေးနက်စွာမစဉ်းစားမိပေ။ ချစ်ပန်းဖြူကို ပုန်းညက်ပွင့်ကလေးများနှင့် ယှဉ်၍မြင်တတ်ပြီး တစ်ခါမှ မပြုမူဖူးသော ပန်းခူးသည့်အပြုအမူကို ပြုလုပ်သည့် သူ့ကိုယ်သူ အံ့ဩ၍ မဆုံးတော့။ တင်ပါးကျော်သော ချစ်ပန်းဖြူ၏ ဆံပင်ပျော့ပျောင်းပျောင်းနောက်တွင် ပုန်းညက်ပန်းဖြူဖြူလေး ကပ်ပန်လျှင်လိုက်ဖက်ပြီး လှပမည်ဟု ထင်မိခြင်းဖြစ်သည်။





"ပန်းလေးတိုင်းက ခူးလို့လွယ်ပါတယ် မလေး"

"ဒါပေမယ့် တော်ဝင်လို သဇင်မျိုးကျတော့ ခူးရခက်တယ် မဟုတ်လား ... မောင်မောင်"

"မခက်ပါဘူး။ မေမေက သဇင်စိုက်တယ်လေ။ တုံးနိမ့်နိမ့်လေးမှာခဲနေအောင် ပွင့်တာ။ လွယ်တယ်"

"ဒါပေမယ့် အဖိုးကြီးတယ် မဟုတ်လား"

"ဟုတ်တယ်၊ သိပ်အဖိုးတန်တာ"

"ဒီပုန်းညက်ပန်းလေးတွေက အဖိုးမတန်ပါဘူး မောင်မောင်"

ပန်းလေးအကြောင်းကို အလေးအနက်ထား၍ ပြောနေသော ချစ်ပန်းဖြူကို ငုံ့ကြည့်လိုက်ရင်းက

"မလေးတစ်ခုခုကို ရည်ရွယ်နေသလား"

"ဩော် .... ပုန်းညက်ပန်းက အဖိုးမတန်ဘူးလို့ ပြောတာပါ မောင်မောင်ရယ် ..."

"ဒါပေမယ့် ... ကိုယ်ကြိုက်တယ်။ အဖိုးတန်တယ် မတန်တယ်ကို မတွေးမိဘူး မလေးရယ်။ ပြီးတော့ ကိုယ်က ပန်းကို စိတ်ဝင်စားခဲ့တယ်။ သဇင်တို့နှင်းဆီတို့က မြင်နေကျဆိုတော့ ရိုးတယ်"

"ဟုတ်တယ်နော် ... အခု ပန်းကို မောင်မောင်က မမြင်ဖူး

ဘူးဆိုတော့ ခဏတော့ ဆန်းနေတာပဲ။ ဒါပေမယ့် မြင်ပါများရင် ရိုးသွားမှာပဲ”

“ဟင့်အင်း ... မရိုးဘူး မလေး။ မောင်မောင် ဟိုတစ်ခေါက် လာထဲက ပုန်းညက်ပန်းကို သတိထားမိနေတာလေ။ အခုလဲ ဒီပန်းကလေးကို သတိထားမိတယ်။ အမြဲတစိမ့်စိမ့်နဲ့ ထိုင်ကြည့်နေချင်တယ်။ ကြည့်လေ ... မြတ်နိုးလေပဲ မလေးရယ်”

ချစ်ပန်းဖြူထပ်မံ၍ စကားမပြောတော့ပေ။ လက်ထဲက ပန်း လေးကိုသာ ငုံ့ကြည့်နေ၏။

“ပန်လေ ... မလေး၊ မပန်ချင်ဘူးလား။ အဖိုးမတန်လို့ မပန် ချင်ဘူးလား”

“မဟုတ်ပါဘူး မောင်မောင်ရယ်။ မလေးက ဆရာမပဲ။ တပည့်တွေပေးတဲ့ ပန်းတိုင်းကို အဖိုးတန်တန် မတန်တန် ပန်တာပါပဲ”

သူ့ရင်မှာ ထူးထူးခြားခြား ရင်ခုန်မြန်နေသည်။ သူနှင့် မလေး တို့သည် ခင်မောင်သန်း၏ မင်္ဂလာပွဲမှာ ရင်းနှီးမှုပိုခဲ့ပြီး မလေးအား ချစ်နေမိပြီဟု ခိုင်ခိုင်မာမာ သိရချိန်မှစ၍ မလေးနားမှာ မခွဲမခွာဘဲ နေချင်နေမိသည်။ ဖခင်ကွယ်လွန်သွား၍ အထီးကျန်ဖြစ်နေစဉ် မှာ မလေးအပေါ် မိခင်ကဲ့သို့ အားကိုးအားထား စိတ်ဝင်စားလာပြီး လက်ထပ်ယူရန်အထိ ဆုံးဖြတ်ချက်ချထားခြင်း ဖြစ်သည်။





“မလေး ကိုယ့်ကို တပည့်တစ်ယောက်လို သဘောထား ထားလား”

“ဟင့်အင်း .... မဟုတ်ပါ”

“ဒါဖြင့် ဘယ်လိုသဘောထားလဲ”

ရှက်တရက်အမေးကိုမဖြေသေးဘဲ ပန်းလေးကို ငုံ့ကြည့်ကာ ဉ်းစားလိုက်၏။

“မာတို့ ကိုခင်မောင်သန်းတို့လိုပေါ့”

ပွင့်ပွင့်လင်းလင်းမဟုတ်ဘဲ ပလုံးပထွေးပြောကာ မျက်နှာ လေးရဲရဲနီနေသည်ကို တွေ့ရ၏။

သူက အရဲစွန့်ကာ ပန်းလေးကိုင်ထားသော ချစ်ပန်းဖြူ၏ က်လေးကို အသာအယာဆွဲကိုင်လိုက်၏။

“မလေး”

နှစ်ဦးလုံး၏ ရင်ထဲတွင် လှိုင်းပုတ်သံများ ညံနေသည်။

“ကိုယ် ... မလေးကို ဘဝခရီးဖော်အနေနဲ့ လက်တွဲခေါ်ရစေ”

ချစ်ပန်းဖြူ ခေါင်းလေး ပို၍ငုပ်လျှိုးသွား၏။ ထို့နောက် ခေါင်းလေးကို အသာယမ်းကာ

"မောင်မောင်အခုအချိန်မှာ မောင်မောင့်စိတ်တွေ တည်ငြိမ်
မရှိသေးဘူး။ မောင်မောင်က လေ့ပျက်နေပြီး ရေထဲမျောနေ
လေ။ အဲဒီအချိန်မှာ ကောက်ရိုးမျှင်ကလေးကို တွေ့လဲ မောင်မော
က အားကိုးတကြီးဖက်တွယ်မိမှာပဲ။ ဒါကြောင့် အေးအေးဆေးဆေ
မှ ဆုံးဖြတ်ပါနော်။ မောင်မောင့်ပတ်ဝန်းကျင်အနယ်ထိုင်မှ စဉ်းစ
ပြီးဆုံးဖြတ်ပါလို့ မလေးအကြံပေးချင်တယ်"

ချစ်ပန်းဖြူ၏ စကားကို စဉ်းစားလိုက်သောအခါ သူလက်
သွားမိသည်။ ဖခင်သေဆုံးချိန်မှာ ဆယ်ရက်ကျော်ကျော်သာ ရှိသေ
သည်မို့ သူ့စိတ်များက ပျံ့လွင့်လျက်ရှိနေပြီး အချစ်ရေးအတွက်
ကို မစဉ်းစားသင့်သော အချိန်ပင်ဖြစ်နေ၏။

"မောင်မောင်ရယ် ..မလေးဟာ မောင်မောင့်ချစ်သူ ဟုတ်ဟုတ်
မဟုတ်ဟုတ်ဘယ်အချိန်ဖြစ်ဖြစ်၊ ဘယ်လိုအနေအထားမျိုးမှာပဲ
ဖြစ်ဖြစ်၊ မောင်မောင့်အနားမှာအမြဲရှိနေမယ့် ထာဝရမိတ်ဆွေအဖြစ်
နဲ့ပဲ နေမှာပါ"

"မလေး ... ကိုယ့်ကို မစဉ်းစားဘူးလား"

"မလေး စဉ်းစားဖို့မလိုပါဘူး။ မောင်မောင်ပဲ စဉ်းစားပါလေ"





"ဟင် ... ဘာလို့လဲ"

ချစ်ပန်းဖြူ၏ စကားကိုနားမလည်စွာဖြင့် အလန့်တကြား
မေးလိုက်သည်။ သူ့လက်ထဲမှ ရုန်းထွက်ပြီး ရှက်ပြုံးလေးဖြင့်
ကျစ်ဆံမြီးလေးမှာ ပုန်းညက်ပန်းခိုင်ကို ထိုးပန်ရင်းက ရှေ့မှ လှည့်
ထွက်လာသည်။

"လာ ... မောင်မောင်၊ မလေး ... မောင်မောင့်ကို ဆားကျင်း
ဘက်ထိတောင်ဘက်ကို လိုက်မပို့ရသေးဘူး"

"စကားမလွှဲပါနဲ့ မလေးရယ်။ မောင်မောင်က မလေးအပေါ်
မှာ လေ့လာပြီး ကိုယ့်စိတ်ကိုယ် အဖန်ဖန်တလဲလဲ စမ်းစစ်ပြီးမှ
ပြောတာပါ။ မောင်မောင်က ရေအိုင်တွေ့တိုင်း ရေချိုးချင်သူ
မဟုတ်ပါဘူး။ အိမ်ထောင်ရေး၊ အချစ်ရေးကိုလဲ ဘယ်တုန်းက
မှ မစဉ်းစားမိခဲ့ပါဘူး"

ချစ်ပန်းဖြူက ငြင်းပယ်လိုက်မှာကို သူစိုးရိမ်ထိတ်လန့်သွား
မိသည်။

"အဲဒီလို အချစ်ရေးမှာ မစဉ်းစားဖူးတဲ့လူမို့ နီးစပ်ရာကို
ဆွဲပြီး အချစ်ထင်သွားမှာစိုးတယ် မောင်မောင်။ မလေးတို့က တစ်ရွာ

သူပါ မောင်မောင်ရယ်။ အနေနီးတာကို အချစ်လို့ထင်ပြီး ဆုံးဖြတ်ချက်မှားသွားရင် တစ်နေ့နေ့မှာ မောင်မောင် နောင်တရပြီး စိတ်မချမ်းသာမှာစိုးလို့ပါ”

“ဒါက ကိုယ့်ကဏ္ဍပါ မလေး။ မလေးက မောင်မောင့်ပေါ်ထားတဲ့ သဘောထားကို သိချင်တာပါ”

သူ့ဘက် ဦးတည်လာသော မြားချက်ကို ဘယ်လိုမှ ရှောင်လွှဲမရသဖြင့်

“မလေးတို့ ဝေးနေကြမှ စဉ်းစားတာပေါ့နော်။ ကဲ ...လာ မောင်မောင်တို့မြို့သားတွေ ဆားချက်တာကို မမြင်ဖူးသေးဘူး မဟုတ်လား။ သွားစို့နော်”

“ကိုယ် မလိုက်တော့ဘူး မလေး။ မလေးလဲ ပြန်တော့”

“ဟင် ... ဘာလို့လဲ”

“မလေးနဲ့ ကိုယ်နဲ့ သုံးလေးရက်လောက် မတွေ့ပဲ ဝေးကွာနေပြီးမှ စဉ်းစားတာပေါ့။ ကဲ ... မလေး သွား”

ကလေးဆိုးကြီးပုံစံကို ကြည့်၍ ချစ်ပန်းဖြူက သဘောကျစွာ ပြုံးလိုက်ရင်း



“မောင်မောင် ... စိတ်ကောက်တာလား”

“မိန်းမမှ မဟုတ်တာ။ သဘောကိုပြောတာပါ။ ကဲ ... မလေး ပြန်တော့”

သူက အရင်ကျောခိုင်း၍ ထွက်လာသောအခါ ချစ်ပန်းဖြူက ရပ်လျက်ကျန်ရစ်ခဲ့သည်။

ကမန်းကတန်းနှင့် ယူလာသော ဖခင်၏စာရင်းဇယားများ မပြည့်စုံပါ။ ဖခင်လုပ်ကိုင်ဆဲစာရင်းများသာ ဖြစ်သည်။ ဖခင်၏ အလုပ်လုပ်သည့်နေရာ သဘော်နှင့်အစုရှယ်ယာရှင်၏ လိပ်စာ မပါပေ။ ငွေကြေးအထုတ်အသွင်းစာရင်းများသာ ပါသည်၊

စက်သုံး ဒီဇယ်၊ ဓာတ်ဆီအဝယ်စာရင်းများ၊ ပင်လယ်ပြင်ထွက်၍ ငါးဖမ်းရက် စာရင်းများနှင့် ပြန်လည်၍သွင်းထားသော ငါးတန်ချိန်၊ ပုစွန်တန်ချိန်များ၏ ငွေစာရင်းကြွေးကျန်စာရင်းများ သာဖြစ်သည်။

သူက စာရင်းများကိုကြည့်ကာ ခေါင်းရှုပ်လာသဖြင့် မြဒဝါ၊

ရှိရာ သံတွဲသို့သွား၍ စာရင်းများကို ပြလိုက်သည်။

"မလေးကို ဘာလို့မမေးလဲဟင်။ သူလဲ စာရင်း နားလည်တာပဲ"

"မလေးက ကျောင်းဆရာမပဲ၊ သူက ကျွန်တော့်ကို ဆရာလုပ်မှာပေါ့။ လေးလေးဝါက လောလောဆယ် ဒါတွေလုပ်နေတာပဲ မဟုတ်လား။ လေးလေးဝါမပြပေးရင် ဝါနုကို မေးရမှာပဲ"

"အလကား စိတ်ကလဲ မြန်လိုက်တာ အပုလေးရယ်။ မလေးနဲ့ စိတ်ကောက်ကြလို့လား"

"မကောက်ပါဘူး။ လေးလေးဝါပဲ ပြမယ်ဆို"

"ကဲ ... ပြပါ့မယ်။ မောင်မောင့်အဖေနဲ့ရှယ်ရာလုပ်တဲ့ သူကိုရော မောင်မောင်မသိသေးလား"

"ဟင့်အင်း။ လိပ်စာမပါဘူး။ လေးလေးဝါ သိလား"

မြဇဝါက လျှို့ဝှက်သောအပြုံးနှင့် ပြုံးလိုက်သည်။

"မင်း တကယ်မသိသေးဘူးလား"

"တကယ်မသိတာပါ လေးလေးဝါရယ်"

"မင်း အဖေအသုဘမှာ ရှယ်ယာရှင်က မလာဘူးလား"

"ဟင့်အင်း၊ ကျွန်တော့်ကိုလာနှုတ်ဆက်တဲ့သူတွေထဲမှာ





တွဲက တစ်ယောက်မှမပါဘူး။ ရှယ်ယာရှင်လဲ မရှိဘူး။ အချို့လဲ မနှုတ်ဆက်ဘဲ သူတို့အချင်းချင်းပဲ ညှိခံပြီး နေနေကြတာပဲ"

"ဟုတ်တယ်။ ဒီကလူတွေက သိပေမယ့် ရုတ်တရက်မလာကြဘူး။ ဒါပေမယ့် အအေးခန်းက ဦးလှအောင်က ရန်ကုန်ရောက်လို့ လာတယ်တဲ့။ ဒါပေမယ့် အပုလေးကို မနှုတ်ဆက်ဘဲ ကြီးဒေါ်တွကို နှုတ်ဆက်ခဲ့တယ်တဲ့"

"လေးလေးဝါ ဖေဖေ့ရှယ်ယာရှင်ကို သိလား"

"သိပါတယ်။ ကဲ အပုလေး ကားပါတယ်မဟုတ်လား။ လေးလေးဝါတို့ သပြုချိုင်ကိုသွားကြည့်စို့။ ကဲ ... အကျီလဲဦးမယ်။ ခဏစောင့်နော်"

မြဇဝါအကျီလဲနေစဉ် သူ့ရင်မှာ အနည်းငယ် လှိုင်းထန်သွား၏။

ဖခင်၏ရှယ်ယာရှင်သည် ချမ်းသာကြွယ်ဝသော သူဌေးမဦးဖြစ်သည်။ ထို့အပြင် ဖခင်ကိုငွေချေးထားသည့် အကြွေးရှင်ည်းဖြစ်သည်။ ထိုမှုမက မိခင်တို့ ညီအစ်မများ၏ မုန်းတီးခြင်း၊ ထင်လွဲခြင်းကို ခံရသောသူလည်းဖြစ်သည်။

ဖခင်၏ စီးပွားရေးကို ပြန်လည်ထူထောင်ပေးသည့် ကျေးဇူးရှင်လည်း ဖြစ်သည်။

ထိုအမျိုးသမီးကို သူဘယ်လိုဆက်ဆံရမည်နည်း။

"ကဲ ... လာ အပုလေး။ သွားစို့။ မင်းအဖေလုပ်ငန်းတွေ
လေးလေးဝါ အကုန်လိုက်ပြမယ်"

"ရှယ်ယာရှင်ကို အရင်ပြပါ လေးလေးဝါ။ ကျွန်တေ
သိပ်တွေ့ချင်တယ်"

"မင်း သိပ်တွေ့ချင်တဲ့ ရှယ်ယာရှင်က မြဇဝါဆိုကဲ့ လေးလေး
ပါပဲ အပုလေး"

"ဗျာ"

ရုတ်တရက် မတ်တတ်ရပ်လျက် ကျောက်ဆစ်ရုပ်ဖြစ်သွ
လေသည်။

"ငပလီရွာလည်ကျောင်းမှာ ရေသွားခပ်တယ် "ဟူ
အဘောင်မက ပြောသဖြင့် သူကမန်းကတန်း နှင့်လိုက်လာခဲ့သည်
မလေးနှင့် သုံးလေးရက်ခန့်မတွေ့ဘဲနေမည်ဟု ဆုံးဖြတ်ထာ
ကာမှ မနေက လေးလေးဝါထံသွားပြီး ရှယ်ယာရှင်ကိစ္စသိခဲ့သဖြ





သူ့ရင်မှာ အနည်းငယ်ပေါ့ပါးသွားခဲ့သည်။

"ဒါပေမယ့် လေးလေးဝါက အလုပ်တူလုပ်တဲ့ရှယ်ယာရှင်ပါပဲ။ အကြွေးရှင်မဟုတ်ဘူး။ လေးလေးဝါနဲ့ ဦးစိုးမောင်ကို အလုပ်လုပ်ဖို့ ငွေရှင်တစ်ယောက်ရှိတယ်။ဒါကို လေးလေးဝါတို့ သိဖို့ မလိုဘူး။ ဘဏ်ထဲမှာ ငွေစာရင်းပဲ ဖြည့်ဖြည့်ပေးနေရတာ။ သုံးပုံတစ်ပုံကို လစဉ်ဖြည့်ပေးရတယ် အပုရေ။ အမြတ်ငွေကို သုံးပုံပုံပြီး ခွဲယူတာပေါ့။ အဲဒါနဲ့ အကြွေးကြေအောင်ဆပ်ဖို့ပဲလိုတယ်။ လေးလေးတို့လုပ်အား စိုက်ရတယ်လေ။ အခု အပုလေးနဲ့လုပ်ရင် ဒီလိုပဲ အမြတ်ကို သုံးပုံပုံရမှာပဲ။ နောင်နှစ်နှစ်ဆိုရင် အကြွေးကျေပြီလေ"

ရင်မှာ ပေါ့ပါးသွားသော်လည်း ထိုအကြွေးရှင်ကိစ္စအတွက်ကို မရှင်း၍ စိတ်ထဲမှာ မတင်မကျဖြစ်နေသည်။ ထို့ကြောင့် မလေးထံ ရင်ဖွင့်ရန်ပြေးလာခြင်းဖြစ်သည်။

"အပုလေး မလာတာကောင်းကြာပြီဝေ့"

"သုံးရက်ပဲ ရှိပေါ်သေးတယ် အဘောင်ကလဲ"

"အေး ... ဟုတ်သားပဲ။ နင်မလာရင် ငါက ရက်အကြာကြီးထင်ပြီး ကောင်းလွမ်းတယ်ဝေ့၊ နင့် အာဂန္တုလင်မယား ပြန်ပြီရှိ

ဖို့ပဲ”

“မပြန်သေးပါဘူး။ မနက်ဖြန် ပြန်မယ်ထင်တယ်။ သူတို့ ကားကို နည်းနည်းပြင်နေရသေးတယ်”

အဘောင်က ရိုးရိုးစကားအရ မေးသည်ထင်၍ ပြောလိုက်ခြင်း ဖြစ်သည်။

“အေး ... သူတို့ပြန်ရင် အပုလေး မပြန်သေးလား”

“မပြန်သေးပါဘူး၊ ကျွန်တော်နေဦးမှာပါ”

“ဒါဆို ငါ့ဆီမှာလာနေဝေ့၊ နင်တစ်နေ့မလာရင် ငါ ကောင်းလွမ်းတယ်”

သူက အံ့အားသင့်ဟန်ဖြင့် အဘောင်အား လှမ်းကြည့်လိုက်သည်။ အဘောင်၏ အရေးအကြောင်းတွန့်နေသော မျက်ဝန်းအစုံမှာ တလဲ့လဲ့တောက်ပလျက်ရှိနေသည်။

“ဘယ်ဖြစ်မလဲ အဘောင်ရေ။ အဘောင့်မြေးအပျိုလေးရှိတဲ့ အိမ်ကို ကျွန်တော်က အမြဲနေလို့ ဘယ်သင့်မှာလဲ”

“သူ ကျောင်းဖွင့်ရင် နန်ကျွန်းကိုသွားမှာ။ သူ့အရိုးနဲ့ပဲ နေပါစေ၊ နင်လာနေ”

“ဟင် ... အဘောင်က မလေးနဲ့မခွဲနိုင်ဘူး။ မလေးကို





်တယ်ဆို”

“အေး ... မလေးကို ငါမခွဲပါဘူး။ သူ့ကို ငါကပိုင်တယ်။ ့ကိုသာ မပိုင်။ နင်အတော်ကြာ မြို့ပြန်မှာ။ မပြန်ခင်မှာ ငါ့ဆီမှာပဲ ပါဟာ။ မလေးက နောက်တစ်ပတ်ဆိုရင် ကျောင်းဖွင့်လို့သွားမှာ”

အဘောင်မသည် ရိုးသားစွာဖြင့် ပြောလိုက်၏။ အဘောင်၏ က်လုံးများက သူ့အပေါ် အလွန်တွယ်တာဟန်နှင့် ပြောလိုက်ခြင်း ်စ်သည်။

အဘောင်သည် စကားများများမပြောတတ်ဘဲ ကွမ်းငုံလျက် ဆေးပြင်းလိပ်ခဲလျက်၊ တိတ်ဆိတ်စွာဖြင့် သူ့အလုပ်ကိုသူလုပ် နေတတ်သည်။ ချစ်ပန်းဖြူကိုပင် စကားများစွာ မပြောပေ။

အောင်နေဦးလာလျှင် တပြုံးပြုံးနှင့် ငေးကြည့်နေတတ်၏။

“မလေးဆီမှာ တခြားသူငယ်ချင်းတွေလဲ လာတတ်တယ်။ ့ာထဲမှာလဲ အဘောင့်မြေးရင်းတွေ၊ တစ်ဝမ်းကွဲမြေးတွေ လေးငါး ယောက်ရှိတာပဲ။ ဒီလောက်မတွယ်တာဘူး။ မလေးကို ပိုချစ်လို့ ့ပြင်မြေးတွေက အဘောင့်နားမကပ်ကြဘူး။ အခု မောင်မောင့်ကို တော့ အဘောင်က အရိပ်တကြည့်ကြည့်နဲ့ကို ချစ်နေတာ။ အဘောင် ကိုယ်တိုင်က ပြောတယ်။ အပုကို မြင်ထဲက ငါ့ရင်ထဲမှာ တစ်မျိုးပဲ

လို့ပြောနေတယ်။ ရှေးက ရေစက်ထင်ပါရဲ့နော်"

ချစ်ပန်းဖြူပြောသော စကားကို ပြန်လည်၍ ကြားယောင် မိသည်။ သူကလည်း အဘောင်ကို ကွယ်တာလျက် အဘောင်ကို မြင်လျှင် မိခင်ကဲ့သို့ဆိုးနွဲ့ချင်သည့်စိတ် ဖြစ်ပေါ်ခံစားမိ၏။

"အဘောင်ကလဲ အဘောင့်အိမ်က ထွက်တာနဲ့ ကျွန်တော့် ဘန်ဂလိုနဲ့က လေးငါးလှမ်းနဲ့တင် ရောက်တာ။ အဘောင်လှမ်းအော် လို့တောင်နေရတာပဲ"

"အေးပါ၊ ဘပုလေး လွတ်လွတ်လပ်လပ်နေပါ၊ ဒါပေမယ့် အဘောင်ချက်ကြွေးတာတော့ စားရမယ်နော်"

"ညီ့သည်တွေပြန်သွားရင် အဘောင့်ဆီကိုသာ လာစား ပါ့မယ်။ အဘောင်လာမပို့ပါနဲ့။ လမ်းမှာ လဲနေပါ့မယ်"

"အေး ... သဘောရှိ သဘောရှိ။ အဘောင်ချက်ကျွေးတာ ကို စားရင်ပြီးရော"

အဘောင်သည် ကွမ်းချေးများဘက်နေသော သွားကြီးကို ဖြီးကာ ဘပြုံးပြုံးနှင့် မကျေနပ်နေ၏။

"အပ ... ငါ့ကို ဒီကွမ်းဝါးပေးစမ်း၊ နင့် သွားကောင်းသားပဲ"

"ဟာ ... အဘောင်ကလဲ။ ကလေးကသာ လူကြီးကွမ်းဖတ်





းတာကြားဖူးတယ်။ ကွမ်းညှပ်မရှိဘူးလား"

"မောင်းဖြုတ်သွားလို့ မြဇဝါဆီမှာဝေ့။ ခုထိလဲ မလာ။ လေး ဝါးပေးတာ။ အခု နင်ပဲဝါးတော့"

ကွမ်းသီးကို ဝါးနှင့်ခုတ်ထား၍ လေးစိတ်ဖြစ်နေသည်ကို သူက အဘောင့်လက်ထဲမှ ယူရင်.

"ကျွန်တော့်ပါးစပ်ကို မရွံဘူးလား အဘောင်"

"ပေ့အေး ... နင်ရယ်၊ မလေးရယ်ကို ငါမရွံ။ မြဇဝါတော့ ရွံတယ်ဟေ့။ သူ့နှုတ်ခမ်းနီက အမြဲရှိနေတာပဲ"

သူသည် အဘောင့်အလိုကျ ကွမ်းဝါးပေးလိုက်၏။

"ညက်အောင်ဝါး။ ဆန်ကွဲလောက်ဆိုရင် ဝါးလို့ရပြီ"

သူ ကွမ်းမစားတက်သဖြင့် အခက်တွေ့နေသည်။ ပါးစပ်မှ အရေထွက်၍ ဝမ်းထဲအမျိုးခက်သောကြောင့် ခဏခဏထွေးနေရ၏။

"ဟာ ... ဝါးရင်းနဲ့ ဝမ်းထဲရောက်သွားပြီ။ မငြစ်ပါဘူး အဘောင်ရယ်။ မလေးသွားခေါ်မှပဲ။ သူဘယ်မှာ ရေခပ်လဲ"

"ဘုန်းကြီးကျောင်းမှာလေ။ ပိုဘက်နားတင်ပါ။ သူ့အဖော် တွေနဲ့ စကားပြောနေပြီရှိဖို့ပဲ"

အောင်နေဦးသည် အဘောင့်နားမှ အပြေးကလေးထွက်လာ

ခဲ့သည်။

ချစ်ပန်းဖြူအားတွေ့ပြီး ရင်ဖွင့်ရန်ထက် ကွမ်းဝါးပေးရန်က အရေးကြီးသော ကိစ္စဖြစ်သွား၏။

ညနေရေခပ်ဆင်းချိန်မို့ ရွာသူများက သူ့အနားမှ ဖြတ်သွား သည်။ အားလုံးက ရေအိုးနှစ်လုံးဆင့်လာကြ၏။ သူတို့အစား ဇက်န သလိုလို၊ ဇက်လေးသလိုလို ခံစားရသည်။

“ဝေ့ ...မောင်မောင်”

“ဟာ ..., မလေး။ ဟာ ... ဒုက္ခပါပဲ။ အဲဒီလောက်အလေးကြီ သယ်လာလို့ ဇက်ပြုတ်တော့မှာပဲ။ လက်ကလဲ ရေဆွဲလာသေ တယ်။ ဟာ ဒုက္ခပဲ”

သူက ချစ်ပန်းဖြူကိုကြည့်ကာ အလန့်တကြားအော်လိုက်ပြ လက်ထဲမှ ပုံးကို ယူရမလို၊ ရေအိုးနှစ်လုံးကို ယူရမလိုဖြစ်သွား၏။

“ဖယ်စမ်းပါ။ မောင်မောင် ကိုရှိုကားရားလုပ်နေတာနဲ့ မလေး ပြုတ်ကျတော့မယ်”

“ပေး ... ပေး ... ရေပုံးပေး”

“ကဲ ... ယူ ... ရှေ့ကသွား”

ထဘီတိုတို၊ ရေစိုစိုနှင့် မလေး၏ ဖြူဝင်းသောအသားအရေ





မှာ နေအိုရောင်အောက်မှာ ဝင်းလဲ့နေ၏။ သူက ရေပုံးကိုလှမ်း ယူကာ တအံ့တသြဖြစ်နေစဉ် မလေးက ပြုံးလျက် သူ့ရှေ့မှ ထွက်လာ ခဲ့၏။

“မောင်မောင် သိပ်ရှုပ်တာပဲ”

“မလေးက ... မယ်ဟဲဗီးဝိတ်ပဲ။ မလေးတို့ရွာသူတွေအားလုံး ဟာ ရေအိုးနှစ်လုံးဆင့်ရွက်နိုင်တာ သိပ်တော်တယ်နော်”

“သောက်ရေအတွက် ရက်ခြားတစ်ခါလောက်တော့ ရေခပ် ရတယ် မောင်မောင်ရဲ့။ မလေးက အဘောင်ရေချိုးဖို့ကို ရွာထဲက တွင်းမှာ ဒီလိုပဲ ရွက်ရတယ်”

“မလေးရော ရေချိုးဖို့ သယ်စရာလိုလား။ ပင်လယ်ထဲ ခုန်ဆင်းပေါ့။ မလေးတို့ရွာက ဒီလောက်ရေပေါနေတာပဲ”

“အမလေး မောင်မောင်ရယ်။ ရေငန်ချိုးပြီး ရေချိုပြန်ချိုး ရတာနဲ့ အလုပ်ရှုပ်လွန်းလို့ မလေးဖြင့် ငယ်ငယ်ကပဲ အဲဒီပင်လယ် ရေကို ချိုးဖူးတာ။ ကြီးမှ မချိုးဖူးတော့ပါဘူး။ ရွာထဲကတွင်းမှာပဲ ရေချိုးဖို့ ရေသယ်တော့တယ်”

“ပေး ... ကိုယ်ချပေးမယ်”

ချစ်ပန်းဖြူက ဒူးလေးညွှတ်ပေးလိုက်သောအခါ သူက

ရေအိုးချပေးရန် ပြင်လိုက်စဉ် အဘောင်မက လှှင်မြန်စွာထ၍
ပြေးလာပြီး

"နေ ... နေ ... အပုလေး။ လုပ်နေမကျရင် ခါးနာသွားလိမ့်
မယ်၊ အဘောင်ချပေးမယ်"

"ရပါတယ် အဘောင်ကလဲ"

"အမလေးနော်။ သူချမယ်၊ ကိုယ်ချမယ်လုပ်နေတာ။ ဒီမှာ
ဖြင် ဒူးညောင်းလှပြီ"

အဘောင်နှင့်သူတို့နှစ်ယောက်ပေါင်းကာ ရေအိုးကိုချပေး
လိုက်သည်။ ချစ်ပန်းဖြူက မျက်စောင်းထိုးလိုက်ရင်း

"အဘောင်တို့များ သည်းကိုသည်းတယ်"

"ရော် ... သူကမှ လုပ်နေမကျတာဝေ့။ တော်ကြာ ငါ့
ချွေးသားလေး ခါးနာသွားမယ်ကွယ့်"

အဘောင့်စကားကြောင့် ချစ်ပန်းဖြူရောသူပါ ပြုံးလိုက်ရ
သည်။

"အပုလေးက မလေးကိုမစောင့်မနေတာ ကြာရောမယ်။ မလေး
ဘယ်ဝင်နေလို့လဲ"

ထိုအခါ ချစ်ပန်းဖြူက အုံ့အားသင့်ဟန်ဖြင့် မျက်လုံးဝေ့





ကြည့်ကာ

"ဟုတ်လား မောင်မောင်။ ဘာတွေအရေးကြီးလို့လဲ။ မလေး
လာမှာပေါ့"

"အရေးမကြီးပါဘူး။ မလေး အဝတ်လဲလိုက်လေ။ တော်ကြာ
အအေးမိနေပါ့မယ်"

"ဒါဆို ခဏလောက်"

ချစ်ပန်းဖြူက သူ့ရှေ့မှထသွား၏။ အဘောင်က ကျောက်ဟုံး
တစ်ခုပေါ်မှ တစ်စုံတစ်ခုကို ကျောက်ကျည်ပွေ့နှင့် အားပါးတရ
ကြိတ်ချနေ၏။

"အဘောင် ဘာတွေကြိတ်နေတာလဲ"

"ငရုတ်သီးလေ"

သူက စပ်စပ်စုစုနှင့်ထသွားကာ

"မထောင်းဘူးနော်၊ ငရုတ်သီးက အစိမ်းတွေပဲ"

"အေးလေ၊ ငါးပိလေးနဲ့ထောင်းစားတာ။ မလေးသူငယ်ချင်း
ရန်ကုန်သူကတော့ ကောင်းကြိုက်တယ်ဝေ့။ အဲဒါ မပါရင်ကို
မစားတတ် ဖြစ်နေပြီ။ အပုလေးရော ကြိုက်တယ်ဆို"

"ကြိုက်တော့ကြိုက်တယ် စပ်တယ်။ မလေးက အစပ်

ပေါ့အောင်ထောင်းပေးရင်တော့ ကောင်းတယ်"

"ငရုတ်ကြိတ်က အစပ်ပေါ့ရင်မကောင်း။ စပ်မှကောင်း"

"အို ... ဘယ်လိုထောင်းထောင်း သိပ်ကောင်းပါတယ်"

သူ့စကားကြောင့် အဘောင်က သဘောကျစွာရယ်မော လိုက်သည်။

"ဘာတွေ သဘောကျနေတာလဲ"

ချစ်ပန်းဖြူသည် ထဘီအဝါရောင်လေး ဝတ်ကာ ထွက်လာ၏။ အကျီနက်ပြာရောင်လက်ပြတ်ရင်စေ့လေးဖြင့် တစ်မျိုးကြော့ရှင်းကာ လှပနေသည်။

"ကဲ ... မောင်မောင်၊ သွားစို့"

"ဟို အာဂန္တုတွေပြန်မယ့်ရက်ကို အသေအချာပြောစမ်းမလေး။ ငါ့ကောက်ညှင်းထုပ်ထားရမယ်"

"ဟုတ်ကဲ့ အဘောင်"

ချစ်ပန်းဖြူက ဦးဆောင်၍ အရင်ထွက်လာသည်။ သူက အဘောင့်အားနှုတ်ဆက်၍လိုက်လာခဲ့၏။

"နေပါဦး ... ရွှေမင်းသမီးလေးရဲ့ ဖြည်းဖြည်းပေါ့"

သူ့စကားကြောင့် ချစ်ပန်းဖြူက ရပ်စောင့်ရင်း မျက်စောင်းလေး





ထိုးကာ

"ဘာလဲ ... ဒသဂီရိက ရွှေသမင်ယောင်ဆောင်ပြီး လှည့်စားတယ်ထင်လို့လား"

"မထင့်ဝံ့ပေါင်။ ပျားရည်နဲ့ဝမ်းချနေသလိုပဲလို့ ထင်တယ်"

"ဒါဖြင့် ဘာလို့ရောက်လာလဲ"

"ကိုယ့်မှာတိုင်ပင်စရာ မလေးပဲရှိတာပဲလေ"

ချစ်ပန်းဖြူက ဘာမျှမပြောတော့ပေ။ သူ့ကိုစောင့်ခေါ်ကာ ကမ်းစပ်ဘက်သို့ ထွက်လာလေ၏။

ကမ်းခြေတွင် လူအများလမ်းလျှောက်၊ ရေကူးနှင့် စည်းကား လျက်ရှိသည်။ နွေနှောင်းဆည်းဆာရောက်ပြီဖြစ်သော်လည်း အရှိန် ပြင်းလျက် ပူပြင်းဆဲပင်ဖြစ်သည်။

"မောင်မောင်ဘန်ဂလိုမှာပဲ ထိုင်တာပေါ့နော်၊ ကမ်းခြေက နေပူတယ်"

"ဟုတ်တယ် လူလဲရှုပ်တယ်"

ဘန်ဂလို၏ ဝရန်တာလေးတွင်ထိုင်ကာ ပင်လယ်ပြာကြီးကို ငေးကြည့်နေမိသည်။

"မောင်မောင် ဘာဖြစ်လာလဲ"

"ဘာကိုလဲ"

"မသိ … မောင်မောင့်မျက်နှာက စိတ်ရှုပ်နေသလိုပဲ"

"မလေးက မြင်တတ်သားပဲ"

ချစ်ပန်းဖြူက သူ့ကိုမော်ကြည့်လိုက်သည်။ ဘာမှမပြော သူက ပြုံးလျက်

"မောင့်ကို အရိပ်တကြည့်ကြည့်နေနေတာလား"

"အမယ်"

မျက်စောင်းလေးဝေ့လိုက်သည်ကို သူက သဘောကျစွာ ကြည့်နေသည်။

ချစ်ပန်းဖြူ၏ မျက်စောင်းလေးကို သူအလွန်နှစ်သက်မိ သည်။ ရင်လည်းခုန်မိသည်။ ထိုမျက်စောင်းလေးကို ဆုံးရှုံးရမှာ ကို အလိုလိုစိုးရိမ်မိသည်။

"မောင်မောင် မနေ့က ဘယ်တွေသွားနေတာလဲ …"

"စဉ်းစားနေတာ"

"မညာနဲ့ … မတွေ့ပါဘူး"

"ဘာလို့ လာချောင်းတာလဲ။ မလေးကို အေးအေးဆေးဆေး စဉ်းစားခိုင်းတာ"





သူခိုးလူမိသွားဟန်ဖြင့် ပြုံးလိုက်သည်။

"မောင်မောင် လေးလေးဝါဆီ သွားတာလား"

"ဟုတ်တယ်"

"ဒါဖြင့် ဦးနှောက်စားလာတာပေါ့"

"အင်း "ဦးနှောက်က နှစ်ခုခွဲစားနေတော့ ခေါင်းတွေပူ ပြီ"

"နှစ်ခု ခွဲစားနေတာ …"

ချစ်ပန်းဖြူက အံ့အားသင့်ဟန်ဖြင့်မေးလိုက်၏။

"အင်းလေ … ဖေဖေနဲ့လေးလေးဝါတို့ ရှယ်ယာကိစ္စကို မင်နားမရှင်းဘူး။ ပြီးတော့ မလေးနဲ့ကိစ္စကို စဉ်းစားနေတာ။ င်ထဲမှာ မရှင်းဘူး"

ချစ်ပန်းဖြူက မျက်နှာလွှဲလိုက်သည်။ ဆည်းဆာရိပ်အောက် ာ နေ၏အနီရောင်သွေးကြောင့် ချစ်ပန်းဖြူ၏ မျက်နှာလေး ၌ ရဲရဲနီနေသည်။

သူက ကုလားထိုင်လက်တန်းပေါ် တင်ထားသော ချစ်ပန်းဖြူ ၏လက်ကလေးကို အမြတ်တနိုးဆုပ်ကိုင်ရင်းက

"ကိုယ် … မလေးကို တိုင်ပင်စရာတွေရှိတယ်။ ကိုယ့်မှာ

မလေးတစ်ယောက်တည်း အနီးကပ်နေပေးမယ်လူရှိတာ။ ကိုယ့်မလေးကို မဆုံးရှုံးပါရစေနဲ့”

“မလေးက မိန်းမသားပါ မောင်မောင်ရယ်။ တစ်ရွာသားကို ဘယ်လိုယုံကြည်ရမှာလဲ။ စိုးရိမ်ရမှာက မလေးပါ။ တစ်နေ့နေ့မှာ မောင်မောင်ပစ်ခွာသွားမှာစိုးရိမ်နေမိတယ်”

“ဒါဖြင့် မလေးလဲ မောင့်ကိုပဲ စိုးရိမ်နေရင် မလေး မောင့်ကို ချစ်လို့ပဲပေါ့”

“သိပ်စကားနိုက်တတ်တာပဲ”

ချစ်ပန်းဖြူက မျက်စောင်းလေးဝေ့ကာ ပြုံးစိစိနှင့်ပြော လိုက်သောကြောင့် သူသည် မလေးဘက်ကို ကိုယ်ကိုကိုင်းညွတ်လျက် မလေးလက်အား သူ့ရင်မှာ ဖိပ်လိုက်ရင်းက

“မောင့်ရင်ခုန်နေတာကို စမ်းကြည့်စမ်းပါ မလေးရယ်။ မောင် ဘယ်လောက်ဝမ်းသာကြည်နူးသွားလဲလို့”

“အမယ် ... သူ့ကို ဘာမှအဖြေမပေးရသေးဘဲနဲ့များ သေချာနေလိုက်တာ”

ထိုစကားကြောင့် သူက မလေးနားသို့မျက်နှာတိုးကပ်လိုက်ရင်းက မလေးလက်ကိုတင်းတင်းဆုပ်ကာ ...





“မသေချာဘူး၊ မောင့်ကိုမချစ်နိုင်ဘူးဆိုရင် ကျန်တဲ့ လက်တစ်ဖက်နဲ့ မောင့်မျက်နှာကို ရိုက်ပစ်လိုက်ပါ မလေးရယ်”

“တကယ်လား”

ချစ်ပန်းဖြူက ကျန်သည့်လက်တစ်ဖက်နှင့် မြှောက်၍ ရွယ်လိုက်သည်။ သူက ချစ်ပန်းဖြူလက်ကို မယူကာ သူ့ပါးအပ်ထားပြီး မျက်လုံး မျက်လုံးမှိတ်ထားလိုက်၏။

ချစ်ပန်းဖြူ မည်ကဲ့သို့ တုံ့ပြန်ပလေ့စေ။ သူကတော့ ချစ်ပန်းဖြူ၏ လက်ကိုမလွှတ်ပေးနိုင်တော့။

“လူလည် ...”

ချစ်ပန်းဖြူ၏ ကျန်လက်ချောင်းများက သူ့ခေါင်းမှဆံပင်များကို ထိုးဖွလိုက်သည်။

သူ့ရင်ထဲမှာ လျှော့ကျလာသလို ရင်ထဲအေးသွား၏။ မျက်လုံးဖွင့်ပြီး ချစ်ပန်းဖြူ၏ မျက်နှာလေးကို အတန်ကြာအောင် ငေးကြည့်နေမိသည်။

ပါးမို့မို့မှာ သွေးကြောမျှင်လေးများ ယှက်သန်းနေသည်အထိ နူးညံ့သော မိန်းကလေးတစ်ဦး၏ ရုက်ပြုံးကို သူ ကြည်ကြည်နူးနူးနှင့် ခံစားကြည့်မိသည်။

မြန်မာပြည်ပြန်ရောက်လာကတည်းက အိမ်တွင်းရေးသောကများကြောင့် စိတ်ပင်ပန်းပြီး ကြည်နူးမှု၊ ပျော်ရွှင်မှုများနှင့် ဝေးနေရသည်မှာ ယခုပထမဦးဆုံးအကြိမ်အဖြစ် ကြည်နူးပျော်ရွှင်မှုရတော့သည်ဟု ထင်မှတ်လိုက်သည်။

သူ ချစ်ပန်းဖြူကို ဘာလို့များ ဒီလောက်ချစ်ခင်တွယ်တာမိပါလိမ့်

"မောင်မောင်"

"တစ်လုံးတည်း[illegible] တော့ကွာ"

"[illegible] မြန်လိုက်တာ"

[illegible] ပန်းဖြူ၏လက်ပေါ် ရောက်သွားသော အခါ [illegible] ဖြူလေးနှင့်ရှုံးလိုက်သည်။

[illegible] တော့ဘူး။ စကားပြောကြမယ်လေ မောင်[illegible]ရယ်"

[illegible]သံနှင့်မတူတော့ဘဲ တစ်မျိုးနားထောင်လို့[illegible] ထင်[illegible]မိသည်။ ချစ်သူအလိုကျ ခါးကိုပြန်မထ[illegible] ထိုင်[illegible]လေးနားကပ်ထိုင်ရင်း လက်ကိုမလွှတ်တမ်း[illegible] ချစ်ပန်းဖြူ သူ့ကို မကြည့်ဘဲအဝေးသို့





ေးရင်းက –

"လေးလေးဝါက ဘာတွေပြောလိုက်လဲ"

"လေးလေးဝါက အလုပ်တွေအကြောင်း အားလုံးပြောလိုက်တယ်။ ဒါပေမယ့် ဖေဖေ့ရဲ့အကြွေးရှင်ကို သူသိရက်နဲ့ဖုံးထားတယ်။ ဒါဟာ ဖုံးကွယ်စရာမဟုတ်ဘူး မလေး။ အကြွေးရှင်ကို ဘာမှဖုံးထားစရာမလိုဘူး။ အဲဒီလိုဖုံးထားခြင်းဟာ မရိုးသားမှုပဲပေါ့။ မောင့်အထင်တော့ လေးလေးဝါကိုယ်တိုင်ပဲလို့ ထင်တာပဲ"

ချစ်ပန်းဖြူက ပင်လယ်ပြင်ဘက်သို့ ငေးမောနေဆဲပင်

"အဲဒါ မလေးကိုသေသေချာချာမေးမလို့။ လေးလေးဝါနဲ့ ဖေဖေ့ ဆက်ဆံရေးအခြေအနေ ဘယ်လိုလဲ"

ဆတ်ကနဲ သူ့ဘက်သို့ လှည့်ကြည့်လိုက်သည်။ ထိုအခါ ချစ်ပန်းဖြူ၏မျက်နှာသည် ငြိမ်းချမ်းမနေတော့ဘဲ ခုန်အုပ်တော့မည့် ကျားသစ်မလေးဟန်ဖြင့် မျက်လုံးမှာတလဲ့လဲ့တောက်ပနေ၏။

ထိုအခါ ချစ်ပန်းဖြူသည် ငြိမ်းချမ်းသော ချိုးငှက်ကလေး အသွင်မဟုတ်တော့ဘဲ သိန်းငှက်အသွင်သို့ ပြောင်းလဲသွားလေသည်။

"မလေးနဲ့လေးလေးဝါနဲ့မတည့် မောင်မောင်။ သူ့ အကြောင်း

ကို မလေး မသိနိုင်"

"ဒါဖြင့် မောင်မောင့်အဖေကိုရော မသိဘူးလား"

"သိသားပဲ။ မလေးနဲ့ မျက်မှန်းတန်းမိပါတယ်"

"ဘာလို့ မောင့်ကိုမပြောတာလဲ"

"မပြော ...တော်ကြာ လမင်းကိုမှ ဆွေမျိုးတော်စပ်တဲ့ မြေမီးခွက်ကလေးလို ဖြစ်သွားမှာပေါ့"

"ဟာ ... ဒီငပလီသူ သိပ်စကားပြောတတ်တယ်"

သူက အသည်းယားစွာဖြင့် ချစ်ပန်းဖြူ၏လက်ကို ဆွဲညှစ်လိုက်ရာ ချစ်ပန်းဖြူလန့်သွား၏။

"အား ... နာတယ် မောင်မောင်ရ"

"ကဲ ... အခုလဲ လမင်းကြီးကို ဘာလို့ချစ်ရတာလဲ မြေမီးခွက်လေးရယ်"

"လမင်းအနားမှာ အမြဲစားရတဲ့ ကြယ်တာရာလေး ဖြစ်ချင်လို့ နေရာယူကြည့်တာပါ။ လမင်းက ကြယ်တာရာအဖြစ်နဲ့ နေရာပေးရင် ကြယ်တာရာပေါ့ မောင်မောင်ရယ်။ မြေမီးခွက်အဖြစ်နဲ့ပဲထားရင်တော့ မြေမီးခွက်ပေါ့ မောင်မောင်ရယ်။ မလေးက မောင့်ကို မဝံ့မရဲနဲ့ ချစ်ရသူပါ"





"ဘာလို့ မဝံ့မရဲချစ်ရမှာလဲ"

"မသိဘူး။ တစ်နေ့နေ့မှာ မောင်မောင်မုန်းသွား၊ မေ့သွားမှာကို သိပ်ကြောက်တာပဲ"

စိုးရိမ်အားငယ်သော မျက်လုံးများနှင့် ကြည့်နေသော ချစ်ပန်းဖြူ၏ မျက်လုံးအစုံမှာ ယုန်သူငယ်လေး၏ မျက်လုံးအဖြစ်သို့ ပြောင်းလဲသွားလေသည်။

သူက ချစ်ပန်းဖြူလက်ကို တင်းတင်းလေးဆုပ်ကိုင်ရင်းက

"မောင် မမုန်းတဲ့အကြောင်း၊ အမြဲချစ်နေမယ့်အကြောင်းကို အခုမောင်တို့ထိုင်နေတဲ့ သဲပွင့်လေးတွေက သက်သေပြလိမ့်မယ်"

"ချစ်ပန်းဖြူ မယုံရင် မင်းကသဲတစ်ပွင့်စီကို လိုက်မေးကြည့်လိုက်ပါလား"

"ဟင် ... လူလည်"

ချစ်ပန်းဖြူ၏ လက်အစုံကိုဆုပ်ကိုင်ထားရင်း နေလုံးနီကြီးနှင့် ပင်လယ်ပြာကြီးထိ စပ်နေသည်ကို ငေးကြည့်နေမိသည်။ မကြာမီ ပျောက်ကွယ်သွားတော့မည့် နေလုံးနီကြီးကို ကြည့်ကာ လွမ်းသလိုလို ဆွေးသလိုလို ခံစားရမိ၏။

သူ့ရင်ထဲတွင် ချစ်ပန်းဖြူနှင့် လွန်ခဲ့သော လေးငါးဆယ်နှစ်ကတည်းက ခင်တွယ်နေရသလိုပင် ကြီးမားသော ချစ်ခြင်းဖြင့် ချစ်နေမိလေပြီ။

သူ ချစ်ပန်းဖြူကို မခွဲချင်တော့ပေ။

ဖေဖေသည်လည်း မေမေ့အား အလွန်ချစ်မြတ်နိုးသူဖြစ်ကြောင်း သူသိထား၏။

သို့ရာတွင် မေမေ့နှလုံးရောဂါနှင့် စိတ်ထိခိုက်ပြီးဆုံးသွားရသည့်အဖြစ်ကို သူ့ရင်ထဲမှာ မကျေနပ်ဘဲ တအုံနွေးနွေးဖြစ်နေမိသည်။

"မောင်မောင် ... မောင်မောင့်အဖေဟာ တည်ကြည်ပြီး သစ္စာရှိတဲ့အမျိုးသားကြီးတစ်ဦးပါ မောင်မောင်ရယ်။ ကိုယ့်အဖေအပေါ်မှာ မယုံသင်္ကာဖြစ်ပြီး ဟိုဟိုဒီဒီလျှောက်စုံစမ်းမနေပါနဲ့တော့ကွယ်။ သိက္ခာကျပါတယ်။ မလေးတို့ဒေသခံတွေက ဧည့်သည်တွေအကြောင်း ကောင်းကောင်းသိပါတယ်။ တချို့ဆိုရင် မိန်းမမပါဘဲနဲ့ အငယ်အနှောင်းတွေနဲ့လာကြတယ်။ တချို့ကတော့လဲ သူတို့မြို့မှာတော့ လူကြီးလူကောင်းဟန်ဆောင်ကြပြီး ဒီရောက်မှ အပျော်ရှာကြတယ်လေ။ အို အများကြီးပါပဲ။ မလေးတို့ သိတာပေါ့။





ဒါပေမယ့် ဒီလိုလူမျိုးတွေထဲမှာ မောင်မောင့်ဖေဖေ မပါပါဘူးကွယ်"

ဖခင်အကြောင်းကိုပြောနေသော ချစ်ပန်းဖြူ၏ အသံမှာ မသိမသာလေး တုန်ခါကာ မျက်ရည်အဝဲသားနှင့်မို့ သူ့ရင်ထဲမှာလည်း အလိုလို ဝမ်းနည်းလာမိသည်။

ဖေဖေ၏ဘဝတစ်လျှောက်လုံးတွင် အမည်းစက်စွန်းပေခြင်းမရှိခဲ့သော အိမ်ထောင်ရှင်ကောင်းတစ်ဦးဖြစ်ခဲ့သည်။ ဤသည်ကို သိလျက်နှင့် သူဘာကြောင့်များ သံသယဝင်ခဲ့ရသနည်း။

"ဒါကြောင့် မောင်မောင့်စိတ်ထဲမှာ ကိုယ့်အဖေနဲ့ပတ်သက်ပြီး ဘာမှ သံသယအတွေးတွေ ဝင်မနေနဲ့နော်။ ဟိုစုံစမ်း ဒီစုံစမ်းနဲ့လဲ လျှောက်စုံစမ်းမနေပါနဲ့တော့။ ကိုယ့်အဖေသိက္ခာကျပါတယ်။ အရေးကြီးတာက ကိုယ့်အလုပ်ကို ကိုယ့်ဘာသာကိုယ်လုပ်ပြီး ကိုယ့်အဖေလက်ထက်ပွားအလုပ်ကို ဆက်လုပ်မယ်လို့ ဆုံးဖြတ်ရင် ဆက်လုပ်သွားပေါ့ မောင်မောင်ရယ်။ မလေးလဲ မောင့်အနားမှာ အမြဲရှိနေပြီပဲ။ မောင်ခွဲမသွားသရွေ့ မလေး မောင့်အနားမှာပဲ ရှိနေမှာပါ"

မိုးဦးရာသီမို့ ငပလီကမ်းခြေတွင် ညှော်များ နည်းသွားလေသည်။

အောင်နေဦးက မြဇဝါနှင့်အတူ စာရင်းများကို ဆက်၍ကိုင်ထားရင်းက ဖခင်လက်ငုတ်ရင်းဖြစ်သော သဘော်သုံးစီးကို ဆက်လက်၍ ထိန်းသိမ်းရင်းက ငပလီတွင် တစ်လနီးပါးကြာသွားသည်။

ချစ်ပန်းဖြူကမူ နန်ကျွန်းတွင် ဆရာမအလုပ်ဖြင့် ငပလီနှင့်နန်ကျွန်းသို့ သွားလာနေ၏။

အောင်နေဦးက ချစ်ပန်းဖြူအား သံတွဲကိုအသွားကားနှင့်ခေါ်သွားပြီး အပြန်တွင်လာကြိုခြင်းဖြင့် အလုပ်တစ်ခုရနေ၏။ ကျောင်းချိန်ကာလတွင် သပြုချိုင်သွားလျက်ရှိသလို သံတွဲရုံးတွင်လည်း ထိုင်ပေးကာ ဖခင်၏အလုပ်ကို ကြိုးစား၍လုပ်ပေးနေ၏။ သို့ရာတွင် သူ့ရင်ထဲတွင် ဖခင်အား ငွေထုတ်ချေးသူကို အမြဲရှာဖွေနေ၏။

ဖခင်၏ မီးခံသေတ္တာထဲတွင် အရေးကြီးသော စာချုပ်စာတမ်းများရှိသေးသည်။ ထိုစာချုပ်စာတမ်းများကို သူကိုယ်တိုင်သွားယူမှရမည်ဖြစ်၏။

သူ မသွားဖြစ်သေးပေ။





"အပုလေးရယ်။ ဒါဟာအကြောင်းမဟုတ်ပါဘူး။ အပုလေးအလုပ်အကိုင်အဆင်ပြေပြီး ကျွမ်းကျင်မှုရှိအောင် နည်းနည်းကြိုးစားပြီး အချိန်ယူလိုက်ပါဦး။ သံတွဲနဲ့ရန်ကုန်က နီးတဲ့ခရီးမဟုတ်ဘူး။ တော်ကြာ အပုလေးကြီးဒေါ်တွေကဆွဲထားရင် ကြာနေဦးမယ်။ လေးလေးဝါက မိန်းမသားမို့အုပ်ချုပ်ရေးမှာ သိပ်မနိုင်ဘူးကွယ့်"

မြဇဝါကိုယ်တိုင်ကပင် သူ့အားရန်ကုန်မပြန်စေချင်ပေ။ ချစ်ပန်းဖြူကလည်း ရန်ကုန်ရောက်လျှင် သူပြန်မလာနိုင်တော့ဘူး ဟူ၍ မှတ်ထားဟန်တူသည်။ သူ့အား ပြန်သွားမှာ အလွန်စိုးရိမ်ကြ၏။

ထို့ကြောင့် ကြီးဒေါ်များထံ ဖုန်းဆက်၍ သွားအကြောင်းကြားရသည်။

ကြီးမနှင့်ကြီးငယ်တို့သည် သူ့အား အကြမ်းနည်းနှင့် သိမ်းသွင်း၍မရသောကြောင့် အနုနည်းနှင့် ပြန်စည်းရုံးကြ၏။

"သားရယ်။ ကြီးမတို့နှစ်ယောက်မှာ အားကိုးအားထား ဆိုလို့သားတစ်ယောက်တည်းပဲရှိတော့တာ။ ကြီးမတို့ကို ပြစ်မထားပါနဲ့ကွယ်။ ကြီးမတို့မှာ အသက်ကြီးနေပြီသားရဲ့။ သားမကြိုက်တဲ့အလုပ် သားမလုပ်ချင်တဲ့အလုပ်ကို ကြီးမတို့ မခိုင်းတော့ပါဘူး

ကွယ်”

“ကျွန်တော်ပြန်လာပါ့မယ် ကြီးမ။ ဒါပေမယ့် ဒီကအလုပ်တွေကို ကျွမ်းကျင်အောင်လို့ ဖောက်ချပြီးလုပ်လိုက်ဦးမယ်။ ဒီမှာ နှစ်လသုံးလလောက်တော့ နေပါဦးမယ်။ ပြီးတော့မှပဲ ကြီးမတို့ရဲ့ ဘိုးဘွားပိုင်သဘော်တွေကို သွားကြည့်ပါ့မယ်။ ပြင်လို့ရမရဆိုတာကိုပေါ့”

“အမလေး ဘယ်လိုပြောလိုက်တာလဲ။ ကြီးမတို့ရဲ့ ဘိုးဘွားပိုင်တဲ့လား။ ကြီးမတို့ပိုင်သလို မင်းအဖေနဲ့အမေလဲ ပိုင်ခဲ့တာပဲ။ မင်းအသက်နှစ်ဆယ်အထိ ဒီသဘော်တွေနဲ့ပဲ ထမင်းစားလာတာ နောက်မှ မင်းအဖေကခွဲသွားလို့ ကြီးမတို့မှာ ဒီသဘော်ပျက်နဲ့ပဲ ဘာလုပ်ရမှန်းမသိအောင် တလည်လည်ဖြစ်ခဲ့ရတာ။ ကားများလိုပဲ စက်ဆိုတာပြင်ရင်ရတာပဲ မဟုတ်လားသားရယ်”

“စက်ဆိုတာ ပြင်ရင်ရပေမယ့် ကိုယ်ထည်ကိုတော့ ပြင်လို့မရဘူး ကြီးမ။ ကြီးမတို့သဘော်က သစ်သားကိုယ်ထည်ဆိုတော့ ပင်လယ်ရေနဲ့သိပ်ဆွေးနေပြီ။ အားလုံးပြင်ရင် ကိုယ်ထည်တစ်ခုလုံး ပြန်လုပ်ရမှာ သစ်ဈေးကကြီးကကြီးနဲ့ ကြီးမရယ်။ အင်းလေ .. သားပြန်လာတော့ ကြီးမကြီးပါ ထားဝယ်ကိုလိုက်လာပြီး ကြည့်ကြည့်





ပေါ့။ အဝေးကနေမှန်းလို့ဘာမှ မရဘူး။ ပြီးတော့ ဒီက သားလုပ်နေတဲ့ ဖိုင်ဘာဒက်ရှုးသဘော်အဖြူလေးတွေနဲ့ ယှဉ်ကြည့်လေ”

အောင်နေဦးက ကြီးမ၏စိတ်ကိုပြောင်းလဲသွားစေရန် ထားဝယ်အထိ လိုက်လာကာ ရှင်းပြမည်ဟု စိတ်ကူးထားသည်။ သို့ရာတွင် ကြီးမပြောလိုက်သောစကားကြောင့် အောင်နေဦးမှာ သက်ပြင်းချမိလိုက်တော့သည်။

“ကိစ္စမရှိဘူးသား။ မင်းအဖေကသူစိမ်းတစ်ရံဒေသမှာတောင် အလုပ်လုပ်ဖို့ဝင်တိုးဝင်နိုင်သေးတာပဲ။ ကြီးမတို့က ကိုယ့်ဇာတိမြေကို ဘာမို့တိုးမဝင်နိုင်ရမှာလဲ။ ကြီးမတို့ကို လိုအပ်မယ့်ငွေကို ထုတ်ချေးမယ့်ဆွေမျိုးသားချင်းတွေပြည့်နေတာပဲ။ ငါ့သားကို ယောကျ်ားလေးမျိုးဆိုရင် ငွေထုတ်ချေးပြီးသမက်တော်ချင်တဲ့ သူတွေပြည့်နေတာ။ ဘာမှမပူနဲ့သား၊ ဒီကိစ္စကို ကြီးမအားလုံး ဖန်တီးပေးမယ် သိလား”

အောင်နေဦး ဘာမှမပြောသာတော့ပဲ သက်ပြင်းချ၍ ချစ်ပန်းဖြူနှင့်လက်ထပ်ပြီးမှသာ ရန်ကုန်သို့ပြန်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

ထိုအခါမှ ကြီးမကြီး၏ငွေချေးသမက်တော် အစီအစဉ်များ

ရုပ်တန့်သွားမည်ဖြစ်ပေသည်။

"ကြီးမရယ် အိမ်ထောင်ရေးကိစ္စကိုဘာမှမလောပါနဲ့။ သ
မသိဘဲနဲ့ဘာမှမလုပ်နဲ့နော်။ ကြီးမတို့ လှူဖို့အတွက် သား တစ်လ
ငွေနှစ်သောင်းပို့ပေးပါ့မယ်။ သားအိမ်ကိုတော့ ဆက်ပိတ်ထား
ဦး ။ ကားကိုတော့ ကြီးမတို့အိမ်မှာထားပါ။ ဦးလေးကိုပြော။ စက်
ခိုင်း၊ သုံးခိုင်းပေါ့။ အဲဒါ ဖေဖေမြတ်နိုးတဲ့ကားမို့ သားမရော
နိုင်ဘူး။ အခု ဒီကိုယူလာတဲ့ကားပဲ ရောင်းချင်ရောင်းမယ်"

"နေပါဦး။ သားက ခဏလေးတောင်ပြန်မလာနိုင်ရအော
လုပ်ငန်းက သိပ်ကြီးနေလို့လား"

"မဟုတ်ပါဘူး ကြီးမရယ်။ ကိစ္စမရှိဘဲနဲ့သွားလိုက်လာလို
က အလကားလမ်းစရိတ်ကုန်တာပေါ့။ လေယာဉ်လက်မှတ်က
လွယ်တာမှမဟုတ်တာ။ သားက ကြီးမတို့နဲ့ အေးအေးဆေးဆေ
နေမှာ ဒီမှာလက်လွတ်ပြီး လွှဲထားလို့ရရင်ပြန်လာပါ့မယ်။ တစ်
တစ်ခါလောက်မှ လချုပ်ဖို့ပြန်သွားလိုက်တာ။ ဒါပဲနော် ကြီး
သား တစ်ပတ်တစ်ခါလောက် ဖုန်းဆက်မယ်နော်"

ကြီးဒေါ်များမှာ သူတို့၏ညီမထွေး အောင်နေဦး၏မိခင်အ
လိမ္မာသောမတ်ကိုရှာဖွေရွေးခြယ်ပေးပြီး သူတို့၏ မိဘလက်ငု





သက်ရင်းကို ဦးစီးလုပ်ကိုင်စေခဲ့သည်။ ထို့ကြောင့် သူ့ကိုလည်း
ိမ္မာသော သမီးရှင်များ၏လက်ကိုထည့်ကာ ငွေချေး၍သဘော်
ဟောင်းအပျက်များအား ပြန်ပြုပြင်ပေးနိုင်မည့်သူကို ကြိုတင်၍
ှာဖွေစီမံကိန်းရေးဆွဲပေလိမ့်မည်။

"ဟင်း ... ရန်ကုန်ပြန်ဖို့ မလွယ်ပါလားနော်။ ဟိုရောက်တာ
ဲ့ သံကွန်ချာထဲ တန်းထည့်ပြီး သော့ခတ်ထားမယ့်ပုံပဲ"

"ဘာတွေ ညည်းညူနေတာလဲ အပုရှည်"

"ဟင် လေးလေးဝါ ခေါ်ပုံကလဲ ခွတီးခွကျနဲ့။ အပုဖြင့်
အပု၊ အရှည်ဖြင့်အရှည်ခေါ်ပေါ့။ ဘယ့်နဲ့ အပုရှည်ရတာလဲ"

သူ့စကားကြောင့် မြဇဝါက သဘောကျစွာရယ်မောလိုက်
ပြီး သူ၏လက်မောင်းကိုအုပ်ကိုင်၍ ဆက်သွယ်ရေးရုံးမှ ထွက်လာ
ခဲ့သည်။

"ချစ်စနိုးအခေါ် လွန်သွားလို့ပါ အပုလေးရယ်။ မင်းက
လေးလေးဝါတို့မိသားစုရဲ့ အသည်းကျော်လေးဖြစ်နေပြီ"

သူသည် မြဇဝါက သူ့လက်မောင်းကိုဆုပ်ကိုင်ခြင်းအတွက်
ည်သို့မျှမခံစားရပေ။ သို့ရာတွင် မြဇဝါသည် အသက်လေးဆယ်
ရွယ်နှင့်မလိုက်အောင်ပင် ဆံပင်တိုတိုညှပ်ထားပြီး နုပျိုအောင်

ခေတ်မီသော မိတ်ကပ်နှုတ်ခမ်းနီများနှင့် ပုံဆန်းဆန်းအကျီလေ
များဖြင့် ထဘီတိုတိုဝတ်ကာ ဒေါက်မြင့်ဖိနပ်ကလေးများစီးလျက်
နေသောကြောင့် ပျို့မျှစ်နုနယ်နေသည်။

"လေးလေးဝါက ကိုယ့်တူမနဲ့ကျွန်တော့်ကို သဘောတူလ
လားဗျ"

"ရော် ... မင်းဟာ ငါ့သားအရွယ်ပဲလေ။ ငါ့တူမနဲ့ငါက
စကားအစပ်မတည့်လို့ပေမယ့် ငါက သဘောတူပါတယ်။ မင်းဟာ
ငါ့အချစ်ဆုံး သားတစ်ယောက်ပါပဲကွယ်။ ငါ့တူမနဲ့ယူမှ မင်းက
ငါတို့နားမှာ အမြဲရှိနေမှာပေါ့"

"တူမနဲ့မယူလဲ လေးလေးဝါနဲ့ ကျွန်တော်နဲ့က အစုစပ်
စီးပွားရေးသမားတွေဆိုတော့ အမြဲ အတူတူတွဲလုပ်နေရမှာပဲ
မဟုတ်လား"

"မတူဘူးလေ အပုလေးရဲ့။ လေးလေးဝါမှာ အမွေဆက်ခံ
ဖို့ သားချင်းမရှိ။ ဒီတူမရဲ့သားစဉ်မြေးဆက်ပဲ ရှိတာ"

"ဒါနဲ့ မလေးက မွေးစားသမီးဆို။ လေးလေးဝါမှာ အစ်ကိုရင်း
တစ်ယောက်ရှိပြီး သားနှစ်ယောက်ရှိနေတယ်ဆို။ လေးလေးဝါ
ရဲ့တူရင်းတွေပေါ့"





သူ့စကားကြောင့် မြဇဝါက ခေါင်းခါ၍ ပြုံးလိုက်သည်။

"အစ်ကိုက မွေးတာဆိုရင် သွေးမတော်ဘူး။ တကယ်လို့
သားသမီးရှိရင် အစ်ကိုမွေးတဲ့သားသမီးနဲ့ ပြန်လက်ထပ်လို့ရတယ်။
ကင်လည်နမလည်ပေါ့။ ငါ့အစ်မနဲ့ ငါ့ညီမမွေးမှ ငါ့သားသမီးနဲ့
မောင်နှမတော်စပ်တာကွယ့်"

"ဒါပေမယ့် .... မလေးက မွေးစားသမီးပဲ"

"ဟုတ်တယ်။ ဒါပေမယ့် အဘောင်ရဲ့မွေးစားသမီးဆိုတော့
ညီမတော်တာပေါ့။ မလေးနဲ့ငါနဲ့စပ်မတည့်ပေမယ့် မလေးကို
ချစ်တယ်။ သူက ငါ့ကိုယ်စား အဘောင်ကို ပြုစုပေးတယ်လေ၊
တော့ မလေးဟာ စေတနာဖြူတယ်။ ငါက မလေးကိုချစ်ပါတယ်။
ကသာ ငါ့ကို ကြည့်မရဖြစ်နေတာပါ"

"ဘာလို့ ကြည့်မရတာလဲ"

"ငါမသိ"

မြဇဝါက ကားမောင်းသူနေရာမှာ ဝင်ထိုင်ပြီး အောင်နေဦး
း သော့လှမ်းတောင်းလိုက်၏။

"လေးလေးဝါက ကားမောင်းတတ်လား"

"သဘော်တောင်မောင်းလို့ရရင်မောင်းချင်သေးတယ်လေ။

ဒါကြောင့် အဘောင်ကကြည့်မရတာပေါ့။ အဘောင်ကြည့်မရတော့ သူ့အသည်းကျော်မလေးက ဘယ်ကြည့်ရမှာလဲကွာ”

မြဇဝါက ကားစက်နှိုးကာ လှုလှုပပလေး မောင်းထွက်လာလေ၏။ သူက မြဇဝါကို အထင်ကြီးသွား၏။ အသက်လေးဆယ်ကျော်အရွယ်ဖြစ်သော်လည်း နုပျိုသွက်လက်ဆဲဖြစ်သည်။

သူ၏ မိခင် မြို့ကြီးသူပင်လျှင် ကားမမောင်းတတ်ခဲ့ပေ။

“အတတ်ပညာဆိုတာ အားလုံးတတ်ထားရင် မကောင်းဘူးလား အပုလေးရယ်၊ ဒါတောင် လေးလေးတို့မှာ သိဖို့တတ်ဖို့ အများကြီးလိုသေးတယ်။ ဪ လေးလေးကားမောင်းတတ်အောင် ဘယ်သူသင်ပေးတာလဲ သိလား”

သူက ခေါင်းကိုအသာယမ်းလိုက်သည်။

“ဦးစိုးအောင်”

“ဪ”

သူ့ရင်ထဲမှာ နာနာကျင်ကျင်လေး ဖြစ်သွားသည်။ ဒါကြောင့်မို့လည်း မိခင်က အထင်လွဲပြီး နှလုံးရောဂါရကာ သေဆုံးသွားရခြင်းဖြစ်ပေမည်။

ဘယ်လောက်ပင်ရိုးသားပါတယ်ဟုပြောသော်လည်း





ား‌ပတ်ဝန်းကျင်အမြင်က အထင်လွဲစရာဖြစ်နိုင်ပေသည်။

“ဘာလဲ မင်းအဖေနဲ့အနေအထိုင်ရင်းနှီးလွန်းလို့ အထင်လွဲပြီး အမေဆုံးသွားရတယ်လို့ အပုလေးစိတ်ထဲမှာ ထင်လိုက်သေးလား”

“ဟင် .... လေးလေးဝါ ဘယ်လိုလုပ်သိလဲ”

“ဒီလိုပဲပေါ့ အပုလေးရယ်။ မင်းလေးလဲ ပတ်ဝန်းကျင်က လူသားတစ်ယောက်ပဲ။ ဒီလိုပဲမြင်မှာပေါ့။ ဒါပေမယ့် မင်းရင်ထဲမှာ သိဖို့က တစ်ခုတော့ရှိတယ်။ အဲဒါက လေးလေးဝါနဲ့ မင်းအမေက ဟိုးအရင်ထဲက သိနေတာပါ။ လေးလေးဝါကို မင်းအမေက သိပ်ခင်တယ်။ မင်းအမေနဲ့ပတ်သက်လို့ မင်းအဖေကိုခင်ခဲ့တာပါ။ ဒါကြောင့် မင်းအမေဆုံးတာ လေးလေးဝါကြောင့် မဟုတ်ဘူး။ သူ့ဘာသာသူ ရောဂါကြောင့်လို့ လေးလေးဝါ ထင်တယ်”

“ပတ်ဝန်းကျင်ကတော့ ပြောကြမှာပဲ မောင်မောင်။ ကိုယ်ကသာ အနေအထိုင်ဆင်ခြင်ဖို့လိုပါတယ်”

ချစ်ပန်းဖြူမျက်နှာလေးရဲရဲနီနေသည်။ ဆံတစ်ပင်တင်းခြင်း အတွက် ချစ်ပန်းဖြူနေထိုင်နေခြင်း ဖြစ်သည်။

"လေးလေးဝါနဲ့ ကိုယ်က သားအမိအရွယ်ပါကွယ်"

"အသက်ကွာတာလူမသိ။ လေးလေးဝါနုပျိုတာကို လူမြင် ကြတာ။ လေးလေးဝါက ဘယ်သွားသွား မောင်မောင့်လက်မောင်း ကိုဆုပ်ကိုင်တွဲသွားတယ်ဆို"

"ဟ ... ဒို့နှစ်ယောက်က ရိုးသားပါတယ်လို့ ဝန်ခံထား ပါတယ်။ ဒို့စကားကိုတောင်မယုံဘူးလား"

စိတ်တိုတိုနှင့်မာဆတ်ဆတ်ကလေး ပြောလိုက်သဖြင့် ချစ်ပန်းဖြူဆတ်ခနဲ တုန်လှုပ်သွား၏။ သူမသည် ဤကဲ့သို့ မာမာဆတ်ဆတ်အပြောမခံရဖူးသောကြောင့် အံ့အားသင့်သွား ဟန်တူသည်။

သူကလည်း ရုတ်တရက်အော်ပြီးမှ နောင်တရသွား၏။ ကားမောင်းရင်းက သူမအား ငဲ့ကြည့်လိုက်သည်။

ချစ်ပန်းဖြူမျက်နှာလေးရဲရဲနီလျက် မျက်လုံးအိမ်ထဲမှ မျက်ရည်များ ပြည့်လျှံလာသည်ကို တွေ့လိုက်ရသောအခါ သူရင်မှာ တုန်လှုပ်ချောက်ချားသွား၏။





"မလေး"

ရုတ်တရက်ကားကိုလမ်းဘေးသို့ ထိုးရပ်လိုက်သည်။ ကျ်ဘာတောများ၏ အရိပ်နှင့်လျှိုလေးလိုဖြစ်နေသောလမ်း နိမ့်လေးဖြစ်နေ၍ အေးစိမ့်နေသည့်အပြင် တောင်ရိပ်တောရိပ် း‌ကြောင့် မြူခိုးဝေကာ အုပ်မှိုင်းမှိုင်းလေးဖြစ်နေသည်။

ကားရပ်ပြီး ခေါ်လိုက်ကာမှ ချစ်ပန်းဖြူ၏ ပါးပြင်သို့ က်ရည်များ ခုန်ဆင်းလာလေသည်။

"ဟာကွာ အဲဒီလိုမလုပ်နဲ့လေ။ မောင်မချော့တတ်ဘူး လေးရယ်။ ပတ်ဝန်းကျင်အပြောကို ယုံမှာလား။ မောင့်အပြော ို ယုံမှာလား"

ချစ်ပန်းဖြူက ခေါင်းလေးငုံ့ကာ ခါးကြားမှ လက်ကိုင်ပဝါ လးကို ယူ၍ သူ့မျက်ရည်များကို သူဘာသာသူသုတ်လိုက်၏။ ာစကားမျှမပြောပေ။

အောင်နေဦးက ချစ်ပန်းဖြူလက်ကိုလှမ်းဆွဲလိုက်သောအခါ ျစ်ပန်းဖြူက အဆွဲမခံဘဲ ရုန်းလိုက်၏။

"ဟော ... ဟော မောင်မေးတာဖြေဦးလေ။ မလေး ဘယ်သူ့ ပြောစကားကိုယုံမှာလဲဟင်။ ပတ်ဝန်းကျင်နဲ့မောင့်ကို ဘယ်သူ့ကို

ပိုဂရုစိုက်လဲ”

ချစ်ပန်းဖြူ မဖြေ။ မျက်ရည်များသာ တွေတွေကျနေ၏။ သူခေါင်းရှုပ်သွားသည်။

“ငိုနေတဲ့သူကို မချော့တတ်ဘူး။ ကဲ ဘယ်လိုပြောရင် အငို တိတ်မလဲ။ မောင် ဘာနဲ့ချော့ရမလဲ မလေးရယ် ပြော”

“မချော့တတ်ရင် ဘာလို့အော်သလဲ”

“ဟောဗျာ ... ဟုတ်ပါရဲ့။ ကဲ ... အော်တတ်ရင် ချော့တတ် ရမှာပေါ့။ အင်း ... ဟုတ်တယ်၊ ဟုတ်တယ်။ မောင်က အော်ပြီးရင် ချော့ရမှာပေါ့နော်”

ရုတ်တရက်ငုံ့ရင်းပြောလိုက်သော ချစ်ပန်းဖြူစကားကြောင့် သူက သဘောကျစွာပြုံးလျက် ချစ်ပန်းဖြူအား အနားသို့ တိုးကပ်ကာ မေးလေးကိုင်ကာ မျက်နှာကိုဆွဲမော့မည်အပြု ချစ်ပန်းဖြူက လက်ကို ပုတ်ချလိုက်ပြီး

“ခုမှ လာမချော့နဲ့။ ပတ်ဝန်းကျင်ကမြင်ရင် ဆရာမ သိက္ခာကျ တယ်။ သွား ကားပဲ ဆက်မောင်းတော့”

“အို .... မလေးကပဲ ချော့ဆို”

ချစ်ပန်းဖြူက ခေါင်းကလေးငုံ့ကာ မျက်ရည်များကို





ုန်စင်အောင်သုတ်လျက်

“မောင့်အချော့ခံချင်လို့ မျက်ရည်ကျတာ မဟုတ်ပါဘူး မောင်။ မလေးဝမ်းနည်းလို့ပါ။ ကိုယ့်ချစ်သူအော်တာကို မလေး ခံစားရဲဘူး”

သူ နောင်တရသွားသည်။ ချစ်ပန်းဖြူ၏ လက်လေးကို အသာအယာဆွဲကိုင်ရင်း

“မလေးကို မုန်းလို့အော်တာမှ မဟုတ်တာကွယ်။ မောင့် သစ္စာတရားကိုထိပါးလို့အော်မိတာပါ။ မောင့် သစ္စာဆိုရဲပါတယ်။ မလေးကို မောင်သိပ်ချစ်လို့။ ဘဝတစ်သက် တာလုံးမမုန်းတဲ့ချစ်ခြင်း မေတ္တာတရားနဲ့ချစ်သွားမှာပါ။ လေးလေးဝါကို အစ်မတစ်ယောက် လိုသဘောထားထားတဲ့ မောင့်ကို ကိုယ့် အမေနဲ့ပေးစားသလိုအခံရ ခက်လို့ပါကွယ်။ မောင့်ကိုစိတ်မဆိုးနဲ့နော်”

“စိတ်မဆိုးပါဘူး။ ဝမ်းနည်းတာပါ။ ကဲ သွားစို့ ... ဒီနား ပတ်ဝန်းကျင်က မလေးကို ဆရာမအနေနဲ့ပဲ မြင်ကြတော့ မကောင်းဘူး”

“မလေး မငိုတော့ဘူးနော်”

မျက်ရည်စများနှင့် ရွှန်းလက်နေသော မျက်လုံးရွဲကြီးနှင့်

မျက်စောင်းလေးဝေ့ကြည့်ကာ

“ကိုယ့်ဘာသာကိုယ် ကားမောင်းပေါ့”

“ဘယ်ဟုတ်မလဲ။ မလေးငိုတာတွေ့ရင် ဒီမောင်က ဘယ်လို လုပ် ကားမောင်းရမှာလဲ”

“အခုမှ ပိုနေတာ။ စောစောကတော့ အော်ပြီးတော့”

ပြောရင်းကမဲ့လာသောကြောင့် အောင်နေဦးမှာ မျက်လုံးပြူး သွားပြန်သည်။

“အာ ... ထပ်မငိုပါနဲ့မလေးရယ်။ မောင်တကယ် ကားမမောင်း နိုင်အောင်မလုပ်ပါနဲ့”

“မောင့်ကို မလေးစွပ်စွဲတာ မဟုတ်ပါဘူး။ ပတ်ဝန်းကျင် က သတင်းစကားအတွက်ကို သတိပေးတာပါ။ အသက်ချင်းက သားအမလိုကွာပေမယ့် အရွယ်ကတော့ မကွာသလိုပဲ။ လေးလေးဝါ က သိပ်နုတာပဲနော်။ လှလည်းလှတယ်။ ခေတ်လဲမီတယ်။ ပေါင်းသင်းဆက်ဆံရေးကလဲတော်တယ်။ သူ့လိုမိန်းကလေး မျိုးကိုဇနီးတော်စပ်ရ ကုသိုလ်ကံကောင်းပါတယ်”

ချစ်ပန်းဖြူ၏စကားကြောင့် အောင်နေဦးက ပုခုံးနှစ်ဖက်ကို တွန့်ကာ





“ဒါဆို စောစောစီးစီးဘာလို့ အိမ်ထောင်မကျတာလဲ၊ သူ့လို မိန်းကလေးမျိုး ဇနီးမယားတော်စပ်ချင်တဲ့သူတွေများရင် အိမ်ထောင် ပြုမှာပေါ့”

ချစ်ပန်းဖြူတွေတွေဝေဝေလေး ဖြစ်သွား၏။

“ဟုတ်ပါရဲ့။ သူဘာလို့ အိမ်ထောင်မကျတာလဲ မသိဘူးနော်၊ မလေးရောက်လာတော့ သူမရှိဘူး။ အဘောင်က သူ့ကို သိပ်စိတ်ဆိုး နေတယ်၊ နောက်ငါးနှစ်ကြာမှ သူရောက်လာတယ်။ ဒါတောင်မှ အဘောင့်နားမနေဘူး။ လျှောက်သွားနေတာပဲ၊ အပြင် စီးပွားရေးပဲ လုပ်တယ်။ အဘောင်တို့က ရွာသူလိုပဲ နေစေချင်တာ။ လေးလေးက သိပ်စွန့်စားချင်တာ”

“ချစ်ပန်းဖြူကရော”

“ချစ်ပန်းဖြူက အဘောင့်လိုပဲ အေးအေးဆေးဆေးပဲ နေချင် တယ်”

“ဒါပေမယ့် ကိုယ်နဲ့လက်ထပ်ပြီးရင် မလေးက အေးအေး ဆေးဆေး မနေရဘူး”

“ဘာလုပ်ရမှာလဲ”

“ကိုယ်နဲ့အလုပ်ထဲကို လိုက်ရမယ်”

"မလိုက်"

"မလိုက်လို့မရဘူး။ ဒီခေတ်ကြီးမှာ မိန်းကလေးနဲ့ယောကျ်ား
လေးက ရင်ပေါင်တန်းပြီး အလုပ်လုပ်နေကြတာ။ အဲဒါကို အိမ်တွင်
ပုန်းအိမ်ရှင်မလုပ်ပြီး ယောကျ်ားကို သကာမကင်းဖြစ် နေလို့မရဘူး
ကိုယ်တိုင်ဝင်လုပ်ပြီး အနားကမခွာဘဲနေနေပေါ့"

အောင်နေဦးစကားကြောင့် ချစ်ပန်းဖြူက တစ်ဖက်လှည့်ကာ
ရှက်ပြုံးလေးပြုံးလိုက်၏။

"မလေးလဲ စီးပွားရေးကျောင်းဆင်းမဟုတ်လား။ မောင်
ဘေးနားကနေ စာရင်းကိုင်ပေါ့လေ"

"မောင်က မလေးကို တကယ်လက်ထပ်မှာလား ဟင်"

"ဟောဗျာ"

အောင်နေဦးက သူ့နဖူးကိုသူ့ဘာသာရိုက်လိုက်သည်
ကားလေးကွေ့သွားသဖြင့် ကမန်းကတန်းစတီယာရင်ကို ထိန်းလိုက်
ရင်း မချင့်မရဲလေသံနှင့်

"မင်းကိုလက်မထပ်ဘဲ ကျောရှုံကြဲတာလို့ ထင်နေတာလား
မလေးရယ်"

"မသိနိုင်ဘူးလေ။ မောင်မောင်တို့မြို့ကြီးသားတွေကို မလေး





ဖြင့် ကြောက်ပါတယ်လေ"

"အဲဒါပေါ့။ မလေးမှာ မဆုံးနိုင်တဲ့ သံသယတွေနဲ့ ကိုယ့်ကို
ဒုက္ခပေးနေတာပဲ။ အချိန်ကစကားပြောပြီး သက်သေပြလိမ့်မယ်။
ဘာမှ ကြိုမစဉ်းစားနဲ့"

ကျွဲမြီးတိုသွားဟန်ဖြင့် ပြောလိုက်သော အောင်နေဦးကို
ကြည့်ကာ ချစ်ပန်းဖြူ ပြုံးလိုက်မိသည်။

"မသိဘူး မောင်မောင်ရယ်။ မလေးတော့ မောင်မောင်
ပစ်သွားမှာကိုပဲ စိုးရိမ်နေမိတယ်"

"ကဲ ခင်ဗျားစိတ်နဲ့ခင်ဗျား စိုးရိမ်တော့။ ဘာမှမပြောတော့
ဘူး။ အဘောင်နဲ့လေးလေးဝါကိုတော့ပြောပြရမယ်။ ဒီသီတင်း
ကျွတ်ရင်လက်ထပ်ပေးပါလို့။ နို့မဟုတ်ရင် စိုးရိမ်စိတ်နဲ့ မလေး
တစ်ယောက်ရူးသွပ်သွားနိုင်တယ်လို့"

ကမ်းခြေတစ်ခုလုံး ငါးညှီနံ့များလွှမ်းနေသည်။ သို့ရာတွင်
ပွဲတော်ကြီးကဲ့သို့ စည်ကားလျက်ရှိနေ၏။

သောင်ပြင်ပေါ်ပုံထားသော ငါးများကို တောင်းများဖြ[illegible] သယ်ကြချိန်ကြနှင့် စကားပြောသံ၊ အော်ဟစ်သံများက ဆူညံနေ[illegible] ၏။

လူဆယ့်ငါးယောက်ခန့်သည် ကမ်းစပ်တွင် ပိုက်တစ်ခုကို ဆွဲ၍ ယီ ... ယားနှင့်အသံပြိုင်တူအသံများထွက်ကာ တပျော်တပါး အော်ဟစ်နေကြလေသည်။

အဘောင်ကိုယ်တိုင်က ခမောက်လေးကို ဆောင်းကာဆေး ပြင်းလိပ်ဖွာရင်း ကွမ်းမြုံရင်းနှင့် ကမ်းစပ်ရှိပုန်းညက်ပင်ခြေရင်း မှာထိုင်ကာ တပြုံးပြုံးနှင့် ပြုံးကြည့်နေသည်။

သူက ချစ်ပန်းဖြူကို လိုက်ကြိုပေးပြီး ဘန်ဂလိုသို့ပြန်လာ ရာတွင် တွေ့လိုက်ရသော မြင်ကွင်းကြောင့် အံ့အားသင့်ကာ ရပ်ကြည့်နေမိ၏။

"ဘာလုပ်နေတာလဲ အဘောင်"

"ငါးနီတူတွေတက်နေလို့ ဖမ်းနေကြတာလေ"

"ဪ ... လူအများကြီးနဲ့ ဖမ်းနေရတာပဲ"

"အေး ... ဒီငါးကလဲ အုပ်လိုက်လာတယ်ကွယ့်"

အဘောင်က တပြုံးပြုံးနှင့်အားပါးတရကြည့်နေသည်။





"ယီးယီ" နှင့်ဆွဲနေကြသည်ကို ကြည့်ရင်းက သူပါပျော်ရွှင်လာပြီး

"ဘယ်မှာလဲ ကိုသန်းဦး"

"ဟိုမှာ ပိုက်ဝင်ဆွဲမလို့"

"ကျွန်တော်လဲ လိုက်မယ်ဗျ"

သူက ကမန်းကတန်းရှူးဖိနပ်ကိုချွတ်ကာ ကိုသန်းဦးနှင့်အတူ ကမ်းခြေဘက်သို့ပြေးဆင်းလာလေ၏။ ကိုသန်းဦးသည် ချစ်ပန်းဖြူ၏ သူငယ်ချင်းဖြစ်သည်။ ယခင်တစ်ခေါက်ကတည်းက ခင်မင်နေခြင်း ဖြစ်၏။

"အအေးမိမယ် အပုရှည်ရယ်"

အဘောင်က လှမ်းဟန့်လိုက်သဖြင့် သူကရယ်မောလျက် အဘောင့်ကိုပြောင်ပြကာ ပြေးထွက်လာလေသည်။

အဘောင်သည် ရေထဲတွင် ပခုံးအထိမြုပ်လျက် ပိုက်ဆွဲ နေကြသော ယောကျ်ားသားများကိုမှ အားမနာနိုင်ဘဲ သူ့အား ကလေး ကဲ့သို့ပူပင်နေသည်။

လက်ညှိုးလောက်ရှည်သော ငါးလေးများက သောင်ပြင်မှာ ပုံနေသည်။ ညနေစောင်းနေအိုအောက်မှာ တဖျပ်ဖျပ်ခုန်နေ၏။

ညာသံပေးကာ ပိုက်ဆွဲနေသူကြားမှာ သူလည်းအားပါးတရ

ပိုက်ဝင်ဆွဲရင်းက ပျော်ရွှင်စွာ အော်ဟစ်နေမိ၏။ ရေများက ဥ
နေ၏။ ငါးများမှာ ပိုက်ကြီးကြီး၏ဆွဲအားနောက်မှာ ပါလာပြ
ပိုက်တွင်းမှာ ဆွေ့ဆွေ့ခုန်နေကြ၏။

"ပိုက်ကြီးက ကြီးလိုက်တာ၊ စပယ်ရှယ်လုပ်ထားရမှာပဲ

"ဟုတ်တယ်။ ငါးနီတူဖမ်းဖို့လုပ်ထားရတာ။ ခင်ဗျားတ
မြို့မှာ သိပ်ဈေးကွက်ဝင်တာပဲ။ မနက်ကြရင်သောင်ပြင်မှာ ထုတ်လှ
ကြမယ်လေ"

"ဒီလောက်များတာ ဘယ်လိုလှမ်းမလဲ"

"ဒီအတိုင်း သဲပေါ်မှာပဲ လှမ်းတာပဲ။ သဲလှမ်းတဲ့ငါးနီတူက
ကျွတ်တယ်။ စားလို့ကောင်းတယ်ဗျ။ ဖျာပေါ်လှမ်းတဲ့ငါးနီတူက
မာလို့ မကြိုက်ကြဘူး။ ဈေးမှာမေးရင် သဲလှန်းလား၊ ဖျာလှန်းလာ
ဆိုတာကို အရင်မေးကြတာ။ သဲလှမ်းမှ ကြိုက်ကြတာ"

"စားရင် သဲတွေကပ်ကုန်မှာပေါ့"

"လှော်ပြီးမှ ရေဆေးရင် သဲကျတယ်ပြောတာပဲလေ
ကျွန်တော်လဲ မသိ။ အမေတို့ပြောကြတာပဲ"

ကိုသန်းဦးနှင့် သူကစကားတပြောပြောနှင့် ပိုက်ဆွဲရင်
တဖြည်းဖြည်းကမ်းခြေဘက်သို့ ဆွဲလာလေသည်။





"ဟာ အများကြီးပဲ၊ ယီး ... ယီး ..."

သူက ဝမ်းသာအားရအော်လိုက်သည်။ ရေတိမ်လာသောအခါ
ပိုက်ကတဖြည်းဖြည်းပေါ်လာပြီး ငါးနီတူများက ပိုက်တွင်းမှာ
ဈွေ့ဈွေ့ခုန်လျက် ပါလာကြသည်။

နေရောင်အောက်မှာ တလဲ့လဲ့နှင့် တောက်ပလျက်ရှိနေ
သည်။

သူက ပိုက်တွင်းမှငါးများကို ဂရုစိုက်ပြီးကြည့်မိရာ တဖြည်း
ဖြည်းခုန်နေရာမှ ပိုက်ဆွဲရင်းဆွဲရင်း ကမ်းခြေဆီရောက်လာသော
အခါ ပိုက်ဆွဲရာတွင် အပေါ်အောက်လူးလိမ့်ရင်း တဖြည်းဖြည်း
ငြိမ်သက်သွားကြလေသည်။

"လာကြဟေ့"

ဝါးလုံးနှစ်ဖက်လျှိုထားသော မြွေအရေခွံအိတ်များဖြင့်
ထမ်းထည့်ကြပြီး သောင်ပြင်မှာပုံချကြသည်။ သောင်ပြင်မှာပင်
ချိန်ခွင်မလိုဘဲ တောင်းလိုက်ချင်ရင်း အရောင်းအဝယ်ဖြစ်နေကြ၏။

"မြန်မြန်ဟေ့။ တော်ကြာ မရှိတော့ဘဲနေနေဦးမယ်"

ပိုက်တွင်းမှ ငါးများကိုအလျင်အမြန်ကျုံးကြပြီး နောက်ထပ်
နေရာပြောင်းဆွဲရန် တာစူနေကြသည်။ အတွေ့အကြုံရှိသော

လူကြီးက ပင်လယ်ဘက်မျှော်ကြည့်ကာ ငါးအုပ်တက်မည့်နေရာ
ကြည့်နေကြ၏။

"ဟိုဘက်အခြမ်းကို ရွှေ့သွားပြီ"

"ကိုက်ငါးရာလောက်တော့ တွေ့ရမှာပဲ"

"ကဲဟေ့ ... လုပ်ကြ။ ဆွဲကြတော့"

ကြီးမားသော ပိုက်ကြီးကိုသောင်ပြင်မှာ ဒရွတ်တိုက်ဆွဲ
ကြသည်။ လက်ကျန် ငါးတစ်သောင်းခန့်ကျန်နေသည်ကို
မကောက်နိုင်တော့ဘဲ ပိုက်ကိုဆွဲသွားကြတော့သည်။ သူကလ
ကိုသန်းဦးတို့အုပ်စုနှင့်အတူ ရောယောင်ကာလိုက်ပါသွား

"ဒါဘယ်လဲ မောင်မောင်"

ရုတ်တရက်သူ့လက်မောင်းကိုလှမ်းဆွဲလိုက်သဖြင့် ခြေလှ
တုံ့သွားသည်။ ချစ်ပန်းဖြူက သူ့လက်ကိုဆွဲကာ ပြန်ခေါ်လာသ

"ပိုက်ဝိုင်းဆွဲမလို့လေ မလေးရဲ့။ ပျော်စရာကြီးပဲနော်

"တစ်ခါဆွဲပြီးရင် တော်ပြီပေါ့။ သူတို့က မပြီး ... ညအ
ဆွဲမှာ"

"ဘာဖြစ်လဲ မောင်လဲလိုက်ဆွဲမှာပေါ့"

"အို ... လုပ်နေကျလူနဲ့ဘယ်တူမှာလဲ။ တော်ကြာ အငအ





းပါမယ်၊ လာ .... လာ မလေးတို့ ထမင်းစားစို့လေ"

"စားနှင့်ပါ မောင်လိုက်သွားမလို့"

"ဟင့်အင်း ... မောင်မလိုက်ရ။ မောင် အအေးမိမယ်"

ချစ်ပန်းဖြူက စိုးရိမ်ကြီးစွာဖြင့်ဆွဲခေါ်လာသဖြင့် သူက
ဘောကျစွာပြုံးလိုက်ရင်း

"မောင်က ကလေးမှ မဟုတ်တာ။ အပျော်လိုက်ဆွဲတာပဲ"

"မရဘူး။ မလေး ထမင်းဆာပြီ"

သူဘာမျှမပြောတော့ဘဲ လိုက်ပါလာသည်။ အဘောင်က
မ်းခြေမှာ ရပ်လျက်ပြုံးကြည့်နေ၏။

"ငါမပြောနိုင်လို့ မလေးကိုသွားခေါ်တာ၊ ညအထိဆွဲပြီး
မဟုတ်၊ နင်မပြီးမချင်းလိုက်ရင် အအေးမိမှာပေါ့"

အဘောင်က စိတ်မချ၍ မလေးအားအခေါ်လွှတ်ခြင်းဖြစ်
ည်။ လူကြီး၏ပူပန်စိတ်ကို သူ မပြောသာတော့

"ငါ ထမင်းပွဲပြင်ထားမယ်၊ ရေချိုးပြီးလာခဲ့ကြ"

အဘောင်မက လှည့်ထွက်သွားလေသည်။ လူကြီးပီပီ
းလည်ကတတ်လွန်း၏။ လူငယ်များ၏ အချစ်ရေးကိစ္စတွင်
သိဘာသာနှင့် မသိဟန်ဆောင်နေတတ်၏။

"ထမင်းစားတာများ ကိုယ့်ဘာသာကိုယ်စားပေါ့။ စောင့်နေရသေးတယ်"

"စောင့်ရတယ်။ အမောင်နဲ့စားနေတာကြာပြီပဲ။ မလေးတစ်ယောက်တည်း မစားတတ်တော့ဘူး"

"အဘောင်နဲ့စားပေါ့"

သူက တမင်ပင်ကြည်ကြည်နူးနူးလေးနှင့်ပြောလိုက်ခြင်းဖြစ်သည်။ ချစ်သူ၏ ဂရုစိုက်မှုအတွက်ကို ကျေနပ်ပီတိဖြစ်မိသည်။

"အဘောင်က နည်းနည်းနဲ့ ခဏခဏစားတာပဲ။ မလေးတို့နဲ့ငယ်ငယ်ကပဲ အတူစားတယ်။ ကြီးတော့ မစားတော့ဘူး မောင်မောင်ရဲ့။ ကဲပါ ရေချိုးတော့။ မလေးစောင့်နေမယ်"

"ဟုတ်ကဲ့ပါ ဆရာမ"

သူက ပြောင်ချော်ချော်နှင့် ဦးညွှတ်ကာ ရေချိုးခန်းထဲသို့ ဝင်သွားလေသည်။

လေလေးချွန်ကာ အေးအေးဆေးဆေးရေချိုးနေ၏။ သူ့ဘဝတွင် မိခင်သေဆုံးသွားသော်လည်း မိခင်နှင့်တူသော မိန်းကလေးတစ်ယောက်ကိုထပ်မံပိုင်ဆိုင်ရတော့မည်ဖြစ်သောကြောင့် သူ





နွန်စွာကံကောင်းသည်ဟု ထင်မိ၏။

"မောင်ရေ ဆယ်မိနစ်ရှိပြီ။ တော်ပြီလေ"

တံခါးခေါက်လိုက်သံနှင့်အတူ ချစ်ပန်းဖြူ့အသံကြောင့် သူက ရေချိုးခြင်းကို ရပ်တန့်လိုက်၏။

"ငါးနံ့ရနေမစိုးလို့ပါ"

"အဲဒါများ သွားကဲရသေးတယ်"

မျက်နှာသုတ်ပဝါကိုင်ကာ အဆင်သင့်စောင့်နေသဖြင့် သူက ကြည်ကြည်နူးနူးလေး ပြုံးလိုက်ရင်း

"မလေးက အိမ်ရှင်မ ပီသတယ်"

"ဟာ ... ဒါပြောစရာလား၊ မဖြစ်သေးဘဲနဲ့"

မျက်နှာရဲရဲနှင့် မျက်နှာသုတ်ပဝါနှင့်ပစ်လိုက်ပြီး အပြင်ဘက်သို့ထွက်သွား၏။

သူက အဝတ်ကိုလျင်မြန်စွာလဲလှယ်ပြီး ထွက်လာခဲ့သည်။

"ဒီလိုတော့ မြန်သားပဲ"

"မလေးပဲ ဆာပြီဆို။ ကဲ သွားစို့"

ဘန်ဂလိုတံခါးပိတ်ကာ ထွက်လာခဲ့၏။ အဘောင်၏ အလိုကျ မနက်ကို အဘောင့်ထံမှာသာ သွားစားရသည်။

“မလေးလဲအရင်က ပင်လယ်ပြင်ဘက်ကို လိုက်လိုက်သွားသေးတယ်။ ငါးဖမ်းတာလိုက်ကြည့်တာလေ။ အပျော်ပေါ့”

“မလေးလိုက်ရင် မောင်ပါလိုက်မယ်။ နောက်တခါ မောင့်ကိုပါခေါ်ပေါ့”

“အင်း ... ဒီစနေသွားရအောင်။ မိုးဦးမကျခင် သွားကောင်းမှာ။ နို့မဟုတ်ရင် ရာသီဥတုက ကြမ်းတယ်။ ငါးနာရီလောက်ထသွားကြတာ။ အိပ်ရာထနောက်ကျရင်တော့ မလေးထားခဲ့မှာနော်”

“သွားပေါ့။ ကိုယ်လဲ ကြုံတဲ့လှေနဲ့လိုက်မှာပဲ”

နေမြင့်မှာအိပ်ရာနိုးတတ်သော သူ့အား ချစ်ပန်းဖြူက မျက်စောင်းလေးဝေ့ကာ သတိပေးလိုက်သည်ကို သူကလည်း အားကျမခံ ပြန်ပြောလိုက်၏။

“ဟင် ... စောစောထမယ်မပြောဘူး။ သိပ်အအိပ်မက်တာပဲ”

“ကြည့်နေ .... မလေးထက်တောင်စောဦးမယ်”

“အင်းပါ ... ကြည့်သေးတာပေါ့”

စကားနိုင်လုရင်းနှင့် အဘောင်မ၏အိမ်သို့ရောက်လာသည်။ အဘောင်မသည် ဟင်းအိုးနွှေးကာစောင့်နေရှာသည်။

“အပုလေးရေ။ ဟင်းရည်ပူပူသောက်ကွယ်။ အေးမိသွားပါ့မယ်”





အဘောင်သည် ကြီးမတို့ညီမကဲ့သို့ အရာရာကိုပူပင်
တတ်သောကြောင့် သူ ကြီးမတို့ကို သတိရလာမိသည်။ ယခုမှ
တွေ့သောအဘောင်ပင်လျှင် သူ့အား သံယောဇဉ်ဖြစ်နေလျှင်
ယ်စဉ်ကတည်းက ထိန်းကျောင်းလာသော ကြီးမတို့သာဆို ဘယ်လို
နေမလဲ။

“မနက်ဖြန် ကြီးမတို့ဆီ ဖုန်းဆက်ဦးမှ”

“မိုးတွင်းမှာ ပုစွန်တွေသိပ်တက်တယ် အပုရေ၊ အန်ကယ်
ဦးစိုး၊ အောင်က မိုးတွင်းအတွက်ကို ဘဏ်ထဲငွေစာရင်းသွင်းထား
တာ။ ဒီဇယ်ဖိုး၊ ဓါတ်ဆီဖိုးပေါ့၊ ပြီးတော့ ပုစွန်ပိုက်အသစ်လဲ
ဝယ်ရဦးမယ်”

“အဲဒါဆို အခုငွေနဲ့မလောက်ဘူးလား လေးလေးဝါ”

“မလောက်လို့ ပြောတာပေါ့ အပုလေးရယ်။ နွေတုန်းက
ပုစွန်သိပ်မတက်ဘူး။ ဒါကြောင့် အပုလေးအဖေက လုပ်ငန်း
သိပ်မလုပ်ရဘဲ ငွေပျောက်သွားမစိုးလို့ ရာသီချိန်မှ လုပ်မလို့ဘဏ်သွင်း

ထားတာ မကြာဘူး။ ဒီမှာ ရက်စွဲရှိတယ်။ မဆုံးခင်ကဘဲ သွင်းထားတာ"

"ဒါဖြင့် လေးလေးဝါ သွားထုတ်ရမှာပေါ့"

"ခက်ပြီ အပုလေးရေ။ ခါတိုင်းလေးလေးဝါနဲ့ စာရင်းမှာပဲ အသွင်းအထုတ်လုပ်တာ။ ဒီတစ်ခါ သားရောက်လာလို့ သူရန်ကုန်မှာ ကြာကြာနေမယ်ဆိုပြီး သူ့သားရောက်လာလို့ သူ့ဘာသာ သူ့အသွင်းအထုတ်လုပ်မယ်တဲ့။ မိုးရောက်မှ ပြန်လာမယ်ပြောပြီး သူ့ဘာသာသူယူသွင်းတာ"

"ဟင်"

မြဇဝါစကားကြောင့် သူခေါင်းရှုပ်သွား၏။ မြဇဝါက ဦးစိုးအောင်၏ ဘဏ်စာရင်းကိုပြသည်။

"မများပါဘူး အပုရယ်။ ဆယ့်ငါးသိန်းပါပဲ။ အန်ကယ် ဦးစိုးအောင်က လုပ်ငန်းလည်ပတ်နေရင် မသွင်းပါဘူး။ နည်းနည်း ထိုင်သွားပြီး အပုရောက်နေလို့ သွင်းထားတာပါ"

"ဒါဖြင့် လေးလေးဝါ မထုတ်နိုင်ဘူးပေါ့"

"ဘယ်ရမလဲ။ အန်ကယ့်နာမည်ပဲလေ။ လေးလေးဝါနာမည် မှ မပါတာ။ အပုလေးအဖေက ရုတ်တရက်ဖြစ်လိမ့်မယ်မထင်လို့ ထင်တယ်။ ဒါကြောင့် အပုလေးက အမွေစားအမွေခံသား ဖြစ်ကြောင်း





တရားရုံးကိုလျှောက်ပြီးမှ စာရင်းပြောင်းထုတ်လို့ရမှာ"

"ဒါဖြင့် ရန်ကုန်သွားရမှာပေါ့"

"အင်းလေ။ သွားရမယ်"

သူ့စိတ်ထဲမှာ လေးလံသွားသည်။ ရန်ကုန်ကို သူမသွားချင်၊ ကြီးမကြီးနှင့် ကြီးငယ်တို့က သူ့အားမျက်ရည်ထိုးခံ၍ တားမြစ်ကြလိမ့်မည်။

"အင်း ... ကိုယ့်အိမ်မှာပဲနေပြီး ညရောက်မှ ပြန်အိမ်တာပေါ့။ ကြီးမတို့ဆီကိုမသွားဘဲနေမှပဲ"

ရင်ထဲမှာ အစီအစဉ်ဆွဲနေလိုက်သည်။

"အပုလေးက ကြီးဒေါ်တွေဆီမသွားဘဲ မနေပါနဲ့။ အဲဒီမှာပဲ နေပါ။ အံကျိုးအကြောင်းကပြောရင် နားလည်မှာပါ"

"ဟင်"

အောင်နေဦးက အလန့်တကြားထရုန်းလိုက်၏။ သူ့စိတ်အတွေးကို မြဇဝါက အမြဲသိနေသည်။

"လေးလေးဝါက ကျွန်တော့်ရင်ထဲက အတွေးကို ဘယ်လို သိလဲ"

"မှန်းကြည့်တာပေါ့"

"ဒါပေမယ့် သိပ်တိကျတယ်"

"တိုက်ဆိုင်မှုပါ။ မင်းက ကြီးဒေါ်တွေဆီသွားရမှာ စိုးရိမ်နေလို့ပါ။ ရန်ကုန်ရောက်မှတော့ မလုပ်ပါနဲ့အပုလေးရယ်။ တစ်သက်လုံးကျွေးမွေးလာတာကို ရင်ကွဲအောင်လို့ မလုပ်ပါနဲ့"

"သူတို့က ကျွန်တော့်ကို မိန်းမပေးစားချင်နေကြတာဗျ"

အောင်နေဦးက မိခင်ကိုပြောသောလေသံမျိုးဖြင့် ဆိုးနွဲ့နွဲ့လေး ပြောလိုက်သည်။ ပြောပြီးမှ ကိုယ့်ကိုယ်ကို အံ့အားသင့်သွား၏။

လေးလေးဝါကို မိခင်လို ဘာလို့များသဘောထားနေရပါလိမ့်။

"ယူလိုက်ပေါ့"

လေးလေးဝါက ရယ်မောပြီး နောက်ပြောင်ကာ ပြောလိုက်သည်။

"အဲဒီအခါ လေးလေးဝါရဲ့တူမက ပင်လယ်ပြင်ကြီးထဲ ခုန်ချသွားမှာပေါ့ဗျ"

"တို့ပင်လယ်ပြင်ကြီးက ခုန်ချလို့မသေပါဘူးကွယ်။ အမြဲကမ်းခြေဘက်ကိုရောက်အောင် ပြန်ပို့ပေးနေတာပဲ။ ကဲပါ အပုလေးရယ်။ ရောက်ကတည်းက ကြီးဒေါ်တွေကို ပြောထားလိုက်။ ကျွန်တော့်





မှာ လက်ထပ်ရမယ့် သတို့သမီးလောင်းရှိနေပြီလို့"

မြဇဝါစကားကြောင့် သူ့ရင်ထဲစူးနစ်သွား၏။ ကျွန်တော့်အဒေါ်တွေက ဂုဏ်တွေငွေတွေ သိပ်စကားပြောတာပဲဟူ၍ ပြောပြလိုက်ချင်သည်၊ သို့ရာတွင် မပြောရက်ပေ။

"ဘာလဲ .. မင်းအဒေါ်တွေက အဆင့်အတန်းခွဲခြားချင်နေကြလား"

"ဟာ လေးလေးဝါက ဘာလို့အဲဒီလောက်တောင်သိနေရတာလဲ"

မြဇဝါက အားပါးတရရယ်မောလိုက်သည်။ ဒီတစ်ခါရယ်မောဟန်က နာနာကြည်းကြည်းလေးပင်ဖြစ်၏။

"သိတာပေါ့အပုလေးရယ်။ ဂုဏ်ပကာသနတွေကို လူတွေက သိပ်မက်မောတွယ်တာကြလွန်းလို့ မိသားစုဘဝလေးတွေ ပျက်စီးသွားကြတာပဲလေ။ မေတ္တာတို့ချစ်တာတို့ကိုလဲ အဲဒီဂုဏ်တွေကပဲ အနိုင်ယူသွားကြတာပဲ။ တကယ်တော့ ဂုဏ်နဲ့ယှဉ်ရင် မေတ္တာဆိုတာအလကားပဲ"

"အဲဒါတော့ လေးလေးဝါမှားသွားပြီ။ ဖေဖေနဲ့မေမေက ဂုဏ်ရည်မတူဘဲလက်ထပ်ကြတ ။ ဖေဖေကဆင်းရဲတ ်တဲ့။

မေမေက ချမ်းသာတယ်။ ဒါပေမယ့် သူတို့သိပ် ချစ်ကြတာပဲ"

"ဟုတ်လား ... မင်းအဖေက မင်းအမေကို သိပ်ချစ်တာပဲ လား။ ဟားဟားဟားဟား ဟုတ်ပါတယ်။ ငွေကြောင့် မင်းအဖေရင်ထဲမှာ အချစ်ဖြစ်ပေါ်လာတာနေမှာပေါ့။ ဒါကြောင့် ငွေက အချစ်တို့ မေတ္တာတို့ကို အနိုင်ယူလွှမ်းမိုးချုပ်ကိုင်နိုင်တယ်လို့ ပြောကြတာလေ။ လေးလေးဝါပြောတာ မမှန်ဘူးလား"

"မမှန်ဘူး။ မယုံဘူး။ ကျွန်တော် မယုံဘူး လေးလေးဝါ။ ဖေဖေက မေမေ့ကို သိပ်မြတ်နိုးတာ။ မေမေစိတ်မချမ်းသာတဲ့အလုပ်ကို ဘာမှမလုပ်ဘူး။ ကျွန်တော်အသိဆုံးပဲ"

"အဲဒါငွေကြောင့်လေ။ ငွေကြောင့်၊ ဂုဏ်ကြောင့်ပေါ့။မင်းအဖေရဲ့မိဘတွေက ပုလဲနဲ့ငါးမှာ လုပ်ခဲ့တဲ့ဝန်ထမ်းလေ။ ရခိုင်မှာလည်း နေဖူးတယ်။ ထားဝယ်မှာလဲ နေဖူးတယ်။ ရခိုင်ကနေ ထားဝယ်ကိုအတင်းတောင်းပြောင်းတာလဲ ငွေကြောင့်။ ထားဝယ် ရောက်တော့ စက်လှေပိုင်ရှင်သူဌေးသမီးနဲ့ မိဘချင်းသဘောတူ ပြီးပေးစားကြတာလည်း ငွေကြောင့်ပေါ့"

သူသည် လေးလေးဝါကို ထူးဆန်းသောအကြည့်နှင့်ကြည့်ကာ "လေးလေးဝါကို ဖေဖေကပြောပြတာလား"





မြဇဝါ ငေးငေးငိုင်ငိုင်လေး ဖြစ်သွားသည်။

"အင်း ... ဟုတ်တယ်။ ပုံပြင်လေးတစ်ပုဒ်လိုပါပဲ အပုလေးရယ်။ မင်းအဖေက ဒီမှာအထက်တန်းကျောင်းသားဘဝနဲ့ နေလာပြီး နောက်တော့ ဆယ်တန်းကိုတော်ရုံနဲ့မအောင်လို့ မင်းအဘိုးရဲ့ အလုပ်မှာ ဘော်ဒါနဲ့လုပ်နေရတယ်လေ။ နောက်မှ ပြောင်းသွားတာ"

"ဖေဖေက ကျွန်တော့်ကို ရခိုင်မှာနေတဲ့အကြောင်းကို မပြောပြဘူး၊ ထားဝယ်မှာနေခဲ့တာကိုပဲ ပြောပြတယ်။ ဒါတောင် ဖေဖေနဲ့မေမေက မပြောဘူး။ ကြီးမကြီးတို့က ပြောပြတာ"

"ဩော် ... ဩော် အတိတ်ကိုပြည်ဖုံးကားချထားတာကိုး ကွယ်၊ ကဲ အပုလေးရေ မင်းရန်ကုန်ပြန်ဖို့စီစဉ်လိုက်ဦးနော်။ လေယာဉ်လက်မှတ်က ဧည့်ရာသီမဟုတ်တော့ လွယ်မှာပါ။ ဒါပေမယ့် မိုးတိမ်ထူရင် လေယာဉ်ရက်တွေ ရွှေ့ရွှေ့သွားရမှာ။ မိုးလေဝသကောင်းရင်တော့ ပုံမှန်ပါပဲကွယ်"

❀ ❀ ❀

အောင်နေဦးသည် ကမ်းခြေမှဆင်းလာမည့် ခရုလေးများ၊ သဲပွင့်လေးများကို ငုံ့ကြည့်ကာလျှောက်လာရင်း သူ့ခေါင်းထဲမှာ

ဆူဝေနေသည်။

ဖခင်ဦးစိုးအောင်အကြောင်းကို သူကောင်းကောင်းသိသည်

ကိုယ့်အတွင်းရေးကိုလည်း မပြောပြသလို သူများအတွင်းရေးကို

လည်း မစပ်စုပေ။ လွန်စွာသိုသိပ်ပြီး အေးအေးဆေးဆေးနေတတ်သ

ပင် ဖြစ်သည်။

မိခင်ကိုလည်း လွန်စွာချစ်ခင်သူဖြစ်၏။

"မဟုတ်နိုင်ဘူး။ ဂုဏ်ပကာသနကြောင့် လက်ထပ်ရတယ

ဆိုရင် မေမေ့ကို ဒီလောက်အထိ မချစ်နိုင်ပါဘူး"

ခရုလေးများကျောက်စရစ်ခဲလေးများကို ကန်ရင်းက

တစ်လမ်းလုံးစဉ်းစားလာသည်။

မနေ့ညက သောင်ပြင်မှာလမ်းလျှောက်ရင်း အမှတ်မထ

ငယ်သူငယ်ချင်းတစ်ဦးနှင့်တွေ့၍ စကားပြောရင်း သူ၏ကန်ဂရ

မှာလိုက်အိပ်ဖြစ်သည်။ မနက်လင်းသောအခါ ထိုသူငယ်ချင်း

နောက်သို့လိုက်သွားပြီး လေယာဉ်လက်မှတ်ပြုလုပ်ကာ လေယာဉ်

ဖြစ်နေသော သူငယ်ချင်းများနှင့် ဝိုင်းဖွဲ့စားသောက်ကြ၏။

မနက်စာကို ပြင်ပြီးမျှော်နေမည့် ချစ်ပန်းဖြူနှင့် အဘော

ကိုသတိရမိသည်။ သူတို့ကို မပြောသွား၍ စိတ်ပူနေမည့်လာ





ဟူသော စိုးရိမ်စိတ်နှင့် သူငယ်ချင်း၏ လေယာဉ်ထွက်သွားသည်နှင့်

ပြန်လာခဲ့သည်။

မွန်းလွဲသုံးနာရီခန့်ရှိနေပြီမို့ ကျနေက ပင်လယ်ပြင်မှာ တရိပ်ရိပ်

ပူနေ၏။

"လူတွေ စု စု စု စုနဲ့"

မဇင်လေဆိပ်မှ အထွက်ကမ်းခြေအတိုင်း လျှောက်လျက်

း်ဖြူကုန်းဘက်ကို ရောက်လာသောအခါ ခေါင်းငုံ့၍ အတွေးလေး

များဝင်နေရာမှ ခေါင်းမော့ကြည့်လိုက်သောအခါ လူများနေပူကျဲကျဲ

မှာရပ်လျက် ပင်လယ်ပြင်ဘက်သို့ မျှော်ကြည့်နေကြသည်။ အချို့

ကလည်း မောင်တော်ကျောက်ဆောင်၏ အရိပ်မှာခိုလျက် ပင်လယ်

ပြင်ဘက်သို့ငေးကြည့်နေကြ၏။

အချို့က ငိုရှိုက်နေ၏။ အချို့က လူးလာခေါက်တုံ့သွား

လာနေသည်။

"ဘာတွေဖြစ်နေကြတာလဲ ခင်ဗျာ"

မအောင့်အည်းနိုင်ပဲ အမျိုးသမီးတစ်ဦးကို လှမ်းမေးလိုက်

သည်။

"မုဆိုးမလေးက ဘယ်ကဖောက်ပြီးဝင်လာသလဲမသိဘူးဝေ့။

သူ့ရာသီလဲ မဟုတ်ဘဲနဲ့”

ရုတ်တရက်မို့ သူကနားမလည်သေးဘဲ ကြောင်စီစီကြည့်နေ
သည်။

“ဟဲ့ … မောင်မောင်။ လှေလိုက်မလို့လား။ လေက ငြိမ်သေး
တာမဟုတ်ဘူး။ မလိုက်ပါနဲ့ဦး”

“လေငြိမ်ပါပြီ အစ်မရဲ့။ ဦးရီးတို့လှေပါသွားတာ ပြန်မှ
မလာသေးတာ”

သက်ဆိုင်ရာဆွေမျိုးသားချင်းများ အော်ဟစ်ငိုယိုကာ
ဆုတောင်းနေကြသလို အချို့လူများကလည်းလေငြိမ်သွားသဖြင့်
ပျောက်ဆုံးနေသော လှေများနောက်သို့ လိုက်ကြရန်ပြင်ဆင်နေ
ကြတာနှင့် ကမ်းခြေတစ်ခုလုံး ဆူညံနေလေသည်။

ခါတိုင်းလှေသိမ်းချိန်သည် ငါးနာရီကျော်ကျော် ခြောက်နာရီ
ထိုးမို့ နောက်ကျမှလှေများ ဝင်ကြသည်။ ယခု သုံးနာရီကျော်သာ
ရှိသေးရက်နဲ့ လှေမဝင်သေးဘဲ ဘာလို့များစိုးရိမ်သောကရောက်နေ
ပါလိမ့်ဟု တွေးရင်း သူကပါရောယောင်၍ ဟိုဟိုဒီဒီကြည့်မိသည်။

“မုဆိုးမလေက ဘယ်လိုတိုက်တာပါလဲ”

လှေများတွင် ဆွေမျိုးသားချင်း မပါ၍ မျက်ရည်မကျဘဲ





ပွဲကြည့်ပရိသတ်အဖြစ် ရပ်ကြည့်နေသော အမျိုးသမီးကြီး
တစ်ယောက်ကို သိလို၍ စပ်စပ်စုစုမေးကြည့်လိုက်မိ၏။

“ဩော် … အမောင်ရေ မုဆိုးမလေဆိုတာ မြောက်လေ
ကို ပြောတာ။ လေကုန်းဘက်ကနေ ပင်လယ်ပြင်ကို တိုက်တဲ့
လေကိုခေါ်တာပေါ့။ ကုန်းလေတိုက်တာပဲ။ နေ့လယ်က တဟူးဟူး
တိုက်နေလိုက်တာ အကြာကြီးပဲ။ တို့ရွာကလှေနှစ်စီးတောင်မှ
လေမတိုက်ခင်လေးမှာ သီသီလေးလွတ်ပြီး ပြန်လာတယ်။ လှေ
သုံးစီးထွက်သွားတာ ပြန်မလာဘူး။ အဝေးရောက်သွားဖို့ပဲ”

“လေငြိမ်ရင် ပြန်မလာဘူးလား”

“ဘယ်လာမလဲ။ လမ်းပျောက်ပြီရှိဖို့ပဲ”

အောင်နေဦးက အမှတ်မထင် ပေလီရွာဘက်ကိုလှမ်းမျှော်
ကြည့်ရာ ပေလီကမ်းခြေတွင်လည်း လူများစုနေသည်ကို တွေ့လိုက်ရ
သဖြင့်

“ဟင် … ပေလီရွာကလဲ ပါသွားတယ်ထင်တယ်”

“ပါပြီပေါ့ … ပေလီရော၊ ငါးဆောင်ကွင်းရော၊ လင်းသာ
ရော၊ အကုန်ပါပြီပဲ။ ဒီနေ့ စနေနေ့ဆိုတော့ ကျောင်းအားရက်မှာ
ကျောင်းသားတွေတောင် ပင်လယ်ထဲထွက်ကြပြီပေါ့”

“ဟာ”

အောင်နေဦး ရင်ထဲပူခနဲ ဖြစ်သွား၏။

"ဒီစနေ ပင်လယ်ထဲလိုက်သွားမယ်။ မိုးဦးမကျခင်သွားမှ ကောင်းတာ။ နို့မဟုတ်ရင် ရာသီဥတုကြမ်းတယ်။ ငါးနာရီလောက် ထသွားမှာနော်။ အိပ်ရာထနောက်ကျရင်တော့ မလေးထားခဲ့မှာ"

မလေး ချစ်ပန်းဖြူ၏ စကားသံကိုကြားယောင်လာသော အခါ စနေနေ့ ပင်လယ်ထဲထွက်သွားမှာကို ပူပင်သွား၏။

"မလေးပါ ပင်လယ်ထဲထွက်သွားလား၊ မလေး ... မလေး"

ရင်ထဲမှာ ပူခနဲဖြစ်သွားပြီး လူအုပ်ကြားမှ ပြေးထွက်လာခဲ့သည်။

"မလေး .... မလေး "

ကမ်းခြေတစ်ခုလုံးမှာ ဟိုနားစုစု၊ ဒီနားစုစုနှင့်လူအများ စုဝေးနေကြသည်။ သူ့ရင်ထဲမှာ ဘာမှမသိတော့ပေ။ ချစ်ပန်းဖြူ ပင်လယ်ထဲပါသွားပြီဟူသော အသိနှင့်ပူလောင်သွား၏။

ငပလီရွာဘက်သို့ အားသွန်ပြေးလာလေသည်။

အသိစိတ်ကင်းလွတ်သွားသလိုပင်။ ချစ်ပန်းဖြူကိုသာ ရင်မှာ တမ်းတရင်းက

"မလေးရေ"





"မောင်မောင် ... မောင်မောင်ရေ"

နားထဲတွင် ခေါ်သံသဲ့သဲ့ကြားနေရသည်။ ငပလီရွာမှ ကလေးကြီးအားလုံး ကမ်းခြေတွင် စုပြုံကာ ပင်လယ်ပြင်ဘက်သို့ :မျှော်ကြည့်နေ၏။ အချို့က ထိုင်ငိုနေကြ၏။

အချို့က ဘုရားစာရွတ်နေကြသည်။

အချို့က "မောင်မောင်" "ဘဘ" ခေါ်နေကြ၏။

လူတွေအားလုံး ရုတ်ရုတ်သဲသဲနှင့်။

"ဘယ်သူ့လှေတွေပါသွားလဲ။ ဦးဖိုးလုံးလှေရောပါလား"

ဖိုးလုံးသည် လေးလေးဝါ၏ မောင်ဝမ်းကွဲဖြစ်သည်။ ထိုလှေနှင့် ်ပန်းဖြူက မကြာခဏလိုက်သွားလေ့ရှိသည်။

"ပါတယ်ဝေ့။ ငါရို့ရွာက ခြောက်စီးတောင်ပါသွားတယ်။ န်းဦးလှေရောပဲ"

"မလေး ... မလေး ပါသွားလား"

သွေးရူးသွေးတန်းနှင့် ချစ်ပန်းဖြူ၏ နာမည်ကိုခေါ်မိသည်။ ွ့သည့်လူကို လိုက်မေးနေမိ၏။

"ဘယ် မလေးလဲ။ မလေးတွေအများကြီး"

"ချစ်ပန်းဖြူ ... ဆရာမ ချစ်ပန်းဖြူ"

"မမြင်ဝေ့ ... ပါသည်ရှိဖို့ပဲ"

"ဟာ"

ကမ်းစပ်သို့ ကမူးရှူးထိုးပြေးဆင်းလာပြီး ပျောက်ဆုံးလှေများ အရှာထွက်ရန် ပြင်နေသော လှေပေါ်သို့ ကမန်းကတန်းတက်ရန် ပြင်လိုက်၏။

"အပုလေး ... ဘယ်လဲ"

"မလေးကိုရှာမလို့၊ မလေး ပင်လယ်ထဲလိုက်မယ် ပြောတယ်"

"ရော် ... ဒီအာဂန္တုကောင် ခက်ဖို့ပဲ။ မနက်က မိန်းမတွေ မပါ"

သူ့အား လူကြီးများက ဝိုင်းတားကြသည်။

"မဟုတ်ဘူး။ သူက စနေနေ့လိုက်မယ်လို့ပြောထားတယ်။ ကျွန်တော်လိုက်ရှာမှ ဖြစ်မယ်"

"ပါရင် ရှာပေးပါ့မယ်။ အပုလေးက ရေလမ်းမှ မကျွမ်းတာ၊ နေပါဦး။ ရှာပေးပါ့မယ်။ ဘယ်သူ့လှေနဲ့ပါသွားတာလဲ"

"ကိုဖိုးလုံးလှေနဲ့ ထင်တယ်"

"ဟာ ... ကိုဖိုးလုံးလှေက ကိုဖိုးလုံးနဲ့ သူ့ယောက္ခမပဲ ပါသွားတာပဲ"





"ဒါဖြင့် သန်းဦးလှေနဲ့ရော"

"အဲဒါတော့ မသိ"

"ဒါဆို ကျွန်တော်လိုက်မယ်"

"ကဲ ... ပြောမရလဲ လိုက်ကွယ်။ ပင်လယ်ပြင်က အန္တရာယ် ပ်များတာဝေ့"

လှေပေါ်က လူကြီးသုံးဦးက စိတ်မရှည်ဟန်ဖြင့် ပြောလိုက်ပြီး ့အား ကမ်းစပ်မှနေ၊ ရေနက်ထဲသို့ ဝိုင်း၍ တွန်းချနေသည်။ ပါ ဝိုင်းတွန်းပေး၏။ လှိုင်းလုံးများက ကမ်းခြေသို့ ပြန်ရိုက် သဖြင့် ယောကျ်ားလေးဦးမှာ လှေကိုနိုင်အောင်တွန်းပြီး လှိုင်း န်အကျမှာ လှေပါနိုင်အောင် ကြိုးစားကြ၏။

"မောင်မောင် ... မောင်မောင်ရေ"

စူးစူးဝါးဝါး ခေါ်သံကြောင့် နောက်သို့ ချာကနဲ လှည့်ကြည့်ရာ မိထံပြေးလာသော မလေးကို မယုံကြည်နိုင်သလို ငေးကြည့်နေမိ၏။

"ဟိုမှာ ဆရာမလေး။ မပါဘူး မဟုတ်လား... နေခဲ့တော့၊ နေခဲ့တော့"

လှိုင်းပြန်အကျတွင် လှေပေါ်သို့ လူကြီးသုံးဦး ပြေးတက် သွားကြ၏။ သူ့ကို ထားသွားကြ၏။

"မလေး ... မလေး"

ပတ်ဝန်းကျင်ကို မေ့လျော့ကာ ချစ်ပန်းဖြူ၏ လက်မောင်းနှစ်ဘက်ကို ဆုပ်ကိုင်ပြီး ဝမ်းသာအားရ ခေါ်လိုက်သည်။ ဇီးဖြူကုန်းမှ ပြေးလာသောအရှိန်ကြောင့် မောဟိုက်ကာ ရုတ်တရက် စကားမဆိုနိုင်ပေ။

ချစ်ပန်းဖြူက သူ့လက်ကို ပြန်ဆုပ်ကိုင်ရင်း မျက်ရည်များဖြင့် ရွဲနေသော မျက်လုံးအစုံနှင့်ကြည့်၍ ငိုရှိုက်ကာ...

"မောင်မောင်... မောင်ပါမသွားဘူးနော်"

"ဟင်"

သူ အံ့ဩသွား၏။ ချစ်ပန်းဖြူ ငိုရှိုက်နေသည်မှာ သူ့အတွက်ဖြစ်နေ၏။

ထိုအခါ ချစ်ပန်းဖြူက ပတ်ဝန်းကျင်ကို သတိရသွားဟန်ဖြင့် သူ့ကို ကမန်းကတန်းဆွဲခေါ်လာ၏။

"ဝေ့... အာဂန္တု နင်ပါသွားတယ်ဆိုပြီး မလေးက ကောင်းငိုနေတယ်ဝေ့"

အောင်နေဦးနှင့် ရင်းနှီးသူများက တအံ့တဩနှင့် နှုတ်ဆက်ကြသဖြင့် သူ့အဖြစ်ကို သူ့ဘာသာသူတွေးမိကာ ပြုံးချင်ချင်ဖြစ်သွားသည်။ သို့ရာတွင် သူ့ရင်မှာ မောနေ၍ စကားမပြောနိုင်





သေးပေ။

ချစ်ပန်းဖြူ၏ လက်ကိုသာဆွဲ၍ သူ့ဘန်ဂလိုသို့ လှမ်းလာလိုက်၏။

"မောင်မောင် ဘယ်သွားနေတာလဲ... မလေး ရှာလိုက်ရတာ...နေပြီ။ လေးလေးဝါဆီ ဖုန်းဆက်မေးပြီး အခုပဲပြန်လာတာ။ ...လေးလေးဝါက မလာဆိုတော့ ပါသွားပြီမှတ်ပြီး မလေးငိုလာ...လိုက်တာ"

ချစ်ပန်းဖြူက တတွတ်တွတ်ပြောကာ လိုက်ပါလာသော်...သည်း သူစကားတစ်ခွန်း မပြောဖြစ်ပေ။

စောစောက သူ့ရဲ့ရင်ထဲမှ ပူလောင်မှုများက အကင်း...သေသေး။ အကယ်၍ မလေးသာပါသွားလျှင်ဟူသော အတွေး...ကို ပြန်၍ မတွေးရဲ...

"မောင့်ဆီကို မနက်အစောကြီး မလေးလာတယ်၊ မောင်...ရှိတာနဲ့ လမ်းလျှောက်တယ်ထင်ပြီး အိမ်ပြန်သွားတာ။ မောင်မလာ...လာနဲ့ ဘန်ဂလို အစောင့်ကိုမေးတော့၊ မောင့်ကို မနက်စောကတည်း...က မတွေ့လို့ပြောတယ်လေ။ အဲဒီကတည်းက မလေးပူနေတာ။ ...မောင်က ပင်လယ်ထဲ လိုက်သွားမယ်လို့မလေးကိုပြောထားတယ်လေ။

ဒါနဲ့ လိုက်သွားဖို့ပဲဆိုပြီး မလေးအနှံ့ရှာနေတာ။ နေ့လယ်ဆယ့်တစ်နာရီကျော်ထဲက မုဆိုးမလေဝင်လာတယ်လို့ ပြောကြတာ၊ အဘောင်က မလေးကို မတားကောင်းလားလို့ ဆူနေတာ။ ဒီလေက မကောင်းဘူးလို့ ပြောနေတုန်း လှေတွေ အဝေးလွင့်ကုန်ပြီလို့ လာပြောလို့ မလေးနဲ့ အဘောင်စိတ်ပူလိုက်တာ"

ချစ်ပန်းဖြူက တတွတ်တွတ်ပြောရင်းနှင့် ဘန်ဂလိုပေါ် ရောက်လာသည်။ သူက သော့ဖွင့်ပြီး ဧည့်ခန်းထဲဝင်ထိုင်ကာ နှစ်ယောက်ထိုင်ဆက်တီမှာ ထိုင်ပြီး၊ ချစ်ပန်းဖြူအား ပျောက်ကွယ်သွားမှာစိုး၍ တင်းကျပ်စွာ ဖက်တွယ်ထားရင်း အမောဖြေလိုက်သည်။

"မောင်မောင်နဲ့ ခင်တာ ဦးဖိုးလုံးနဲ့ ကိုသန်းဦးပဲ ရှိတာဆိုတော့ သူတို့ဆီသွားစုံစမ်းတော့လဲ ဘယ်သူမှ တိတိကျကျ မသိလေ၊ ဒါနဲ့ လေးလေးဝါဆီသွားလားဆိုပြီး စစ်တပ်ထဲသွားဖုန်းဆက်နေတာ၊ လေးလေးဝါက မရှိလို့ ခဏစောင့်ရတာ။ တစ်နာရီကျော်မှ လေးလေးဝါက ဆံပင်သွားကောက်နေတာ။ မောင်မလာဆိုလို့ မလေး ငိုလိုက်ရတာ မောင်မောင်ရယ်။ ပါသွားပြီလို့လေ... ဟင့်"

ပြောရင်း ဆိုရင်း ချစ်ပန်းဖြူက ဝမ်းနည်းစွာဖြင့် သူ့ရင်





ခွင်ထဲမှီကာ ငိုရှိုက်နေပြန်သည်။

ချစ်ပန်းဖြူသည်လည်း မိမိကဲ့သို့ ပူပင်သောက ရောက်ခဲ့ပါလားဟူသော အကြင်နာစိတ်လေးနှင့် တင်းကျပ်စွာ ထွေးပွေ့ထားလိုက်မိသည်။

"အို့ ... ဘာလို့ အဲဒီလောက်ကြီး ဖက်ထားရတာလဲ"

"မောင်လဲ မလေးပါသွားတယ်မှတ်လို့ ဇီးဖြူကုန်းက ပြေးလာတာ"

"ဘုရားရေ ... ဒါကြောင့် မောင်မောင် ဒီလောက်တောင် မောနေတာပဲ။ မလေးက လှေတွန်းရတာ မောတယ်လားလို့... နေဦး မောင့်ကြည့်ရတာ တအားမောနေပုံပဲ"

ချစ်ပန်းဖြူက သူ့ရင်ထဲမှ တအားရုန်းထွက်ကာ အိမ်နောက်ဘက်သို့ ပြေးဝင်သွားပြီး ရေတစ်ခွက်ခပ်လာလိုက်၏။

"ဖြည်းဖြည်း သောက်လိုက်မောင်"

သူက ချစ်ပန်းဖြူပေးသောရေကို ယူသောက်ရင်းက ချစ်ပန်းဖြူ မျက်နှာကို မြတ်နိုးမှု၊ ချစ်ခင်မှုများစွာဖြင့် ကြည့်လိုက်မိသည်။

သူမ၏ဆံပင်များ ပွယောင်းနေပြီး ငိုထားသောကြောင့်

မျက်လုံးမှိုမောက်နီရဲနေသည်ကိုတွေ့ရ၍ အလွန်သနားသွား၏။

“ရော့ ... မလေးလဲ သောက်လိုက်ဦး”

ချစ်ပန်းဖြူက မျက်ရည်ကြားမှ ပြုံးလိုက်ရင်း...

“မလေး မမောတော့ဘူး... မောင့်ကိုတွေ့ရတော့ မလေး ရင်ထဲ အေးသွားပြီ။ ဒါနဲ့ မောင်ဘယ်သွားနေတာလဲ၊ တစ်မနက်လုံး ပျောက်နေတာ”

“တစ်မနက်လုံး မဟုတ်ဘူး မလေးရေ... တစ်ညလုံးပဲ ညကတည်းက သူငယ်ချင်းဆီပါသွားတာ စကားကပြောမကုန်ဘဲ၊ သူက ညအိပ်ဖို့ဆွယ်တာနဲ့ အိပ်လိုက်တယ်။ မိုလင်းတော့လဲ လက်မှတ်ကိစ္စလုပ်ရင်းနဲ့ သူနဲ့အချိန်ကုန်သွားတာ။ သူ့လေယာဉ်ထွက်မှ ပြန်လာခဲ့တာ၊ ဇီးဖြူကုန်းမှာကတည်းက လူတွေစုနေတာတွေ့လို့ စပ်စုမိတာ။ နောက် ဒီနေ့စနေနေ့ မလေးပါသွားမှာပဲဆိုပြီး ပြေးလာတာ။ ဒီရောက်တော့ မလေးကို မတွေ့တော့ မောင့်ရင်မှာပူပြီး ပင်လယ်ထဲ လိုက် ရှာမလို့... သိသိလေးလိုတော့တာ”

“ဖြစ်ရလေ မောင်မောင်ရယ်”

ချစ်ပန်းဖြူက သူ့ဆံပင်အစပ်မှ ချွေးများကိုသုတ်ရင်း သူ့ဆံပင်ကိုသပ်ကာ ကြင်နာစွာ ညည်းညူလိုက်မိ၏။





“မောင်... မလေးအပေါ်မှာ သိပ်စိုးရိမ်သွားလား”

“ဟာကွာ”

ချစ်ပန်းဖြူအမေးကြောင့် စိတ်တိုတိုနှင့် ချစ်ပန်းဖြူကို တွန်းလွှတ်လိုက်၏။ ချစ်ပန်းဖြူက ရယ်မောလျက်...

“မလေးလဲလေ သိပ်ပူသွားတာပဲ။ အဖေပြန်မလာတုန်းက လဲ မလေးသိတတ်စလေ။ အဖေ့အလာကို မျှော်ရမယ်ဆိုတာပဲ သိတယ်။ ဘာမှ ရေရေရာရာ မသိဘူး။ အဖေလေ ဒီလိုပဲ မုဆိုးမလေနဲ့တွေ့ပြီး ပြန်မလာလိုက်တာ တစ်သက်လုံးပဲနော်။ လုံးဝ မတွေ့ရတော့ဘူး။ ဒါကြောင့်လဲ အမေက အဖေ့စိတ်နဲ့ ဆုံးသွားတာပဲ”

ချစ်ပန်းဖြူက သူ့လက်မောင်းကိုဖက်တွယ်ကာ ပါးလေးနှင့်ကပ်ထားရင်း...

“မောင်မောင်ရယ် မောင်သာပါသွားရင်လေ၊ မလေးလဲ အမေ့လို သောင်ပြင်မှာ ရင်ကွဲမလားပဲ”

“မလေး... မလေးရယ်”

အောင်နေဦးက ချစ်ပန်းဖြူကို တင်းတင်းလေးဖက်ကာ အထိတ်တလန့် ညည်းညူလိုက်ပြီး၊ ပူပန်မှု မျက်ရည်များဖြင့်

ရွှန်းလက်နေသော မလေးမျက်လုံးများကို တယုတယ နမ်းရှိုက်လိုက်၏။

ထိုအခါတွင် သူ့ဘဝတစ်ခုလုံးကို ဤမိန်းကလေးက စိုးပိုင်သွားသည်ဟု ခံစားသိရှိလိုက်ရ၏။

ဤမိန်းကလေးကို ဘယ်သောအခါမျှ ခွဲခွါ၍ရနိုင်တော့မည် မဟုတ်ပေ။

"အပုရေ... အပု ရောက်ပြီလားဝေ့"

"ဟော"

အဘောင်၏အော်သံကြောင့် နှစ်ယောက်သား လူချင်းခွာလိုက်၏။

အဘောင်၊ မြဇဝါနှင့် ဝါနုဖြူတို့က ပူပင်သောက ရောက်နေသော မျက်နှာများနှင့် ရောက်လာကြ၏။ အောင်နေဦးကို တွေ့သောအခါ အဘောင်နှင့် မြဇာဝါတို့က ဟီးချငိုလေတော့သည်။

"အမလေး ... ငါဖြင့် အပုပါသွားပြီမှတ်လို့"

"အေးလေ ငါလဲ ချစ်ပန်းဖြူဆီ လာလည်ရင်း ကိုအောင်ပင်လယ်ထဲ လိုက်သွားတယ်ကြားလို့ အဘောင်ငိုနေတာကို ချော့နေရသေးတယ်။ နင်တို့ကလဲ တွေ့ရင်ဖြင့် အဘောင့်ဆီ လာပြောတာ မဟုတ်ဘူး။ အေးအေးဆေးဆေး အလွမ်းသယ်နေလိုက်တာ။ ဒီမှာ... အဘောင်နဲ့ လေးလေးဝါက ပူပြီးငိုနေလိုက်တာ"



ဝါနု သူတို့ကို အပြစ်တင်လိုက်၏။ မြဇဝါနှင့် အဘောင်က မျက်ရည်များသုတ်ကာ...

"နင်ဘယ်သွားနေတာလဲ အပုငယ်ရယ်"

"လေယာဉ်ရုံးသွားနေတာပါ။ လက်မှတ်ကိစ္စနဲ့သွားရင်း သူငယ်ချင်းတွေ့လို့ကြာသွားတာ"

"နင့် ...ဟယ်"

လေးလေးဝါက ပြောရင်းက မျက်ရည်များတွေတွေကျနေသည်။ သူ့အပေါ်တွင် ဤမိသားစုများက ဝိုင်း၍စိုးရိမ်ပူပန်နေသည်ကို သိရသောအခါ ရင်ထဲမှာ နွေးထွေးသွားမိ၏။

"အမယ်လေး အဘောင်ရေ။ မောင်မောင်ကလေ မလေးလိုက်သွားပြီထင်လို့ ဇီးဖြူကုန်းကနေ ပြေးလာရှာတာတဲ့ ..."

"သိပ်ကြင်နာနေပါလား"

"အဲဒါ သူ့ကုသိုလ်နဲ့သူပဲ။ မနာလိုမရှိနဲ့ ဝါနုရေ၊ နင်လဲ နင့်ကိုကြင်နာမယ့်သူကိုရှာပေါ့"

တစ်ဒင်္ဂလေးတော့ သူတို့အုပ်စုပျော်ရွှင်သွား၏။ နောက်မှ

အဘောင်နှင့်မြဇဝါတို့သည် ငါ့တူပါသွားသည်၊ ငါ့မောင်ပါသွားပြီဟု ပြောရင်း ကမ်းခြေသို့ပြန်ဆင်းကြလေ၏။

"လှေငယ်နဲ့ရှာလို့မရဘူး"

"လေးလေးဝါ၊ ကျွန်တော့်သင်္ဘောတွေဘယ်ကောင်ကမ်းကပ်နေသလဲ"

"ကေဖြူ ဖိုးအိုဆဲဗင်းတော့ရှိမယ်ထင်တယ်"

"ဒါဖြင့် ကျွန်တော်တို့လိုက်ရှာပေးရင် ကောင်းမလား"

"သိပ်ကောင်းတာပေါ့၊ လာ ... သွားစို့၊ မလေးလဲလိုက်မယ်နော်"

"ဟ ... နင်ကဘာဆိုင်လို့လဲ။ ဒီမှာပဲနေပေါ့ ရှုပ်ကရှုပ်နဲ့"

ချစ်ပန်းဖြူသည် သူပါလိုက်မည်ဟုပြောသည်ကို မြဇဝါက ကန့်ကွက်လိုက်သဖြင့်

"လေကငြိမ်သေးတာမဟုတ်။ မလေးဖြင့် မောင်မောင့်ကို စိတ်မချနိုင်။ မလေးပါလိုက်မယ်။ လေးလေးဝါ မလိုက်နဲ့"

ချစ်ပန်းဖြူက နှုတ်ခမ်းချွန်၍ ပြောလိုက်သောအခါ အောင်နေဦးက ပြုံးလျက် ..

"သေအတူ ရှင်မကွာပေါ့"





"ကဲ ... ဒို့လဲ လိုက်မယ်ဟော့။ ဒို့က ကြက်ခြေနီသင်တန်းဆင်းပဲ။ လူနာပါရင် ပြုစုလို့ရတယ်ဝေ့"

ဝါနုကပါဝင်ပြောသဖြင့် အဘောင်က

"ကဲ ... လိုက်ကြ ... လိုက်ကြ။ ငါက ပင်လယ်ကြီးကိုကြည့်ပြီး ရှင်ဥပဂုတ်ကိုယ်တော်ကြီးကို တောင်းပန်ရမယ်။ ဦးရှင်ကြီးကိုလဲ တောင်းပန်ရမယ်ဝေ့။ ကဲ ... မြန်မြန်သွားတော့"

"ဖိုးလုံးလှေကိုမြစ်ပြင်မှာ ပြန်တွေ့ပြီး ဖိုးလုံးက မျောနေတယ်။ သူနဲ့ပါသွားတဲ့ စောဦးကတော့ အသက်ပါမလာတော့ဘူးတဲ့။ ဒီတစ်ယောက်ပဲ သေတယ်။ ကျန်တာ အကုန်တွေ့ရပြီ"

"ဟဲ့ ... သန်းဦးရော"

"သန်းဦးကို ပုလဲနဲ့ငါးဘော်က ကယ်ထားတယ်။ မနက်ကပဲ ကင်းမော်က ပြန်လာတယ်"

"တော်သေးရဲ့"

သူမပြန်မီအထိ လှေပျောက်ရှာနေကြသည်။ လှေကိုနှစ်ရက်

ကြာကြာရှာကြရ၏။

"ဇီးဖြူကုန်းကတော့ အားလုံးပြန်တွေ့ကြတယ်"

"လင်းသာက နှစ်ယောက် ပျောက်သွားတယ်တဲ့"

ကမ်းခြေမှသတင်းစကားများကို နားထောင်ရင်းက ချစ်ပန်းဖြူနှင့်အောင်နေဦးသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျက် စိုးရိမ်ကြီးစွာဖြင့် လက်များကို တင်းတင်းဆုပ်ကိုင်ထားကြ၏။

အကယ်၍ မလေးပါသွားလျှင်ဟူသော အတွေးကို အောင်နေဦးတွေးမိသကဲ့သို့ ချစ်ပန်းဖြူကလည်း တွေးမိဟန်တူသည်။

နှစ်ယောက်သား တိတ်ဆိတ်စွာဖြင့် ကမ်းခြေအတိုင်း လျှောက်ကြရင်းက ပုန်းညက်ပင်အောက်တွင် ရပ်ရင်းအဝေးကို ငေးမောကြည့်နေမိသည်။

မနက်ဖြန်အောင်နေဦးပြန်ရမည်ဆို၍ ချစ်ပန်းဖြူမျက်နှာ ငကောင်း

"မောင်မောင်ပြန်ရင် မလေးကျောင်းတက်နေတာပဲ ကောင်းတယ်။ မောင့်ကိုလိုက်မပို့ချင်ဘူး"

"ကျောင်းဖျက်ပြီး ပို့ကွာ"





"ဟင့်အင်း ... မလေးငိုမိလိမ့်မယ်။ တကယ်လို့ မောင်ပြန်လာ
င် ကြိုအကြောင်းကြားလိုက်။ မလေး လာကြိုမယ်"

"အလွန်ဆုံး တစ်ပတ်ပဲကြာမှာပါ မလေးရယ်။ ငွေထုတ်ပြီး ကြီးမတို့ကို နည်းနည်းအလွှမ်းသယ်ပြီး ပြန်လစ်လာမယ်။ ဒီမှာက းပွားရေး အလုပ်တွေရှိသေးတာပဲ"

"လေးလေးဝါက ဘာလို့လိုက်မှာလဲ"

"သူ့ဘဏ်စာရင်းထဲ ငွေတချို့တစ်ဝက်ကို ထည့်ထားမယ်။ သူနဲ့မောင်နဲ့ကို နှစ်ယောက်အတူတူနာမည်နဲ့ ဘဏ်စာရင်းဖွင့်မယ်။ ါမှ မောင်ရန်ကုန်ကို ခဏခဏမသွားရဘဲ လေးလေးဝါပဲ သွားမှာ"

ချစ်ပန်းဖြူမျက်နှာညှိုးသွားသည်။ ဘာမျှမပြောတော့ဘဲ ခဝေးမှရေတက်လာသော လှိုင်းခေါင်းဖြူလေးများကို ငေးမော ကြည့်နေသည်။

သို့ရာတွင် ချစ်ပန်းဖြူ၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်များ ည့်လျှံလာလေသည်။

"မောင်တို့ ဒီသီတင်းကျွတ်ရင် လက်ထပ်တော့မယ်ဆိုတာ ကို ကြီးမတို့ကို ပြောခဲ့မယ်"

ချစ်ပန်းဖြူမလှုပ်ပေ။ ပုန်းညက်ပင်ကြီးအား မှီလျက်

ငေးနေသည်။

"မောင့်အလုပ်က ဒီမှာပဲရှိတယ်ဆိုတော့ မလေးလဲ
မောင့်နောက်လိုက်ဖို့မလိုသေးဘူး။ တကယ်လို့ မောင်ရန်ကုန်မှာ
သွားရင်တော့ မလေးလိုက်ရမယ်"

"လေးလေးဝါကိုရော မောင့်အိမ်မှာတည်းခိုင်းမှာလား"

"အင်းပေါ့။ မောင့်အိမ်က အကျယ်ကြီးပဲ။ အားလုံးတည်းခို
လို့ရတယ်လေ။ လူအယောက်နှစ်ဆယ်တောင်နေလို့ရတယ်
မလေးနဲ့လက်ထပ်ရင် ဆွေမျိုးတွေအားလုံး တည်းနိုင်တယ်"

ချစ်ပန်းဖြူက မဲ့ပြုံးလေး ပြုံးလိုက်၏။

"မောင်ရေ ... ဟိုမှာကြည့်စမ်း။ ရေသူမလေးကို"

အဝေးဆီမှ ရေသူမရုပ်တုလေးမှာ ကမ်းစပ်နံဘေးရှိ
ကျောက်ဆောင်များအလည်တွင် ထိုင်လျက် ငေးမောနေသည်။

ရေများတက်လာသောအခါ ပို၍လွမ်းမောဖွယ်ရာပို၍
ကောင်းလှသည်။ ရေကျသွားသောအခါတွင်လည်း ကျောက်ဆောင်
ထက်မှာ ထီးထီးကြီးကျန်ရစ်လျက် တစ်စုံတစ်ယောက်ကို မျှော်လင့်
နေဟန်တူသည်။

"မောင်ရေ ... ရေသူမလေးကလေ ပြုံးမဲ့မဲ့လေးနဲ့ တစ်စုံ





တစ်ယောက်ကို မျှော်လင့်နေသလိုပဲ"

"ဘာကို မျှော်လင့်နေတာလဲ"

"ဪ .... ကုန်းပေါ်တက်သွားပြီး အချိန်တန်လို့ ဥာနေ
ပြန်သွားတဲ့ချစ်သူကိုပြန်လာနိုးနိုးနဲ့ မျှော်လင့်နေတာလေ။
ချစ်သူပြန်လာမယ်လို့ ယုံကြည်မျှော်လင့်ထားလို့ မျက်လုံးလေး
ရွှန်းလက်ပြီး အသက်ဝင်နေပေမယ့် နှုတ်ခမ်းကတော့ အလွမ်း
ဝေဒနာကြောင့် ပြုံးမဲ့မဲ့လေးဖြစ်နေရှာတယ်လေ"

"အရူးမ ... ခင်ဗျားကို ရေသူမက ပြောလို့လား"

"ပြောတယ်လေ။ မလေးကိုပြောပြတယ်။ နင်လဲ ငါ့လိုပဲ
တစ်နေ့မှာ ဒီလိုပဲမျှော်လင့်ရင်းနဲ့ ကျောက်ဆစ်ရုပ်လေးဖြစ်သွား
မှာပဲတဲ့"

"စိတ်ကူးတွေယဉ်ပြန်ပြီ။ လေးငါးရက်ထဲကြာမှာကို
အနောက်တွေ စားနေပြန်ပြီ"

"မဟုတ်ဘူး၊ မလေးလေ သူပြန်မှာကိုသိရက်နဲ့ ချစ်မိတယ်၊
ပူနဲ့ခွဲခွာရမှာကို မလေးရင်ထဲ မခံစားနိုင်။ မောင့်ကို မလေး
တောင်းပန်ချင်တာက မောင် မလေးကိုမမုန်းပါနဲ့နော်"

အရူးတစ်ယောက်လို တတွတ်တွတ်ပြောနေသော
ချစ်ပန်းဖြူကိုကြည့်၍ သူစိတ်တိုသွား၏။

"ဟာ ... ဘာဆိုင်လို့ မုန်းရမှာလဲကွာ"

"တစ်နေ့နေ့ မုန်းဖို့ ပြဿနာပေါ်ရင် မုန်းသွားမှာစိုးတယ်။ ဒါပေမယ့် မောင်ရယ် ဘာကိစ္စပဲဖြစ်ဖြစ် စဉ်းစားပြီးမှ ဆုံးဖြတ်ပါလို့ မလေး တောင်းပန်ပါရစေ"

သူဘာမျှထပ်မပြောတော့ပေ။ မလေးက ကယောင်ကတန်းနှင့် လျှောက်ပြောနေသည်ဟု မှတ်ထင်ကာ ပြုံး၍သာ နားထောင်နေလိုက်၏။

"မောင့်ကို ချစ်တာရယူပိုင်ဆိုင်လိုစိတ်၊ အတူနေထိုင်လိုစိတ်နဲ့ချစ်တာမဟုတ်ပါဘူးလေ။ မလေး ရင်ထဲမှာ မောင်အမြဲရှိနေပြီပဲ၊ ပြီးတော့ ချစ်လျက်နဲ့ခွဲခွာသွားရတာကို မလေးရင်ထဲမှာ လက်ခံသိမ်းထားချင်တယ်။ မောင် မုန်းမေ့ပြီးကျောခိုင်းသွားမှာကို မလေး မခံစားရပါစေနဲ့ မောင်မောင်ရယ်"

"ဟာ ... ဘာတွေပြောနေတာလဲ ကွာ"

သူက မခံချင်စွာဖြင့် အော်လိုက်သောအခါ ချစ်ပန်းဖြူ၏ မျက်ရည်များပြိုဆင်းလာလေသည်။ ချော့လျှင်လည်း ပိုငိုတတ်သလို၊ အော်လျှင်လည်း ပိုငိုတတ်သောကြောင့် သူချော့လည်းမချော့၊





အော်လည်းမအော်တော့ပဲ ချစ်ပန်းဖြူ၏လက်ကိုဆွဲကာ ဇီးဖြူကုန်းဘက်လှည့်ပြန်လာ၏။

"ကဲ ... မလေးနဲ့မောင် ဟိုးက မောင်တော်ကျောက်ဆောင်ဆီ အပြေးပြိုင်ကြမယ်။ နိုင်တဲ့လူက မွှေးမွှေးပေးကြေးကွာ"

"သွား"

မျက်ရည်များကြားမှ ရှက်ဝဲဝဲဖြစ်ကာ သူ့လက်ကိုရုန်းလိုက်၏။ သူက အလွတ်မပေးဘဲ အတင်းဆွဲပြေးလာ၏။

"ဟာ ... မောင်မောင်၊ လူမြင်သူမြင်နဲ့ မလုပ်ပါနဲ့ မောင်မောင်ရယ်"

"ဘယ်သူမှမရှိဘူး။ ဒီအချိန်က အားလုံးလှေသိမ်းချိန်ရောက်နေပြီ။ ပြေး"

ချစ်ပန်းဖြူသည် မျက်ရည်ပင်မသုတ်အားတော့ဘဲ သူဆွဲခေါ်ရာနောက်သို့ ရယ်မော၍ ပြေးလိုက်လာတော့သည်။

"နိုင်အောင်ပြေးနော်။ မနိုင်ရင်တော့ ကောင်မလေးတစ်ယောက် မလွယ်ဘူးမှတ်"

သူက ချစ်ပန်းဖြူ၏လက်ကိုဆွဲပြီး အတင်းပြေးလာ၏။ ချစ်ပန်းဖြူလည်း သူ့နောက်ကိုပြေးလိုက်လာရင်းက မောဟိုက်

လာလေသည်။

"မောလာပြီ ရပ်တော့ကွယ်"

အမှန်တကယ်ပင် မောဟိုက်နေသည်ကို တွေ့လိုက်ရသောကြောင့် ချစ်ပန်းဖြူအား သနား၍ သောင်ပြင်မှာ ထိုင်ချလိုက်သည်။

ချစ်ပန်းဖြူကလည်း ခြေပစ်လက်ပစ်ဖြစ်သွားပြီး ခွေခွေလေးစောင်းကျသွား၏။

ညနေဆည်းဆာ နေကတဖြည်းဖြည်းနှင့်ပျောက်ကွယ်ကာ အမှောင်ထုအောက်သို့ တဖြည်းဖြည်းစိုးမိုးစပြုလာလေသည်။

အောင်နေဦးက သောင်ပြင်မှာလှဲအိပ်ချလိုက်၏။ ချစ်ပန်းဖြူထံမှ အသက်ရှူသံပြင်းပြင်းနှင့် မောဟိုက်နေဟန်တူသည်။

"မလေး သိပ်မောသွားလား"

"ဟင့်အင်း"

"ဟင့်အင်းသာဆိုတယ် ဟောဟဲမြည်နေတာပဲ၊ မောင်တောင်မမောဘဲနဲ့များ"

"အမယ် ပြောတတ်တယ်"

မျက်စောင်းလေးဝေ့ကာ ပြောလိုက်သဖြင့် သူကပြုံးလျက်နှင့် ချစ်ပန်းဖြူ၏ မျက်နှာနုနုလေးကို ငေးကြည့်နေသည်။





"ချစ်ပန်းဖြူ"

"ဗျာ့"

ချစ်ပန်းဖြူအမှတ်တမဲ့ထူးလိုက်သည်ကို သဘောကျသဖြင့်

"ချစ်ပန်းဖြူ"

မထူးတော့ဘဲ ဒူးတစ်ဖက်ပေါ်ခေါင်းလေးတင်ကာ အမှောဖြလိုက်ရင်းက မောင်တော်ကျောက်ဆောင်မည်းမည်းကြီးကို လှမ်းကြည့်နေ၏။

"ချစ်ပန်းဖြူလို့"

"ကဲ အရူးကျနေတာပဲ။ ဘာလို့အဲဒီလောက်ခေါ်နေရတာလဲ"

"ရန်ကုန်ကိုလိုက်ခဲ့ကွာ"

"ဘာလုပ်ရမှာလဲ"

"မင်းကို မခွဲချင်လို့။ လွမ်းလို့။ ကျောပိုးအိတ်ထဲထည့်ခေါ်သွားမလို့"

"မလေးက အဲဒီလိုလဲ လိုက်နိုင်ပါတယ်။ မောင့်နောက်ကို လိုက်ရင်ဘယ်လိုနည်းပဲလိုက်ရ လိုက်ရ လိုက်ပါတယ်"

"ပြောတာပဲလေ။ အခုတောင် မောနေပြီမဟုတ်လား"

"မမောဘဲနေမလား။ မောင်က အတင်းဆွဲတာကိုး။ ကဲ ...ထ။

မလေးတို့ မောင်တော်ကျောက်ဆောင်ကို သွားကြရအောင်”

“အမောပြေပြီလား။ မပြေသေးရင် မောင်ထမ်းခေါ်မယ်”

“အမြင်မတော်တဲ့အလုပ်ကို သိပ်လုပ်ချင်တယ်”

သူတို့နှစ်ဦးအတူလက်တွဲ၍ ကမ်းစပ်တွင်ထီးထီးမားမား ပေါ်နေသော မောင်တော်ကျောက်ဆောင်နားသို့ လျှောက်လာခဲ့သည်။

ညနေဆည်းဆာ၏ လေနုအေးလေးများက ကမ်းခြေတစ်လျှောက်မှာ ပြေးလွှားဆော့ကစားနေကြသည်။ နေမင်း၏ အလင်းရောင်ကွယ်ပျောက်ကာ ဆည်းဆာ၏အလင်းရောင်ဖြင့် သည်ကမ်းခြေတစ်ခုလုံး လိမ္မော်ရည်များ ဖြန်းပက်ထားလျက်ရှိသည်။

ချစ်ပန်းဖြူက အောင်နေဦးလက်ကိုမှီတွဲလျက် မောင်တော်ကျောက်ဆောင်ဆီ ရှေးရှုလာပြီး

“သိလား မောင်မောင်။ မလေးလေ ဒီမောင်တော်ကျောက်ဆောင်နားမှာ လူတစ်ယောက်ကို ကယ်ခဲ့ဖူးတယ် သိလား”

“ဟုတ်လား ... မလေးက ကယ်တင်ရှင်ကြီးလုပ်တာပေါ့”

“မလုပ်လို့မရဘူး။ အဲဒီလူက တအားမူးနေတာလေ။





သူကြည့်ရတာ မသောက်ဖူးဘဲသောက်ပြီးမူးလာတာထင်တယ်။ မောင်တော်ကျောက်က ဒီအတိုင်းနေရင် ဘာမှမဖြစ်။ မိုးရွာလို့ ရေတက်လာရင် လှိုင်းကသိပ်ကြမ်းတာ အရှိန်နဲ့ ကျောက်ဆောင်ကို ရိုက်လိုက်တဲ့ လှိုင်းလုံးက သိပ်ကြီးတာပဲ။ ဒီကျောက်ဆောင်ရှေ့က ကျောက်တုံးတွေဆို မခံနိုင်ဘဲ တဖြည်းဖြည်းကောလာတာကြည့်တော့။ အဲဒီလူ ကျောက်ဆောင်ဘေးမှာ မူးပြီးအိပ်နေတာ။ ရေကတက်လာပြီလေ”

အောင်နေဦးက ချစ်ပန်းဖြူ၏ စကားကိုငြိမ်၍နားထောင်နေလိုက်၏။ ချစ်ပန်းဖြူက အရှိန်ရလာဟန်ဖြင့် ဆက်ပြောလိုက်၏။

“အဲဒါ သူ့ကိုနိုးတာလဲ မရဘူး။ နေ့လယ်ဘက်မှာ အနားမှာ ဘယ်သူမှမရှိတော့ မလေးလေ သူ့ကိုအတင်းဆွဲချတာ။ သူက ဒယိမ်းဒယိုင်နဲ့ လိုက်သေးတယ်။ ပြီးတော့ ရေထဲမှာ ပြန်ပြီး သတိရလာတယ်။ ရေက ရင်ညွန့်ရောက်ပြီး လှိုင်းတက်နေပြီ။ ရေကြောင့် သူသတိရလာတာပေါ့”

“တော်သေးတာပေါ့”

“အဲဒီလိုကယ်တင်ခဲ့လို့ မလေးဘဝမှာ မထင်မှတ်ဘဲနဲ့

ပြောင်းလဲမှုကြီးဖြစ်ခဲ့တယ်"

"ဘာတွေပြောင်းလဲခဲ့တာလဲ"

ချစ်ပန်းဖြူခေါင်းလေးကို ယမ်းလိုက်သည်။

"နောက်မှ မောင့်ကိုပြောပြပါမယ်။ မောင်မောင်ရေ သဲတစ်ဆုပ်လောက်ကို ပစ်တင်လိုက်ပါဦး။ ပြီးတော့ ဆုတောင်း ရတယ်"

"ဘာကိုလဲ"

"ကိုယ့်ဘာသာကိုယ်ဆုတောင်းချင်တာ တောင်းပေါ့"

ချစ်ပန်းဖြူက သဲတစ်ဆုပ်ကိုကောက်ယူကာ မောင်တော် ကျောက်နံရံသို့ ပစ်တင်လိုက်၏။ မတ်စောက်သောကြောင့် သဲဆုပ်က မတင်ပဲ ပြန်၍ကျလာသည်။

ထို့နောက်ထပ်မံ၍ သဲတစ်ဆုပ်ယူက မျက်လုံးမှိတ်ပြီး တတွတ်တွတ်ဆုတောင်းပြီး အပေါ်ပစ်တင်လိုက်ပြန်၏။

တင်မနေဘဲပြန်ကျလာပြန်သည်။ နောက်သဲတစ်ဆုပ်ကောက် လိုက်၏။

အောင်နေဦးက ချစ်ပန်းဖြူလုပ်နေသည်ကို ထိုင်ကြည့်နေ၏။ နောက်သဲတစ်ဆုပ်ကလည်း ပြန်ကျလာပြန်သည်။ ချစ်ပန်းဖြူ





၏ မျက်နှာလေးပျက်ကာ မျက်ရည်များ ဝေ့ဝဲလာလေ၏။

နောက်ထပ် သဲတစ်ဆုပ်ကလည်း ပြန်ကျလာပြန်၏။ ထိုအခါ ငိုမဲ့မဲ့နှင့်

"ဒုက္ခပါပဲ အမောင်ရယ်။ ဆုတောင်းမပြည့်ဘူး မောင်မောင် ရယ်"

"မလေးက ဘာတွေဆုတောင်းလို့လဲ"

"မောင်မောင်နဲ့ပေါင်းရပါစေလို့၊ မောင်ဆုတောင်းကြည့်ပါဦး"

အောင်နေဦးက ပြုံးလိုက်သည်။ သဲတစ်ဆုပ်ကောက်ယူ၍ ကျစ်ကျစ်လေးဖြစ်အောင် ဆုပ်လိုက်၏။ ရေစိုနေသော သဲက လုံးသွား၏။

သူက ချစ်ပန်းဖြူပစ်တင်သည့်နေရာ မတင်ပဲ အနည်းငယ် ထွက်နေသည့်နေရာသို့ အားနှင့်ပစ်ပေါက်ကာ တင်လိုက်သည်။

"ကဲ ..."

သူ၏ သဲဆုပ်ကလေးက တင်နေ၏။

"တွေ့လား တင်နေပြီ"

"မောင်က ဆုတောင်းတာလား"

သူဆုတောင်းဖို့ မေ့နေသည်။ စမ်းသပ်မှုတစ်ခုပြုလုပ်

ခြင်းသာဖြစ်၏။ သို့ရာတွင် ချစ်သူစိတ်ထဲ၌ သံသယဂင်နေတာကို ပြေပျောက်စေရန်အတွက်

"ဆုတောင်းတာပေါ့။ မလေးနဲ့ ပေါင်းရပါစေလို့လေ။ ကဲ... မောင့်ဘက်ကသေချာပြီ။ မလေးဘက်ကရော"

"သေချာရမှာပေါ့"

ချစ်ပန်းဖြူကလည်း အားကျမခံပြန်ပစ်တင်လိုက်သည်။ သဲများ ပြန်ကျလာ၏။ ချစ်ပန်းဖြူမျက်နှာလေး ရဲသွားသည်။

နောက်တစ်ခါပြန်ပစ်တင်မှ သဲများတင်ကျန်သွား၏။ ထိုအခါ ချစ်ပန်းဖြူမျက်နှာလေး ပြုံး၍ကျေနပ်သွားလေသည်။

"အရူးမ။ မင်းလို ပဲ ရူးကြလားမသိဘူး။ ကြည့်စမ်း ကျောက်ဆောင်ပေါ်မှာ သဲရာတွေချည်းပဲ။ ကဲ နောက်တစ်ခေါက် ပြန်ပစ်တင်ပါဦး"

"ဟင့်အင်း ... မတင်တော့ဘူး။ ဒီအတိုင်းပဲ ရှိပါစေ"

"ရူးသွပ်တာပဲ"

ချစ်ပန်းဖြူက ထပ်မပစ်သလို သူကလည်း ထပ်မပစ်ရဲတော့။ စောစောကလို မတင်လျှင် ချစ်ပန်းဖြူ စိတ်ဆင်းရဲပေလိမ့်မည်။

"မောင်မောင်ရယ်၊ မလေးလေ ဒီလောကကြီးမှာ သေရမှာ





လည်းမပူပါဘူး။ ဆင်းရဲမှာလည်း မပူပါဘူး။ ဒါပေမယ့် မောင်မောင်နဲ့ ဝေးကွာရမှာကိုတော့ ကောင်းပူတယ်ဝေ့"

"ဟာ ... လုံးဝမဖြစ်နိုင်ဘူး"

အလန့်တကြားထအော်လိုက်မိ၏။ အံ့ဩစိတ်၊ ဒေါသစိတ်များကြောင့် သူ့အသားများ တစ်ဆစ်ဆစ်တုန်ယင်လာလေသည်။

"ဒါကြောင့်ကြီးငယ်ပြောတာပေါ့။ ကြီးငယ်တို့က အလကား လျှောက်ပြောနေတာမဟုတ်ဘူး။ မင်းအဖေလုပ်ထားတာတွေက ဘာတစ်ခုမှ မဟုတ်ဘူး။ အဲဒါကြောင့် မင်းအမေသေရတာပါ ဆိုတာ ယုံပြီလား"

"ဒေါ်ငယ်ရယ် သေသွားတဲ့သူတစ်ယောက်အကြောင်းကို မကောင်းမပြောပါနဲ့။ သူ့မှာ ဘာပြဿနာရှိခဲ့လဲမှ မသိတာ"

အောင်နေဦးက ဖခင်၏ငွေများကိုထုတ်ယူရန်အတွက် အမွေစားအမွေခံလျှောက်ထားရန် ဖခင်၏ရှေ့နေ ဦးဝင်းမောင်အား အကြောင်းကြား၍ မေးမြန်းရာ ဦးဝင်းမောင်က ချက်ချင်းရောက်

လာပြီး ဖခင်၏ အမွေလွှဲစာချုပ်အကြောင်းကို ပြောပြသည်။

"အမွေစားအမွေခံက မင်းတစ်ယောက်တည်း မဟုတ်ဘူး အမျိုးသမီးတစ်ယောက်ပါ ပါတယ်"

ဦးဝင်းမောင်စကားကို သူနားမလည်၍ ဒုတိယအကြိမ်ထပ် မေးသော်လည်း ထိုအဖြေသာထွက်သည်။ ပြောင်းလဲ၍မသွားပေ

"အဲဒီ မိန်းကလေးက ဘယ်သူလဲ"

"ဘယ်သူလဲဆိုတာကိုတော့ နောက်တော့သိရမယ်။ မောင်ရင် လာပြီဆိုတော့ အမွေကိစ္စရှင်းအောင် အဲဒီမိန်းကလေးကို ဒီနေ သံကြိုးရိုက်ပြီး ခေါ်လိုက်ပါမယ်"

"တွေ့လားသား။ ကြီးမကြီးက သားကိုနားပူနားဆာလုပ်နေ တာမဟုတ်ဘူး၊ အခုတော့ ယုံပြီမဟုတ်လား"

ကြီးမကြီးရိပ်သာဝင်နေ၍ ကြီးငယ်တစ်ယောက်တည်းသာ ရှိသောကြောင့် သူ့အဖို့ သက်သာရာရနေသည်။

သို့ရာတွင် ဖခင်ပြုမူမှုများက တရားနည်းလမ်းမကျပေ၊

"နောက်တစ်ခုရှိသေးတယ်။ အဲဒီမိန်းကလေးနဲ့ မောင်အောင်နေဦး လက်ထပ်မှသာ အမွေကိုခွဲပေးပါတဲ့။ တကယ်လို့ လက်မထပ်ရင် မောင်ရင်က အမွေရဲ့သုံးပုံတစ်ပုံပဲ ခံစားခွင့်ရှိပြီး





အဲဒီမိန်းကလေးက နှစ်ပုံခံစားခွင့်ရှိတယ်လေ"

"ဟာ"

ဒုတိယအကြိမ် အံ့ဩရပြန်သည်။

"ဘုရားရေ။ မောင်စိုးအောင် ဘာတွေလုပ်ခဲ့တာလဲ။ အံ့ဩရတယ်။ ကိုယ့်သားလေးတစ်ယောက်ကို ဥပေက္ခာပြုထားတာ။ ဘာမှ မပူနဲ့သား။ ဒင်းအမွေတွေအားလုံးကို လုံးဝမယူနဲ့။ ဒင်းပေးစားတဲ့ မိန်းမလည်း မယူနဲ့။ ကြီးငယ်တို့ရဲ့ အမွေစားအမွေခံဟာ သား တစ်ယောက်တည်းရှိတာ"

"ဆုံးဖြတ်ချက်မစောပါနဲ့ဦး။ တစ်ဖက်ကမိန်းကလေးလဲ အမွေပစ္စည်းကို လက်ခံဖို့ ဝန်လေးသူလေးပါ။ သူလွှဲပေးရင် သူ လက်မခံရင်တူမောင်က အားလုံးရမှာပါ"

"ကျွန်တော် အဲဒါတွေမလိုချင်ဘူး အန်ကယ်။ အဲ့ဒီ မိန်းကလေးကိုသာ သူဘယ်သူလဲဆိုတာ သိချင်ပါတယ်"

"အန်ကယ်ခေါ်ပေးပါမယ်။ အချိန်တန်ရင် သိရမှာပါ။ မောင်ရင်ကသာ ဦးစိုးအောင်ရဲ့ဆန္ဒကို လိုက်လျောနိုင်ပါစေ။ ဦးစိုးအောင်က မောင့်အတွက် စာပေးခဲ့ပါသေးတယ်။ အဲဒီ့နေ့ကျမှ အန်ကယ်ယူလာခဲ့ပါမယ်။ ကဲ အန်ကယ်သွားတော့မယ်နော်။

ဘာမှ မစဉ်းစားပါနဲ့ကွယ်။ မင်းအဖေက မင်းကိုသိပ်ချစ်ပါတယ်။ ဒီလိုလုပ်ခဲ့တာတွေဟာ မင်းအတွက်ချည်းပဲကွယ်”

“အောင်မလေး၊ သားကိုချစ်တဲ့အဖေတဲ့တော်။ သူ့မယား ငယ်ကိုပါပေးခဲ့တာပဲ။ သိပ်ရက်ရောတဲ့ အဖေပဲ”

ကြီးငယ်က မခံချင်စွာဖြင့် ထအော်လိုက်၏။ သူမဲ့ပြုံးပြုံး လိုက်မိသည်။

ဦးဝင်းမောင်ပြန်သွားသည်အထိ သူ့ရင်မှာလွတ်ဟာလျက် ဘယ်လိုမှ နားမလည်သောအကြောင်းအရာတစ်ခုကို အစရှာမရ အောင်ရှုပ်ထွေးနေသည်မို့ စဉ်းစားမနေတော့ဘဲ ပွတ်လောရိုက်ကာ ရိပ်သာမှ အမကိုပြန်ခေါ် ရန် တာဆူနေသော ကြီးငယ်အား ဟန့် လိုက်၏။

“ကြီးငယ် ... စာချုပ်စာတန်းနဲ့လုပ်ထားတဲ့ကိစ္စမို့ ဘယ်လိုမှ ပြောင်းလဲလို့မရဘူး။ ဒီတော့ သူ့ဘာသာသူ၊ အေးအေးချမ်းချမ်း ရိပ်သာဝင်နေတဲ့ သူ့ကို ဒုက္ခမပေးပါနဲ့တော့ဗျာ။ အခြေအနေအရ မီးစင်ကြည့်ကရမှာပဲ။ ကျွန်တော်မခံချင်တာတစ်ခုပဲ။ ဘာမှ မမက် မောဘူး”

ကြီးငယ်က အနည်းငယ်အေးချမ်း၍ တော်သေးသည်။





အကယ်၍ ကြီးငယ်နေရာမှ ကြီးမသာဆိုလျှင် တစ်အိမ်လုံး ပွက်လောညံအောင် ကြမ်းပစ်ပေလိမ့်မည်။

သူက ကြီးငယ်အား ဖြေသိမ့်ပေးပြီး သူ၏နေအိမ်သို့ ထွက်လာခဲ့သည်။ ငပလီမှရောက်ကတည်းက ကြီးမကြီး၏ ရိပ်သာ သို့သွားနှုတ်ဆက်ရပြီး ဒီနေ့မှ ရှေ့နေဦးဝင်းမောင်နှင့် စကားပြော ရန်ခေါ်ထားသည်မို့ သူ့အိမ်သို့မသွားဖြစ်ပေ။

အိမ်ရောက်မှပင် ရန်ကုန်သို့လိုက်ခဲ့ရန် ဟန်ပြင်နေသော မြဇဝါထံ ဖုန်းဆက်ကာ ရက်ရက်နှင့်အကျိုးအကြောင်းပြော၍ လိုက်မလာခဲ့ရန် တားမြစ်မည်ဖြစ်သည်။

“ဖေဖေရယ် ... ဘာတွေလုပ်ထားခဲ့တာလဲ။ ဖေဖေ့ အမွေ အနှစ်တွေကို သားမမက်မောပါဘူးဗျာ။ ဖေဖေပေးစားမယ့် မိန်းမ ကိုလဲ သားမယူချင်ပါဘူး။ သားမှာ ချစ်သူရှိနေပြီပဲ။ သားချစ်သူကို သား လက်ထပ်ပါရစေဗျာ။ တကယ်လို့ ဖေဖေ့အမွေတွေအားလုံး ဆုံးရှုံးသွားရင်လဲ သားမမှုပါဘူး။ သားဘာသာ သားချစ်သူနဲ့ လက်တွဲ ပြီး လုပ်ကိုင်စားပါမယ်”

အောင်နေဦးသည် အိမ်ရောက်ပြီးနောက် အတွေးသံသရာ ထဲတွင် နစ်မျောလျက် ရင်မှာမောဟိုက်မှု၊ တင်းကျပ်မှုများနှင့်

ဘာလုပ်ရမှန်းမသိ ကယောင်ကတန်းဖြစ်နေ၏။

ကြီးဒေါ်များကလည်း သတို့သမီးလောင်းရှာထားပြီး ဖြစ်သည်။ ဖခင်ကလည်း သတို့သမီးလောင်းကို တုပ်နှောင်ကာရှာထားပြီး ဖြစ်သည်။

အကယ်၍ ကြီးဒေါ်များ၏ သတို့သမီးလောင်းရော၊ ဖခင်၏ သတို့သမီးလောင်းကိုပါ ငြင်းပယ်လျှင် သူတို့အမွေဆက်ခံမှု မရတော့ပေ။

"မရချင်လဲနေတော့။ မလေးကိုပဲ လက်ထပ်ပြီး ကိုယ့်ဘဝ ကိုယ်ရှန်းတော့မယ်"

ထိုအခါ သူ့စိတ်ကူးကို အကောင်အထည်ဖော်နိုင်ရန်အတွက် ခင်မောင်သန်းဆီ ဖုန်းဆက်လိုက်သည်။

"အတော်ပဲ ကိုယ်လဲဒီအတိုင်းပဲ၊ အိမ်မှာနေနေတာ လေးလ ရှိနေပြီ။ ကြာတော့ပျင်းလာတာနဲ့ ပြန်ထွက်တော့မလို့။ မင်းနဲ့ အဖော်ရှိရင် ပြန်ထွက်တာပေါ့ကွာ။ မင်းက ဘယ်လိုလဲကွ၊ ဟိုမှာပဲ ဇောက်ချလိုက်တော့မယ်ဆို။ အဆင်မပြေလို့လား"

"နောက်မှ ငါ အကျိုးအကြောင်းပြောပြမယ်ကွာ"

ကိုယ့်အကြောင်းကို ပြောရမှာပင် ရှက်စနိုးဖြစ်နေမိသည်။





င်မောင်သန်းနှင့် ဖုန်းပြောပြီးနောက် သံတွဲဖုန်းခေါ် ထား လိုက်သည်။

ထို့နောက် သူသည် ဖခင်၏စာရင်းစာရွက်များ၊ စာချုပ် တမ်းများကို ရှာဖွေလိုက်၏။

"အမွေစား အမွေခံစာချုပ်ပါလား"

ရင်ထဲထိတ်သွား၏။ ဟောင်းနွမ်းလျက်ရှိသော စာချုပ် စ်ခုမှာ ခေါက်ရိုးရာအတိုင်းကျိုးလျက် တစ်ခါမှ ဖွင့်မကြည့်ဘဲ အိတ်ထဲတွင် ခေါက်လျက်သား ကာလကြာမြင့်စွာရှိနေဟန် ူသည်။

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီကျေးရွာနေ မြဇဝါ မှတ်ပုံတင်အမှတ် ) သည် ရန်ကုန်မြို့၊ ည်းတန်းမြို့နယ်၊ အာတီးယားလမ်း၊ အိမ်အမှတ် ( ) မှ း:စိုးအောင် (မှတ်ပုံတင်အမှတ် )နှင့် ဒေါ်ခင်ခင်ထွေး (မှတ်ပုံတင်အမှတ် ) တို့ထံသို့ မြဇဝါ၏ရင်သွေးသားယောကျ်ားလေးအား အမွေစားအမွေခံ သားသမီးအဖြစ် မွေးစားရန်လွှဲပြောင်းပေးလိုက်ပါသည်ဟု ကတိပြု စာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ နောင်အခါ ထိုသားနှင့် တ်သက်၍ တစ်စုံတစ်ရာနှောင့်ယှက်ခြင်း၊ တောင်းဆိုခြင်း

မပြုလုပ်ပါဟု ဂတိပြုပါသည်။

“မြဇဝါ၏ ရင်သွေး သား(ယောကျာ်း)တဲ့”

“မြဇဝါ၏သားတဲ့။ လေးလေးဝါရဲ့သား။ လေးလေးဝါရဲ့သား”

အောင်နေဦးသည် ရင်ထဲမှာ ဆူဝေလျက် ကျောက်ရုပ်တစ်ရုပ်အသွင်နှင့် ငေးကြောင်၍ရုပ်ကြည့်နေသည်။ ဟုတ်ရဲ့လားဟု စာချုပ်ကိုအကြိမ်ကြိမ်အခါခါ ဖတ်ကြည့်လိုက်၏။ စာချုပ်တွင် သက်သေလက်မှတ်ရေးထိုးထားကြသည်မှာလည်း ဦးဝင်းမောင်နှင့် သံတွဲမှ မြို့နယ်တရားသူကြီးတစ်ဦးနာမည်ပင် ဖြစ်သည်။

“ဒါအမှန်ပဲလား .... ဖေဖေတို့မေမေတို့ဟာ သေတဲ့အထိ ဒီအကြောင်းကိုဖုံးကွယ်ထားခဲ့တာပါလား။ ဖေဖေ ... ဖေဖေဟာ မွေးစားသားမို့ ငါ့ကို ဒီလိုပစ်ပစ်ခါခါလုပ်ထားခဲ့တာပဲ။ လေးလေးဝါ–လေးလေးဝါကလဲ သားအရင်းကိုတွေ့ရက်နဲ့ မျိုသိပ်ထားနိုင်စွမ်းရှိလိုက်တာ။ ဒါကြောင့်လဲ သူ့ကို ငါသိပ်တွယ်တာနေတာပါပဲလား။ ဟုတ်နိုင်ပါ့မလား။ ကြီးငယ်တို့ ကြီးမတို့ သိရဲ့လား”

သူ့စိတ်အတွေးများ၏ ဆူဝေမှုကြောင့် အမှတ်မထင် ကြီးငယ်ထံသို့ ဖုန်းကောက်လှည့်လိုက်၏။

“ကြီးငယ်ရယ် သားဟာ ဦးစိုးအောင်၊ ဒေါ်ခင်ခင်ထွေး တို့ရဲ့





သားသမီးအရင်းမှ ဟုတ်ရဲ့လားဟင်။ မွေးစားသားလား”

“အမလေးသားရယ်။ ကယောင်ချောက်ချားနဲ့ ဘာတွေ မေးနေရတာလဲ။ နင့်အမေသာ ဒီအမေးကိုကြားရင် အပြန်တစ်ရာ လောက် သေသွားမှာပဲ။ ဒီမှာသားကိုလေ သားအမေက ကိုယ်တိုင် လွယ်ပြီး ခုနစ်လမှာ ငပလီကို အပန်းဖြေခရီးထွက်မယ်ဆိုပြီး ထွက်သွားပြီးမှ ခုနစ်လနဲ့ ဟိုမှာမွေးခဲ့တာ။ သံတွဲဆေးရုံမှာ မွေးခဲ့တာ သိရဲ့လား။ ရခိုင်သားလေးရဲ့။ မင်းကြီးမကြီးသာကြားရင် ရင်ထုနေတော့မှာပဲကွယ်။ အဲဒီလို မပြောလိုက်ပါနဲ့”

“သားရင်ထဲမှာ ဘာသံသယမှ ဝင်မနေပါနဲ့သား။ သားအဖေက ဒီလိုပဲ။ မျိုးရိုးကိုက အမြင့်ထဲကလာတာမဟုတ်ဘူး။ ရိုးအေးလို့သာ ပေးစားလိုက်တာ။ တကယ်တော့ အတီးအတပဲ။ ငွေများများကို ကိုင်ဖူးတာမဟုတ်ဘူး။ အခု ဘယ်မိန်းမကလှည့်စားလိုက်လို့ သူခံလိုက်ရသလဲမှ မသိတာ။ သိပ်အေးသိပ်ရိုးတာ”

“ဖေဖေက အရင်က သံတွဲမှာနေဖူးလား”

“အေး၊ နေဖူးတာပေါ့။ ဒါ့ကြောင့် သူအဲဒီမှာပြန်အလုပ်လုပ်ချင်တာလေ။ နောက်ဆုံးတော့ ဘဝဟောင်းပဲ ပြန်သွားကြတာပဲ။ သားကိုလဲ ကြီးငယ်တို့က အဲဒီမှာပဲ နစ်နေမှာစိုးတယ်”

တစ်ဖက်မှ ကြီးငယ်စကားများကို သူထပ်မကြားတော့ပေ။ လေးလေးဝါ၏ စကားများကို ကြားယောင်နေသည်။

“ငွေကြောင့်၊ ဂုဏ်ကြောင့်၊ မင်းအဖေရင်ထဲမှာ အချစ်ဖြစ်ပေါ် သွားတာနေမှာပါ။ မင်းအဖေရဲ့မိဘတွေက ပုလဲနဲ့ငါးမှာ လုပ်ခဲ့တဲ့ ဝန်ထမ်းတွေလေ။ ရခိုင်မှာလဲ နေဖူးတယ်။ ရခိုင်ကနေ ထားဝယ်ကို ရောက်တော့ စက်လှေပိုင်ရှင်သူဌေးသမီးနဲ့ မိဘချင်း သဘောတူပြီး ပေးစားကြတာလဲ ငွေကြောင့်ပဲပေါ့”

“သံတွဲက ဖုန်းရလိုက်ပါပြီ”

ကြီးငယ်ဘာတွေပြောနေသည်မသိပေ။ ကြည်လင်ပြတ်သားသော အသံဝင်လာသဖြင့် ဖုန်းလိုင်းပြတ်သွားပြီး အဝေးလိုင်း ဝင်လာ၏။

“အပုလေး ... ရန်ကုန်ကို ချောချောမောမောရောက်ပြီလား အပုလေး။ ရန်ကုန်က ဖုန်းကိုစောင့်နေတာ”

မြဇဝါအသံကြားရသောအခါ သူ့ရင်ထဲ ဒိန်းခနဲမြည်ဟည်းသွား၏။ ရန်ခုန်နှုန်းလည်း မြန်သွားသည်။ ဖုန်းခေါ် ရခြင်း ရည်ရွယ်ချက်က “မြဇဝါအား လိုက်မလာနဲ့ဦး၊ ဒီမှာအခြေအနေရှုပ်ထွေးနေတယ်”ဟု ပြောရန်ဖြစ်သည်။ ယခု စာချုပ်ကိုတွေ့ပြီးမှ သူ့နှုတ်ဖျားမှ





“လေးလေးဝါ ရန်ကုန်ကို အမြန်ဆုံးလိုက်လာပါ။ ကျွန်တော့်ကို ကြိုဖုန်းဆက်ပါ။ ကျွန်တော် လာကြိုမယ်”

“အေးအေး ... လေးလေးဝါ အခုလိုက်ခဲ့မယ်။ မနက်ဖြန် လေယာဉ်ပတ်ရှိတာပဲ။ မလေးတောင် ခုနကလာသွားသေးတယ်။ မင်းရဲ့ဖုန်းလာလားလို့ မေးသွားတယ်”

“မလေး”

ရင်မှာ လွမ်းလွမ်းဆွေးဆွေးလေး ဖြစ်သွားသည်။ ချစ်ပန်းဖြူ၏ အားငယ်သော၊ ဝမ်းနည်းသောဟန်လေးကို မြင်ယောင်လာကာ သက်ပြင်းရှည်ကြီးကို ချလိုက်ရင်းက

“လေးလေးဝါ ပြောလိုက်ပါ။ မလေးကိုလွမ်းနေပါတယ်လို့။ မလေး မငိုပါစေနဲ့ဗျာ။ ဒီမှာ ပြဿနာတွေရှုပ်နေလို့ ကျွန်တော် ကြာချင်ကြာမယ်။ ဒါပေမယ့် မလေးဆီတော့ ဆက်ဆက်ပြန်လာမှာပါလို့”

“မေမေ”

ရုတ်တရက်မို့ မြဇဝါတွန့်သွား၏။ အလန့်တကြားမျက်လုံး ပြူးကြီးဖြင့် သူ့အားငေးကြည့်ကာ ကြက်သေ သေနေသည်။ သူက မြဇဝါလက်ထဲမှ အိတ်ကိုယူလိုက်ပြီး မြဇဝါလက်ကို ဆွဲကာ

"မေမေဝါလို့ပဲ ခေါ်တော့မယ်"

ဖြဇဝါလက်များ အေးစက်လျက်တုန်ယင်နေသည်။

"သူတို့ စာချုပ်ကို မဖျောက်ဖျက်ကြဘူးလား။ အပုလေး မြင်သွားပြီလား"

မြဇဝါအမေးကို သူဘာမှမပြောဘဲ လေယာဉ်ရုံးမှ စားသောက်ဆိုင်သို့ခေါ်လာကာ အအေးမှာလိုက်ပြီး

"မေမေဝါတို့ရဲ့ အတိတ်အကြောင်းကိုပြောပြပြီး ကျွန်တော့် အဖေအရင်းဘယ်သူလဲဆိုတာကို ပြောပြပေးပါလား မေမေဝါ။ အမေက သားအရင်းကို တွေ့ပါလျက် မျိုးသိပ်နိုင်စွမ်းရှိပေမယ့် ကျွန်တော်က မျိုးသိပ်ထားလို့မရပါဘူး"

မြဇဝါမျက်လုံးအိမ်ထဲမှ မျက်ရည်များ စီးကျလာလေသည်။ သူလက်ကို တင်းတင်းဆုပ်ကိုင်ကာ

"သား မွေးခဲ့တဲ့အမေပဲ သားရယ်။ သားကို ငပလီလာတိုင်း ဟိုးငယ်ငယ်ကတည်းက ခိုးကြည့်ခဲ့ရတာပါပဲ။ ကတိတစ်လုံးကို





ဆိန်းထားလို့ နှစ်ပေါင်းများစွာ မျိုးသိပ်ထားခဲ့ရတာပါ။ အခုလဲဆက်မျို သိပ်ကြရအောင်သားရယ်။ ဘာလို့လဲဆိုတော့ မင်းအဖေ ဦးစိုးအောင် ရဲ့ ဂုဏ်သိက္ခာအတွက်ကြောင့်ပေါ့"

"မေမေဝါပဲ အဲဒီဂုဏ်တွေကို မုန်းတယ်ဆို။ အခု ဂုဏ်သိက္ခာ တစ်ခုကြောင့် ကျွန်တော်တို့ဟာ သားအမိအရင်းခေါက်ခေါက်ဖြစ် ပြီး ဆက်မျိုသိပ်ထားရဦးမှာလား"

"ဟုတ်တယ်၊ ဆက်မျိုသိပ်ထားရမယ်သား။ အမေမုန်းတဲ့ ဂုဏ်သိက္ခာက မင်းအဖေရဲ့ဂုဏ်သိက္ခာမျိုး ဆက်ပြီးမျိုသိပ်ထား ရမယ်။ လူကသွားပေမယ့် ဂုဏ်ကဆက်ပြီး ကျန်ရစ်သွားပါစေ သားရယ်"

"အဲဒီဖေဖေ့ရဲ့ဂုဏ်သိက္ခာဆိုတာကို မေမေဝါက ဘာဆိုင်လို့ ထိန်းရမှာလဲ။ သားကိုမွေးစားတာနဲ့ ဂုဏ်သိက္ခာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ သားရယ်။ သားအဖေရင်းက ဦးစိုးအောင် ကိုယ်တိုင်ပဲမို့လို့ပေါ့"

"ဗျာ"

သူက အံ့ဩလွန်း၍ မြဇဝါအားငေးကြည့်နေမိသည်။ မြဇဝါ က သူ့လက်ခုံအားတင်းတင်းဆုပ်ကိုင်ရင်းက

"မင်းအဖေက မင်းအမေ ဒေါ်ခင်ခင်ထွေးကိုသိပ်ချစ်တယ်ဆိုတာကို မြဇဝါက ရယ်ချင်တယ်။ တကယ်တော့ ဒေါ်ခင်ခင်ထွေးကို သနားရုံပါပဲ။ သူသိပ်ချစ်တာ မြဇဝါကိုပါကွယ်။ မြဇဝါက သူ့ရဲ့ငယ်ချစ်ဦးလေ။ ဟိုးငယ်ငယ်လေးတည်းက သံယောဇဉ်တွယ်ပြီး ချစ်ခဲ့ရတဲ့ငယ်ချစ်ပါကွယ်။ ဒါပေမယ့် မြဇဝါက ငပလီရွာက မုဆိုးမသမီးလေ။ ဘာဂုဏ်မှ မရှိတော့ ဘယ်သဘောတူကြပါ့မလဲကွယ်။ ထားဝယ်က သင်္ဘောစက်လှေတွေအများကြီးပိုင်တဲ့ သူဌေးသမီးလောက်တော့ ဘယ်သဘောတူပါ့မလဲ။ ထားဝယ်ပြောင်းသွားပြီး သုံးနှစ်လောက်ကြာတော့ ရန်ကုန်ကို တာဝန်အရဆိုပြီး မြဇဝါကိုလာတွေ့ပြီး လက်ထပ်ခဲ့တယ်သား။ ဒါပေမယ့် ဟိုရောက်တော့ သူဌေးသမီးနဲ့အတင်းစီစဉ်ကြတယ်လေ။ အကြွေးတွေရှိလို့မဆပ်နိုင်လို့ အဖေထောင်ကျရတော့မယ်ဆိုလို့ ကိုစိုးက ဇွတ်မှိတ်ပြီး လက်ထပ်ခဲ့ရတယ်"

"ဩော်"

ဒါကြောင့်လဲ သံတွဲမှာနေစဉ်က နာနာကြည်းကြည်းလေး ရေရွတ်ပြောဆိုနေတဲ့ မြဇဝါ၏စကားကို ကြားယောင်လာမိသည်။

"ငွေကြောင့်၊ ဂုဏ်ကြောင့် မင်းအဖေက မင်းအမေကို





သိပ်ချစ်သွားတာနေမှာပေါ့ကွယ်"

"မခင်ခင်ထွေးဟာ ဘာမှမသိရှာပါဘူး။ မိဘကြိုးဆွဲရာကရတဲ့အစ်မကြီးတွေ ကြိုးဆွဲရာကရတဲ့ ရောဂါရှင်လေးပါ။ ပျော့ညံ့တယ်ဆိုပြီး သမီးအငယ်ဆုံးလေးကို စိတ်မချလို့ သူတို့ပိုင်နိုင်တဲ့သူနဲ့လက်ထပ်ပေးစားပြီးမှ နှလုံးရောဂါရှိနေတယ်ဆိုတာ သိရတော့တယ်။ အစ်ကိုစိုးကလဲ သိပ်သနားသွားတာပေါ့။ သူတို့လက်ထပ်ပြီး ရန်ကုန်ကိုပြောင်းလာကြတယ်။ နောက်တော့ မခင်ခင်ထွေးက ငပလီကို ဟန်နီးမွန်းသွားချင်လို့ဆိုပြီး ထွက်လာကြတော့ မြဇဝါမှာ ကိုယ်ဝန်ငါးလရှိနေပြီလေ"

မိခင်ရင်း၏ သောကကိုကြားရသောအခါ ရင်မှာ ကြင်နာစွာဖြင့် မျက်လွှာချပြီး မြဇဝါ၏လက်ကိုတင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားမိလိုက်သည်။

"မြေနိမ့်ရာလှံ့စိုက်တာက ကံကြမ္မာကရိုက်ချလိုက်တာပါအပုလေးရယ်။ အစ်ကိုစိုးရော မခင်ထွေးပါ သိပ်ပြီးရိုးသားပါတယ်။ အစ်ကိုစိုးကလာပြီး ခိုးတွေ့ရှာတယ်။ ပြီးတော့ မခင်ထွေးမသိအောင်ထားပေးဖို့ သူ့ရင်သွေးကိုကောင်းကောင်းမွေးဖို့ ပြောရှာတယ်။ အစကတော့ မြဇဝါရင်ထဲမှာ သိပ်နာတာပဲ။ မခင်ခင်ထွေးကို

ပြောပြမယ်ဆိုပြီး သူတို့ရှိတဲ့ ကမ်းခြေကိုလိုက်လာ ‌တော့ မခင်ခင်ထွေးက သိပ်သနားစရာကောင်းတာပဲဆိုတာ တွေ့လာရတယ်"

မြဇဝါမျက်လုံးအိမ်ထဲမှာ မျက်ရည်များ ဝေ့ဝဲလာလေသည်။

"အစ်ကိုစိုး အိပ်နေတုန်း ပုန်းညက်ပန်းလေးတွေကို ဘန်ဂလို့ ဘေးမှာ ဆင်းခူးနေတုန်း သူနားကိုမေမေရောက်သွားတော့ သူက သူ့ရန်သူမှန်းမသိဘဲ ပြုံးနှုတ်ဆက်ပြီး"

"ဒီပန်းလေးတွေကို ကျွန်မသိပ်ချစ်တာပဲ။ ရှင်က ငပလီ ညည့်သည်ပဲလား။ ပန်းယူဦးမလား"

"မယူပါဘူး ကျွန်မ ဒီရွာကပါ"

သူ့ကိုရန်လိုနေတဲ့မျက်လုံးနဲ့ကြည့်နေတာကို သူကမသိဘဲ ပြုံးရွှင်နေတဲ့မျက်နှာနဲ့ ...

"ဟုတ်လား ... ကျွန်မသာ ဒီရွာသူဖြစ်ရင် ဒီကညီမလေးလို ပဲ လုပနေမှာပဲနော်။ ကျွန်မကရောဂါသည်ဆိုတော့ မလှုပနိုင်ပါဘူး"

"ရှင်တို့က သူဌေးတွေပဲ။ ငွေရှိရင်အလိုလိုလှပလာတာပဲ ပေါ့။ ငွေက အရာရာကို ဖန်တီးလို့ရတာပဲ"

ရန်စွယ်ငေါငေါနဲ့ပြန်ပြောတာကို သူ့ကိုရန်လိုနေပါလား





လို့မသိတဲ့ မခင်ခင်ထွေးက ခေါင်းခါလိုက်ပြီး

"မဟုတ်ဘူး ညီမလေးရယ်။ ငွေနဲ့ဝယ်လို့မရတာ အများကြီး ရှိတယ်။ အထူးသဖြင့် ငွေပေးလို့မရတာ မေတ္တာလေ။ မေတ္တာကို ငွေနဲ့ဝယ်လို့မရဘူး။ ပြီးတော့ ညီမဝမ်းမှာလွယ်ထားတဲ့ ရင်သွေးပေါ့။ ကိုယ့်ကျန်းမာရေးအတွက် အသက်ရှင်ဖို့ကြိုးစားနေရတာ အိမ်ထောင်ကျပြန်တော့လဲ သားသမီးရတနာကို လိုချင်ပေမယ့် မရနိုင်တော့ဘူး။ အဲဒါ ကျွန်မရဲ့အကြီးမားဆုံး ဆုံးရှုံးမှုပဲ။ ကျွန်မလေ သားသမီး သိပ်လိုချင်တာပဲ ညီမရယ်"

သူဟာ သူနဲ့မယားပြိုင်တစ်ယောက် သူ့ကိုရန်တွေ့ပြီး နှလုံးရောဂါနဲ့ နှိပ်စက်ဖို့လာတဲ့မိန်းမတစ်ယောက်ကို ရင်ဖွင့်ပြီး ပြောပြရှာတယ်။ ရှပ်အကျီပွပွကြီးဝတ်ထားပြီး ကိုယ်ဝန်မရှိ ဟန်ဆောင်နေတဲ့ မြဇဝါကို ကိုယ်ဝန်ဆောင်မှန်းရိပ်မိ၍ မြဇဝါ မလုံမလဲနှင့်

"ကျွန်မကိုယ်ဝန်နဲ့မှန်း ဘယ်လိုသိလဲ"

"ညီမလာတော့ လေတိုက်သွားတာ အကျီနည်းနည်းလန်သွားတယ်လေ။ ပြီးတော့ ကျွန်မအားကျလို့ပါ။ ဒီလိုကိုယ်ဝန်နဲ့ ဝင့်ကြွားရမယ့် ဂုဏ်ယူရမယ့်အလုပ်မျိုးကို ကျွန်မမလုပ်နိုင်တော့ဘူးလေ"

"အမလေး ... ဂုဏ်မယူချင်ပါဘူး။ ဒီမှာ ဗိုက်ကိုလူမြင်မှာ စိုးလို့ အပြင်တောင်မထွက်ရဲတာ။ ရှင်မြင်ဖြစ်အောင် မြင်သေးတယ်။ ရှင်သိရင် သူများတွေလဲ သိမှာပဲ၊ ကျွန်မဘယ်ပုန်းနေရပါ့မလဲ"

"ဟင် ... ဘာဖြစ်လို့လဲ။ ဒါဟာရှက်စရာမဟုတ်ပါဘူး။ ဂုဏ်ယူစရာပါ ညီမရယ်"

"ကလေးအဖေကရှောင်နေပြီလေ။ ရှက်စရာပေါ့"

"ဘုရားရေ ... ဖြစ်မှဖြစ်ရလေ။ လူမဆန်တဲ့ယောကျ်ား ပါလား"

"အဲဒါ ရှင်လုယူတာလေ"ဟု ဖွင့်ပြောလိုက်ချင်သည်။ သို့ရာတွင် သူမမျက်နှာကိုကြည့်ကာ ဖွင့်မပြောရက်တော့

"ကလေးအဖေက ဘယ်မှာလဲ။ ကျွန်မတို့လိုက်ပြောပေးပါ့ မယ်။ ကျွန်မ ယောကျ်ားကလဲ စိတ်ထားကောင်းပါတယ်။ ကျွန်မ တို့ ဝိုင်းရှာပေးပါ့မယ်"

"အို ... စိတ်ကုန်လွန်းလို့ မရှာချင်တော့ပါဘူး။ ကျွန်မလဲ တစ်နေရာသွားပြီး ပုန်းပြီး ဒီကလေးကိုမွေးရမှာပဲ"

"အိုး ... ဘယ်မှမသွားပါနဲ့။ ကျွန်မနဲ့လိုက်ခဲ့ပါ။ ရှင်ဒုက္ခ ရောက်နေပါ့မယ်။ ကျွန်မမွေးပေးပါ့မယ်။ ကျွန်မအားလုံး တာဝန်





ယူပါ့မယ်"

သူက အဲဒီလိုပြောတော့ မြဇဝါစိတ်ထဲမှာ လျှပ်တစ်ပြက် အကြံအစည်လေးတစ်ခုဝင်းလက်သွားသည်။ မြဇဝါဟာ အစ်ကိုစိုး ကိုဆုံးရှုံးရတော့မှာပဲ။ ဒီတော့ ကလေးတစ်ယောက်နဲ့ဘဝကို မထင် များနဲ့ရုန်းကန်နေရတော့မယ်လေ။ အစ်ကိုစိုးက တိတ်တခိုးထောက်ပံ့ ပြီး သူ့ရဲ့တိတ်တိတ်ပုန်းမယားအနေနဲ့ဘယ်လိုမှမနေနိုင်တဲ့ လောက ထဲနေနေရမှာပဲ။

ဒီလိုနေနေရမယ့်အတူတူ အကိုစိုးသားကို အကိုစိုးလက်ထဲ မှာ ပြန်အပ်ခဲ့တော့မယ်။

"ဒါဆို ရှင်သားသမီးမရတော့ရင် ကျွန်မကလေးကို ရှင်ယူ လား"

"တကယ် ... ဟယ်"

ဝမ်းသာအားရနဲ့ သူမဟာ မြဇဝါရဲ့လက်ကိုဆွဲကိုင်ပြီး ပျော်ရွှင်သွားခဲ့သည်။ ထိုနောက် ဘန်ဂလိုပေါ်အတင်းခေါ် ၍ အကိုစိုး ကို နှိုးကာ မြဇဝါထံခေါ်လာသည်။

နှစ်ယောက်သား ကြောင်အမ်းအမ်းဖြစ်နေစဉ် မြဇဝါက ရင်မျက်စိမှိတ်ပြလိုက်သည်။

ထိုနေရာလေးမှာပင် သားအပေးအယူတည့်သွားကာ မြဇဝါအား ပုသိမ်မှာအိမ်ငှားပေးလိုက်ပြီး ခင်ခင်ထွေးက ကိုယ်ဝန်ရှိဟန်စ၍ဆောင်လိုက်၏။ အစ်မကြီးများက သည်းသည်းလှုပ်ကာ မွေးဖွားချိန်တွင် ရန်ကုန်မှာလာစောင့်နေရတာ ဆူနေကြ၏။

သူတို့က ကြိုတင်စီမံထားသည့်အတိုင်း ခုနစ်လရောက်သောအခါ ပုသိမ်သို့သွားကြ၏။ သို့ရာတွင် ငပလီသို့အပန်းဖြေခရီးထွက်သည်ဟု သတင်းလွှင့်ကာ ပြေးလာကြခြင်းဖြစ်သည်။

မြဇဝါ၏ ကလေးက တစ်လရနေသော်လည်း သူတို့က ပိရိစွာပင် ခုနစ်လနှင့် မွေးပြီးကြောင်း ထားဝယ်ကို သံကြိုးရိုက်လိုက်၏။ ထားဝယ်မှ အစ်မများက ရန်ကုန်ကိုပြေးလာကြသည်။

"အကိုစိုးလက်ထဲ သားကိုထည့်ပေးပြီး မြဇဝါနဲ့ အစ်ကိုစိုးက မခင်ထွေးကိုငဲ့ညှာစွာနဲ့ ကွာရှင်းလက်မှတ်ထိုးခဲ့တယ်။ အဲဒီနောက် မြဇဝါလဲ အစ်ကိုစိုးပေးတဲ့အရင်းအနှီးနဲ့ ဘဝကိုဆက်ပြီး ကြိုးစားရုန်းကန်ရတာပေါ့။ ဒါဟာ မခင်ထွေးရဲ့ကျေးဇူးတွေပဲလေ။ သူသာ သားကို တောင်းမယူခဲ့ရင် မြဇဝါနဲ့သားဟာ ငပလီကမ်းခြေဘေးမှာ ငါးဖမ်းနေရပြီပေါ့"

"ဩော် ... ကျွန်တော်က ငပလီရွာသားကိုး"





သူက တိုးဖွဖွလေးညည်းညူလိုက်၏။

"ဒါဖြင့် အဘောင်က ကျွန်တော့် အဘွားပေါ့"

"အေး ... ဒါပေမယ့် အဘောင်ဟာ သူမှာ မြဇဝါနဲ့ ပတ်သက်ပြီး ရင်သွေးရှိခဲ့ဖူးတာကို လုံးဝမသိဘူးနော်။ အပုလေးကို သွေးကစကားပြောလို့ထင်တယ်။ သူမြေးထက်ပိုချစ်တယ်။ အပုလေး အဘောင့်ကိုမပြောလိုက်ပါနဲ့ကွယ်။ အဘောင်က အသက်ကြီးပါပြီ။ အဘောင့်ကိုအရှက်ရအောင် သောကမပေးပါနဲ့တော့။ မလေးနဲ့ပတ်သက်ပြီးတော့ပဲ အပုလေးကိုပိုင်ဆိုင်ပါစေတော့နော်"

"စိတ်ချပါ လေးလေးဝါ။ ကျွန်တော် လေးလေးဝါပဲ ခေါ်ပါတော့မယ်။ ကျွန်တော့်မှာ မွေးမေရှိတယ်ဆိုတာသိထားရရင် လုံလောက်ပါပြီ။ ကျွန်တော့်ဘယ်သူ့ကိုမှ မပြောတော့ပါဘူး။ လေးလေးဝါနဲ့ ကျွန်တော်ပဲသိပါစေတော့။ ကျွန်တော့်အကြီးတွေကိုတောင် အသိမပေးပါဘူး"

"အမလေး မပေးပါနဲ့ အပုလေးရယ်။ ဒီကိစ္စဟာ မွေးပေးတဲ့ဆရာမနဲ့ ဒို့ကာယကံရှင်သုံးယောက်သာသိတဲ့ကိစ္စပါ။ မခင်ထွေးဆိုရင် သူ့အစ်မတွေသိမှာစိုးလို့ သူကိုယ်သူမီးနေသည်ပုံစံနဲ့ နန္ဒင်းတွေသောက်၊ နန္ဒင်းတွေလူးနဲ့ သိပ်ပြီးဟန်ဆောင်နေရတာ။ ဒါပေမယ့်

မခင်ထွေးမသိတာက အပုလေးဟာ ကိုစိုးအောင်ရဲ့သားအရင်း ဖြစ်တယ်ဆိုတာကို မသိသွားရှာဘူးလေ"

"ဟုတ်တယ်နော်။ မေမေက သိပ်အပြစ်ကင်းတာ။ ကျွန်တော့်ကိုလဲ သိပ်ချစ်ရှာတာ။ ဒါပေမယ့် ဖေဖေ ... မေမေဟာ သားအရင်းဖြစ်တဲ့ကျွန်တော့်ကို ဘယ်လိုတုပ်နှောင်ပေးခဲ့တာလဲ မသိဘူး။ ကျွန်တော်စိတ်ရှုပ်လွန်းလို့ လေးလေးဝါကို အမြန်ခေါ်လိုက်တာပဲ။ ကဲ လေးလေးဝါလဲ ပင်ပန်းလာပြီ။ အိမ်ပြန်ပြီး အိမ်ရောက်မှ အေးအေးဆေးဆေး နားနားနေနေ နေပြီးမှ ပြောကြတာပေါ့"

သူရင်ထဲတွင် မြဇဝါနှင့်ပတ်သက်၍ ပေါ့ပါးရွှင်လန်းသွားလေ၏။

ထို့အပြင် မိခင်ရင်းရှိသေး၍ ပျော်ရွှင်ကျေနပ်မှုများ ဖြစ်သွားလေသည်။

ဖခင်နှင့်ပတ်သက်သော လုပ်ဆောင်မှုများကို သိပ်အလေးမထားချင်တော့ပေ။ လောကတွင် ချစ်ရမည့်ချစ်သူမလေးလည်း ရှိပြီ။ မိခင်ရင်းလည်းရှိနေပြီဖြစ်၍ စည်းစိမ်ဥစ္စာပစ္စည်းများဟူသည်မှာ အသေးအဖွဲဖြစ်သွားလေ၏။

အကယ်၍ ဖခင်လွှဲခဲ့သော အမျိုးသမီးက လိုအပ်လျှင်





အကုန်လုံးပင်ပေးလိုက်ဦးမည်ဟု ဆုံးဖြတ်ထားလိုက်တော့သည်။

"အိမ်ရောက်ရင် မလေးဆီကို ဖုန်းဆက်လိုက်ဦး။ မလေးက လေယာဉ်ထွက်ချိန်နဲ့အိမ်ရောက်ချိန်ကိုတွက်ပြီး သုံးနာရီတိတိမှာ ...ထဲမှာ စောင့်နေလိမ့်မယ်"

"လွမ်းလိုက်တာ အချစ်ရယ်"

"အို ... မောင်က ပါးစပ်နဲ့ပဲပြော။ ဒီမှာကမ်းခြေထွက်ကြည့် ...ပဲ မောင့်ကိုသတိရ၊ ကျောင်းသွားလည်း သတိရ၊ အိမ်နေလဲ သတိရနဲ့ ...ကောင်းအနေခက်တယ် မောင်ရယ်"

"အား ... ချွဲလိုက်တာ။ မလေး ကျောင်းသွားရတာ အဆင် ...ပြရဲ့လား။ နောက်ဆိုရင် မလေးကိုကားမောင်းသင်ပေးမယ်။ ...ကျောင်းသွားကျောင်းပြန် မောင်မရှိရင် ကိုယ့်ဘာသာ ကိုယ်မောင်း ...အောင်"

"မလုပ်ပါနဲ့ မလေးကြောက်ပါတယ်။ အခု မောင့်ကား ...ိုသန်းဦးကပဲလာပြီး စက်နှိုးပေးထားပါတယ်။ ကျောင်းသွား ...ကျောင်းပြန်က အရင်ကလိုပဲ စက်ဘီးနဲ့သွားရတာပေါ့"

"မလေး တစ်ယောက်တည်းမသွားနဲ့နော်။ နန်ကျွန်းက ချောင်ကျပါဘိသနဲ့"

"စိတ်ချပါ မလေးနဲ့အဖော်ကျောင်းသားနှစ်ယောက်၊ ကျောင်းသူတစ်ယောက်ပါ ပါတယ်။ သူတို့မပါရင် မလေးဘာသာ လိုင်းကားနဲ့သွားတာပေါ့"

"အဘောင်ရော"

သူ၏သွေးသားရင်းချာဖြစ်လျက်နှင့် ပွင့်လင်းစွာမမေးရဲဘဲ၊ မဝန့်မရဲမေးကာ မလုံမလဲနှင့် မြဇဝါကို လှမ်းကြည့်လိုက်၏။ မြဇဝါက တီဗွီကိုစိတ်ဝင်စားစွာ ကြည့်နေသည်။

"ပြောမနေနဲ့တော့ မောင်မောင်ရေ။ မလေးတို့ လေးလေးဝါတို့က ရန်ကုန်ကို ခဏလာရင်လွမ်းလို့ဆို မငို။ မောင့်ကိုကျတော့ လွမ်းလို့ဆိုပြီး မနေ့ကတောင်ငိုသေးတယ်။ အဘောင်က မောင့်ကို သိပ်ချစ်တာပဲ"

"မလေးရော ငိုသေးလား"

"ငိုတာပေါ့။ မောင်သွားတာလေးငါးရက်လောက်ရှိပြီပဲ။ ပြန်လာမယ်ဆိုပြီး ခုထိမလာသေးဘူး။ မောင်မရှိတော့ မလေးလေ မောင့်ကိုသိပ်ချစ်မှန်းသိတော့တယ်"





ငိုသံပါနှင့် ပြောလိုက်သောချစ်ပန်းဖြူစကားကြောင့် သူ့ရင်ထဲမှာ ဆို့နစ်သွား၏။ အကယ်၍ ဖခင်က သူ့အားတစ်ခြားတစ်ယောက်နှင့်လက်ထပ်ရန်စီစဉ်ထားခဲ့ကြောင်း ချစ်ပန်းဖြူသိလျှင် ဘယ်သို့ရှိမည်နည်း။

"မောင် .... လေးလေးဝါရော"

"မေမေဝါလား ရှိတယ်။ တီဗွီကြည့်နေတာ ဇိမ်လုပ်နေတယ်"

"မေမေဝါ"

သူက တမင်ပြောလိုက်၍ တစ်ဖက်မှဖုန်းနားထောင်နေသော မလေးက အံ့အားသင့်ဟန်ဖြင့် သံယောင်ရေရွတ်လိုက်သလို မြဇဝါကလည်း အလန့်တကြားလှမ်းကြည့်လိုက်၏။

"မေမေဝါပေါ့၊ မောင့်မေမေနဲ့အသက်တူတူပဲလေ၊ မွေးနေ့က အစတူတူပဲမို့ မေမေဝါလို့ခေါ်တာပေါ့"

"မောင့်မေမေမွေးနေ့က ဘယ်နေ့လဲ"

ရုတ်တရက်ကောက်ကာငင်ကာမေးလိုက်သဖြင့် သူကလည်း အလွယ်တကူ ဖြေလိုက်သည်။

"တန်ခူးလဆန်း တစ်ရက်"

"ဟင် ... လေးလေးဝါက ကဆုန်လပြည့်ကျော် ငါးရက်ပဲ တခြားစီ"

"အဲဒါမဟုတ်ဘူး၊ ခုနစ်နဲ့နေ့ကိုပြောတာလေ။ လေးလေးဝါက"

မြဇဝါက ပြက္ခဒိန်နားထကာ အင်္ဂါနေ့ကို ထောက်ပြသဖြင့်

"အင်္ဂါ ... အင်္ဂါမဟုတ်လား။ မေမေကလဲ အင်္ဂါပဲ"

"မောင့်အမေက နေ့သင့်နံသင့်လဲမဟုတ်ဘူး။ ကဲပါ မောင်ပြန်လာရင် ကြိုတင်ဖုန်းဆက်နော်။ မလေးကလိုက်ပို့ရမှာ ကြောက်ပေမယ့် ကြိုတော့ကြိုချင်တယ်သိလား။ မလေး စနေ၊ တနင်္ဂနွေမှာ ဘယ်မှမသွားဘူး။ လေးလေးဝါအိမ်မှာပဲ ဖုန်းစောင့်နေမယ်နော်"

"အင်း ... မလေးရော အဘောင်ရော မငိုနဲ့နော်။ မောင်ပြန်လာမှာပါ၊ မလေးကို မောင်သိပ်ချစ်တာပဲ"

"ဟော့ကောင် လွမ်းမနေနဲ့။ လာအခုလိုက်ခဲ့။ ရှုံးပိတ်ခါနီးပြီကွ။ မင်းပါ့စ်ပို့ကိစ္စက မင်းလက်မှတ်ထိုး၊ ပုံစံဖြည့်ရမှာ။ ပုံစံကငါဖြည့်ပြီးပြီပဲ။ လက်မှတ်ထိုးလိုက် ရုံးချိန်အမီတင်မှ ငါနဲ့အတူတူပါမှာကွ"

"ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုမှမဖြစ်ဘူး။ ဒို့နှစ်ယောက်အတူတူသွားရအောင်။ ဟိုမှာအောဘီနှစ်ယောက်လိုနေတာအတော်ပဲ။ ကဲ ... လာ။ လေးလေးဝါရောက်နေတာကိုး။ ကျွန်တော်တော်ကြာပြန်လာမယ်





နော်။ မာ့ကိုပါပြောပြလိုက်ရဦးမယ်"

ခင်မောင်သန်းဆွဲခေါ်သွားရာနောက်သို့ လိုက်ပါလာသည်။ တစ်နေ့ညက ဖုန်းဆက်ပြီး ခင်မောင်သန်းနှင့် ထပ်မတွေ့မီတွင် ခင်မောင်သန်းကလျင်မြန်စွာ လှုပ်ရှားလိုက်၏။

"မင်းအရင်ဆေးစစ်ထားတာရှိတယ်မဟုတ်လား"

"အေး ... ရှိတယ်လေ။ သုံးလအတွင်း အကျုံးဝင်တယ်မဟုတ်လား။ အခုမှ နှစ်လကျော်ပဲရှိသေးတာ"

"မင်း တကယ်ထွက်မှာလား"

"အင်း ... ထွက်မှာပါ။ ဖေဖေ့အကြွေးတွေဆပ်မလားလို့ပါ"

"ချစ်ပန်းဖြူရော"

"ပြန်လာမှလက်ထပ်မယ်။ သူ့ကိုတောင် မပြောရသေးဘူး။ ဒီရောက်မှ ဆုံးဖြတ်လိုက်တာ"

"မင်း ဟိုကအလုပ်တွေရော"

"လေးလေးဝါ လုပ်နိုင်တယ်"

"ဒါဖြင့်လဲ လိုက်ကွာ။ တစ်နှစ်ဆိုတာ ဘာမှမကြာလိုက်ပါဘူးကွာ"

သူ့ရင်ထဲမှာ တက်ကြွမှုမရှိပေ။ ဖခင်၏အမွေများအား လက်လွှတ်ရလျှင် ကျန်သဘော်များကိုပါ လက်လွှတ်ရမည်မို့ သူ

သဘော်ထွက်နေလျှင် အကောင်းဆုံးဖြစ်မည်။ သူ့ပြဿနာများကို မြဇဝါကသာ ရှင်းပေးရန်တာဝန်လွှဲခဲ့မည်ဟု ဆုံးဖြတ်လိုက်သည်။

အကာယ်၍ ဖခင်ထံကျန်ရှိသောအကြွေးများအား ကျေအောင်ဆပ်လိုလျှင် သူ၏ကားနှစ်စီးကိုရောင်း၍ ဆပ်ရန်နှင့် မိခင်၏ ဤအိမ်ကြီးကိုပါ ရောင်းပစ်ရန် ဆုံးဖြတ်ထားလိုက်သည်။

"မလေးကို လက်ထပ်ဖို့ တစ်ကနေပြန်စရမှာပါပဲလား။ ကောင်းပါတယ်လေ။ ကိုယ့်ဘဝကို ကိုယ့်ဘာသာကိုယ် တည်ဆောက်တာပဲကောင်းတယ်"

"ဒီကိစ္စကို လေးလေးဘာမှ မသိဘူး အပုရှည်။ အစ်ကိုစိုးက လေးလေးကို သူ့အလုပ်မှာ စာရင်းကိုင်ပေးဖို့ခိုင်းထားလို့ လုပ်တာ"

"ဒါဖြင့် ဖေဖေ့ကို ငွေချေးတဲ့သူကို လေးလေးသိမှာပေါ့"

"သိတယ်လေ။ သူ့မိဘဆွေမျိုးတွေ ချမ်းသာကြတယ်ဆိုတာ အစကတည်းက သိတာပဲ။ သူ့ဘာသာသူ အစ်ကိုစိုးနဲ့ဘယ်လိုဆက်ပြီး ငွေချေးခဲ့သလဲဆိုတာကို လေးလေးဝါကို လုံးဝမပြောပြထားဘူး"

"မဟုတ်သေးဘူး။ လေးလေးဝါနဲ့ ကျွန်တော့်ပြဿနာက ဖုံးကွယ်ထားလို့ရတယ်။ ဒီပြဿနာက ဘယ်လိုဖုံးကွယ်ထားရမှာလဲ ဟာ"





ရင်ထဲမှာ အပူငွေ့များက ကျိတ်ကျိတ်ဆူပွက်နေ၏။ မိမိအားမွေးစားသားဟူသော ပြဿနာထက် ဤပြဿနာက ပို၍ ကြီးမားလေသည်။

ချစ်ပန်းဖြူနှင့် ဦးစိုးအောင်တို့ တရားရုံးတွင် နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်းဟူသော စာချုပ်ပင်ဖြစ်ပေသည်။

ထိုစာချုပ်ကို ဖခင်၏ မီးခံသေတ္တာကိုမွှေနှောက်ရှာဖွေစဉ်က တွေ့လိုက်သော စာချုပ်ပင်ဖြစ်၏။

မြဇဝါကိုယ်တိုင် မသိလိုက်သော ကိစ္စပင်ဖြစ်သည်။

"ဘုရားမှတစ်ပါး မသိတော့ပါလား။ အစ်ကိုစိုးဘာတွေလျှောက်လုပ်နေတာလဲ။ မလေးကရော ဘယ်လိုဖြစ်တာလဲ။သူကအပုလေးရဲ့ မိထွေးလေ။ အိုမဖြစ်နိုင်။ ဒါဟာ လုံးဝမဖြစ်နိုင်"

"ဖြစ်နိုင်လို့ ဒီမှာစာချုပ်ချုပ်ထားတာပဲလေးလေးဝါရယ်၊ သား ဘာလုပ်ရမှာလဲ။ ဘာလုပ်သင့်လဲ"

မြဇဝါဘာပြောရမှန်းမသိအောင် ချာချာလည်သွားသည်။ သူကိုယ်တိုင်ကလည်း ဘယ်လိုစဉ်းစားဆုံးဖြတ်ရမည် မသိဖြစ်နေ၏။

"နေစမ်းသားရယ်၊ မင်းဟာလေ မင်းအဖေလိုပဲ သွေးအေးအေးနဲ့ ဘာမှမစဉ်းစားဘူး။ သွေးဆူပြီး ရူးရူးရဲရဲဆုံးဖြတ်လိုက်တာပဲ။ အခု နိုင်ငံခြားသွားဖို့ စီစဉ်ပြီးပြီ မဟုတ်လား၊ မင်းစဉ်းစားကြည့်လေ။

မင်းအဖေက သူလက်ထပ်ပြီးသား မိန်းမကို သားနဲ့လက်ထပ်ခိုင်းတာလောက်တော့ အောက်တန်းမကျပါဘူးကွာ”

“ဖေဖေ အမွေခွဲပေးခိုင်းတာ ချစ်ပန်းဖြူမှန်း လေးလေးဝါကြိုသိနေလို့လား”

“ဒီလိုပဲ စဉ်းစားကြည့်တာပေါ့။ မလေးအကြွေးတွေဆပ်ရအောင် မင်းကိုတမင်တုပ်နှောင်လိုက်တာ ဖြစ်မှာပေါ့”

“ဒါတွေ အစကတည်းက ပြောထားသင့်တယ်”

“မင်းအနေနဲ့က အေးအေးဆေးဆေး တွေ့သေးလို့လား။ ပြီးတော့ မင်းကရော မင်းအဖေအလုပ်ကို စိတ်ဝင်စားလို့လား။ မင်းအဖေရုတ်တရက် သေဆုံးသွားတာပဲ။ ဘယ်လိုမှဖြေရှင်းမရသေးတာကို မလေးနဲ့တွေ့ပြီး မှ ရှင်းရမှာပေါ့”

“ကျွန်တော် မလေးကိုမတွေ့ချင်ဘူး”

“ကျွတ်”

မြဇဝါဘာမျှမပြောတော့ပေ။ ယခုမှသားကိုပင် ထိပ်ခေါက်ပေါင်တွင်းကျောဆွဲလိမ်နှင့် “အသာနေစမ်း”ဟု ပြောရမည့်အရွယ်လည်း မဟုတ်တော့ပေ။

“လေးလေးဝါကို မလေး မပြောပြဘူးလား”

“မလေးနဲ့ ငါက မတည့်”

“ဒါဖြင့် ဖေဖေကရော မေမေဆုံးပြီးတော့ ဖေဖေက





လေးလေးဝါဆီ မလာဘူးလား”

လေးလေးမြဇဝါက မျက်နှာလေးရဲသွား၏။ သားနှင့်အမေဖြစ်သော်လည်း ကွဲကွာနေကြပြီး သူစိမ်းအနေနှင့်ပြန်တွေ့ရသဖြင့် ရှက်အမ်းအမ်းဖြစ်သွား၏။

“လာတာပေါ့။ သိပ်ချစ်လို့လက်ထပ်ထားတာပဲ။ အကြောင်းအမျိုးမျိုးကြောင့် ဝေးကွာနေပြီး အခုလွတ်လွတ်လပ်လပ်အချိန်မှာ ပြန်တွေ့ကြတာ သားကိုဖွင့်ပြောပြီး ပြန်ပေါင်းမလို့တောင်ရည်ရွယ်ကြသေးတာ။ ဒီ့တွေက ရေစက်ကိုမပါပါဘူးကွာ၊ ဒါပေမယ့်သားဖေဖေက ကတိတစ်လုံးကို သိပ်ပြီးထိန်းတာပဲ။ သားပြန်လာရင်သားနဲ့မလေးကိုလက်ထပ်ပေးမယ်လို့ပြောပြီး မလေးကို ချွေးမလို့တောင်ခေါ်သေးတယ်။ တစ်ခုခုတော့ တစ်ခုခုပါပဲ အပုရှည်ရယ်။ဘာမှ ဆုံးဖြတ်ချက်မစောပါနဲ့။ မလေးအလာကို စောင့်နေပါဦးလားကွယ်”

“သူမှုမှန်နေရင် ကျွန်တော့်ကို ကြိုတင်ဖွင့်ပြောရမှာပေါ့”

“အချိန်မတန်သေးရင် ဘယ်လိုပြောပြရမှာလဲ”

အောင်နေဦးမျက်မှောင်ကြုတ်သွားသည်။ ချစ်ပန်းဖြူအားမလည်နိုင်အောင်ဖြစ်နေမိသည်။

ဘယ်လိုမှ မထင်ရက်နိုင်စရာအပြုအမူကို ပြုမူခဲ့သောကြောင့်

ခွင့်လွှတ်ရခက်၊ အပြစ်ယူရခက်ဖြစ်နေသည်။

"ကျွန်တော်တော့ ဘယ်လိုမှ မစဉ်းစားတတ်တော့ဘူး လေးလေးဝါ။ လေးလေးဝါရဲ့ တူမကို လေးလေးဘာသာ မေးတော့၊ ငပလီသူက ပလီပလာတွေသိပ်မပြောစေနဲ့ပေါ့ဗျာ"

"မင်းနဲ့ငါကမှ ငပလီသူ ဇာတိစစ်တာ။ မလေးက သံတွဲသူလေ"

"မသိပါဘူး လေးလေးဝါရယ်။ ကျွန်တော့်ရင်တွေတော့ ကွဲအက်သွားပါပြီ။ မလေး လုပ်ရက်တယ်ဗျာ"

အောင်နေဦးက ကြေကွဲစွာညည်းညူရင်းက မြဇဝါရှေ့မှ လှည့်ထွက်လာသည်ကို မြဇဝါမတားမြစ်မိတော့ပေ။

သူကိုယ်တိုင်ကလည်း တူမနှင့်ခင်ပွန်းဟောင်း၏ လုပ်ဆောင်ချက်ကို နားမလည်သလိုဖြစ်နေ၏။ ချစ်ပန်းဖြူနှင့် ဦးစိုးအောင်တို့ ဘာကြောင့် လက်ထပ်ခဲ့သလဲ။ သူတို့နှစ်ယောက်၏ ဆက်ဆံရေးမှာ ဖြူစင်နေသည်ကို မိမိအမြင်ပင်ဖြစ်၏။

"ဒါတွေအားလုံးဟာ မလေးလာရင် ရှင်းသွားမှာပဲ။ ငါကိုယ်တိုင်က သံသယဝင်နေဖို့ မကောင်းဘူး"

မြဇဝါခေါင်းထဲဝင်လာသော အတွေးဆိုးများကို ပယ်ထုတ်လိုက်၏။





ထိုစဉ် ဖုန်းသံမြည်လာသဖြင့် ကောက်ကိုင်လိုက်ရာ

"ကျွန်တော် ရွှေနေ ဦးဝင်းမောင်ပါ။ မောင်အောင်နေဦးနဲ့ တွေ့ချင်ပါတယ်"

"အခုပဲ အပြင်ထွက်သွားပါတယ်ရှင်။ ဘာကိစ္စပါလဲ"

ရှေ့နေဦးဝင်းမောင်သည် ဦးစိုးအောင်တို့မိသားစုအတွက် သော့ချက်ဖြစ်၍ ကပျာကယာလှမ်းမေးလိုက်ခြင်းဖြစ်၏။

"ဒါဖြင့် သူပြန်ရောက်လာရင် ကျွန်တော့်ကို ဆက်သွယ်ဖို့ ပြောပေးပါနော်"

"ဟုတ် ... ဟုတ်ကဲ့၊ ပြောပေးပါမယ်"

ရှေ့နေဦးဝင်းမောင်ထံသို့ မေးလိုက်ရကောင်းနိုးနိုး စဉ်းစားနေဆဲမှာပင် ဖုန်းလိုင်းပြတ်သွားလေသည်။

"တစ်ခုခုတော့ ထူးခြားလို့ပဲ"

အောင်နေဦးထံ ဖုန်းဆက်ချင်သော်လည်း ဘယ်ရောက်နေမှန်း မသိ၍ လက်လျှော့ကာတစ်ယောက်တည်း တီဗွီဖွင့်ကြည့်ကာ နေနေစဉ်

"ဩော် သိပ်ပြီးဇိမ်ကျနေပါလား"

ရုတ်တရက်မိုးကြိုးပစ်ချလိုက်သလို ကျယ်လောင်စွာ မြည်ဟီးသွားသဖြင့် မြဇဝါလန့်သွား၏။

မျက်မှန်ဝင်းဝင်းလက်လျက် ဒေါသမျက်လုံးကြီးနှင့် ခါးထောက်ကာ တစ်လှမ်းချင်းဝင်လာသော အမျိုးသမီးကြီးကြောင့် မြဇဝါထရပ်ကာ ရင်ဆိုင်နိုင်ရန်အတွက် အသင့်အနေထား ပြင်လိုက်၏။

အလွန်ဇီဇာကြောင်တတ်သော၊ ရန်လိုတတ်သော အောင်နေဦး၏ ကြီးဒေါ်နှစ်ယောက်ရှိကြောင်းကို ကြိုတင်၍ သိပြီးသားဖြစ်သည်။

"ဒါ ဘာလုပ်နေတာလဲ"

"ဗွီဒီယိုကြည့်နေတာပါ"

"ညည်းဘယ်သူလဲလို့မေးတာ။ ဗွီဒီယိုကြည့်တာလောက်တော့ ငါသိတာပေါ့။ မြင်နေတာပဲ"

"ကျွန်မက ဦးစိုးအောင်လက်ထက်ထဲက မန်နေဂျာလုပ်နေတာ။ အခု အပု အဲလေ အောင်နေဦးရဲ့အလုပ်မှာလဲ မန်နေဂျာဝင်လုပ်နေတာပဲ"

"အဲဒါရုံးမှာပဲနေလေ။ သံတွဲမှာပဲနေခဲ့ပေါ့။ ဘာလို့လိုက်လာတာလဲ"

"ကိစ္စရှိလို့ပေါ့ အန်တီရယ်။ သူက လမ်းစရိတ်အကုန်ခံပြီး ခေါ်လို့လာတာပဲ။ ကျွန်မကိုလိုအပ်လို့ပေါ့"





"မင်းက ဟိုတယ်မှာတည်းလို့ မရဘူးလား"

"ကျွန်မတို့လုပ်ငန်းက အဲဒီလောက်ငွေမပေါနိုင်သေးဘူးလေ"

"ကိစ္စမရှိဘူး။ ငါတို့ပေးမယ်။ ညည်းတည်းခိုခန်းမှာပဲ နေပါ"

"ဟုတ်ကဲ့ ။ ဆန္ဒရှိရင်နေမှာပါ။ ဒါပေမယ့် အန်တီ သိဖို့က ကျွန်မအရင်ဦးဆုံး ကျွန်မအလုပ်ရှင်စကားကို မပယ်ရှားရဲလို့ သူလာမှ ပြောင်းပါ့မယ်"

"ငါတို့တာဝန်ယူပါတယ်။ ပြောင်းမှာသာပြောင်းပါ"

မြဇဝါအား အတင်းနှင်နေသဖြင့် မြဇဝါမခံချင်စွာ အောက်နှုတ်ခမ်းကိုကိုက်ကာ ခေါင်းကိုခါယမ်းလိုက်သည်။

"ဝမ်းနည်းပါတယ် အန်တီ။ သူစကားကလွဲလို့ ကျွန်မ ဘယ်သူ့စကားမှနားမထောင်နိုင်ပါဘူး။ ကျွန်မက သူ့ကိုမစောင့်ရလားဆိုပြီး ကျွန်မကို အပြစ်တင်မှာစိုးပါတယ်"

"ငါပြောတယ်လို့ ပြောလိုက်ပေါ့"

"ကျွန်မအလုပ်ရှင်က အောင်နေဦးပါ။ ကျွန်မသားအရွယ်မို့ ပြဿနာမရှိပါဘူး။ ကျွန်မရဲ့အလုပ်ရှင်စကားကိုပဲ နားထောင်မှာပါ"

မြဇဝါ၏ ပြတ်သားလှသောစကားကြောင့် ကြီးမ၏ မျက်လုံးအစုံမှာ ပြူးထွက်သွားပြီး

"အို ... မင်းက သိပ်သတ္တိရှိနေသလား။ မင်းဟာ မလေးဆိုတဲ့ မိန်းကလေးလား"

"ကျွန်မတို့ သံတွဲဘက်က မိန်းကလေးငယ်တွေကို မလေးတို့၊ မငယ်တို့၊ လုံမတို့ ခေါ်ကြပါတယ်။ မလေးဆိုတာ မိန်းကလေးတိုင်းကို ခေါ်ပါတယ်"

"အေးပါ။ အဲဒီမိန်းမငယ်ငယ် မလေးဆိုတဲ့မိန်းမကြောင့် ငါ့ညီမဆုံးရတာ။ ငါ့ရင်ထဲနာလွန်းလို့။ တွေ့ရင် အစိမ်းလိုက်ဝါးစားမလို့"

မြဇဝါ ပခုံးကို ဟန်ပါပါနှင့်တွန့်လိုက်ပြီး

"ဒါဆို ကျွန်မနဲ့မပတ်သက်ဘူးထင်တယ်။ အန်တီက အဲဒီမလေးကိုရှာချင်ရင် ပေလီသွားပါလား။ ပေလီမှာ မလေးဆိုတာ သဲပွင့်လေးတွေလို အများကြီးပဲ"

မြဇဝါက သူစကားနှင့်သူ ပြောပြောဆိုဆိုနှင့် သဘောကျစွာ ရယ်မောမိလိုက်သည်။ ကြီးမကြီးက ဘာလုပ်ရမှန်းမသိဘဲ အူကြောင်ကြောင်ဖြစ်လျက်။





"ချစ်ပန်းဖြူက ဦးစိုးအောင်ရဲ့အမွေတွေကို မယူပါဘူးတဲ့။ မောင်ရင်လိုအပ်သလိုပဲ သုံးပါ။ သူစာချုပ်စာတမ်းနဲ့ ပြန်လွှဲပါ့မယ်တဲ့"

"ဟင်း ... သူသနားမှုရရမယ့်ပုံပါလား။ သူ့အကြွေးဘယ်လောက်ရှိလဲ လေးလေးဝါ။ စာရင်းလုပ်ပေးပါ"

မြဇဝါက ဘာမှမပြော။ မျက်နှာမကောင်းဖြစ်နေ၏။ သူနှင့် ချစ်ပန်းဖြူမှာ အချစ်ဆုံးချစ်သူမှ ရန်သူလိုဖြစ်နေသည်ကို လေးလေးဝါ စိတ်မကောင်းဖြစ်နေခြင်းဖြစ်၏။

"လေးလေးဝါဆီမှာ အကြွေးစာရင်းမရှိဘူး။ မင်းအဖေနဲ့ ချစ်ပန်းဖြူဆီမှာပဲ ရှိလိမ့်မယ်။ မလေးအလာကို စောင့်ပါဦး"

"မစောင့်နိုင်ဘူး။ ကျွန်တော် သင်္ဘောထွက်တော့မှာ"

"ဘုရားရေ ... ဘယ်တော့လဲ"

"ဒီအပတ်ထဲမှာပဲ ဖြစ်လိမ့်မယ်"

"မနေ့က မလေးဖုန်းဆက်တော့ ဘာလို့မပြောလဲ။ မင်းက ချစ်လွယ်၊ မုန်းလွယ်၊ သိပ်အပြောင်းအလွဲမြန်တာပဲ"

အောင်နေဦးက မြဇဝါပြောသမျှကို ဘာမျှပြန်မပြောဘဲ ငြိမ်၍သာနေလိုက်၏။

ရှေ့နေဦးဝင်းမောင်က ချစ်ပန်းဖြူထံမှ အကြောင်းပြန်ချက်ကို ရသဖြင့် လက်မှတ်ထိုးရန်အတွက် ငပလီကိုလိုက်သွားရန် ပြင်နေသည်။

"အကျိုးအကြောင်းတော့မေးမှပေါ့ကွယ်။ လေးလေးဝါနဲ့ မလေးနဲ့က အစေးမကပ်ပေမယ့် မလေးဟာ သူများကို မလှည့်စားတတ်ဘူး။ ပြီးတော့ မောင့်ဖေဖေနဲ့က သားအဖတွေလို ဆက်ဆံတာပဲ။ လေးလေးဝါသိတယ်။ တကယ်လို့ ဒီစာချုပ်အရသာ လက်ထပ်ထားတဲ့အကြင်လင်မယားဆိုရင် လေးလေးဝါနဲ့မလေးက လုဖက်ဖြစ်ပြီး ပိုပြီး ရန်လိုနေကြတော့မှာပေါ့"

မြဇဝါက သူ့အား ဖြည်းဖြည်းခြင်း ချော့မော့နေသည်ကို သူက သက်ပြင်းရှည်ကြီးချရင်းက

"မလေးကို ကျွန်တော်ချစ်ဆဲမို့ ရင်ထဲမှာအခံရခက်တာပေါ့ လေးလေးရယ်။ လက်ထပ်ထားတဲ့စာချုပ်ဟာ ဘယ်လိုနည်းနဲ့ပဲ ဖြစ်ဖြစ် တရားဝင်တယ်လေ။ တော်သေးတာပေါ့၊ ကျွန်တော့်အဖေကလဲဖြစ်၊ သေဆုံးသွားလို့လဲဖြစ်မို့ ပြဿနာကငြိမ်နေတာပေါ့။ ဒါပေမယ့် ဒီစာချုပ်က တရားဝင်တယ်လေ။ အဲဒီစာချုပ်က ကျွန်တော့်ကိုခြောက်လှန့်နေတယ် လေးလေးဝါ။ ကျွန်တော်မလေးကို မတွေ့ရဲဘူး။ မကြည့်ရဲဘူး"





"ရှောင်နေလို့ ပြဿနာပြီးသွားရောလား"

သူဘယ်လိုမှ ဆုံးဖြတ်၍မရပေ။ သူ့ပြဿနာက ဘယ်သူ့ကိုမှ မတိုင်ပင်ရဲသော ပြဿနာမို့ ခင်မောင်သန်းနှင့်အတူ သင်္ဘောလိုက်ပြီး ချစ်ပန်းဖြူအား ရှောင်ပုန်းရန်သာ ဆုံးဖြတ်ချက်ချလိုက်သည်။

"အပုလေး အဖေရဲ့အကြွေးစာရင်းက သိပ်မရှိတော့ပါဘူး။ သင်္ဘောတစ်စင်းစာ ကျေပါပြီ။ နှစ်စီးပဲကျန်တော့တယ်တဲ့။ အဲဒါကို ရှယ်ယာသဘောထားကြတာပဲ။ မောင်တို့က လုပ်အားစိုက်ပြီး လုပ်ပေးရမှာပါ။ ဒါက မောင့်ဖေဖေကပြောပြတဲ့အကြံဉာဏ်ပဲ လေ"

ဖခင်၏ စာရင်းစာရွက်များကို မကိုင်ရဲပေ။ ရင်ထဲမှာ တင်းကျပ်လျက် စကြာဝဠာအပြင်ဘက်သို့ လွင့်စဉ်ပေါက်ကွဲသွားအောင်ပင် အော်ဟစ်လိုက်ချင်သည်။

ထို့အပြင် ကြီးမနှင့်ကြီးငယ်ကလည်း တစ်စခန်းထလျက် မြဇဝါနှင့်သူ့အား စိတ်မချဟုဆိုကာ နှစ်ယောက်စလုံး အိမ်မှာ လာနေကြသည်။

မြဇဝါနှင့်သူ့အလုပ်လုပ်လျှင် ဟိုနားချောင်းနားထောင်လိုက်၊ ဒီနားမှာ တမင်အလုပ်လုပ်သလိုနှင့် ရပ်လိုက်နှင့် အလုပ်ရှုပ်တတ်၏။

မြဇဝါက နားလည်စွာဖြင့် ကြီးမကို ထပ်ပေါင်းလိုက်သည်။ ကြီးမချက်ပြုတ်လျှင် ဝိုင်း၍ချက်ပြုတ်ပေးတတ်၏။ ကြီးမနှင့် ကြီးငယ် ခေါ်သလို သူ့အား “သား” ဟု မကြာခဏခေါ်ပေးသည်။ ထိုအခါ သဘောကျလျက် မြဇဝါအား ယခင်ကကဲ့သို့ သံသယ မမြင်တော့ဘဲ သူတို့၏ညီမငယ်နေရာမှာ တစ်စစအစားထိုးလာသည်။ မြဇဝါကို လက်ခံလာရန် သိပ်မစည်းရုံးရပေ။ ရခိုင်သဇင်ဥများ နှင့် စိုက်ပျိုးရေးဝါသနာပါသော ကြီးငယ်ကို စည်းရုံးသလို၊ အစား အသောက်ဝါသနာပါသော ကြီးမကြီးကို အချက်အပြုတ်ဖြင့် စည်းရုံးလိုက်သည်။

“သား နိုင်ငံခြားသွားရင် ဒီအလုပ်တွေကို ဖျက်လိုက်ပါတော့”

“မဖျက်ပါနဲ့ ကြီးငယ်ရယ်။ မြဇဝါဆက်လုပ်ပေးပါ့မယ်။ အမြတ်အများကြီးရတဲ့အလုပ်ကို လက်လွှတ်လို့မဖြစ်ဘူး။ အခု အပုဆီက ဘာမှထပ်ပြီးမထည့်နိုင်ရင် လေးလေးဝါတော့ ငွေရှိ မလေးဆီပဲ ထည့်ခိုင်းလိုက်မှာပဲနော်။ ပြီးတော့ ဘာညာမပြောနဲ့”

“လေးလေးဝါ သဘောပါ။ ကျွန်တော့်အဖေရဲ့အကြွေးတွေ ကျေရင် ပြီးရော။ မကျေရင် ကျွန်တော်ပို့ပေးပါ့မယ်”

“သားအရွယ်ရောက်ပြီ။ လက်ထပ်ဖို့ မစဉ်းစားတော့ဘူးလား”

“တော်ပါပြီ .... တော်ပါပြီ”





သူက လက်မြှောက်၍ မိန်းမကြီးသုံးဦးနှင့် ဝေးရာသို့ ထွက်ပြေးသွားပြီး ဆောက်တည်ရာမဲ့ ငေးငိုင်နေမိသည်။

“မောင်မောင်ရယ်။ မလေးကိုမုန်းပြီး မမေ့သွားပါနဲ့နော်။ မလေးလေ ရေသူမလို မောင့်ကိုမလွှမ်းချင်တော့ဘူး။ မလေးကို ပစ်မသွားပါနဲ့ မောင်ရယ်”

“မောင့်ကိုချစ်တာ ရယူပိုင်ဆိုင်လိုစိတ်၊ အတူတူနေထိုင်လိုစိတ်နဲ့ ချစ်တာမဟုတ်ပါဘူး မောင်မောင်။ မလေးရင်ထဲမှာ မောင်အမြဲရှိနေတယ်။ ချစ်လျက်နဲ့ခွဲခွာသွားတာကို မလေးရင်ထဲ သိမ်းထားပါရစေ။ မောင်က မုန်းပြီးကျောခိုင်းသွားမှာကိုလဲ မလေးမခံစားပါရစေနဲ့ မောင်ရယ်”

“ဟာ သွားစမ်း ... သွားစမ်း ၊ ပလီပလာမ”

ချစ်ပန်းဖြူ၏စကားသံများကို ပြန်လည်ကြားယောင်ကာ ခြောက်လှန့်လျက်ရှိသည်။ ချစ်ပန်းဖြူကို ဘယ်လိုမှ မေ့ဖျောက်၍ မရပေ။

လှေပျောက်၍ ပင်္ဂါမြေလူးငိုခဲ့သော ချစ်ပန်းဖြူ၏ရုပ်သွင်နှင့် မောင်တော်ကျောက်ပေါ် သဲများပစ်တင်ကာ မတင်ဘဲပြန်ပြန်ကျလာသည်ကို မျက်နှာပျက်နေရှာသော ချစ်ပန်းဖြူကို သူဘယ်လိုမှ မေ့ပျောက်၍ မရပေ။

“စိုးမိုးလှချည်လား မလေးရယ်။ တကယ်လို့ မင်းနဲ့ ဖေဖေသာ မရှုပ်ထွေးထားရင် ခုဆို ငပလီကိုပြန်လာလို့ မင်းကြိုနေရပြီ”

ဖေဖေ့ကို မကျေနပ်သလိုလို၊ ချစ်ပန်းဖြူကို မကျေနပ်သလိုလို နှင့်ရင်မှာပူလောင်စူးရှလျက်။

“ဖုန်းပြောတာကို နားထောင်လိုက်ပါဦးသားရယ်။ အဘောင်ကလဲ သားကို သိပ်သတိရနေလို့ မေးမေးနေတယ်။ ဘာပဲ ဖြစ်ဖြစ် မလေးရဲ့ ဖြေရှင်းချက်ကိုတော့ နားထောင်သင့်ပါတယ်”

သူက မြဇဝါ၏ တောင်းပန်မှုကို ခေါင်းယမ်းကာ ငြင်းပယ်လိုက်သည်။

သူ့ကိုယ်သူ မလုံမလဲဖြစ်နေတာလည်းပါသည်။

ချစ်ပန်းဖြူအား ပညာတတ်ဟုတ်မဟုတ် မျိုးရိုးဇာတိကောင်း မကောင်းကို ဝေဖန်ဆန်းစစ်ရဲစေသော သူ့ကိုယ်သူအတွက် ရှက်နေမိသည်။

တကယ်တမ်းကျတော့ မျိုးရိုးပျောက်ပြီး သူဌေးများ မိသားစုတွင် အမွေစားအမွေခံအဖြစ်ဖြင့် ဝင်ကစွပ်ကောင်လို ခိုဝင်နေရသည်မှာ သူသာဖြစ်ပေသည်။





ချစ်ပန်းဖြူ သည် မိဘဘိုးဘွားများ၏ ချမ်းသာမှု၊ အမွေများကို ပိုင်ဆိုင်ရသော်လည်း ရိုးရိုးကုပ်ကုပ်နှင့် အမွေအနှစ်များကို မက်မောတွယ်တာမှုမရှိဘဲ ဥပေက္ခာပြုနိုင်သည်။

သူကသာ ငွေမရှိဘဲ ဟိတ်ဟန်နှင့် သုံးဖြုန်းကာ၊ ငွေရှိသော သူဌေးသားဟုထင်ပြီး ချစ်ပန်းဖြူအပေါ် တွင် အထင်သေးခဲ့ဖူးသည်။

ယခု ချစ်ပန်းဖြူသည် သူ့မိသားစုတစ်ခုလုံး၏ စီးပွားရေးကို ပြန်လည်ထူထောင်နိုင်အောင် ပြုလုပ်ခဲ့သော ကယ်တင်ရှင်ဖြစ်သကဲ့သို့ ဖခင်နှင့်လက်ထပ်ထားသောသူလည်း ဖြစ်သည်။

“ဒါကြောင့်လည်း မေမေက စိတ်ဆင်းရဲပြီး သေသွားရတာဖြစ်မှာပေါ့။ ဖေဖေကသာ ဘာလို့ဒီလိုလုပ်လိုက်ရတာလဲ။ ပြီးတော့ ချစ်ပန်းဖြူနဲ့လက်ထပ်ဖို့ သဘောတူခဲ့တယ်။ ဒါဟာ မဖြစ်နိုင်တဲ့ ကိစ္စပဲ။ ချစ်ပန်းဖြူကို ဘယ်လိုရင်ဆိုင်ရမှာလဲ”

အောင်နေဦးရင်မှာ တုန်လှုပ်ချောက်ချားလျက် ချစ်ပန်းဖြူနှင့်ပတ်သက်၍ ဘာကိုမျှဆုံးဖြတ်ရဲအောင်ပင် ဖြစ်နေသည်။ ယခုမှ မိခင်တော်စပ်သော မြဇဝါနှင့်လည်း မျက်နှာချင်းမဆိုင်ဝံ့သောကြောင့် လွှဲရှောင်နေရင်းက မြဇဝါနှင့်ပို၍ ဝေးကွာကာ မြဇဝါပြောသော စကားကိုပင် နားမဝင်ရဲအောင်ပင်ဖြစ်နေမိ၏။

ထို့ကြောင့် အောင်နေဦးသည် နိုင်ငံခြားသွားခါနီးမှ ကြီးဒေါ်နှစ်ဦးနှင့် မြဇဝါကိုကန့်တော့ကာ လုပ်ငန်းကိစ္စများအား လွှဲ၍ ထွက်လာခဲ့တော့သည်။

"မင်း မလေးကို စိတ်နာသွားပြီလား၊ မုန်းသွားပြီးလား။ မလေးသိပ်ခံစားရရှာမှာ"

"သူဟာ ဖေဖေ့ရဲ့ လက်ထပ်မယားဆိုတာသိနေတဲ့ ကျွန်တော်က မလေးကို ဘယ်လိုသဘောထားရမှာလဲ။ တော်ပါပြီ လေးလေးဝါရယ်။ နိုင်ငံခြားမှာပဲ သုံးလေးနှစ်နေတော့မယ်။ လေးလေးဝါနဲ့ မလေးနဲ့ပဲ ဒီလုပ်ငန်းတွေကို ဦးစီးလုပ်ပါတော့၊ ကျွန်တော်တော့ မလုပ်ချင်ဘူး"

"မင်း မလေးကို တကယ်မေ့နိုင်လို့လား"

"အဲဒီအကြောင်းမပြောပါနဲ့တော့လို့ တောင်းပန်ပါတယ်။ ကျွန်တော့်ရင်ထဲမှာ မလေးနဲ့ပတ်သက်ပြီး ဘာမှ မစဉ်းစားပါရစေနဲ့တော့ဗျာ"

သူ့စကားကြောင့် မြဇဝါဘာမျှမပြောတော့ပေ။ မွေးစားတူမအတွက် ယူကျုံးမရဖြစ်ဟန်ဖြင့်

"မင်းနဲ့အဘောင်နဲ့တော့ ဝေးပြီပဲ"

"အဘောင်ဘက်က လှည့်ပြောလိုက်သဖြင့်"

သူ့ရင်ထဲ ကျဉ်သွား၏။





မလေးကိုလည်းချစ်ခဲ့သည်။ အဘောင့်ကိုလည်း ချစ်ခဲ့သည်။

သို့ရာတွင် ရက်စွဲဖွယ်ရာ ဖြစ်ရပ်ကြီးက သူ့အားချုပ်နှောင်၍ ခြောက်လှန့်နေခဲ့သည်။

သူမလေးကို မုန်းမေ့သင့်သည်။

"မင်းက မိန်းကလေးကို ခါးခါးသီးသီးပဲဆိုတော့ မိန်းကလေးက သိပ်စိတ်ထိခိုက်သွားတာ။ စာချုပ်တွေကို အားလုံးလက်မှတ်ထိုးပြီးပြီ။ မောင်ရင့်ကိုပဲ အမွေတွေပြန်ပေးတယ်။ ပြီးတော့ ရှယ်ယာတွေအားလုံးဦးစိုးအောင်နဲ့အတူ လုပ်ထားတဲ့ သင်္ဘောသုံးစီးလုံးကို သူလွှဲပေးလိုက်တယ်။ ဘာမှမယူတော့ဘဲ မြေဖြူနဲ့ ကျောင်းသားတွေကြားထဲမှာပဲနေနေတော့မယ်တဲ့"

"ကျွန်တော် သင်္ဘောထွက်တော့မှာ။ မနက်ဖြန် လေယာဉ်နဲ့ သွားမှာလေ"

ဦးဝင်းမောင်လာပေးသွားသော စာအုပ်ညိုကြီးကို ကြောက်ရွံ့စွာကြည့်နေမိသည်။ သူ့အား လေယာဉ်ပေါ်မှာ ဖတ်ကြည့်ပါဟု မှာထား၍သာ ဖွင့်ဖတ်ရမည်။ ရင်ထဲမှာတော့ တစ်စုံတစ်ခုကို ကြောက်ရွံ့နေမိ၏။

ခင်မောင်သန်းက လေယာဉ်ပျံစထွက်ကတည်းက မှန်ပေါက်မှ တစ်ဆင့် ဇနီးအားလက်ပြမဆုံးတော့ပေ။ သူလွမ်း၍မဆုံးဖြစ်နေစဉ် အောင်နေဦးက စာအိတ်လေးကိုဖွင့်လိုက်ရာ ဓာတ်ပုံနှစ်ပုံ

လျှောထွက်လာ၏။

"မလေး ဒါ သားပုံလေး။ ဘယ်နှဲ့လဲ သဘောကျလား"

စာကိုအရင်မြင်ရပြီး တစ်ဖက်လှန်လိုက်ရာ သူ့ဓာတ်ပုံဖြစ်နေ၏။ နောက်တစ်ပုံ

"သားကချောပါတယ်နော်"

နောက်ကျောမှ ဖေဖေ့လက်ရေး သော့များ။

"ဟင်"

ကွာရှင်းစာချုပ်တစ်ခု ချစ်ပန်းဖြူနှင့် ဦးစိုးအောင်တို့၏ ကွာရှင်း စာချုပ်ဖြစ်သည်။ လက်ထပ်စာချုပ်နှင့် တစ်ရက်တည်းဖြစ်၏။

"ဘာသဘောလဲ"

စာရွက်ခေါက်လေးတစ်ခုထွက်လာသည်။ ချစ်ပန်းဖြူ၏စာ

"မောင် .. စာကိုဆုံးအောင်ဖတ်ပါမောင် ဘာမှန်းမသိဘဲ မလေးကို အပြစ်ဖို့ရက်သလား မောင်မောင်ရယ်။ မလေးဟာ မောင့်ကို ဟိုးအရင်ကတည်းက ဓာတ်ပုံကြည့်ပြီးချစ်ခဲ့ရသူပါ"

ရင်ထဲမှာ စူးနစ်သွား၏။ ချစ်ပန်းဖြူကို အကြွင်းမဲ့ယုံကြည်ပြီးသားပင် ဖြစ်သည်။

"မောင့်ကိုပြောဖူးသားပဲ။ မောင်တော်ကျောက်ဆောင်နားမှာ အရက်မူးလွှန်နေတဲ့ မောင့်ဖေဖေကို ကယ်ခဲ့တယ်လို့လေ။ မောင့်





ဖေဖေက စိတ်ညစ်လို့အရက်သောက်တာပဲ။ မောင်ရယ် မလေးက မေးတော့ ထားဝယ်မှာ စီးပွားလုပ်ရတာအဆင်မပြေတော့ဘဲ သင်္ဘောဟောင်းတွေကို ပြုပြင်ပြီး ဆွဲခိုင်းလို့ သူမလုပ်ချင်လို့ ဒီဘက်မှာ စီးပွားထောင်မလို့ထွက်လာတာ၊ အရင်းမရှိဘူး။ အရင်းတွေကို မရီးနှစ်ယောက်က ချုပ်ကိုင်ပြီး ထားဝယ်မှာမလုပ်ရင် ထုတ်မပေးဘူးအကျပ်ကိုင်လို့ စိတ်ညစ်ညစ်နဲ့ အရက်သောက်တာတဲ့လေ။ သူ့မှာအရင်းမရှိဘူးတဲ့။ ဒါနဲ့ မလေးလဲ သရော်တောကအဘွားတို့ရဲ့ အမွေကိစ္စကို ခေါင်းခြောက်နေရတယ်လေ။ အသက်နှစ်ဆယ် အိမ်ထောင်ပြုတဲ့နေ့မှာမှ ဒီအမွေတွေကိုထုတ်ပေးရမယ်တဲ့။ သံတွဲကအဘိုးအဘွားကလဲ အိမ်ထောင်ပြုမှ အမွေရမယ်တဲ့လေ။ နှစ်ဖက်ဘိုးဘွားအမွေရပေမယ့် အဲဒီလိုချုပ်ကိုင်ထားတော့ မလေးက ထိပေါက်ပြီးလက်မှတ်ပျောက်နေတာပေါ့ မောင်ရယ်။ ပြီးတော့ ဘကြီးက အဲဒီအလုပ်ကိုလုပ်နေတာ သူကမလုပ်နိုင်တော့လို့ မလေးကိုအမွေပေးချင်နေတာ။ သင်္ဘောနှစ်စီးပေါ့

"အာ"

ရုတ်တရက်ထရပ်လိုက်ရာ ခါးပတ်ပတ်ထား၍ ပြန်ထိုင်ကျသွားလေသည်။ ဪ လေယာဉ်ပျံပေါ် ရောက်နေတာပဲ၊ မလေးဆီပြေးလို့မရတော့ပါလားဟု စိတ်လိုက်မာန်ပါလုပ်မိသည်ကို ပထမဦးဆုံး အကြိမ်အဖြစ် နောင်တရသွားသည်။

"ငွေလိုနေတဲ့ မောင့်အဖေနဲ့စိတ်ချရမယ့် ယောက်ျားကို လိုအပ်နေတဲ့မလေးတို့ တစ်ယောက်နဲ့တစ်ယောက်အပြန်အလှန် ကူညီဖို့ ဆွေးနွေးကြတယ်။ ငွေရဖို့ အန်ကယ်စိုးနဲ့ ဟန်ဆောင် လက်ထပ်ခဲ့တာ မလေးအမှားလားဟင်။ ချက်ချင်းပဲ စာချုပ်ကို ပြပြီး ငွေထုတ်ယူခဲ့တယ်။ ပြီးတော့ ကွာရှင်းစာချုပ်ကို ချက်ချင်း ပြန်ရေးပေးခဲ့ပါတယ်။ မောင့်ဖေဖေက မလေးဘဝမှာ စာချုပ်ကြောင့် အနှောင့်အယှက်ဖြစ်မှာကို သိပ်စိုးရိမ်ရှာတယ်လေ။ တကယ်ပဲ အနှောင့်အယှက်ဖြစ်ရတာပဲ။ မောင် မလေးကိုလှည့်စားတယ်လို့ ထင်နေတယ်မဟုတ်လား။ မထင်ပါနဲ့မောင်ရယ်။ မလေး မောင့်ကို တကယ်ချစ်တာပါ။ မောင် မလေးကိုမုန်းပါ၊ မေ့လိုက်ပါ။ ဒါပေမယ့် မောင့်အဖေကိုမပြစ်မှားပါနဲ့မောင်။ မောင့်အပေါ်မှာ စေတနာတွေထားတဲ့ မိဘကိုပြစ်မှားမိရင် မောင်ငရဲကြီးမှာစိုးလို့ပါ။ မောင် ဆုံးဖြတ်တာကို မလေးနာခံပါ့မယ်။ မလေး လျှို့ဝှက်ထားတာ မောင်မုန်းမှာစိုးလို့ပါ။ ဒီအတွက် မလေးမှာ အပြစ်ဒဏ်ခံလိုက် ရပါပြီ"

"မလေးရယ်"

စာရွက်များကိုရင်မှာကပ်ထား၍ မျက်လုံးမှိတ်ထားလိုက် မိသည်။





ကမ္ဘူးရှူးထိုးနှင့်လူကြီးများတားနေရက်ကပင် တစ်ပတ်အတွင်း ဆုံးဖြတ်လိုက်သောအဆုံးအဖြတ်သည် ချစ်သူနှင့်ဝေးကွာစေအောင် ဖန်တီးပေးလိုက်သည်။

ချစ်ပန်းဖြူသည် သူတို့မိသားစု၏ ကျေးဇူးရှင်ဖြစ်ကြောင်း ကိုသူသိလာရချိန်၌ နောက်ကျသွားလေပြီ

ထို့အပြင် ဖခင်ရင်းသဘောကျရွေးချယ်ထားသော သတို့ သမီးလောင်းပင်ဖြစ်၏။

ထိုကဲ့သို့လွယ်ကူချောမွေ့လျက်ရှိသော ချစ်ခရီးလမ်းကို ပင် ကွေ့ကောက်သွားအောင် သူဖန်တီးခဲ့လေသည်။

"မုန်းနိုင်မေ့နိုင်တာလဲ မဟုတ်ဘဲနဲ့သားရယ်။ တကယ်ချစ်ရင် ဘယ်လောက်နှစ်ကြာကြာ မမေ့ပါဘူးကွယ်။ သိပ်အကြာကြီး မနေနဲ့နော်။ လေးလေးဝါလွမ်းတယ်။ အလွန်ဆုံး တစ်နှစ်ပဲနေပါနော်"

မြဇဝါက တောင်းတောင်းပန်ပန်ပြောသော်လည်း သူက သုံးနှစ်နေမည်ဟု ထွက်လာခဲ့သည်။ ကြီးဒေါ်နှစ်ဦးက သုံးနှစ်ဆို သဖြင့် သတို့သမီးလောင်းကိုမရွေးချယ်သေးပေ။ ပြန်လာခါနီးမှ ရွေးချယ်ပေလိမ့်မည်။

"ခင်မောင်သန်း မင်းဘယ်လောက်နေမှာလဲ"

ရုတ်တရက်ရှေ့ကိုကိုင်း၍မေးလိုက်သဖြင့် ခင်မောင်သန်းက ကြောင်တောင်တောင်ဖြင့်

"ဘာလဲကွ"

"သင်္ဘောပေါ်မှာ ဘယ်လောက်နေမှာလဲ"

"ဆယ်လပဲနေမယ်ကွာ။ ငါ့မှာလွမ်းစရာရှိတော့ မင်းလို သုံးနှစ်မနေနိုင်ဘူး"

"အင်း ...ကိုယ်လဲ ဆယ်လပဲနေမှာ"

"ဒါပေမယ့် မင်းက အခုတောင်ပြန်ချင်နေတဲ့ရုပ်ပဲ"

"အမှန်ပဲ"

သူက စာအိတ်ညိုကြီးကို ရင်မှာပိုက်ကာ မျက်လုံးမှိတ်၍ ထားလိုက်၏။

ချစ်ပန်းဖြူငိုနေမှာလား .....

မငိုပါနဲ့မလေးရယ် ....၊ မောင်ပြန်လာရင် မလေးကို ကျေနပ်အောင်တောင်းပန်ပြီး ချော့ပါ့မယ်ကွယ်။

ခုတော့ သူ၏အပြစ်ဒဏ်ကို သူဘာသာသူခံလျက် အလွမ်းဝေဒနာများနှင့် ချစ်သူကို အဝေးမှ တမ်းတလျက် ....

သံသယကင်းစင်လျက် အဖြူရောင်မေတ္တာများဖြင့် ချမ်းမြေ့ကြပါစေ .............

မြသန္တာ